
www.burmeseclassic.com

# ဆရာကောင်းကို ရှာဖွေခြင်း




မေတ္တာရှင် (ရွှေပြည်သာ)

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ဆရာကောင်းကိုရှာဖွေခြင်း



## မေတ္တာရှင် (ရွှေပြည်သာ)

ဖြန့်ချိရေး

ဦးစိုးတင့် 'ရွှေပြည်သာစာပေ'
ဥပသကာများအဖွဲ့
၆/၁၀ ရပ်ကွက်၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၆၁၁၆၂၂၊ ၀၉-၅၀-၁၆၆၆၃

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်

၃၂၀၅၈၇၀၈၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၃၂၀၅၃၈၀၉၀၇

ပထမအကြိမ်၊ ၂၀၀၇-ခုနှစ်၊ မေလ

ဒုတိယအကြိမ်၊ ၂၀၀၇-ခုနှစ်၊ စက်တင်ဘာလ၊

အုပ်ရေ - ၃၀၀၀

စီစဉ်သူ - ဦးစိုးတင့်၊ ဦးဆန်းထွန်း

မျက်နှာဖုံးဒီဇိုင်း - ယုနီကွန်ပျူတာ

ထုတ်ဝေသူ

ဒေါ်လေးလေးမြင့်၊ ကန္တာရီစာပေ၊

၅၃၊ ဗိုလ်မြေလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။

ပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း (ကာလာဖုံးပုံနှိပ်တိုက်)

အမှတ် - ၁၈၄၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၁၀၀၀ ကျပ်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | |
| ၁။ | ဆရာကောင်းကို ရှာဖွေခြင်း | ၁ |
| ၂။ | ဆရာကောင်း၏ အင်္ဂါလက္ခဏာများ | ၄ |
| ၃။ | မနာလိုဝန်တိုခြင်း,ဟူသောစကား | ၃၀ |
| ၄။ | ရဟန္တာ ငါးရာတို့၏ ခါတ်တော်များ | ၁၁၅ |
| ၅။ | ဓါတ်တော်မကျသော ဒွေမထေရ်မြတ် | ၁၂၅ |
| ၆။ | မဂ္ဂင်ရှစ်တန် လေယာဉ်ပျံတရားတော် | ၁၂၇ |
| ၇။ | ဝေဠုဒွါရေယျသုတ် | ၁၂၈ |
| ၈။ | ဘုရားဂုဏ်တော်ကိုးပါး | ၁၃၁ |
| ၉။ | ဝိဇ္ဇာရှစ်ပါး | ၁၃၃ |
| ၁၀။ | သမ္မာဇညတရားလေးပါး | ၁၃၆ |
| ၁၁။ | တရားဂုဏ်တော်ခြောက်ပါး | ၁၃၇ |
| ၁၂။ | သံဃာဂုဏ်တော်ကိုးပါး | ၁၃၈ |
| ၁၃။ | ယုံမှားခြင်း-မဆုံးဖြတ်ခြင်း-ဝိစိကိစ္ဆာ-တစ်ဆယ့်ခြောက်ပါး | ၁၄၅ |
| ၁၄။ | တစ်နည်း, ယုံမှားခြင်းဝိစိကိစ္ဆာရှစ်ပါး | ၁၄၆ |
| ၁၅။ | သစ္စာလေးပါးသိပုံ | ၁၄၉ |
| ၁၆။ | မင်ပန်းပွင့်၍ ဖိုလ်အသီး,သီးပုံ | ၁၄၉ |
| ၁၇။ | ဝိထိစကားနဲ့ပြောလျှင် | ၁၅၀ |
| ၁၈။ | ကိုင်း-စာမေးပွဲစစ်ကြစို့ | ၁၅၀ |


www.burmeseclassic.com

www.burmeseclassic.com


၁၉။ ပစ္စဝေက္ခဏာ ငါးဝိထိ ၁၅၁
၂၀။ သပ္ပုရိသ, ဆိုတာ ၁၅၂
၂၁။ သကဒါဂါမိမဂ် ၁၅၃
၂၂။ ကိုင်း-စာမေးပွဲစစ်ကြစို့ ၁၅၅
၂၃။ အနာဂါမိမဂ် ၁၅၆
၂၄။ ကိုင်း-စာမေးပွဲစစ်ကြစို့ ၁၅၇
၂၅။ အရဟတ္တမဂ် ၁၅၈
၂၆။ သစ္စာလေးပါးကို သိပုံ ၁၆၀
၂၇။ ကိုင်း-စာမေးပွဲစစ်ကြစို့ ၁၆၀
၂၈။ ဖိုလ်, ဝင်စားပုံ ၁၆၁
၂၉။ နိဗ္ဗာန်သည် အသင်္ခတ,မည်ပုံ ၁၆၁
၃၀။ ဆရာကောင်း၏ နောက်ဆုံးအင်္ဂါရပ် ၁၆၂
၃၁။ ငှက်လေးမျိုးဆိုတာက ၁၈၆
၃၂။ ဆရာကောင်းအင်္ဂါ, ခုနစ်ပါးအကျဉ်း ၁၈၇
၃၃။ နိဗ္ဗာန်ဆောက်ဗိုဒ်ထက် ခတ်သောအရာ ၁၈၈


# အရှင်ဇောတ

## ဇောတိကရှင် (ရွှေပြည်သာ)

- ၁၃၂၆-ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်၊ အင်္ဂါနေ့ (၁၆-၂-၆၅) မန္တလေးတိုင်း၊ အမရပူရမြို့၊ နန်းတော်ရာ၊စံပြကွက်သစ်ရပ်ကွက်၌ ခမည်းတော်ဦးထိ၊ မယ်တော်ဒေါ်သိန်းရင်တို့မှ ဖွားမြင်သည်။
- ၁၃၃၈-ခုနှစ်တွင် မူလဆီးဘန်နီကျောင်းတိုက် ပညာ့ဗိမာန် သာသနာပြု ကျောင်းဆရာတော်ဦးပညာသာမိကို ဥပဇ္ဈာယ်ပြု၍ မယ်တော်၊ ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ ဘဝသို့ ရောက်ရှိသည်။
- ၁၃၄၆-ခု၊ ကဆုန်လဆန်း (၁၅)ရက်နေ့တွင် မန္တလေးမြို့၊ တောင်ပြင်မိုးတားတိုက်ခဏ္ဍသိမ်၌ မိုးတားတိုက်အုပ်ဆရာတော် ဦးမေလိယကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။
- ရဟန်းဒါယကာ၊ဒါယိကာမများမှာ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး (၉၀၂)ရပ်ကွက်မှ ဦးဝင်းမြင့်၊ ဒေါ်ထွေး၊ ဦးဝင်းမြ၊ ဒေါ်ခင်မူတို့ဖြစ်သည်။
- ၁၃၄၃-ခုမှစ၍ မန္တလေးမြို့၊ မူလ ဆီးဘန်နီကျောင်းတိုက် ပညာ့ဗိမာန် သာသနာပြုကျောင်း၊ မြင်းခြံခရိုင် တောင်သာမြို့နယ် သာသနာ့မူလိကာရာမ ကျောင်းသစ်ကျောင်းစာသင်တိုက် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်

www.burmeseclassic.com

ကျောင်းတိုက်တို့၌ "ငယ်၊ လတ်၊ ကြီး" အောင်မြင်၍ ဓမ္မာစရိယတန်း ရောက်သည်ထိ ပရိယတ္တိစာပေများကို သင်ယူခဲ့သည်။

- ဆရာနည်းရအောင် အချိန်ယူ၍ အားထုတ်ခဲ့သော ဝိပဿနာနည်းများမှာ . . .

= မိုးကုတ်ဝိပဿနာ၊ ကသစ်ဝိုင်ဝိပဿနာ၊ ပခုက္ကူ ဝိပဿနာသင်တန်း တရားတို့ဖြစ်သည်။

= ကျမ်းစာအုပ်များကို ဆရာနေထား၍ လေ့လာအားထုတ်ခဲ့သော နည်းများမှာ -

'မဟာစည် ဝိပဿနာ၊
စွန်းလွန်း ဝိပဿနာ၊
သဲအင်းဂူ ဝိပဿနာ၊
သစ္စဒီပက ဝိပဿနာ၊
ညောင်လွန်တောရ (ဘုံကျဉ်း) ဝိပဿနာ၊
အမြိုက် ဝိပဿနာ၊
လယ်တီ ဝိပဿနာ' တို့ဖြစ်သည်။

- ၁၉၉၉-ခုနှစ်တွင် "မျက်ရည်မကျခင် သိစေချင်" စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ ရွှေပြည်သာမြို့၊ မန္တလေးကျောင်းတိုက်၊ မှော်ဘီမြို့၊သုဒ္ဓိဝိပဿနာ ဓမ္မရိပ်သာကျောင်းတိုက်၊ မြိတ်မြို့၊ သစ်ညီနောင် ဓမ္မရိပ်သာကျောင်းတိုက်၊ ကော့သောင်းမြို့၊ ဝေနေယျသုခ ဓမ္မရိပ်သာကျောင်း တို့တွင် လှည့်လည်၍ ဝိပဿနာတရားများကို ဟောကြားပြသလျက်ရှိသည်။ ။

# နိဒါန်း

## ကမ္ဘာတစ်ဝန်းမှ ခြောက်စား မြောက်စားများ

(၁၉၈၆)ခုနှစ်ဝန်းကျင်က ဂျပန်နိုင်ငံတွင်"ဉုမ်သမုတိသစ္စာ" ဟု ခေါ်သည့် ဘာသာရေးအယူသီးဂိုဏ်းကြီးတစ်ဂိုဏ်း ပေါ်ထွန်းခဲ့သည်။ ထိုဂိုဏ်းကို တည်ထောင်သူမှာ မျက်စေ့ကွယ်လုနီးပါး မှုန်ဝါးနေသော ချီဇူအိုမတ်ဆုမိုတိုခေါ် ရှိုကိုအာဆာဟာရပင် ဖြစ်၏။ သူ့ဂိုဏ်းခွဲများသည် ဂျပန်ပြည်တစ်ဝန်းသာမက အမေရိကန်၊ ပြင်သစ်၊ ရုရှားနိုင်ငံများထိ ရှိသည်။

(၁၉၈၆)ခုနှစ်မှ (၁၉၉၆)ခုနှစ်အတွင်း ဉုမ်သမုတိသစ္စာ ဂိုဏ်းဝင်များ၏ ပရဒုက္ခအလုပ်များမှာ စီးပွားရေး ကလိမ်ကျခြင်း၊ မြေယာများ လိမ်လည်ခြင်း၊ ဆေးဝါးအလွဲသုံးစားပြုခြင်း၊ အဓမ္မ ခြိမ်းခြောက်ခြင်း၊ မူးယစ်ဆေးဝါးအလွဲသုံးစားပြုခြင်း၊ သေနတ်နှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများဖြင့် အကြမ်းဖက်ခြင်း၊ ဇီဝ ဓါတုလက်နက်များ အများအပြား ထုတ်လုပ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ အစုလိုက်အပြုံလိုက် လူသတ်ခြင်းတို့ပင်ဖြစ်၏။

မတ်ဆုမိုတိုမြို့တွင် လူခုနှစ်ယောက် သေဆုံးရပြီး ဉုမ် ဂိုဏ်း တည်ရာ မြေပေါ်တွင် (၁၂)ဦး သေဆုံးခဲ့ရသည်။ ပျောက်ဆုံးနေသူပေါင်း လေးဆယ်ကျော်ရှိသည်။ ထိုပျောက်ဆုံးနေသူများမှာလည်း (၉၉)ရာခိုင်နှုန်းမှာ သေဆုံးဖို့ များနေသည်။

ထိုကဲ့သို့ မကောင်းမှုမျိုးစုံကို ဦးဆောင်လုပ်နေသော ဂိုဏ်းခေါင်းဆောင် အဆာဟာရ၏မှတ်ဆိတ်မွေးလက်မဝက်ကို (၃၇၅) ဒေါ်လာနှင့် ဝယ်ပြီး ကိုးကွယ်ပူဇော်သူပေါင်းရာနှင့်ချီ၍ ရှိသည်။ ထို့ပြင် အဆာဟာရ၏ ချိုးရေတစ်ပုလင်းကို ဒေါ်လာရှစ်ရာနှင့်ဝယ်ပြီး သောက်သုံးသူပေါင်းများစွာလည်း ရှိ၏။

www.burmeseclassic.com

ထိုလှုံ့ဆော်မှု လှုလိမ်တစ်ယောက်ကို ထောင်ပေါင်းများစွာ သော ဂျပန်ပြည်သူပြည်သားများသည် အဘယ့်ကြောင့် ဤမျှ ကြည်ညိုနေရသနည်း. . . . ဤမေးခွန်း၏ အဖြေကို သိစေချင်၍ ဤနိဒါန်းကို အပင်ပန်းခံရေးနေခြင်း ဖြစ်၏။

ဤကဲ့သို့ ဖြစ်လာရန် အဆာဟာရသည် အချိန်အကြာကြီး ယူ၍ အကွက်ချစီမံခဲ့သည်။ သူ့ကို ဂျပန်ဗုဒ္ဓဘာသာဝင်များ အထင်ကြီးစေရန် အိန္ဒိယနိုင်ငံ ဟိမဝန္တာတောထဲတွင် တရားရအောင် ကျင့်မည်ဖြစ်ကြောင်း ကြေငြာ၍ တောထွက်သွားခဲ့သည်။ လူမသိအောင် အားထုတ်ရမည့် တရားအလုပ်ကို လူသိအောင် ကြေငြာပြီး ဆိုကတည်းက ကျော်ကြားထင်ရှား၊ လာဘ်လာဘများလိုသော လောဘကြောင့်သာဖြစ်ကြောင်း သတိထားသူများ သိနိုင်၏။

သူသည် နှစ်နှစ်ကျော် သုံးနှစ်ခန့်ကြာသည်အထိ အိန္ဒိယနိုင်ငံတစ်ခွင်တွင် အိပ်၊ စား၊ ကာမသုံးမျိုးဖြင့် အချိန်ကုန်လွန်ခဲ့၏။ သို့သော် တစ်ပြည်တစ်ရွာတွင်ရှိသော ဂျပန်ပြည်သူများကား ဟိမဝန္တာတောထဲတွင် အရိုးကျေကျေ၊ အရည်ခမ်းခမ်း တရားအားထုတ်နေသည်ဟု ထင်ကြ၏။

ဂျပန်နိုင်ငံသို့ ပြန်ခါနီးသောအခါ မဟာယာနဂျပန်ဗုဒ္ဓဘာသာဝင်တို့ အလွန်ကြည်ညိုလေးစားသော ပုဂ္ဂိုလ်ကြီးနှင့် ဓါတ်ပုံအတူတွဲရိုက်ပြီး ထိုဓါတ်ပုံကို သူရေးသော စာအုပ်များတွင် အသုံးပြုခွင့်ရဖို့ပါ တောင်းဆိုခဲ့၏။ ထိုသို့ပြုလုပ်ခြင်းသည် ထိုပုဂ္ဂိုလ်ကပင် သူ့ကို ဂျပန်သို့ သာသနာပြုရန် စေလွှတ်သည်ဟု ဂျပန်ပြည်သူများ ထင်ယောင်ထင်မှား ဖြစ်စေရန်ပင်။

ထို့ပြင်သူသည် ထိုင်ရာမှ ကြမ်းပြင်အထက်သို့ သုံးလက်မခန့် ကြွခုန်တက်စေရန် ပေါင်ကြွက်သားများကို လေ့ကျင့်ပေးထား၏။ ဂျပန်ပြည်ပြန်ရောက်သောအခါ ထိုပုဂ္ဂိုလ်နှင့် တွဲရိုက်ထားသော ဓါတ်ပုံကို အသုံးပြုခါ ထိုပုဂ္ဂိုလ်၏ တပည့်အရင်းကြီး ဖြစ်ကြောင်း ဝါဒဖြန့်၏။

ထို့ပြင် လေ့ကျင့်ထားသော တင်ပါးကြွက်သား၊ ပေါင်ကြွက်သားများ၏ အစွမ်းဖြင့် ကြမ်းပြင်မှအထက်သို့ သုံးလက်မခန့်ထိ ကြွတက်ပုံကို ဓါတ်ပုံပညာဖြင့် ချဲ့ထွင်ပြီး ဈာန်အဘိညာဉ်ရသူဖြစ်ကြောင်း မဂ္ဂဇင်းတွင်အတိအလင်းကြေငြာပြီး အင်ပါယာ ထူထောင်း၏။ သူ၏ဥုမ်ဂိုဏ်းပင်မကြီးအတွင်းတွင် သူ့ကိုကိုးကွယ်သူပေါင်းထောင့်ငါးရာကျော်ရှိ၏။

ချမ်းသာကြွယ်ဝသော ဂိုဏ်းဝင်များကို မဝရေစာကျွေးပြီး ကိုယ်ခံအားနည်းအောင် လုပ်လိုက်၏။ တစ်ဖန် တစ်ရက်တွင် သုံးနာရီသာ အိပ်စေပြီး စိတ်အားနည်းအောင် လုပ်ပြန်၏။ ကိုယ်အား စိတ်အား, နည်းသွားသူများထံမှ ခြံမြေ၊ ဥစ္စာပစ္စည်းအားလုံးကို ဥုမ်ဂိုဏ်းအား လှူကြောင်း အတင်းအဓမ္မလက်မှတ်ထိုးစေသည်။

ထိုနည်းဖြင့် ဥုမ်ဂိုဏ်းသည် ဂျပန်နိုင်ငံတွင် အချမ်းသာဆုံး အဖွဲ့အစည်းကြီးတစ်ခုဖြစ်လာခဲ့၏။ ဂိုဏ်းမှ ထွက်ထွက်ချင်သူများကို ရက်စက်စွာ သတ်ဖြတ်ပြီး အလောင်းကောင်ကို အစဖျောက်ပစ်ဘတ်၏။ ဘာသာအသီးသီးမှ ကိုးကွယ်သူအစားစားတို့သည် ကိုးကွယ်စရာ ဆရာရှာသောအခါများသောအားဖြင့် -

ထင်ပေါ်ကျော်ကြား လူသိများခြင်း၊

တိုက်တာအဆောက်အဦးများခြင်း၊

ကိုးကွယ်သူများပြားခြင်း၊

နိုင်ငံခြားထွက် သာသနာပြုနိုင်ခြင်း၊

စသော အချက်များနှင့်တိုင်းတာပြီး ရှာတတ်ကြသည်။ အလွန်မှ မှားယွင်းသော ရွေးချယ်မှုပင် ဖြစ်၏။ ဖော်ပြပါ အချက်အားလုံးသည် ငွေနှင့်လုပ်ယူလျှင် ရနိုင်သည်သာ ဖြစ်၏။ ကိုးကွယ်

www.burmeseclassic.com

သူပေါ်များတိုင်း အထင်ကြီးစရာမဟုတ်ကြောင်းကို ဗုဒ္ဓနှင့် ခေတ်ပြိုင်ဂိုဏ်းဆရာကြီးတစ်ဦးဖြစ်သော သိဥ္စည်းဆရာကြီးက သူ့ကို စွန့်ခွာပြီး ဗုဒ္ဓထံ သွားရန် ပြင်ဆင်နေသော အရှင်သာရိပုတ္တရာ အလောင်းဥပတိဿအား ယခုလိုပြောကြားဖူး၏။

"ဥပတိဿလောကမှာ အသိဉာဏ်ပညာရှိသူနဲ့ မရှိသူမှာ မရှိသူက ပိုများတယ်၊ အသိဉာဏ်ပညာရှိသူတွေက ဗုဒ္ဓထံသွားလိမ့်မယ်၊ အသိဉာဏ်ပညာမရှိသူတွေက ငါ့ဆီကို လာကြလိမ့်မယ်၊ အသိဉာဏ်ပညာမရှိတဲ့သူကများတဲ့အတွက် ငါ့ဆီမှာ တပည့်နည်းမှာ ပူစရာမရှိပါဘူး"

ဤစကားကို ထောက်၍ တပည့်၊ ဒကာ၊ ဒကာမပေါ်များတိုင်းလည်း ဆရာကောင်း မဟုတ်နိုင်၊ အနှစ်မရှိသူ အများစုသည် အနှစ်မဲ့သူဆရာထံ မျက်စေ့နောက်လောက်အောင် ဆည်းကပ်တတ်သည်မှာ ဓမ္မတာတစ်ခုပင် ဖြစ်၏။

နိုင်ငံခြားထွက်သူတိုင်းကို တပည့်ဒကာများ အထင်ကြီးတတ်သည်ကို သိထားသော အဆာဟာရသည် (၁၉၉၂)ခုနှစ် မတ်လအတွင်းက ရုရှားနိုင်ငံသို့ အရောက်သွားခဲ့၏။ မက်လုံးပေးအကြောင်းကြားထားချက်များကြောင့် ဒုတိယသမ္မတ အလက်ဆန်ဒါရုတ်စကွိုင်းက ကြိုဆိုနှုတ်ဆက်ခဲ့သည်။ ထိုအချိန်က သမ္မတကြီး ဘောရစ်ယဲ့ဆင်သည် အလုပ်ကိစ္စများနေသဖြင့် တွေ့ဆုံနှုတ်ဆက်ခြင်း မပြုနိုင်ခဲ့ပေ။

ပုထုဇဉ်များသည် လောဘအလိုကိုဖြည့်ရင်း အသက်သာသေဆုံးသွားကြသည်။ လောဘအလိုပြည့်သွားသူဟူ၍ တစ်ယောက်မှ မရှိပေ။ ယခုလည်း ဘာသာရေးခေါင်းဆောင်အဖြစ် ကျော်ကြားရုံသည်ကို အားမရသော အဆာဟာရသည် နိုင်ငံရေးခေါင်းဆောင်ပါဖြစ်ချင်လာသဖြင့် ပါတီတစ်ခုထောင်ကာ နိုင်ငံရေးလုပ်ပြန်၏။

(၁၉၉၀)ခုနှစ်တွင် ရွေးကောက်ပွဲဝင်ရာ ဒေါ်လာသိန်းနှင့်ချီကာ ကုန်သွားပြီး ဘာမှ ဖြစ်မလာခဲ့ပေ။ တရားနည်းလမ်းဖြင့် နိုင်ငံ့အာဏာကို မရသောအခါ မတရားသောနည်းလမ်းဖြင့် အာဏာသိမ်းရန် ကြံစည်ခဲ့ပြန်၏။ နိုင်ငံရေးလုပ်ရန် လိုအပ်သော ငွေများကို ဘာသာရေးမှ ရယူနိုင်ရန် အခြောက်တရား၊ အခြောက်တရားတို့ကို သုံးလာခဲ့၏။

"(၂၀၀၃)ခုနှစ်အတွင်း အနုမြူစစ်ပွဲကြီးဖြစ်ပွားပြီး လူသားအားလုံး သေဆုံးကြမည်။ ထိုသို့မဖြစ်စေရန် ဥုမ်ဂိုဏ်းသာ ကာကွယ်နိုင်သည်။ ဥုမ်ဂိုဏ်းဝင်အားလုံးကို ထိုဘေးမှလွတ်အောင် ကယ်တင်မည်"ဟု ခြောက်လုံး၊ မြှောက်လုံးများဖြင့် စည်းရုံးဟောပြော ရာ အသိဉာဏ်နည်းပါးသော အဖွဲ့ဝင်ပေါင်းများစွာကို ရရှိခဲ့သည်။

ရှိုကိုအဆာဟာရသည် ဂျပန်ဝန်ကြီးနှင့် အစိုးရတစ်ဖွဲ့လုံးကို အဆိပ်ငွေ့လွှတ်၍ သတ်ရန် ကြိုးစားခဲ့ရာ အကောင်အထည် မပေါ်ခဲ့ပေ။ နောက်ဆုံးတွင် မြေအောက်ရထားလိုင်းအတွင်း ခရီးသွား အပြစ်မဲ့ပြည်သူများကို ဆာရင်အဆိပ်ဓါတ်ငွေ့လွှတ်ပြီး သတ်ဖြတ်သော အခါတွင်မှ အစိုးရက ဖမ်းဆီးအပြစ်ပေးနိုင်တော့သည်။ (၁၉၉၆)ခုနှစ်၊ ဖေဖော်ဝါရီလထဲတွင် ရှိုကိုအဆာဟာရအား လူသတ်မပေါင်း (၂၃)မှုအပါအဝင် စွဲချက်ပေါင်း (၁၀)ခုဖြင့် တရားစွဲလိုက်ပြီ ဖြစ်သည်။

(မှတ်ချက်) ထိုအကြောင်းအရာ အပြည့်အစုံကို **မောင်မိုးစည် ဘာသာပြန်ရေးသားသော အယူသီးဂိုဏ်းများ၏ နောက်ဆုံးနေ့များ စာအုပ်တွင် ဖတ်ရှုနိုင်သည်။**

အဆာဟာရနည်းအတိုင်း-အခြောက်, အမြှောက်,တို့ဖြင့် ဘာသာရေးကို ခုတုံးလုပ်ကာ လိမ်ညာစားခဲ့သူတစ်ဦး (၁၅၀၀) ပြည့်နှစ်က ယူဂန္ဓာနိုင်ငံတွင် ပေါ်ခဲ့ဘူးသည်။ သူ့အမည်ကို

www.burmeseclassic.com

ဂျိုးဇက်ကီဗွိတာဟု ခေါ်၏။ သူသည် (၁၉၈၀)ခုနှစ်ခန့်အတွင်းက (၂၀၀၀)ပြည့်နှစ်တွင် ကမ္ဘာကြီးပျက်စီးမည် ဖြစ်ကြောင်း ဘုရားသခင်က အသိပေးကြောင်း ဟောပြော၏။

ကြည်ညိုမှုသာရှိပြီး ဝေဘန်ဆန်းစစ်မှုမရှိသော သူ့ဂိုဏ်းဝင်များသည် "ကမ္ဘာပျက်မည့်အတူတူ လှူခဲ့တာ ကိုယ့်အတွက် ကျန်သည်"ဟု ယူဆပြီး အပိုသိမ်းထားသည့် ဥစ္စာ၊ခြံ၊မြေများကို သူ့အား ပုံလှူကြသည်။ သူကလည်း သည်ယုန်မြင်၍သည်ခြုံထွင်ကာ ထိုတရားကို ဟောခဲ့ခြင်း ဖြစ်၏။

သက္ကရာဇ် (၂၀၀၀)ထဲ ဝင်လာသည်အထိ ကမ္ဘာမပျက်သောအခါ ဂိုဏ်းဝင်များက သူတို့ဥစ္စာများကို ဂျိုးဇက်ကီဗွိတာထံမှ ပြန်လည်တောင်းယူကြသောအခါ ပြဿနာအကြီးအကျယ် တက်တော့၏။ ဂျိုးဇက်ကီဗွိတာက ထိုပြဿနာကို မည်ကဲ့သို့ ဖြေရှင်းခဲ့ပါသနည်း။

ဥစ္စာပစ္စည်းပြန်တောင်းသူအားလုံးကို ဘုရားရှိခိုးကျောင်းကြီးထဲ အလုံပိတ်ကာ မီးရှို့သတ်ပစ်ခဲ့သည်။ သဒ္ဓါသာရှိပြီး ပညာမရှိသူ အပြစ်ခံ့ဂိုဏ်းဝင်ကိုးရာကျော်တို့ အသက်သေဆုံးခဲ့ရသည်။

**(မှတ်ချက်) ထိုအကြောင်းအရာ အပြည့်အစုံကို စာရေးသူ ရေးသော "ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း အတွဲ (၂)" တွင် ဖတ်ရှုနိုင်သည်။**

မြန်မာပြည်တွင်လည်း ဝိပဿနာတရား ဗန်းပြကာ လိမ်စားသော ဆရာမိုက်တစ်ဦး ပေါ်ခဲ့ဘူး၏။

နှစ်ပေါင်းလေးဆယ်ကျော်ခန့် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ထိုဆရာဆိုသူသည် ဝိပဿနာ တရားများကို ကျမ်းဂန်လွတ်ထင်ရာ ဟောပြောပြသလေ့ရှိ၏။

သို့သော် အမှန်ထက် အမှားသာများ၏။ သူသည် တရားပြသောအခါ အမျိုးသမီးများကိုသာ ဦးစားပေးပြီး ပြသ၏။

သေချာစစ်ဆေးကြည့်သောအခါ ထိုဆရာသည် စာလည်း တစ်လုံးမှ မတတ်သည်ကို တွေ့ကြရ၏။ ထို့ပြင် မည်သည့်ဆရာတော်ထံတွင်မှ ပဋိပတ်တရားကိုလည်း ကျင့်သုံးထားခြင်း မရှိ ကြောင်း တွေ့ကြရ၏။ သူတစ်ပါးရေးသော ဝိပဿနာနှင့် ပတ်သက် ရာ စာအုပ်အနည်းငယ်ကိုဖတ်ပြီး ဆရာကြီး လုပ်နေသူ ဖြစ်ကြောင်း ပေါ်ပေါက်လာ၏။

ထို့ကြောင့် ဤဖြစ်ရပ်ကိုကြည့် ၍ အရေးကောင်း၊ အဟောကောင်းတိုင်းလည်း လူကောင်း တစ်ယောက် မဟုတ်ကြောင်းကို သတိပြုသင့်၏။

"ကြည်ညိုရာမှာ၊ အများသံဃာ၊
ကိုးကွယ်ရာမှာ၊ ရွေးချယ်ပါ၊"

ဟူသော ဦးလှသိန်း၏ ကဗျာလေးအတိုင်း ရဟန်းသံဃာ စုန်သမျှကို ကြည်ညိုပါ၊ တတ်နိုင်သမျှ လှူဒါန်းပါ၊ ရဟန်းအကျင့် မကျင့်လျှင်၊ မကျင့်သူ မကောင်းကျိုးခံစားရလိမ့်မည်။ ကြည်ညိုသော လှူဒါန်းသော မိမိမှာကား ကောင်းကျိုးသာရ၏။ သို့သော် ဆရာမှတ်မှတ် ကိုးကွယ်တော့မည်ဆိုလျှင်ကား ရွေးချယ် ရပေတော့မည်။

သူတော်ကောင်းဆရာဟုတ်၊မဟုတ်ဆန်းစစ်နည်းကို ဗုဒ္ဓက ကောသလမင်းကြီးအား ဟောဘူး၏။ တစ်ခါတွင် ကောသလမင်းကြီးသည် ဘုရားကျောင်းတော်ရှေ့မှ ဖြတ်သွားသော သက်န်းဝတ်တစ်စုကို ရဟန္တာ သူတော်ကောင်းများဖြစ်ကြောင်း ဘုရားရှင်အား လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က လူတစ်ယောက် သူတော်ကောင်းဟုတ်၊ မဟုတ် သိနိုင်ရန်. . . .

(၁) အကြာကြီး ပေါင်းကြည့်ရသည်။
(၂) ဝေဖန်ဘန်းစစ်ရသည်။
(၃) ဝေဖန်ဆန်းစစ်နိုင်သော ပညာရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသုံးချက်အတိုင်း လေ့လာမှ သိနိုင်ကြောင်း ဟောကြားတော်မူ၏။ ထိုအခါကျမှ ကောသလမင်းကြီးသည် မြတ်စွာဘုရား၏ ဉာဏ်တော်ကို တအံ့တသြဖြစ်ခါ "မြတ်စွာဘုရား၏ စကားမှာ အလွန်မှန်ကန်လှကြောင်း၊ ထိုဖြတ်သွားသူများမှာ သူလွှတ်ထား သော သူလျှိုများသာဖြစ်ကြောင်း" ပြန်လည်လျှောက်ထားလေ၏။

ထိုကဲ့သို့ ဝေဖန်ဆန်းစစ်မှုမရှိဘဲ ဆရာယုတ်ကို ဆရာကောင်းထင်ပြီး ကိုးကွယ်မှားမှုကြောင့် ပစ္စည်းသာမက အသက်ပါ ဆုံးသွားရသော ဖြစ်ရပ်တစ်ခုကို တင်ပြပါဦးမည်။ ၂၀၀၇ခုနှစ်-ငါးလပိုင်းအတွင်းကပင်ဖြစ်၏။ အညာဒေသ၏ နယ်မြို့လေးသို့ ဝိဇ္ဇာလိုလို၊ သိုက်လိုလို၊ ဆေးလိုလို၊ ယောင်တောင်တောင် ရဟန်းတစ်ပါး ရောက်လာသည်။

ပထမတော့ အိမ်တစ်အိမ်တွင် ခေတ္တသဘောမျိုးတည်းခိုနေခြင်းဖြစ်သည်။

ထိုအချိန် မှာပင် သူက မြို့၏ အထင်ကရ စေတီဝိုင်းထဲတွင် သုမေဓါရှင်ရသေ့ ဗျာဒိတ်ခံပုံ ထုလုပ်မည်ဟု သတင်းလွှင့်လိုက်၏။

"ဘုရားတည်လျှင် သာသနာပြုသည်" ဟု အယူရှိကြသော မြို့သူမြို့သားများသည် ငွေကြေးသာမက၊ နားကနားကပ်ကိုပင် ချွတ်လှူကြ၏။ အမှန်ကား ဘုရားတည်ခြင်းကို သာသနာပြုခြင်းဟု မခေါ် ဆိုနိုင်၊ ဒါနပြုခြင်းဟုသာ ခေါ် ဆိုနိုင်၏။ သာသနာပြုလိုလျှင်၊ သာသနာပြုသူကို လှူလိုလျှင် သာသနာ၏အဓိပ္ပါယ်ကို ဦးစွာသိအောင်လုပ်ရ၏။

သာသနာ၏ အဓိပ္ပါယ်မှာ "အဆုံးအမ" ဟူ၍ ဖြစ်၏။ မည်သူ၏ အဆုံးအမနည်းဟု မေးခဲ့လျှင် ဗုဒ္ဓ၏ အဆုံးအမဟု ဖြေရမည်။ ဗုဒ္ဓ၏ ဟောပြောဆုံးမချက်သည် "ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ" ဟု သုံးပါးရှိ၏။

ထိုသုံးပါးတွင် ဝိနည်းပိဋကတ်ကို အနှစ်ချုပ်လျှင် သီလသာသနာကို ရ၏။ သုတ္တန်ပိဋကတ်ကို အနှစ်ချုပ်လျှင် သမာဓိသာသနာကိုရ၏။ အဘိဓမ္မာပိဋကတ်ကို အနှစ်ချုပ်လျှင် ပညာသာသနာကို ရ၏။ သီလသာသနာသည် ကိုယ်နှုတ်မှာ လွန်ကျူးသည့် "ဝီတိက္ကမ" ကိလေသာကို ပယ်သတ်ခြင်းပြု၏။

သမာဓိသာသနာသည် စိတ်ထဲမှာထကြွသောင်းကျန်းလာသည့် "ပရိယုဋ္ဌာန်" ကိလေသာကို ပယ်သတ်၏။ ပညာသာသနာသည် အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာမည့် စိတ်အစဉ်တွင် ကိန်းအောင်းနေသော "အနုသယ" ကိလေသာကို ပယ်သတ်၏။ ထို့ကြောင့် ထိုသီလ၊ သမာဓိ၊ ပညာသိက္ခာ သုံးပါးကို လူတွေရင်ထဲရောက်အောင် စာသင်တိုက်များ ဖွင့်လှစ်၍ စာပေများ ပို့ချသင်ကြားပေးခြင်း။ ရိပ်သာများ ဖွင့်လှစ်၍ တရားဟောကြားပြသပေးခြင်း၊ တရားစခန်းများ ဖွင့်လှစ်ခြင်း၊ တရားပွဲများကျင်းပခြင်းသည် သာသနာပြုခြင်းပင် ဖြစ်၏။ ယခုမူ ထိုကဲ့သို့ မသိကြဘဲ "ဘုရားတည်မှသာ သာသနာပြုတာ"ဟု သိထားသော မြို့လူထုသည် ဘုရားတည်သော ဘုန်းကြီးကိုသာ အဓိကထားပြီး လှူကြတော့၏။ စာသင်တိုက်များ တရားတိုက်များကိုကား "ဝတ်ကျေတန်းကျေလောက်သာ" လှူကြတော့သည်။

တစ်ရက်တွင် ထိုပုဂ္ဂိုလ်သည် သူ့အား အလွန်ကြည်ညိုနေသော မိသားစုတစ်စုအား ဘုရားတည်ရန် ငွေများ ခေတ္တ သိမ်းထားပေးပါဟု ဆိုကာ (သိန်းရှစ်ဆယ်) လာအပ်၏။

လာအပ်သော ငွေဖြစ်၍ ဒကာမိသားစုသည် သေချာစစ်ဆေးဘဲ တစ်ထောင်ထုတ်ရှစ်ဆယ်ပြည့်၊ မပြည့်သာ ရေတွက်ပြီး လက်ခံကာ သိမ်းဆည်းပေးလိုက်သည်။ နောက်တစ်ညမှာပင် ထိုဘုန်းကြီးက ယင်းမိသားစုအား အစိုးရက လှူသော ကားထုတ်ယူ

www.burmeseclassic.com

www.burmeseclassic.com

ရှင့် (သိန်း ခုနှစ်ဆယ်) ခဏပေးထားဖို့ လာပြော၏။ သူအပ်ထားသော ဘုရားတည်ဖို့ (သိန်းရှစ်ဆယ်)ကို ဆွဲသုံးမထားလိုသောကြောင့် ယခုလို ခေတ္တလာချေးခြင်းဖြစ်ကြောင်း ရှင်းပြ၏။

ဒကာမိသားစုလည်း သူတို့လက်ထဲတွင် (သိန်းရှစ်ဆယ်) အပ်ထားပြီးဖြစ်၍ ပူရန်မရှိဟုဆိုကာ နေသောအိမ်နှင့်ခြံကိုပင် ရောင်းပေးလိုက်သည်။ (သိန်းခုနှစ်ဆယ်)နဲ့ ထုတ်ရတဲ့ကားကို ပြန်ရောင်းလိုက်ရင် (သိန်းသုံးရာကျော်) ရမှာ-အဲဒီကျမှ (သိန်းတစ်ရာ) ပြန်ပေးမယ်ဟူသော လောဘတက်ဖွယ်စကားကြောင့်လည်း ယခုလို အလွယ်တကူ ထုတ်ပေးလိုက်ခြင်းဖြစ်၏။

ထိုပုဂ္ဂိုလ်လူလိမ်သည် (သိန်းခုနှစ်ဆယ်) အထုတ်လိုက်ရသော နေ့မှာပင် ဘုရားအတွက် လိုအပ်သော ပစ္စည်းဝယ်ရန်ဟု အကြောင်းပြပြီး ရန်ကုန်သို့ ထွက်သွားရာ-တစ်ခါတည်း ပေါ်မလာတော့ပေ။ ထိုဖြစ်ရပ်ကြောင့် အိမ်ရှင်အမျိုးသမီးမှာ တစ်ပါတ်အတွင်း စိတ်ဆင်းရဲပြီး သေဆုံးခဲ့ရရှာသည်။ လူလိမ်ပေးထားသော ငွေထုတ်များကို စစ်ကြည့်သောအခါ တစ်ထောင်တန်နှစ်ရွက်ကို အပေါ်ကညှပ်ပြီး အလယ်တွင် စက္ကူများ ထည့်ထားခြင်းပါတည်း။

## ဘိုးတော်လိမ်တို့၏ လျှို့ဝှက်ချက်

ဝိဇ္ဇာအမည်ခံဘိုးတော်၊ ဘတော်၊ မယ်တော်၊ ရသေ့တို့၏ လူအထင်ကြီးအောင်၊ ယုံကြည်အောင်လုပ်သော လျှို့ဝှက်ချက်ရှိ၏။

သာမန်ထက်ထူးခြားအောင်၊ အထင်ကြီးအောင်လုပ်ပြပြီ ဆိုလျှင် လိမ်စားဖို့ရာ- ရာခိုင်နှုန်းပြည့် သေချာနေလေပြီ။ သူတော်ကောင်းအစစ်မှန်သမျှ မိမိ၏ အကျင့်နှင့် မိမိရရှိသော တန်ခိုးကို လူသိမခံပေ။

သူတော်ကောင်းအတုသည် လာဘ်လာဘ၊ အခြံအရံ၊ အကျော်အစောကို အလွန်တပ်မက်သလောက်၊ သူတော်ကောင်းအစစ်သည် လာဘ်လာဘ၊ အခြံအရံအကျော်အစောကိုအင်မတန် စက်ဆုပ်ရွံရှာကြသည်။ ဤအချက်သည်လည်း ဆရာကောင်းကို ရှာဖွေရန် အလွယ်ကူဆုံးမှတ်ကျောက်တစ်ခုပင်ဖြစ်၏။

တစ်ခါက ဝိဇ္ဇာအမည်ခံ ဘိုးတော်တစ်ဦးကို လင်မယားနှစ်ယောက်က အိမ်ပေါ်တင်ပြီး ကိုးကွယ်ထားကြသည်။ ဝိဇ္ဇာမရင်-တစ်လုံး တစ်ခဲကြီး ရမှာဟူသော မျှော်လင့်ချက်ဖြင့် လိုလေသေးမရှိ ကျွေးမွေး ထောက်ပံ့ထားကြသည်။ လ အတန်ကြာသောအခါ ဘိုးတော်သည် ယောကျာ်းမသိအောင် အမျိုးသမီးငယ်ကို ဖျားယောင်းသွေးဆောင်ပြီး ခိုးပြေးသွားလေသည်။

ဤကား-ဝိဇ္ဇာအများစု၏ မစပ်ပုံပင်တည်း။
လောကတွင် ဘုရားရှင်လောက် တန်ခိုးကြီး
သောသူမရှိ၊ လောကတွင် ဘုရားရှင်လောက်
လောကသားများ အပေါ်တွင် မေတ္တာ၊
ဂရုဏာထားသူ မရှိ၊ ထိုဘုရားရှင်သည်ပင်လျှင်၊
မင်းက ချမ်းသာစေ၊ မင်းဆင်းရဲစေဟု လုပ်၍ မရလျှင်၊
အဘယ်မည်သောဝိဇ္ဇာဘိုးတော်တို့တလူသားတို့အား
ချမ်းသာအောင်၊ဆင်းရဲအောင်ပြုလုပ်ပေးနိုင်ပါမည်နည်း။

ဥဒါန်းပါဠိတော်လာ - တပဟိယဒါရုစိရိယသည် ဘုရားရှင်၏ တရားကိုနာယူအပြီးချက်ခြင်းရဟန္တာဖြစ်ခဲ့၏။ ဓမ္မပဒအဋ္ဌကထာ၌လာရှိသော မဟာကပ္ပိန မင်းကြီးနှင့် အမတ်ပေါင်းတစ်ထောင်တို့ သည် ဘုရားရှင်၏ တရားကိုနာယူပြီး အားလုံးသောတာပန်တည်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာဖြစ်သွားသော ဇာဟိယဒါရုစိရိယက ရဟန်းဝတ်ပေးရန် တောင်းပန်သောအခါ ပရိက္ခရာ အရှာထွက်ခိုင်းလိုက်သည်။ ပရိက္ခရာ အလှူရှင် မပေါ်ဘဲ ထိုနေ့မှာပင် နွားမ၌ ဇာဟိယဒါရုစိရိယသည် လူ့ဘဝနှင့်ပင် ပရိနိဗ္ဗာန်ဝင်စံခဲ့ရသည်။

သောတာပန်တည်သွားသော မဟာကပ္ပိနမင်းကြီးနှင့် အမတ်ပေါင်းတစ်ထောင်တို့က ရဟန်းဝတ်ပေးရန် တောင်းပန်သောအခါ ဘုရားရှင်က ဧဟိဘိက္ခု ခေါ်လိုက်ရာ ချက်ခြင်း သင်္ကန်းရုံပြီးသား သပိတ်ပိုက်ပြီးသား ဖြစ်သွားသည်။ ဘုရားရှင်ကို မျက်နှာလိုက်သည်ဟု မထင်လိုက်ပါနှင့်။

ဇာဟိယဒါရုစိရိယကို ဧဟိဘိက္ခုမခေါ်သည်မှာ သင်္ကန်းပရိက္ခရာ မလှူဘူးခဲ့သောကြောင့်ဖြစ်ပြီး မဟာကပ္ပိနမင်းကြီးနှင့် အမတ်ပေါင်းတစ်ထောင်တို့ကို ဧဟိဘိက္ခုခေါ်သည်မှာ သင်္ကန်းပရိက္ခရာလှူခဲ့ဘူးသောကြောင့်ဖြစ်သည်။

ဤသာဓကအရ စီးပွားဥစ္စာမဆိုထားနှင့် သင်္ကန်းပရိက္ခရာပင် သော်မှ ကိုယ်ကိုယ်တိုင် လှူထားဘူးမှရသည်။ သူတစ်ပါးက ပေး၍မရနိုင်ဟူသော အတွေးအခေါ်ကို ဦးနှောက်ထဲသို့ ရိုက်သွင်းသလိုဝင်သွားစေချင်သည်။

စာရှုသူများကို အထူးသိစေချင်သည်မှာ. . . ဤမှနောက်တွင် ဖော်ပြလတ္တံ့သော ရေးသားချက်အားလုံးသည် သညာသိနှင့် ပညာသိ (သုဒ္ဓဝိပဿနာကျင့်စဉ်) စာအုပ်ထဲမှ အခန်းတစ်ခန်း ဖြစ်သည်။ လူတိုင်း ဖတ်မိနိုင်စေရန်အတွက် သီးသန့်တစ်အုပ်အဖြစ် ထုတ်နုတ်စီစဉ်ထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် "သညာသိနှင့် ပညာသိ" စာအုပ်ကြီးထဲတွင် ဆရာကောင်းကို ရှာဖွေခြင်း အခန်းပါဝင်တော့မည်မဟုတ်ပေ။ စာရေးသူမှာ နယ်လှည့်တရားဟောခြင်း၊ တရားစခန်းဖွင့်ခြင်း စာရေးခြင်း၊ စာကြည့်ခြင်း၊ တရားနာခြင်း စသည်ဖြင့် အချိန်အား အလွန်နည်းပါးသောကြောင့် သီးသန့်စာအုပ်သဏ္ဍာန် ပြင်ဆင် ရေးသားချိန်မရပါ။

ထို့ကြောင့် တခြားအခန်းများကို ညွှန်ပြသော ရေးသားချက်များကို တွေ့ခဲ့လျှင် စာအုပ်ကြီးထဲက ထုတ်ရိုက်ထားတာမို့ ညွှန်းတာဘဲဟု သဘောပေါက်လက်ခံ ခွင့်လွှတ်စေချင်ပါသည်။ တဖန် သညာသိနှင့် ပညာသိစာအုပ်ကြီး ထွက်လာသော အခါတွင်လည်း ဆရာကောင်းကိုရှာဖွေခြင်း အခန်းကို ညွှန်းခဲ့လျှင် ဤစာအုပ်ထဲတွင် ပြန်ဖတ်ရန် ရှိပါတော့သည်။

ပေးရသောအချိန်နှင့်တန်သည့်. . . .
အသိဉာဏ်ဗဟုသုတများ ရရှိကြပါစေ. . . .။
ဆရာတောင်းကို ရှာဖွေနိုင်ကြပါစေ. . . .။

မေတ္တာရှင်
(ရွှေပြည်သာ)

www.burmeseclassic.com

www.burmeseclassic.com

# ဆရာများကအပါယ်ကျ

နပူးစွန်းနှင့်၊
ဒူးပွန်းခံကာ၊
ကိုးကွယ်ပါလည်း၊
ဆရာလွဲက၊
ငရဲအပါယ်၊
အမြစ်တွယ်၊
ဝဋ်နွယ်ရှည်လျားရာ။

လယ်တီဆရာတော်

## ဆရာကောင်းကို ရှာဖွေခြင်း

"ကုန်ရှုံးတော့တစ်ခေါက်"

"လင်ကုန်ရှုံးတော့ တစ်သက်လုံးမှောက်"

"ဆရာကုန်ရှုံးတော့ တစ်သံသရာလုံးမှောက်. . ."

ဟူသော စကားအတိုင်း ဘာသာရေး၌ ဆရာရွေးမှားလျှင် ပစ္စက္ခ၊ သံသရာနှစ်ဖြာလုံး ဒုက္ခရောက်တတ်၏။ တစ်ဖန် ဆရာရွေးမှန် လျှင်လည်း မိမိကောင်းကျိုးအားလုံး ပြီးစီးတတ်ကြောင်း ဗုဒ္ဓက အရှင်အာနန္ဒာအား မိန့်ကြားဖူး၏။ ဤနေရာ၌ ဆရာကောင်းနှင့် မိတ်ဆွေကောင်းကို အတူထားပြီး ဟောကြားတော်မူခြင်းဖြစ်၏။

ဆရာကောင်းကို မမှီဝဲရမှုကြောင့် ပစ္စေကဗုဒ္ဓါဖြစ်ရန် နှစ်သခ်ျနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ပါလျက် မုဆိုးကြီး ဖြစ်နေရသော ပုဂ္ဂိုလ်တစ်ယောက်အကြောင်းကို မောရသုတ် ပရိတ်ဇာတ်ကြောင်း၌ တွေ့ရ၏။ ထိုအချိန်က ဘုရားလောင်းသည် ဟိမဝန္တာ တောတွင်း၌ ရွှေဥဒေါင်းမင်းကြီး ဖြစ်နေ၏။

ဗာရာဏသီမင်းသည် ရွှေဥဒေါင်းမင်းကို မြင်ချင်သောကြောင့် မုဆိုးကြီးတစ်ယောက်အား လစာရိက္ခာ အပြည့်အစုံပေး၍ ဖမ်းဆီးရန်လွှတ်လိုက်၏။ ဥဒေါင်းမင်းသည် မောရသုတ်ပရိတ်ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် အမြဲရွတ်နေသောကြောင့် မုဆိုးကြီးသည် မည်သို့မျှဖမ်း၍ မမိခဲ့ချေ။

နှစ်အတန်ကြာသောအခါ ဥဒေါင်းမင်းကို ဖမ်းခိုင်းသော ဘုရင်နှင့်၊ ဖမ်းသောမုဆိုးကြီးတို့သာ သေဆုံးသွား၏။ ဥဒေါင်းမင်း

www.burmeseclassic.com

www.burmeseclassic.com



တိုကား ဖမ်းမိခြင်းမရှိချေ။ ထို့ကြောင့် ယင်းဘုရင်သည် နတ်ရွာစံခါနီးသောအခါ ‘ဥဒေါင်းမင်းအား ဘုရင်အဆက်ဆက်တက်တိုင်း ဒုက္ခရောက်စေမည့် စာတစ်ကြောင်း’ကို ရေးသွားခဲ့၏။

ထိုစာကား ‘ရွှေဥဒေါင်းမင်း၏ အသားကိုစားရသူသည် မအို၊ မနာ၊ မသေ အမြဲနေရမည်’ဟူ၏။ ထိုလုပ်ကြံစာကြောင့် နောက်မင်းအဆက်ဆက်တို့သည် မုဆိုးတို့၏ အကူအညီဖြင့် ရွှေဥဒေါင်းမင်းကို မရမကဖမ်းဆီးကြ၏။ မောရသုတ်ပရိတ်တန်ခိုးကြောင့် ဖမ်း၍မမိကြချေ။

တစ်ဆက်သော မင်းလက်ထက်တွင် ဥဒေါင်းမင်းကို ဖမ်းရန် တာဝန်ချခံရသော မုဆိုးကြီးကား အသိဉာဏ်ပညာနှင့် ပြည့်စုံ၏။ နှစ်အတန်ကြာသည်အထိ ဖမ်း၍ မမိသောအခါ ဥဒေါင်းမင်းတွင် မည်သည့်စွမ်းပကား ရှိနေသနည်းဟု တစေ့တစောင်း ချောင်းမြောင်း လေ့လာသောအခါ မောရသုတ်ပရိတ်ရွတ်သည်ကို တွေ့သွား၏။

ဤပရိတ်ကို မရွတ်မှသာ ဖမ်းမိနိုင်မည်ကို သိသွားသော မုဆိုး ကြီးသည် လေ့ကျင့်သင်ကြားပေးထားသော ဥဒေါင်းမတစ်ကောင်ကို ဥဒေါင်းမင်းကြီး ပရိတ်ရွတ်မည့်အချိန်ကို မှန်းပြီး လွှတ်လွှတ်ပေး၏။ ဥဒေါင်းမအရှိန်ကြောင့် ဥဒေါင်းမင်းကြီးသည် မောရသုတ်ပရိတ်ကို မရွတ်မိတော့ချေ။ ထို့ကြောင့်တစ်ရက်တွင် မုဆိုးထောင်ထားသော သုတ်ကိုင်းတွင် ခြေထောက်တစ်ချောင်း စွပ်မိသွားပြီး လေထဲ၌ စောက်ထိုးဖြစ်လျက် နေရှာ၏။



လေထဲတွင် ဦးစောက်ပြောင်းပြန်ဖြစ်ကာ ဒုက္ခရောက်လျက်ရှိသော ဥဒေါင်းမင်းကြီးကိုကြည့်ကာ သနားစိတ် ဝင်သွားသော မုဆိုးကြီးက သတ်ဖြတ်ခြင်းမပြုတော့ဘဲ ကျော့ကွင်းမှဖြုတ်ကာ လွှတ်ပေးလိုက်၏။ မုဆိုးဖြစ်လျက် သနားတတ်ခြင်းသည် သူတော်ကောင်းစိတ်ဓာတ်ခံရှိသောကြောင့်ဖြစ်၏။ ထိုသို့ သူတော်ကောင်း စိတ်ဓာတ်ခံရှိလျက် မုဆိုးဖြစ်နေရခြင်းသည် အဘယ်ကြောင့်နည်းဟု မေးမြန်းစိစစ်ကြည့်သောအခါ ဆရာမိုက်ကြောင့်ဖြစ်ကြောင်း သိသွား၏။

ကုသိုလ်၊ အကုသိုလ်ဟူသည်မရှိ၊ ကုသိုလ်၊ အကုသိုလ်၏ ကောင်းကျိုး၊ ဆိုးကျိုးသည် မရှိဟူ၍ သူ၏ဆရာများက ဟောပြောဆုံးမကြသောကြောင့် မုဆိုးအလုပ်ကို လုပ်မိကြောင်း မုဆိုးကြီးက ဖြေကြား၏။ ထိုအခါ အလောင်းတော် ဥဒေါင်းမင်းက ကုသိုလ်၊ အကုသိုလ်သည် ရှိကြောင်း၊ ကုသိုလ်၊ အကုသိုလ်၏ ကောင်းကျိုး၊ ဆိုးကျိုးသည်လည်းရှိကြောင်း ဟောပြမှ ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်ကို ရသွား၏။

ထိုအမြင်မှန်မှတစ်ဆင့် ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်မှန်သို့ ကူးပြောင်းပြီး ရှုပွားလိုက်ရာ ပစ္စေကဗုဒ္ဓါဖြစ်သွား၏။ ပစ္စေကဗုဒ္ဓါဖြစ်သည်နှင့် မုဆိုးအဝတ်အစားနှင့် အသုံးအဆောင်များအစား ရဟန်းအဝတ်အစားနှင့် အသုံးအဆောင်များကို ဆင်မြန်းပြီးသားဖြစ်ကာ ဂန္ဓမာဒနတောင်သို့ ကောင်းကင်မှ ကြွသွားလေ၏။

ဤဇာတ်တော်၌ ပစ္စေကဗုဒ္ဓါ အလောင်းအလျာဖြစ်ပါလျက် ဆရာမိုက်ကို မှီဝဲသောကြောင့် ငရဲကျလုဆဲဆဲ ဘဝသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့ရ၏။ ဥဒေါင်းမင်းနှင့်သာ မတွေ့လျှင် မုဆိုးဘဝနှင့်သေပြီး ငရဲသို့တျမည်သာဖြစ်၏။ မုဆိုးကြီးသည် ဥဒေါင်းမင်းတည်း ဟူသော ဆရာကောင်းကို မှီဝဲဆည်းကပ်လိုက်ရသည့်အတွက် မဂ်ဖိုလ်တိုင် အလုံးစုံပြီးစီးသွားခဲ့ရ၏။

## ဆရာကောင်း၏ အင်္ဂါလက္ခဏာများ

မဂ်ဖိုလ်ရဖို့အတွက် ဆည်းကပ်သင့်သော ဆရာကောင်း၏ အင်္ဂါလက္ခဏာများကို သတ္တတအင်္ဂုတ္တိုရ် ပါဠိတော်တွင် ဗုဒ္ဓက ဟောကြားထား၏။ ထိုဟောကြားချက်ကို နှောင်းလူများ အလွယ်တကူ မှတ်မိစေရန် မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်တွင် ယခုလိုဖွဲ့သီခဲ၏။

“ရှိသေ ချစ်ထိုက်၊ ချီးမွမ်းထိုက်နှင့်
လွဲမိုက်ဆုံးမ၊ မေးသမျှခံ
ဓမ္မံနက်နဲ၊ ဟောနိုင်မြဲ၍
ကျိုးနည်းမတန်း၊ ခုနစ်ခန်းနှင့်
ပြည့်လျှမ်းညီညာ၊ ဤဆရာ
ဖွေရှာတပည့်ခံ”

ဆရာကောင်း၏ အင်္ဂါလက္ခဏာဆိုသည်မှာ မိတ်ဆွေကောင်း၏ အင်္ဂါလက္ခဏာနှင့် အတူတူပင်ဖြစ်၏။ အရှင်အာနန္ဒာက “မိတ်ဆွေကောင်းကိုရလျှင် အကျိုးတစ်ဝက်ပြီးသည်”ဟု ယူဆ



ကြောင်း၊ ဗုဒ္ဓကအကျိုးတစ်ဝက်မဟုတ်၊ မိတ်ဆွေကောင်းကိုရလျှင် အကျိုးအားလုံး ပြီးစီးကြောင်း၊ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကိုရလျှင် ဝေနေယျ သတ္တဝါများသည် မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်းတည်းဟူသော အကျိုးအားလုံးကို ရသည်မဟုတ်လောဟု ဟောကြားတော်မူ၏။

ထိုမိတ်ဆွေကောင်းခေါ် ဆရာကောင်း၏ အင်္ဂါလက္ခဏာများမှာ -

၁။ ရှိသေထိုက်သော ဂုဏ်လေးပါးနှင့် ပြည့်စုံခြင်း၊
၂။ ချစ်ခင်ထိုက်သော ဂုဏ်လေးပါးနှင့် ပြည့်စုံခြင်း၊
၃။ ချီးမွမ်းထိုက်သော ဂုဏ်လေးပါးနှင့် ပြည့်စုံခြင်း၊
၄။ မိမိ၏လွဲမှားမှု၊ မိုက်မဲမှုကို ဆုံးမခြင်း၊
၅။ မိမိမေးသမျှကို ဖြေဆိုနိုင်ခြင်း၊
၆။ နက်နဲသော ဓာတ်၊ ပရမတ်၊ သစ္စာတရား များကို ဟောကြားနိုင်ခြင်း၊
၇။ အကျိုးနည်းသော အလုပ်များကို တားမြစ်၍ အကျိုးရှိသော အလုပ်များကို ညွှန်ပြနိုင်ခြင်း၊

ရှိသေထိုက်၊ ချစ်ခင်ထိုက်၊ ချီးမွမ်းထိုက်သော ဂုဏ်လေးပါးမှာ အတူတူပင်ဖြစ်၏။

ယင်းတို့မှာ-

★ ဒါန = လောဘမကြီးဘဲ ပေးကမ်းစွန့်ကြဲသူ ဖြစ်ရမည်။

★ ပေယျဝဇ္ဇ = ဒေါသမကြီးဘဲ မေတ္တာနှင့် ယှဉ်သည့် ချစ်ခင်ဖွယ်ရာ စကားရှိရမည်။

www.burmeseclassic.com

www.burmeseclassic.com



★ အတ္တစရိယာ - တပည့်တို့၏ ကောင်းကျိုးကို ကျင့်ဆောင်ရမည်၊

★ သမာနတ္တတာ- မနိမ့်မြင့်ချဘဲ ပုံမှန်တန်းတူ ဆက်ဆံရမည်တို့ဖြစ်၏၊

ဒါနပြုခြင်းသည် တိုက်ပွဲတစ်ပွဲကို ဆင်နွှဲခြင်းပင် ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက "ဒါနဉ္စ ယုဒ္ဓဉ္စသမာနမာ"ဟု ဟူ၍ ဟောတော်မူခြင်းဖြစ်၏။ အဓိပ္ပာယ်ကား ဒါနပြုခြင်းနှင့် စစ်တိုက်ခြင်းသည် အတူတူပင်ဖြစ်၏။ ဒါနတစ်ခုပြုဖြစ်ရန်အတွက်သဒ္ဓါနှင့်အလောဘစေတ်ကတစ်ဖက် မစ္ဆရိယနှင့် လောဘစေတ်က တစ်ဖက် စစ်တိုက်ကြ၏။ စစ်တိုက်ကြ၏။ထိုအဇ္ဈတ္တတိုက်ပွဲတွင် သဒ္ဓါနှင့် အလောဘစေတ်က အနိုင်ရမှ ဒါနပြုခြင်း ဖြစ်နိုင်၏။ မစ္ဆရိယနှင့် လောဘစေတ်က အနိုင်ရသည်နှင့် ထိုဒါနသည် ပျက်သွား၏။

ထို့ကြောင့် မစ္ဆရိယနှင့် လောဘစေတ် နည်းပါးသောဆရာ ဟုတ်-မဟုတ် သိနိုင်ရန် ဒါနပြု မပြုဟူသော ပေတံဖြင့် တိုင်းတာကြည့်ရ၏။ ဤနေရာ၌ နာမည်ကျော်ကြားဖို့၊ တစ်စုံတစ်ခု ပြန်ရဖို့ မျှော်လင့်ချက်မပါသော ဒါနကိုသာ ဆိုလိုခြင်းဖြစ်၏။ မျှော်လင့်ချက်တစ်ခုခုဖြင့် ပြုသော ဒါနသည် အမြတ်အစွန်းအတွက် ရောင်းဝယ်သော ဈေးသည်တို့၏ အပြုအမူတစ်မျိုးသာဖြစ်၏။ ဒကာကြီးတစ်ယောက် တွေ့ခဲ့ရသော ကမ္မဋ္ဌာန်းပြ ဆရာတော်နှစ်ပါးကို ယှဉ်၍ပြအံ့။

သူ့ဇာတိမြို့မှ ရိပ်သာဆရာတော်တစ်ပါးက သူ့ကို တွေ့ချင်နေကြောင်း ရန်ကုန်ရောက်တိုင်း သမီးများကပြောကြသဖြင့် 'တရားအဆုံးအမ ပေးလို၍နေမှာ'ဟုတွေးပြီး မအားသည့်ကြားမှ အရောက် သွားခဲ့၏။ တွေ့သောအခါ အထင်နှင့်အမြင် ပါစင်



အောင်လွဲတော့၏။ တွေ့သောအခါ ရိပ်သာဆရာတော်က ကျောင်းဆောင်ကြီးတစ်ဆောင် ဇွတ်အလှူခံတော့သည်။ မလှူဘဲနေမရအောင် အကြောင်းမျိုးစုံဖြင့် မူလီကျပ်လိုက်သေး၏။

ထိုဒကာကြီးသည် သဒ္ဓါတရားရှိသူတစ်ယောက် ဖြစ်သော်လည်း ထိုကဲ့သို့ လောဘတကြီး ဇွတ်အလှူခံသောအခါ သဒ္ဓါပျက်သွားပြီး ဘာမျှမလှူဖြစ်တော့ဟုသိရ၏။ ပါရာဇိကဏ် ပါဠိတော် ဘုရှိကာရသိက္ခာပုဒ်အဖွင့်၌ ကျောင်းအတွက် အတောင်းအရမ်းကြမ်းကြသောကြောင့် မြို့သူမြို့သားများသည် ရဟန်းကိုမြင်သည်နှင့် အိမ်တံခါး မြန်မြန်ပိတ်ပြီး ထွက်ပြေးတတ်ကြ၏။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူသောအခါ ရဟန်းများကို ခေါ်စေပြီး မဏိကဏ္ဌဇာတ်ကို ဟောတော်မူ၏။

တစ်ခုသောကမ္ဘာက ရသေ့ညီနောင် နှစ်ပါးသည် တောကြီးတစ်ခုထဲသို့ဝင်ပြီး တစ်ပါးလျှင် တစ်နေရာစီခွဲ၍ တရားအားထုတ်ကြ၏။ ညီရသေ့သည် မြစ်ကမ်းစပ်ရှိ ကျောက်တုံးပေါ် ဝယ်အားထုတ်၏။ ထိုမြစ်ထဲတွင် နေသော နဂါးတစ်ကောင်သည် ညီရသေ့ကိုမြင်လျှင် ချစ်ခင်ကြည်ညိုသည့်အတွက် နေ့စဉ်လာရောက်ပြီး ညီရသေ့ကို အခွေဖြင့်ပတ်ကာ ပါးပျဉ်းဖြင့် အုပ်မိုးလျက်စောင့်ရှောက်၏။

နဂါးကိုကြောက်ရွံ့ ရွံ့ရှာသည့်အတွက်ကြောင့် ညီရသေ့မှာ မည်သည့်ချမ်းအဘိညာဉ်မှမရဘဲ အသားအရေများမှာ ခြောက်ခန်းကာ ပိန်လှီလာ၏။ အစ်ကိုရသေ့က မေးသောအခါ ဖြစ်ကြောင်းကုန်စင်ကို ပြောပြ၏။ ထိုအခါ အစ်ကိုရသေ့က -

www.burmeseclassic.com



"ညီတော် နဂါးလာတာကို အလိုမရှိသလော"

"အလိုမရှိပါ နောင်တော်"

"သူတစ်ပါးက မိမိအပေါ် ချစ်ခင်ဖို့ရန် မလွယ်ကူသော်လည်း မုန်းဖို့ရန်ကား လွယ်ကူပေ၏။ ယခုညီတော်ကို နဂါးကမုန်းသွားစေရန် နည်းပေးအံ့။ ထိုနဂါး ညီတော်ထံလာသောအခါ သူနှစ်သက်သော ပစ္စည်းတစ်စုံတစ်ခုပါလာသလော"

"နဂါးလည်ပင်း၌ ပတ္တမြားလည်ဆွဲတစ်ကုံးကို တွေ့ရပါသည်"

"ညီတော် မိမိအလွန်နှစ်သက်သော ပစ္စည်းကို အတောင်းခံရလျှင် လူမဆိုထားနှင့် တိရစ္ဆာန်များပင် မုန်းတတ်သည်မှာ လောကဓမ္မတာ တစ်ခုပင်ဖြစ်၏။ သင်သည် ထိုလည်ဆွဲကို နဂါးထံမှ တောင်းလော့ (အလှူခံလော့)။ နဂါးသည် ညီတော်ထံသို့ မလာဘဲ နေပါလိမ့်မည်"

နောင်တော်ရသေ့ အကြံပေးသည့်အတိုင်း ညီရသေ့သည် နဂါးထံမှ ပတ္တမြားလည်ဆွဲကို ပထမအကြိမ် အလှူခံလိုက်ရာ (တောင်းလိုက်ရာ) နဂါးသည် စိတ်ပျက်ကာ အခွေကိုဖြုက်ပြီး ချက်ချင်း မြစ်ထဲသို့ ဆင်းသွား၏။ သို့သော် သံယောဇဉ်မကုန်သေးသောကြောင့် ဒုတိယအကြိမ်လာပြန်ရာ မြစ်ထဲမှ တက်လာကာစအချိန်မှာပင် ပတ္တမြားလည်ဆွဲကို ဒုတိယအကြိမ် တောင်းလိုက်ရာ နောင်တစ်သက်လုံး ရသေ့ထံသို့ ပြန်မလာတော့ပေ။ ဤသာဓကကိုထောက်၍ မိမိနှစ်သက်သောပစ္စည်းကို အတောင်းခံရလျှင် လူမပြောနှင့် တိရစ္ဆာန်ပင် မုန်းတတ်သောကြောင့် အတောင်းအရမ်းမကြမ်းကြရန် ရဟန်းတော်တို့အား ဗုဒ္ဓက ဆုံးမတော်မူခဲ့၏။



သူတော်ကောင်းစိတ်ဓာတ် များပြားသူသည် ပေးမှုနှင့်ရမှုနှစ်မျိုးတွင် ပေးမှုအပေါ်၌ ပျော်မွေ့နှစ်သက်၏။ သူတော်ကောင်းစိတ်ဓာတ်နည်းပါးသူသည် ပေးမှုနှင့်ရမှုနှစ်မျိုးတွင် ရမှုအပေါ်၌ ပျော်မွေ့နှစ်သက်၏။ ဤကား သူတော်ကောင်းစိတ်ဓာတ် အနည်းအများကို တိကျစွာ တိုင်းတာသော ပေတံတည်း။ ဘုရားအလောင်းတော် နုစဉ်ဘဝတစ်ခုက ရသေ့တစ်ပါး ဖြစ်ခဲ့၏။ ဆိတ်ငြိမ်သောတောတွင်းမှာပင် နေထိုင်၏။ ရသေ့၏ ပစ္စည်းလေးပါး ဒကာကား ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီးတည်း။

မင်းကြီးက လိုသမျှကို အလှူခံရန် ဖိတ်မံထားသဖြင့် တစ်နေ့တွင် ရသေ့သည် လိုအပ်သောပစ္စည်း အလှူခံရန် မင်း၏နန်းတော်သို့ ရောက်လာ၏။ သို့သော် ရသေ့က ပြောမထွက်သဖြင့် ဘာမျှ အလှူမခံတော့ဘဲ တောထဲပြန်ကြွသွား၏။ ထိုကဲ့သို့ အလှူခံဖို့ရာ လာလိုက်၊ ပြောမထွက်သဖြင့် ပြန်သွားလိုက်နှင့် (၁၂)နှစ်ခန့်ကြာသွား၏။ ထိုနောက်ဆုံး အခေါက်တွင်ကား ဘုရင်က လိုသောအရာကို မပြောလျှင် နန်းတော်ထဲက ထွက်ခွာခွင့် မပြုနိုင်ဟု အကျပ်ကိုင်သောအခါတွင်မှ လိုသောပစ္စည်းနှစ်မျိုးကို ပြောရှာ၏။

ရသေ့လိုသော ပစ္စည်းကား တောသလူရွက်နှင့် လုပ်ထားသော အပေါ်စားထီးတစ်လက်နှင့် တစ်လွှာ ဖိနပ်ကြမ်းတစ်ရံသာတည်း။ ထိုမျှလောက် အပေါစားပစ္စည်းလေးနှစ်ခု အလှူခံဖို့ပင် (၁၂)နှစ်တိုင်အောင် ကြာမြင့်ခဲ့ရ၏။ ဤကား သူတော်ကောင်းများအနေဖြင့် ရယူမှုအပေါ်၌ ပျော်မွေ့နှစ်သက်မှုမရှိပုံ သာဓကတည်း။ မျောက်ဥက္ကလာက ဒကာကြီး ပထမတွေ့ရသော ရိပ်သာဆရာတော်သည် ကိုယ့်အတွက် ရယူမှုတစ်ခုအပေါ်၌သာ အာရုံစိုက်သဖြင့် လောဘဓာတ် အားကြီးနေကြောင်းမှာ ထင်ရှား၏။ တလည်း

www.burmeseclassic.com

www.burmeseclassic.com



တတ်၊ ကိလေသာကုန်ကြောင်း ဝိပဿနာတရားများကိုလည်း ဟောကြား ပြသနေပါလျက် ထိုဆရာတော်ထံ၌ လောဘစာတ်သည် အဘယ်ကြောင့် မလျော့ပါးရသနည်း။

အဖြေကား ထိုဆရာတော်သိထားသော အသိသည် သညာသိမှာသာ လမ်းဆုံးနေပြီး ဝိညာဏ်သိ၊ ပညာသိထိ မရောက်သောကြောင့်ပင်တည်း။ ဋီကာကျော်ကျမ်း၌ အသိကို သုံးမျိုးခွဲပြ၏။ ထိုသုံးမျိုးကား သညာသိ၊ ဝိညာဏ်သိ၊ ပညာသိတို့ပေတည်း။ သညာသိ,သည် ကလေး၏ အသိနှင့်တူ၏။ ဝိညာဉ်သိသည်မိခင်၏အသိနှင့်တူ၏။ ပညာသိသည် ရွှေပန်းထိမ်သည်၏ အသိနှင့်တူ၏။ ရွှေတုံးတစ်တုံးကို တွေ့သောအခါ ကလေးငယ်သည် အဝါရောင်ဟူ၍ သာသိ၏။ ရွှေမှန်းလည်းမသိ၊ အလေးချိန်ကိုလည်းမသိ။

ထို့အတူ သညာသိသည် ရုပ်နာမ်၊ ခန္ဓာငါးပါး၊ သစ္စာလေးပါးတို့၏ အရေအတွက်နှင့် နာမည်လောက်ကိုသာ သိ၏။ ရုပ်နာမ်ခန္ဓာတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မသိလျှင် မဂ်ဖိုလ်ကိုလည်း ထိုးထွင်း၍ မရရှိနိုင်ပေ။ ကြက်တူရွေးကို စကားသင်ပေး၍ တတ်သော အတတ်မျိုးသာတည်း။ ထိုရွှေတုံးကိုပင် ကလေး၏ မိခင်က တွေ့သောအခါ အဝါရောင်ကိုလည်း သိ၏။ ရွှေတုံးကိုလည်း သိ၏။ သို့သော် အလေးချိန်ကိုကား မသိပေ။

ထို့အတူ ဝိညာဏ်သိသည် ရုပ်၊ နာမ်၊ ခန္ဓာ၊ သစ္စာလေးပါးတို့၏ အရေအတွက်နှင့် နာမည်ကိုလည်း သိ၏။ ထိုရုပ်နာမ် ခန္ဓာတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုလည်း သိ၏။ သို့သော် မဂ်ဖိုလ်ရသည်အထိကား ထိုးထွင်း၍ မသိနိုင်။ ထိုရွှေတုံးကိုပင် ပန်းထိမ်ဆရာက တွေ့သောအခါ အဝါရောင်၊ ရွှေ၊ အလေးချိန်သုံးမျိုးလုံးကို သိ၏။



ထို့အတူ ပညာသိသည် ထိုရုပ်နာမ် ခန္ဓာ၊ သစ္စာလေးပါးတို့၏ အရေအတွက် နာမည်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မဂ်ဖိုလ် နိဗ္ဗာန် သုံးမျိုးထိ သိ၏။

သညာသိသည် ပရိယတ္တိတည်း။ ဆေးနည်းရေးထားသော စာရွက်နှင့်တူ၏။ ဝိညာဏ်သိသည် ပဋိပတ္တိတည်း။ ဆေးနည်းအတိုင်း ဖော်စပ်သောက်ခြင်းနှင့် တူ၏။ ပညာသိသည် ပဋိဝေဓတည်း။ ဆေးသောက်သည့်အတွက် ရောဂါပျောက်ခြင်းနှင့်တူ၏။ ဆေးနည်းသည် ရောဂါပျောက်ရန် ဖော်စပ်သောက်ဖို့ ဖြစ်၏။ လေကုန်ရန် တတွတ်တွတ်ရွတ်နေဖို့ မဟုတ်၊ ဆေးနည်းကို ဖော်သောက်ဘဲ ရွတ်ရုံသာ ရွတ်နေမည်ဆိုလျှင် မူလရှိရင်းစွဲ ရောဂါမပျောက်သည့်အပြင် လေနာရောဂါတစ်မျိုးပင် ထပ်တိုးလာမည်ဖြစ်၏။

သို့အတူ သညာသိဖြင့် သိထားသော ပိဋကတ်စာပေများကို ဝိပဿနာတရားအဖြစ် မကျင့်သုံးခဲ့လျှင် ရှိရင်းစွဲ ကိလေသာများသည် လျော့ပါးမသွားသည့်အပြင် ပိုမိုတိုးလာစရာသာရှိပေ၏။ ခန္ဓာကို စွဲလမ်းသော လောဘအပြင် စာပေကြောင့် ကျော်ကြားခြင်းကို စွဲလမ်းသော လောဘ၊ ခန္ဓာကြောင့် ထောင်လွှားသောမာနအပြင်၊ စာပေကြောင့် ထောင်လွှားသော မာနတစ်မျိုးပါ တိုးလာခြင်းမျိုးကို ဆိုလိုခြင်းဖြစ်၏။ ထို့ကြောင့် အဘိဓဇမဟာ ရဋ္ဌဂုရုဘောင်လေးလုံး ဆရာတော် ဘုရားကြီးက ပညာပါရမီ အလင်းပြကျမ်းစာမျက်နှာ (၅၀)တွင် ယခုလိုရေးသား သတိပေးခဲ့၏။

ကျော်ကြားမှု၊ ဘုန်းကံကြီးမားမှု၊ လာဘ်ပေါများမှုများကို ခင့်ကွက်မူ၍ မိမိတတ်သိသလို တတ်ပါစေဟူသော ရည်ရွယ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စာပေပို့ချခြင်းသည် ဒါနပါရမီဖြစ်၏။ ကျော်ကြားမှု၊ ဘုန်းကံကြီးမှု၊ လာဘ်လာဘပေါ်များမှုများကို ရည်ရွယ်၍ စာပေပို့ချခြင်းသည် ဒါနပါရမီမဖြစ်၊ စာပေပို့ချနေခြင်းထက် မပို့ချဘဲ အိပ်နေခြင်းက မြတ်သေးသည်ဟူ၍ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ သာရတ္ထ ဒီပနီဋီကာများ၌ တိုက်ရိုက်ဆိုထားသည်။ စာပေပို့ချနေပါလျက် သေလွန်လျှင် ငရဲကျမည် ဆိုလိုသည်။

တရားဟောခြင်းသည်လည်း ပရိယတ်ကို ပို့ချခြင်းတစ်မျိုး ဖြစ်၍ ဤစကားသည် ဓမ္မကထိကများနှင့်လည်း သက်ဆိုင်၏။ ဓမ္မကထိကများသည်လည်း လာဘ၊ သက္ကာရ၊ သိလောကကို မငဲ့ဘဲ ကိုယ်သိသလိုသိပါစေ ဟူသော စေတနာဖြင့် ဟောပြောလျှင် ဒါနပါရမီ ဖြစ်မည်။

ထိုသို့မဟုတ်ဘဲ လာဘ်၊ အပူဇော်၊ ကျော်စောမှုအတွက် ဟောခြင်းဆိုလျှင် ဒါနပါရမီမဖြစ်ပေ။ တရားမဟောဘဲ အိပ်နေသည်က မြတ်သေးသည်။ ထိုယုတ်ညံ့သော စိတ်ဓာတ်သာ ဦးစီးနေလျှင် တရားဟောရင်း သေပါက ငရဲကျမည်ဟုပင် ဖြည့်စွက်မှတ်သားအပ်၏။

အရှင်ကပိလမထေရ်သည် ကဿပဘုရား လက်ထက်က ပိဋကတ်သုံးပုံဆောင် စာချ မထေရ်ကြီးပင် ဖြစ်၏။ လာဘ၊ သက္ကာရ သိလောကအတွက် ပို့ချခြင်းဖြစ်သောကြောင့် ဒါနပါရမီ မဖြစ်ဘဲ အကုသိုလ်ကိလေသာတွေသာ ပိုမိုတိုးပွားလာ ပြီး သေသောအခါ ငရဲသို့ ကျခဲ့ရပြီး ဂေါတမဘုရားလက်ထက်၌ ခံတွင်းပုပ်သော ငါးပြီတ္တာ ဖြစ်ရ၏။ စာပေပို့ချခဲ့ခြင်းကြောင့် အဆင်းမှာ ရွှေရောင် ဖြစ်သော်လည်း ရဟန်းတို့ကို ဆဲရေးကြိမ်း မောင်းခဲ့၍ ခံတွင်း ပုပ်ရ၏။



အပါဒါန်၌လာသော ပူတိက္ကာထေရီမသည်လည်း ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့ သာသနာတွင် ပိဋကတ်သုံးပုံ တတ်ကျွမ်းပြီး အကြားအမြင် ဗဟုသုတများသော ဓမ္မကထိက ရဟန်းမတစ်ပါးဖြစ်ခဲ့၏။ သို့သော် လာဘ၊ သက္ကာရ၊ သိလောကအတွက် ဟောပြောမှု ဖြစ်သောကြောင့် ဒါနပါရမီ မဖြစ်ဘဲ အကုသိုလ် ကိလေသာများ ပိုမိုတိုးပွားလာသောကြောင့် သေသောအခါ အပါယ်ငရဲသို့ ကျခဲ့ရ၏။ နောက်ဆုံးဘဝ ရဟန္တာမ ဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံသည့် ဘဝမှာပင် သူတော်ကောင်းများကို မောက်မာစော်ကားခဲ့သော မာနကြောင့် အနာထပိဏ် သူဌေးအိမ်တွင် ကျွန်မလေးဖြစ်ခဲ့ရ၏။ ဤကား ဆေးနည်းများကို ရွတ်ရုံသာရွတ်ပြီး ဖော်မ သောက်ခဲ့သော ဆိုးကျိုးများပေတည်း။

တချို့သော သူများသည် သညာသိကို သုံးလို့မရအောင် ပြောတတ်ကြ၏။ ထိုကဲ့သို့ကား မပြောအပ်ပေ။ အဘယ်ကြောင့်ဆိုသော် သညာသိရှိမှ ဝိညာဏ်သိ ဖြစ်နိုင်၏။ ဝိညာဏ်သိဖြစ်မှ ပညာသိဖြစ်နိုင်သောကြောင့် ပေတည်း။ ဆေးနည်းမသိပါက ဖော်စပ်ပြီး မသောက်နိုင်၊ ဖော်စပ်ပြီး မသောက်နိုင်ပါက ရောဂါ ပျောက်နိုင်သကဲ့သို့ပင်တည်း။ ထို့ကြောင့် ဗုဒ္ဓက ပွားများသင့်သော သညာခုနစ်မျိုးကို အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမ သညာသုတ် (၁၃၂) တွင် ယခုလို ဟောတော်မူခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိမာ ဘိတ္တဝေ၊ သညာ ဘာဝိတာ ဗဟုလီကတာ
မဟပ္ဖလာ ဟောန္တိ၊ မဟာနိသံသာ၊ အမတောဂဓာ
အမတပရိယောသာနာ။ ကတမာ သတ္တ အသုဘ-
သညာ၊ မရဏသညာ၊ အာဟာရေပဋိကူလ သညာ၊
သဗ္ဗလောကေ အနဘိရတိသညာ၊ အနိစ္စသညာ၊
အနိစ္စေ၊ ဒုက္ခသညာ၊ ဒုက္ခေ အနတ္တသညာ။
ဣမာ ခေါ ဘိက္ခဝေ၊ သတ္တ သညာ ဘာဝိတာ ဗဟုလီ
ကတာ၊
မဟပ္ဖလာ ဟောန္တိ၊ မဟာနိ သံသာ အမတောဂဓာ၊
အမတပရိယောသာနာတိ။

(မြန်မာ) ချစ်သားတို့ (၇) ပါးသော သညာတို့ကို ကြိမ်ဖန်များစွာ ပွားများခြင်းပြုကြမည်ဆိုလျှင် အကျိုးကြီးကုန်၏။ အာနိသင်ကြီးကုန်၏။ အမြိုက်နိဗ္ဗာန်သို့ ရောက်စေနိုင်ကုန်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိကုန်၏။

အဘယ်(၇)မျိုးတို့နည်းဟူမူ-

- ခန္ဓာကိုယ်ကို စက်ဆုပ်ဖွယ် မတင့်တယ်ဟု ရှုသော သညာ။
- သေခြင်းကို အမှတ်ရသော သညာ။
- အာဟာရ၌ ရွံရှာဖွယ်ကိုရှုသောသညာ
- အလုံးစုံသော လောက၌ မွေ့လျော်ဖွယ် မရှိမှုကို ရှုသော သညာ။
- ခန္ဓငါးပါးကို မမြဲဟုရှုသော သညာ။
- မမြဲသော ခန္ဓာကို ဆင်းရဲဟုရှုသောသညာ။
- ဆင်းရဲသော ခန္ဓာကို အစိုးမရ၊ ငါမဟုတ်ဟုရှုသော သညာသို့ပင်တည်း။



ဤပါဠိတော်ကိုထောက်၍ ဝိပဿနာတရားသည်ပင် သညာသိကစရသည်ဖြစ်၍ တရားနာ၍ရလာသောအသိ၊ စာပေ ဖတ်ရှု၍ ရလာသောစာပေအသိများကို သညာသိတွေပါ ဆိုပြီး ယ်ရှားမပစ်မိဖို့ သတိပြုသင့်ပါ၏။ ဤကား သညာသိအဆင့်သာ ရှိသော ရိပ်သာဆရာတော်တစ်ပါး၊ အလိုလောဘကို မထိန်းနိုင်ဘဲ ကျောင်းအလှူခံသောအကြောင်းနှင့်ဆက်စပ်၍ သိထားသင့်သော အကြောင်းများကို ရေးသားခြင်းဖြစ်၏။ ယခုတရားကို ပညာသိဖြင့် သိသောကြောင့် လောဘနည်းပါးပြီး အံ့ဖွယ်ကောင်းလောက်အောင် အလှူဒါနပြုသော ဆရာတော်ကြီးတစ်ပါးအကြောင်းကို ဆက်လက် ဖော်ပြအံ့။

ယခုဖော်ပြမည့် ပညာသိ ရိပ်သာဆရာတော်ကြီးကိုလည်း ထိုမြောက်ဥက္ကလာက ဒကာကြီးဝင် ကိုးကွယ်ဆည်းကပ်ခဲ့ခြင်း ဖြစ်၏။ ယခုဆရာတော်ကြီးကိုကား ပျံလွန်တော်မူချိန်ထိ ဆည်းကပ် ကိုးကွယ်ခဲ့၏။ ထိုဒကာကြီး ပြောပြသောကြောင့်သာ ယခုလို ပြည့်စုံစွာ ရေးသားနိုင်ခြင်း ဖြစ်၏။ ထိုဆရာတော်ကြီးကား မြောက်ဥက္ကလာပ ရွှေဥမင်တောရရိပ်သာ ဆရာတော်ဘုရားကြီးပင်တည်း။ ဒိုယတ္တိလောကနှင့်ပဋိပတ္တိလောကမှ ဆရာတော်အများစု ကိုယ်ပိုင်ကားအကောင်းစားများကို အပြိုင်စီးနေသော အချိန်တွင် ဆရာတော်ကြီး၏ လောဘကင်းစင်မှုကို ကြည့်ရှုပါလော့။ တစ်ခါတွင် မြောက်ဥက္ကလာပမှ သံချိသံကွေးအလုပ်ဖြင့် အသက်မွေးသော ဦးစိန်ဝင်းအမည်ရှိ ဒကာကြီး တစ်ယောက်သည် ဆရာတော်ကိုယ်ပိုင်ကား မရှိသေးသည်ကို သိသည့်အတွက် ကားအလွန် လှူချင်နေ၏။ လှူစရာပိုက်ဆံအပိုလည်း မရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စိတ်ထဲမှ အဓိဋ္ဌာန်တစ်ခု ပြုမိ၏။ ဆရာတော်ကြီး၏ ဘုန်းတန်ခိုးကြောင့် ကားဝယ်လှူနိုင်လောက်သော လုပ်ငန်းကြီး တစ်ခု ရရှိပါစေ။ ထိုကဲ့သို့ အဓိဋ္ဌာန်ပြုပြီး ရက်ပိုင်းအတွင်းမှာပင် နိုင်ငံတော်လွှတ်တော် အဆောက်အဦကြီးတစ်ခုလုံးအတွက် သံချိုသံကွေး အလုပ်အားလုံးကို ဦးစိန်ဝင်း ရလိုက်၏။ လုပ်ငန်းပြီးစီး၍ လက်ခငွေများ ထုတ်ပြီးသည့်နေ့မှာပင် အကောင်းစား ကားတစ်စီး ရောင်းချင်၍ ဦးစိန်ဝင်းကို လာစပ်၏။ ဦးစိန်ဝင်း ကားကို ချက်ချင်းငွေချေကာ ဆရာတော်ကျောင်းထဲ တောက်လျှောက် မောင်းချသွားခဲ့၏။

ဆရာတော်သီတင်းသုံးသော အဆောင်ရှေ့ကားရပ်ပြီးသည်နှင့် အပေါ်ထပ်သို့ ဝမ်းသာအားရ ပြေးတက်သွား၏။ ဆရာတော်ကို တွေ့သည်နှင့် ကမန်းကတန်း ဦးချပြီး ဝမ်းသာအားရ လျှောက်ထားမိ၏။

"ဆရာတော်ကို ကားလှူဖို့ အဓိဋ္ဌာန်ပြီး အလုပ်လုပ်တာ အောင်မြင်တဲ့အတွက် ကားလှူဖို့ လာတာပါ ဘုရား၊ ကားလည်း ပါလာခဲ့ပြီ၊ တပည့်တော်ကို သနားချီးမြှင့်သောအားဖြင့် အလှူခံတော်မူပါ ဘုရား"

"ဒကာကြီးရယ်. . . ရထားတဲ့ခန္ဓာကြီးကို စောင့်ရှောက်ပြုစုရတာပဲ ပင်ပန်းဆင်းရဲလွန်းလို့ ဒကာကြီးလှူတဲ့ ကားကြီးကို မစောင့် ရှောက်နိုင်တော့ပါဘူး၊ ဒါကြောင့် အလှူမခံပါရစေနဲ့၊ ပြီးတော့ ဒကာကြီးကိုမေးဦးမယ်၊ ရဟန်းနဲ့ကားနဲ့က ဘယ်လိုများ သက်ဆိုင် လို့လဲ"

ထိုစကားကို ဆရာတော်သည် ပြုံး၍ ရိုးရိုးသားသား မေးနေခြင်းဖြစ်၏။



လက်ဝါးပေါ်မှာ ရှိနေသော ဆံချည်ထွေးသည် မည်သို့မျှ မသိသာသော်လည်း မျက်စိထဲဝင်သွားသော ဆံချည်မျှင်သေးသေးတစ်စသည်ပင် မနေနိုင်မထိုင်နိုင်အောင် ဒုက္ခပေး၏။ လောဘများသူနှင့် လောဘနည်းသူတို့၏ ပစ္စည်းဥစ္စာအပေါ် သဘောထားခြာ ထိုမျှမက ကွာခြား၏။ လောဘများပြီးသား သူအတွက် မည်မျှပင်ပစ္စည်းဥစ္စာများသည် တိုးလာသည်ဖြစ်စေ မသိသာသော်လည်း လောဘကိလေသာကို တစ်နေ့ထက်တစ်နေ့ ပါးအောင်၊ ကုန်အောင် လုပ်နေသောသူအတွက်ကား ကားအသစ်ကြီးနှင့် အတူ ပါလာသည့် လောဘ၏ ပူလောင်မှုကိုလည်း ဝိပဿနာဉာဏ်ဖြင့် သိနေသည်သာဖြစ်၏။

ဦးစိန်ဝင်းသည် ဘာမျှမလျှောက်တတ်တော့ဘဲ မျက်နှာညှိုးကျသွား၏။ ထိုအခါ ဆရာတော်က -

"ကဲ - ကဲ ဒကာကြီး သိပ်လှူချင်နေတယ်ဆိုတော့လည်း အလှူခံရတော့မှာပေါ့ - ရေစက်ခွက်ကလေးကိုင်၊ ရေစက်ချပေးမယ်" ဟုမိန့်တော်မူလိုက်မှ ဦးစိန်ဝင်း မျက်နှာသည် ပီတိရှိန်ဖြင့် ဝင်းထိန်သွား၏။ ကားအလှူ ရေစက်ချပြီးသည်နှင့် ဆရာတော်က အမိန့်ရှိ၏။

"ကဲ- ဒကာကြီးအလှူလည်းအောင်မြင်သွားပါပြီ၊ ဘုန်းကြီးကို လှူပြီးသွားပြီဆိုတော့ ဒီကားကြီးကို ဘုန်းကြီးပိုင်သွားပြီ၊ ဘုန်းကြီးပိုင်တဲ့ကားကို ဘုန်းကြီး ဘာလုပ်လုပ် ဒကာကြီး တားပိုင်ခွင့်ရှိသလား"

"မရှိပါဘူးဘုရား ဆရာတော်ကြိုက်သလို လုပ်နိုင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် ဒကာကြီးကို ပြန်စွန့်လိုက်တယ်၊ ဒကာကြီး ကြိုက်သလို အသုံးပြုပေတော့၊ ဒကာကြီး ရည်ရွယ်ချက်က ဘုန်းကြီးသွားရာလာရာမှာ အဆင်ပြေအောင် ဆိုတော့ သွားလာဖို့ ကိစ္စရှိတဲ့အခါ ဒကာကြီးကို ခေါ်ပါ့မယ်"

ဆရာတော်၏ ကျင့်စဉ်၊ ရည်ရွယ်ချက်၊ စေတနာတို့ကို နားလည်သွားပြီးဖြစ်သည့်အတွက် ဦးစိန်ဝင်းတစ်ယောက် ဝမ်းသာပီတိဖြစ်မိ၏။ "မြန်မာပြည်မှာ သည်လိုလောဘခေါင်းပါးသည့် ရဟန်းတော်တွေလည်း ရှိနေသေးပါလား" ဟူသော အတွေးနှင့် ဆရာတော်အပေါ် ဆထက်ထမ်းပိုး ပို၍ကြည်ညိုမိ၏။

ဆရာတော်ကို ဦးချပြီး ကျောင်းပေါ်မှ ဆင်းလာခဲ့၏။ သစ်လွင်တောက်ပသော ကားလေး၏ ဘေးနားသို့ရောက်သည်နှင့် ခဏရပ်ပြီး ကျောင်းအပေါ်သို့ လှမ်းကြည့်မိ၏။ 'ဆရာတော်သည် သူ့ကိုလာလှူသော ကားလေး၏ အမျိုးအစားနှင့် အရောင်ကိုထွက်များကြည့်လေမလား'ဟူသော ရည်ရွယ်ချက်ကြောင့်ပင် ဖြစ်၏။ ဆရာတော်ကား တစ်စွန်းတစ်စပင် ပေါ်မလာပါ။

"မမြင်ရရာ၊ တိလေသာ
သူဟာသူငြိမ်းသည်"

ဟူသော မဟာစည်ဆရာတော် ဟောကြားသည့် ဗုဒ္ဓ၏ ဒေသနာတော်ကို ဆရာတော်သည် သညာသိ-ပရိယတ္တိမှာပင် ထားမပစ်ခဲ့ဘဲ ဝိညာဏ်သိ-ပဋိပတ္တိနယ်ထဲ အရောက်ကျင့်ဆောင်နေသည် မဟုတ်ပါလော။ ဦးစိန်ဝင်း ကျေနပ်စွာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ရင်း ဆရာတော်ရှိရာ ကျောင်းအပေါ်ထပ်သို့ လက်အုပ်ချီပြီး ကားမောင်း ထွက်သွားတော့သည်။

တစ်ခါကလည်း ဝန်ကြီးတစ်ဦးသည် ဆရာတော်၏



ကျောင်းတွင် ဒုလ္လဘဝတ်ပြီး တရားအားထုတ်သွား၏။ အတူနေကြည့်သောအခါတွင်မှ ဆရာတော်၏ ကြည်ညိုစရာ အချက်များကိုပို၍ တွေ့သွား၏။ ထို့ကြောင့် ဒုလ္လဘထွက်သွားသောအခါ မင်္ဂလာဒုံစစ်ဆေးရုံမှ ဗိုလ်မှူးကြီးတစ်ဦးကို တာဝန်ပေးခဲ့၏။ ဆရာတော်၏ ကပ္ပိယကိုခေါ်ပြီး ရိပ်သာအတွက် လိုအပ်ချက်ကို မေးမြန်းပါ။ လိုအပ်ချက်ကိုသိရလျှင် သူ့ဆီကိုအကြောင်းကြားပါ။ သိန်းပေါင်းမည်မျှ ကုန်ကုန် လှူဒါန်းမည်ဟူသော ကတိစကားပင်ဖြစ်၏။

ထို့ကြောင့် ဗိုလ်မှူးကြီးက ဆရာတော်ထံ ဖုန်းဆက်ပြီး ကပ္ပိယကို လွှတ်ပေးဖို့ လျှောက်ထား၏။ ဆရာတော်သည် ကပ္ပိယဦးခင်မောင်ကို ခေါ်ပြီး ယခုလို အမိန့်ရှိ၏။

"ဒကာကြီးဟိုကဆရာတော်အတွက်ရော ကျောင်းအတွက်ရော ဘာလိုလဲလို့ မေးခဲ့ရင် ဘာမှမလိုဘူးလို့ ဖြေလိုက်၊ တကယ်လည်း ဘာမှမလိုအပ်ဘူး၊ ဘယ်ဆရာတော်ကို လှူလှူသေချာ တွေးကြည့်ရင် ဘုရားရှင်ရဲ့ သာသနာကို လှူတာချည်းပဲ"

"ဒါ့ကြောင့် ဒါနပြုတဲ့အခါ ပုဂ္ဂိုလ်စွဲနဲ့ မလိုအပ်တဲ့ နေရာမှာ အလကားဖြစ်အောင် မလှူသင့်ဘူး၊ ဘုန်းကံကြီးတဲ့ ဆရာတော်တလည်း တကယ်လိုတဲ့နေရာမှာ ဒကာတွေ လှူတတ်အောင် သွန်သင်ပြသင့်တယ်၊ မဖြစ်မနေ လှူချင်ပါတယ် ဆိုရင်တော့ တို့ကျောင်းဘေးက စာသင်တိုက်မှာ ဆွမ်းစားကျောင်းကြီး ဆောက်နေတာ တစ်ဝက်နဲ့ရပ်ထားရတယ်၊ ဒီကျောင်းကြီးအတွက်လှူဖို့ ဆရာတော်က အကြံပေးလိုက်ကြောင်း ပြောပြပါ။

ဆရာတော် အမြင်ကျယ်သကဲ့သို့ ဝန်ကြီးမှာလည်း ဆိုဆုံး

www.burmeseclassic.com

www.burmeseclassic.com



ချွယ်သူ (သုဝဏ္ဏရွှေလယ်) ဖြစ်သည်၊ ဆရာတော် ညွှန်ပြသော အသင်တိုက်မှ ဆွမ်းစားကျောင်းကြီးတို့ ပြီးစီးသည်အထိ ဆောက်လုပ် လှူဒါန်းသွားသည်။ ဒါနရှင်များသည် ယခုဝန်ကြီးကဲ့သို့ ဒါနပြုရာတွင် ဉာဏ်ယှဉ်သင့်၏၊ ဒါနပြုရာ၌ ဉာဏ်ယှဉ်ခြင်းဟူသည် နာမည်ကြီးဖို့၊ ကောင်းကျိုးများများ ခံစားရဖို့ကို အမိကမထားဘဲ သာသနာတော်အတွက် တကယ်အကျိုးရှိမည့် နေရာကို ရှာဖွေလှူဒါန်းတတ်ခြင်းပင် ဖြစ်၏။ ရွှေဥမင်တောရ ဆရာတော်ကြီး မိန့်တော်မူသကဲ့သို့ ဒကာတွေလှူတတ်အောင်၊ စိတ်ထားတတ်အောင် ဆုံးမသော နမူနာဆရာတော်ကြီး အရှင်ဉာဏ၏ ဩဝါဒတို့ကို ဖော်ပြပေအံ့။

"သမ္မာဒိဋ္ဌိဆိုတာ သုံးမျိုးရှိတယ်၊ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊ ဝိပဿနာ သမ္မာဒိဋ္ဌိ၊ မဂ္ဂသမ္မာဒိဋ္ဌိတဲ့ မောင်စိန်ရဲ့"

"ကမ္မဿကတာ သမ္မာဒိဋ္ဌိဆိုတာ ဒီလိုကွဲ့၊ ကုသိုလ်ကံကြောင့်သာ ကောင်းကျိုးကိုရ၍ အကုသိုလ်ကံကြောင့် မကောင်းကျိုးကိုရတယ်လို့ ကံကိုသာ ယုံကြည်တယ်၊ ဝါရမိတ္တုရက်မှာ ခရီးသွားမိလို့ မကောင်းကျိုးကို တွေ့ရတယ်၊ လာဘ်တိုက်သော အရပ်ကို သွားမိလို့ လာဘ်ရတယ်ဆိုတဲ့, ကံနှင့်လွတ်ကင်းသောစကားကို မယုံကြည်ဘူး၊ အဲဒီအသိဉာဏ်ကို ကမ္မဿကတာသမ္မာဒိဋ္ဌိလို့ ဆိုတယ် မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ဒီကံတရားကို မြတ်စွာဘုရားဟောထားတာ ဘာကိုပယ်ချင်လို့ ဆိုတာကို သိရဲ့လား"

"မသိပါဘုရား"



"အဲဒီကံတရားကို ဟောတာက ပြဿဒါး၊ ရက်ရာဇာတဲ့ ပေဒင်စွဲတွေ၊ ကံမရှိတဲ့ ဥစ္ဆေဒအယူတွေ ပယ်ချင်လို့ ဟောတာကွဲ့ မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ဥစ္ဆေဒဆိုတာ ပါဠိစကား၊ မြန်မာလိုတော့ ပြတ်တာ လို့ ဆိုတယ်၊ ဘာပြတ်တာလဲဆိုတော့ ဘဝပြတ်တာ၊ သေရင်မြေကြီး ဖြစ်၏၊ နောက်ဘဝမရှိ၊ အဲဒီလို ယူတာကို ဥစ္ဆေဒအယူလို့ ခေါ်တယ်"

"မှန်ပါဘုရား"

"အဲဒီဥစ္ဆေဒဒိဋ္ဌိကနေပြီး ပွားလာပြန်တာက နောက်ဘဝ မရှိတာကြောင့်၊ ကုသိုလ်ပြုပေမယ့်ကုသိုလ်၏ အကျိုးမရှိ၊ အကုသိုလ်ပြုသော်လည်း အကုသိုလ်၏ အကျိုးမရှိ ဆိုတဲ့ နတ္ထိကဒိဋ္ဌိ ဖြစ်လာတယ်၊ ကောင်းကျိုး မကောင်းကျိုး မရှိတာသည် ကောင်းသောအကြောင်း၊ မကောင်းသောအကြောင်း ရယ်လို့ မရှိသောကြောင့်ဘဲ ဆိုတဲ့ အဟေတုကဒိဋ္ဌိလည်း ဖြစ်လာပြန်တယ်၊ ပြီးတော့ ကောင်းကျိုးမရှိဘဲ ကုသိုလ်ပြုလို့ အပိုပဲ၊ မကောင်းကျိုး မရှိဘဲ အကုသိုလ်ရှောင်လို့လည်း အပိုပဲ ဆိုတဲ့ အကြိယဒိဋ္ဌိလည်း ဖြစ်လာပြန်တယ်"

"အဲဒီနတ္ထိက ဒိဋ္ဌိ၊ အဟေတုက ဒိဋ္ဌိ၊ အကြိယဒိဋ္ဌိတို့သည် ဥစ္ဆေဒဒိဋ္ဌိက ပွားလာတာပဲ။ ဒိဋ္ဌိတကာတို့တွင် အယုတ်မာဆုံးသူမို့ သူတို့ကို မိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်"

"မှန်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ယုတ်မာတဲ့ ဒိဋ္ဌိတွေကို ပယ်ချင်လို့ ကံတရားကို ဟောတာကလား မောင်စိန်ရဲ့"

"မှန်ပါဘုရား"

"ကံတရားကလည်း သဟဇာတကံ၊ နာနက္ခဏိကကံလို့ နှစ်မျိုးရှိတယ်၊ သဟဇာတကံဆိုတာက မိမိနှင့်အတူ အကျိုးကို ဖြစ်စေသော ကံကိုခေါ်တယ်၊ ဥပမာ- လူတစ်ယောက်ဟာ စိတ်ဆိုးတဲ့အခါ စိတ်ဆိုးတာနှင့် တစ်ပြိုင်နက် မျက်နှာမည်းပြီး မလာဘူးလား"

"မည်းပြီးလာပါတယ် ဘုရား"

"အဲဒီ မျက်နှာမည်းပြီးကြောက်စရာကောင်းတဲ့ ရုပ်ကြီးက အကျိုးတရား၊ မျက်နှာကို မည်းစေတတ်တဲ့ ဒေါသနှင့်ယှဉ်သော စေတနာက အကြောင်းတရားဖြစ်တဲ့ သဟဇာတကံတဲ့ မောင်စိန်ရဲ့၊ နာနက္ခဏိကကံဆိုတာက အကြောင်းစေတနာချုပ်ပြီးသည့်နောက်မှ အကျိုးတရားကို ဖြစ်စေတတ်သော ကံကိုခေါ်တယ်၊ အကြောင်းတရားနှင့် အကျိုးတရားတို့ ပြိုင်တူမဖြစ်ကြဘဲ အကြောင်းချုပ်ပြီးမှ အကျိုးကို ဖြစ်စေသောကံကို ဆိုလိုတာပေါ့၊ နာနာဆိုတာက အသီးသီး၊ ခဏဆိုတာက ဖြစ်စရာအချိန်လို့ မှတ်ပေါ့"

"မှန်ပါဘုရား"

"ဥပမာ- ဒေါသဖြစ်တာနှင့် သတ္တဝါတစ်ကောင်ကို သတ်လိုက်တယ်၊ သတ်လျှင် သတ်ခြင်းတော့ အပါယ်မကျသေးဘူး သေပြီးတော့ ငရဲဖြစ်ရတယ်၊ အကြောင်းတရားက ဒီဘဝမှာဖြစ်တယ်၊ အကျိုးတရားက ဒုတိယဘဝမှဖြစ်မယ်၊ အကြောင်းနှင့်



အကျိုးဖြစ်ရာ ကာလမတူသောကံကို နာနက္ခဏိကကံလို့ ခေါ်တယ်"

"မျိုးစေ့ရှိရင် အပင်ပေါက်မြဲမဟုတ်လား မောင်စိန်ရဲ့"

"မှန်ပါ ပေါက်မြဲပါဘုရား"

"အေး ဒီလိုပေါ့၊ ကံကြမ္မာရှိရင်လည်း ခန္ဓာဆိုတာ အမြဲပဲ၊ ကံကြမ္မာက မျိုးစေ့နှင့်တူတယ်၊ ခန္ဓာက အပင်နှင့်တူတယ်၊ ကံကြမ္မာဆိုတာ စေတနာကို ဆိုတာကွဲ့၊ ဒီစေတနာထားပုံ ဟန်ရင် ခန္ဓာဖြစ်ရာမှာ ဟန်တာပဲ၊ စေတနာထားပုံ မဟန်ရင် ခန္ဓာဖြစ်ရာမှာ မဟန်ဖြစ်တာပေါ့၊ မာတ်ပုံရိုက်တဲ့အခါ အနေအထိုင်ကောင်းရင် အရုပ်ဟာ ဘယ့်နှယ်နေမလဲ မောင်စိန်ရဲ့"

"အနေစောင်းရင်ပုံလည်းစောင်းပါတယ် ဘုရား"

"အဲဒီလိုပေါ့၊ စေတနာထားပုံ ဟန်ရင် ခန္ဓာဖြစ်ပုံလည်း ဟန်တာပေါ့၊ စေတနာထားပုံ ဟန်ဖို့ကလည်း ဉာဏ်ယှဉ်မှ ဟန်သတဲ့၊ ဉာဏ်မယှဉ် မဟန်ဘူး၊ များသောအားဖြင့် သတ္တဝါတွေထားကြတဲ့ စေတနာဟာ ဉာဏ်မယှဉ်ဘဲ ထုံးစံအရထားကြတဲ့ စေတနာက များတယ်၊ ထုံးစံအရသာ များပုံကို ပြောပါဦးမယ်၊ မောင်စိန်နွှလေးကို ရောက်ဖူးသလား"

"ရောက်ဖူးရုံ ဘယ်ကမလဲ၊ မဟာမြတ်မုနိဘုရားမှာတောင် ရွှေချခဲ့သေးတယ် ဘုရား"

"အဲဒီစေတနာဟာ ဉာဏ်မယှဉ်တဲ့ စေတနာပေါ့ကွဲ့ မောင်စိန်ရဲ့"

"အမိန့်ရှိပါဦး ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



“ရုပ်ပွားဆင်းတုဆိုတာ (၃၂)ပါးသော လက္ခဏာတော်ကြီးတို့ ရုပ်လုံးဖော်ပြီး လှနိုင်သမျှလှအောင် လုပ်ရတာမျိုးကွဲ့၊ ရွှေမရှိတဲ့ ရုပ်ပွားဆင်းတုတို့ တင့်တယ်အောင် ရွှေချတာကိုသာ ချီးမွမ်းစရာရှိတယ်၊ ယခု မဟာမြတ်မုနိ ရုပ်ပွားဆင်းတုတော်ကြီးမှာ မင်းတို့လို အမိုက်တွေက ဝိုင်းအုံပြီး အရုပ်မဆိုး-ဆိုးအောင် လုပ်ကြတာနဲ့ ရုပ်ပွားကြီးဟာ ဘယ်မှာတင့်တယ်တော့လို့လဲ၊ လက်ချောင်းတွေဆိုတာ ဘုရားလက်နှင့်တူဖို့ ဝေးစွ၊ တောင်သူလယ်သမားကြီးတွေရဲ့ လက်လောက်တောင် မလှဘူး၊ ဒူးကြီးကလည်း ဖောတဲ့လူရဲ့ ဒူးကြီးနှင့်သာ တူနေပါပေါ့ကလား၊ ကိုယ်လုံးကလည်း ငါးကြင်းကြေးကွက်တွေထနေတဲ့အပြင်၊ အဖုတွေ အပိန့်တွေထနေပြီ။ မျက်နှာကလွဲရင် ဘယ်နေရာမှကြည့်၍ ကြည်ညိုစရာမရှိသည့်အပြင် ကြောက်စရာကြီး ဖြစ်နေပါပေါ့လား မောင်စိန်ရဲ့”

“ဒါလည်း ဘုရားလူကြီးတွေက ခွင့်ပေးတာကိုး ဘုရား”

“ဘုရားလူကြီးဖြစ်တိုင်းလည်း ဉာဏ်ရှိတာ မဟုတ်ဘူးကွယ့်၊ မဲပေးတဲ့ သူတွေက ဉာဏ်ရှိသူများမှ ပညာရှိသော ဘုရားလူကြီးကိုရမှာ၊ မဲဆန္ဒရှင်တွေကလည်း အမိုက်သားများတယ်၊ အဲဒီအမိုက်တွေကို သင့်မြတ်အောင်ပေါင်းနိုင်မှ မဲနိုင်တာဆိုတော့ အမိုက်ကြီးတွေကသာ မဲနိုင်တတ်တယ်၊ သို့သော် မဲနိုင်တိုင်းလည်း အမိုက်တော့မဟုတ်ပါဘူး၊ များသောအားဖြင့် ပြောရတာသာဖြစ်ပါတယ်၊ ရွှေတိဂုံဘုရားလူကြီးတွေကျတော့ ချီးမွမ်းစရာပါပဲ၊ ဘာကြောင့်လဲဆိုတော့ ရွှေကိုထင်သလို ချခွင့်မပေးဘူး၊ ရွှေဆိုင်းတွေကိုသာ လက်ခံပြီး ရွှေပြားခတ်ပြီး စေတီမှာ ကပ်ထားလေတော့ သိပ်ပြီးကြည်ညိုစရာကောင်းတာပဲ မောင်စိန်ရဲ့”



“မှန်ပါ၊၊ ကောင်းတာကို ချီးမွမ်းပြီး မကောင်းတာကို ကဲ့ရဲ့တာဟာ တရားပါတယ် ဘုရား”

“အိုးထိန်းသည်ဟာ အိုးကိုရိုက်တာ လှအောင်ရိုက်တာလား၊ ကွဲအောင်ရိုက်တာလား”

“လှအောင်ရိုက်တာပါဘုရား”

“အေး. . ဆရာကလည်း ကဲ့ရဲ့ပေမယ့် ဉာဏ်ရှိစေချင်တဲ့စေတနာနဲ့ လှအောင်ရိုက်ပေးတာပဲ၊ အကျိုးပေးတာက မိမိစေတနာကသာ မိမိကိုပြန်ပေးတာပဲ၊ ရုပ်ပွားဆိုတာက အာရုံပြုဖို့သာဖြစ်တယ်၊ ရုပ်ပွားဆင်းတုကို မြင်သောအခါ တစ်ထောင့်ငါးရာကိလေသာတွေကို ဆရာမရှိ ကိုယ်တိုင်သိသော ဉာဏ်ဖြင့် တစ်ခုမကျန် အကုန်သတ်လျက် ကိလေသာဘေးမှ အအေးကြီးအေးဆော်မူသော မြတ်စွာဘုရားသည် ဤပုံသဏ္ဌာန်ပါကလားလို့ အရဟံ ဂုဏ်တော်ကြီးကို အာရုံပြုပြီး ကြည်ညိုစိတ်တွေ ဖြစ်လိုက် ရင်ခန္ဓာကိုယ်မှာအလွန်အေးမြသော စေတနာမျိုးစေ့တွေ တဖွားဖွားဖြစ်လာတယ်၊ အဲဒီစေတနာမျိုးစေ့တွေက ကောင်းကျိုးတွေကိုတစ်ခုပြီးတစ်ခု ဖြစ်စေတာကွဲ့ မောင်စိန်ရဲ့”

“မှန်ပါဘုရား”

★(နိဗ္ဗာန်ကိုသွား ဉာဏ်ရထား ၅၈မှ ၆၂)

“ဘာကြောင့် ပုထုဇ္ဇနော ဥမ္မတ္တကောဝိယ (ပုထုဇဉ်သည် အရူးနှင့်တူတယ်)လို့ ဟောတော်မူပါသလဲ ဘုရား”

“ပုထုဇဉ်ဆိုတာ အသက်လိပ်ပြာမရှိပါဘဲ ရှိတယ်ထင်ပြီး များရင်၊ နာရင်၊ လန့်ရင် လိပ်ပြာခေါ်ကြရသကွယ့်၊ သေရင်ဘူးတို့ခ, ထည့်ကြရသကွဲ့၊ ဘာမှမရှိသော ပညတ်များကို အဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရှိထင်ပြီး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောက်ျား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာလို့ ခွဲလမ်းကြသကွယ့်၊ အရူးဟာ ပိုးလုံချည်စသော အဖိုးတန်အဝတ်ကို ဆုတ်ဖြဲပြီး အဝတ်စုတ်ကိုမှ ခင်မင်သလို၊ သစ္စာလေးပါးကိုသိသောဉာဏ်ဘုရားကို အရေးမပြုပါဘဲ သူတစ်ပါး လိမ်ညာစားတဲ့ဘုရားကိုမှ လေးစားသတဲ့ကွယ့်၊ တကယ့် အဖိုး တန်သော ခန္ဓာ၊ အာယတနဓာတ်၊ သစ္စာတရားကျတော့ ပျင်းစရာ ထင်ပြီး လူတကာကို ညာရမ်းမြှောက်ပင့် ငွေအလှူခံတဲ့ တရား မှနာချင်သကွယ့်၊ အရိယာသံဃာပေါ်သလား, နည်းသလားဆိုတာ နားမလည်ဘဲ ဝါဝါပေါပေါရလျှင် သာသနာစည်ပင်တယ်လို့ ထင်သ ကွယ့်"

"အရိယာနှင့် ပုထုဇဉ် အမြင်မတူပုံ ပြောဦးမယ်၊ ဒကာ တစ်ယောက်က ဆရာတော်ကြီးတစ်ပါးထံမှာ လျှောက်ထားသတဲ့၊ လျှောက်ပုံက ဆရာတော်ဘုရား တပည့်တော်တို့ မန္တလေးရွှေမြို့ တော်ကြီးဟာ အင်မတန်ပဲ သာသနာ စည်ကားလှပါတယ်ဘုရား၊ ဘာကြောင့်လဲဆိုတော့ ဘယ်နေရာကိုပဲ ကြည့်ကြည့် သင်္ကန်းရောင် တွေ ဝင်းပြောင်ပြီးနေတာပဲလို့ လျှောက်ထားသတဲ့၊ ဒီတော့ ဆရာတော်ကြီးက ပြောသတဲ့၊ "အဲဒါ သာသနာစည်တာ မဟုတ်ဘူး တဲ့၊ သာသနာတော်ကြီး သေရအောင်လို့ ဝမ်းဖောဝမ်းရောင်လိုက် နေတာလို့" ဖြေသတဲ့၊ ဒီနေရာမှာ ဒကာက ပုထုဇဉ်အမြင်၊ ဆရာ တော်က အရိယာ အမြင်ကွယ့်"

"ပုထုဇဉ်ဆိုတာ စေတီချင်း အတူတူဖြစ်ပါလျက် "ဆုတောင်းပြည့်"ဘုရားဟု ဆိုင်းဘုတ်တပ်ထားလျှင် ပိုပြီး အထင် ကြီးသကွယ့်၊ ဂေါတမရဲ့ ရုပ်ပွားချင်းအတူတူစင်လျက် မဟာ



မြတ်မုနိမှ အထင်ကြီးသကွယ့်၊ ဒါကြောင့်အရူးလို့ဆိုတာပေါ့"

"ဒါကတော့ဘုရား မဟာမြတ်မုနိကိုယ်တော်ကြီးကမှ ပိုပြီး တန်ခိုးကြီးတာကလား ဘုရား"

"ရုပ်ပွားမှန်သမျှ လူလုပ်ထားတာချင်းအတူတူပါပဲကွယ့်၊ ဟိုရုပ်ပွားလည်း အဝိညာဏကပဲ၊ ဒါပေမယ့် ပုထုဇဉ်ရဲ့ စိတ်ကရူး နေလို့ ထူးတယ်လို့ထင်တာကွယ့်၊ ဥပမာမဟာမြတ်မုနိရုပ်ပွားတော် က တစ်ဆူ၊ ဗောဓိရိုးရိုး ရုပ်ပွားတော်က တစ်ဆူ၊ တစ်ခုသော အာရုံခံမှာ အတူတူထားကွယ့်၊ မောင်ဘက ဗောဓိရိုးရိုး ရုပ်ပွားထဲ မှာ ဂုဏ်တော်ကိုးပါး အာရုံပြုပြီး ပန်းပူဇော်သကွယ့်၊ မောင်နက မဟာမြတ်မုနိရုပ်ပွားထံမှာ ၎င်းကြေးဆင်းတုကိုဘဲပင် ဘုရားထင် ပြီး ပန်းပူဇော်သတဲ့၊ ဒီလူနှစ်ယောက်မှာ ဘယ်သူ့ရဲ့ ကုသိုလ်က ပို မြတ်သလဲ"

"မောင်ဘကုသိုလ်က မြတ်ပါတယ် ဘုရား"

"အေးဟုတ်တယ်၊ မိမိ၏ စေတနာက မိမိကို အကျိုးပေး တာကွယ့်၊ ရုပ်ပွားတွေက ပေးတာမဟုတ်ဘူး၊ ဒါကြောင့်စိတ်ထား တတ်မှ မြတ်တယ်လို့ ပြောတာ၊ ရုပ်ပွားဆိုတာက အာရုံပြုရရုံပါပဲ။ အဲဒီလို မိမိစေတနာကသာ မိမိအား အကျိုးပေးတာကို မသိပါဘဲ ရုပ်ပွားစေတီတွေ အပေါ်မှာ စေတနာမညီမျှမှုကြောင့် "ပုထုဇ္ဇနော ဥမ္မတ္တကော လို့ ဟောတော်မူတာကွယ့်"

"ပုထုဇ္ဇနောဟာလော" ဆိုတာက ဘယ်လိုမိုက်လို့ ဟော တော်မူပါသလဲ ဘုရား"

"ပုထုဇဉ်ဆိုတာ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကို မသိတာကြောင့်လည်းကောင်း၊ ဘုရား၊ တရား၊ သံဃာ အစစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှားဖို့ရာ ဝန်မလေးဘူးကွယ်၊ ပြီးတော့ အလွန်ကြောက်စရာ ကောင်းတဲ့ ပဉ္စာနန္တရိယကံကိုလည်း ပြုခွင့်ကြုံလာရင်ပြုဦးမှာ ကွယ်၊ ဘုရားကိုလည်း အမြဲငြင်းခုံနေသလို ဘုရား၏ ရန်သူ သဖွယ် ဖြစ်သကွယ်၊ ဘယ်လို ငြင်းခုံသလဲဆိုတော့ -"

"ဘုရားက ရုပ်နာမ်ခန္ဓာသာရှိတယ်လို့ ဟောတာကွယ်"

"ပုထုဇဉ်က ပုဂ္ဂိုလ်သတ္တဝါရှိတယ်ဟု ယူသကွယ်"

"ဘုရားက အနိစ္စ၊ ဒုက္ခ အနတ္တ၊ အသုဘဟု ဟောသကွယ်"

"ပုထုဇဉ်က နိစ္စ၊ သုခ၊ အတ္တ၊ သုဘလို့ ယူသကွယ်"

"ဘုရားက မြင်သူမရှိ၊ စက္ခုနှင့် ရူပါရုံ ပေါင်းဆုံခြင်းကြောင့် မြင်မှုပေါ်တာဟု ဟောသကွယ်"

"ပုထုဇဉ်က ငါမြင်တာလို့ ယူသကွယ်"

"ဘုရားက ကြားသူမရှိ၊ သောတနှင့် သဒ္ဒါရုံပေါင်းဆုံခြင်းကြောင့် ကြားစိတ်ပေါ်တာလို့ ဟောသကွယ်"

"ပုထုဇဉ်က ငါကြားတာလို့ ယူသကွယ်"

"ဘုရားက နံသူမရှိ၊ ဃာနနှင့် ဂန္ဓာရုံပေါင်းဆုံခြင်းကြောင့် နံစိတ်ပေါ်တာလို့ ဟောသကွယ်"

"ပုထုဇဉ်က ငါနံတာလို့ ယူသကွယ်"

"ဘုရားက လျက်သူမရှိ၊ ဇိဝှါနှင့် ရသာရုံပေါင်းဆုံခြင်းကြောင့် လျက်သိစိတ်ပေါ်တာလို့ ဟောသကွယ်"

"ပုထုဇဉ်က ငါလျက်တာလို့ ယူသကွယ်"

"ဘုရားက တွေ့သူမရှိ ကာယနှင့်ဖေါဋ္ဌဗ္ဗာရုံ ပေါင်းဆုံခြင်းကြောင့် တွေ့သိစိတ်ပေါ်တာလို့ ဟောသကွယ်"



"ပုထုဇဉ်က ငါတွေ့တာလို့ ယူသကွယ်"

"ဘုရားက တွေးသူမရှိ၊ မနောနှင့် ဓမ္မာရုံပေါင်းဆုံခြင်းကြောင့် တွေးမှုဖြစ်တာလို့ ဟောသကွယ်"

"ပုထုဇဉ်က ငါတွေးတာ၊ ငါကြံတာလို့ ယူသကွယ်"

"အဲဒီလို မြတ်စွာဘုရားနှင့် အမြဲတမ်း ငြင်းခုံနေသောကြောင့် ပုထုဇ္ဇနောအန္ဓောလို့ ဟောတော်မူတာကွယ်"

"ပုထုဇ္ဇနော အန္ဓော" လို့ ဆိုတဲ့ ပုထုဇဉ်တို့ ကန်း,ပုံကို

"အမိန့်ရှိပါဦးဘုရား"

"ပုထုဇဉ်ဆိုတာ ဘုရားစစ်၊ တရားစစ်၊ သံဃာစစ်ကို မမြင်၊ နိဗ္ဗာန်ကိုမမြင်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုမမြင်၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတို့ကို မမြင်၊ ရူပါရုံ၊ ပရမတ်ကို မြင်သော်လည်း ရူပါရုံလို့ မသိဘဲ လူ၊ ခွေး၊ ဝက်၊ ကြက်၊ နွား၊ ကျွဲ၊ ဆင်၊ မြင်းကို မြင်တယ်လို့ ထင်တယ်၊ အဲဒီလို မရှိတာကိုမှ မြင်တယ်ဆိုပြီး တကယ်ရှိတဲ့ ပရမတ္ထတရားကို မမြင်တာကြောင့် "ပုထုဇ္ဇနော အန္ဓော" လို့ ဟောတော်မူတာကွဲ့၊ ပုထုဇဉ် အကန်းဘဝနဲ့ ရမ်းဆပြီးလုပ်တဲ့ ကုသိုလ်တွေဟာလည်းဝဋ္ဋကုသိုလ် ဖြစ်ကုန်ရောကွဲ့၊ တရားကိုမြင်ပြီး ပြုတဲ့ ကုသိုလ်မှ ဝိဝဋ္ဋ ကုသိုလ်ကွဲ့"

---

"ရွှေဥမင်ဆရာတော်ကြီး၏လောဘနည်းပုံအပြင် ဣဿာ မစ္ဆရိယနည်းပုံကိုပါ ဆက်လက် ဖော်ပြအံ့၊ မစ္ဆရိယသည်. . ."

- အာဝါသမစ္ဆရိယ = အဆောက်အဦး၌ ဝန်တိုခြင်း၊
- လာဘမစ္ဆရိယ = လာဘ်လာဘ၌ ဝန်တိုခြင်း၊
- ကုလမစ္ဆရိယ = အမျိုး၊ ဒါယကာ၌ ဝန်တိုခြင်း၊
- ဝဏ္ဏမစ္ဆရိယ = ရုပ်အဆင်းနှင့် ဂုဏ်သတင်း၌ ဝန်တိုခြင်း၊
- ဓမ္မမစ္ဆရိယ = တရား၌ ဝန်တိုခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက်) ။ အပြစ်နှင့် ဆိုးကျိုးအကျယ်ကို ကျွန်ုပ်တို့ ရေးသားသော 'အတွင်းရန်သူ' စာအုပ်၌ ဖတ်ပါ။

## မနာလိုခြင်း ဝန်တိုခြင်း ဟူသော စကား

"ဝန်တို"ဟူသော စကားလုံး၏ အဓိပ္ပာယ် အကျယ်ကို 'တည်တောဆရာတော်ကြီး'က ယခုလို ဖွင့်ပြတော်မူခဲ့၏။

"ဝန်တို"ဆိုတဲ့ မြန်မာစကားနှစ်လုံးမှာ (ဝန်)ဆိုတာ သူတစ်ပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့် တာဝန်ဖြစ်တယ်၊ လူတွေမှာ တာဝန်အသီးသီးရှိကြရာတွင် ကိုယ့်ထက်သာလွန်သူကို အမှန်တကယ်ကျေနပ် နှစ်သက်ဝမ်းမြောက်ရမည့် တာဝန်တစ်ခုလည်း ရှိနေပါတယ်၊ ဘာကြောင့် သည်တာဝန်ရှိရတာလဲဆိုရင် လောကမှာ တိရစ္ဆာန်ဟာ ကိုယ့်ထက်သာသူကို မနာလိုတတ်ကြဘူး၊ ဒါကြောင့် ကိုယ့်ထက်သာမည် ထင်ရတဲ့ ရင်သွေးငယ်ကိုသော်မှ ငယ်စဉ်ကပင် သတ်ပစ်တတ်ကြတယ်"

"လူဟာ တိရစ္ဆာန်မဟုတ်ဘူး၊ တိရစ္ဆာန်ထက် မြင့်မြတ်တာဖြစ်တယ်၊ တိရစ္ဆာန်ထက် မြင့်မြတ်တဲ့အတွက် မြင့်မြတ်တဲ့ စိတ်ရှိရမယ်၊ ကိုယ့်ထက်သာသူကို မနှိမ်ရဘူး၊ မဖျက်ဆီးရဘူး၊ ချီးမွမ်းရမယ်၊ မြှောက်စားရမယ်၊ ဝမ်းမြောက်ရမယ်၊ ဒါကြောင့် (ဝန်)ဆိုတာ သူတစ်ပါးကြီးပွားချမ်းသာတာကို ဝမ်းမြောက်ရမည့်တာဝန်လို့ ဆိုတယ်၊ (တို) ဆိုတာက တွန့်တိုတာကို ဆိုလိုတယ်၊ စကားနှစ်လုံးစပ်ရဲ့ အဓိပ္ပာယ်က သူကစ်ပါးကြီးပွား ချမ်းသာတာကို ဝမ်းမြောက်ရမည့် တာဝန်မှ တွန့်တိုနေတယ်လို့ ဆိုလိုတယ်"

* (ဒါနဟူသည် - စာ ၆၄)



"ပါပသို့ ရမတိမနောဟူသော ဓမ္မပဒဒေသနာအတိုင်း ပုထုဇဉ်တို့ စိတ်သည် မကောင်းမှု အကုသိုလ်၌သာ ပျော်ပိုက်ကြ၏၊ မည်မျှ ပျော်ပိုက်ကြသနည်း ဆိုလျှင် ကုသိုလ်ယူရမည့်နေရာမှာပင် အကုသိုလ် ယူပစ်လိုက်ကြ၏"

"ပုံစံပြအဲ့-တစ်စုံတစ်ယောက်က မိမိထက် ဥစ္စာ၊ ပညာ၊ ရာထူးတစ်ခုခု သာလွန်သွားပြီ ဆိုလျှင် ဝမ်းမြောက်လိုက်ပါက မုဒိတာကုသိုလ်ဖြစ်၏။ မနာလို၊ ဝန်တိုလိုက်ပါက ဣဿာဟူသော အကုသိုလ်ဖြစ်၏။ ပညာရှိသူတော်ကောင်း အနည်းငယ်သာလျှင် ထိုနှစ်မျိုးတွင် ကုသိုလ်ကို အရယူတတ်ကြသည်။ မစ္ဆရိယငါးမျိုးတွင် ကုလမစ္ဆရိယသည် ရဟန်းတော်တို့၌ အများဆုံး ဖြစ်တတ်၏"

"ကုလမစ္ဆရိယဟူသည် ကိုယ့်ဒကာကို သူ့ဒကာဖြစ်သွားမှာ မလိုလားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် တချို့ဆရာတော်များသည် သူတို့ရိပ်သာ၊ သူတို့ကျောင်း၌ အခြား ဆရာတော်များကို တရား ဟောခွင့် မပေးခြင်းဖြစ်၏။ တချို့ရိပ်သာများဆိုလျှင် "ခွင့်ပမှ တရားခွေများ၊ တရားစာအုပ်များကို နားထောင်ခြင်း၊ ဖတ်ရှုခြင်း မပြုရ" ဟူ၍ပင် စာကပ်ကာ ပေါ်ပေါ်ထင်ထင်ပင် တားမြစ် ထားတတ်ကြ၏။ ဤအပြုအမူမျိုးသည် ဣဿာမစ္ဆရိယမှ ပေါက်ဖွားလာသော အပြုအမူမျိုးသာ ဖြစ်၏"

လောဘဓာတ်သာမက ဣဿာမစ္ဆရိယပါ ကင်းတော်မူသော "ရွှေဥမင်တောရဆရာတော် ဘုရားကြီး"ကား မိမိထက် အသက်ရော၊ ဂုဏ်သိက္ခာပါ ငယ်ကြသေးသော အရှင်ဇနကာဘိဝံသ၊ အရှင်ဆန္ဒာဓိက၊ ဦးဇောတိကတို့၏ တရားခွေများ စာအုပ်များကို

www.burmeseclassic.com



မိမိကိုယ်တိုင်လည်း နာကြားဖတ်ရှု၏။ နှစ်သက်သော တရားခွေများကို ပြန့်ပွားကာ ရိပ်သာမှ ဒကာ၊ ဒကာမတို့အား လှူဒါန်းပြီး နာကြားစေ၏။ အခြားဆရာတော်များ၏ နှစ်သက်သော တရားခွေများကို ပြန်ကူး၍ လှူဒါန်းသည်မှာပင် ခွေပေါင်းရာနှင့်ချီ၍ ရှိနေပြီဟု သိရ၏။ မည်မျှ အတုယူဖွယ်ရာ၊ အားကျဖွယ်ရာ ကောင်းလှပါသနည်း။

တရားအားမထုတ်မီက ငါစွဲတစ်မျိုးသာရှိသော ယောဂီသည် တရားအားထုတ်ပြီး ပြန်လာကာမှ ငါစွဲအပြင်၊ ဆရာစွဲရိပ်သာစွဲများပါ တိုးလာခြင်းအတွက် တရားပြဆရာတော်များတွင်လည်း တာဝန်ရှိ၏။ တရားပြဆရာများက တရားထိုင်နေချိန်မှ တစ်ပါးကျန်အချိန်များတွင် **အခြားဆရာတော်များ၏** တရားခွေများကို နာကြား ခွင့်၊ တရားစာအုပ်မျိုးစုံကို ကြည့်ရှုခွင့် မပြုခြင်းအားဖြင့် "တို့တရား ကသာ မှန်တယ်၊ တခြားတရားတွေက အမှားတွေ"ဟု မပြောသော် လည်း ပြောသကဲ့သို့ ဖြစ်နေသောကြောင့် ယောဂီများသည် ဘာသာရေး အစွန်းရောက် ဝါဒီများကဲ့သို့ ဆရာစွဲ၊ ရိပ်သာစွဲ၊ အစွန်းရောက်ဝါဒီ အဖြစ်သို့ ရောက်သွားခြင်း ဖြစ်၏။

ဘာသာကြီးလေးခုတွင် အစွန်းရောက်ဘာသာ တစ်ခုပါဝင်၏။ ထိုဘာသာဝင်မှန်သမျှသည် "တခြားဘာသာ တရားကို မလေ့လာရ။ တခြားဘာသာဝင်များနှင့် မပေါင်းသင်းရ"ဟုပင် သူတို့၏ ဘာသာရေးကျမ်းက ပညတ်ထား၏။ သူတို့ ဘာသာဝင်များ တိုးပွားဖို့အတွက် အခြားဘာသာများကဲ့သို့ မိမိတို့တရားတော်ကို ဟောပြောပြသခြင်း၊ ရေးသားဖြန့်ဖြူးခြင်းဖြင့် စည်းရုံးမှု မပြုဘဲ အခြားဘာသာဝင် အမျိုးသမီးများကို ယုတ်ညံ့သော



အောက်လမ်း အစီအရင်များဖြင့် မရမက သိမ်းပိုက်ကာ သူ ဘာသာထဲသို့ ဖွတ်အတင်းသွတ်သွင်းကြ၏။ သူတို့သည် မည်မျှထိ အစွန်းရောက်သနည်းဆိုလျှင် သူတို့ ဘာသာဝင်ဆိုင်များမှ ဈေးဝယ်ရ၏။ တစ်ခြား ဘာသာဝင် ဆိုင်ခန်းများတွင် ဈေးမဝယ် ရပေ။

ကမ္ဘာတစ်ခွင် လှမ်းမျှော်ကြည့်လိုက်လျှင် ထိုအစွန်းရောက် ဘာသာဝင်များရှိနေသော နိုင်ငံမှန်သမျှ အေးချမ်းစွာနေရသည်ဟူ၍ မရှိ။ အဓိကရုဏ်းများ၊ စစ်ပွဲများ တစ်ခုမဟုတ်တစ်ခု အမြဲတမ်းဖြစ်နေရ၏။ မြန်မာ၊ ဗုဒ္ဓဘာသာဝင် အမျိုးသမီးတိုင်း ထိုအစွန်းရောက် ဘာသာဝင်များ၏ မြူဆွယ်သိမ်းသွင်းမှုကို အထူးသတိထားပြီး ရှောင်ကြဉ်သင့်၏။ ထိုသို့ အစွန်းရောက်ခြင်း၏ အဓိကအကြောင်းကား အခြားဘာသာများကို လေ့လာခွင့်မပေးဘဲ မျက်စိကိုမှိတ်၊ နားကိုပိတ်ထားစေသောကြောင့်ပင် ဖြစ်၏။

တရားပြဆရာများသည်လည်း မိမိတို့၏ ယောဂီများ ဆရာစွဲ, အစွန်းရောက်၊ ရိပ်သာစွဲ, အစွန်းရောက်များ ဖြစ်မသွားစေဖို့အတွက် စစ်မှန်သော တရားခွေမျိုးစုံ နာကြားခွင့်၊ တရားစာအုပ်မျိုးစုံ ဖတ်ရှုခွင့်ကို ပေးသင့်ပါ၏။ အာရုံ(၆)ပါးကို ဓမ္မအဖြစ် အသုံးချခြင်း အခန်းတွင် တရားမသိသူများက အာရုံ(၆)ပါးကြောင့် နှစ်သက်လျှင် လောဘ၊ မနှစ်သက်လျှင် ဒေါသ စသော ကိလေသာများဖြစ်ပြီး အပါယ်ကျရပုံ၊ တရားသိသူများက အာရုံ(၆)ပါးကြောင့် ဖြစ်ပျက်သွားကြသော ရုပ်နာမ်များကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုပွားခြင်း မဂ်အရယူသွားပုံများကို တင်ပြခဲ့၏။

ယခုလည်း ရွှေဥမင်တောရ ဆရာတော်ဘုရားကြီး၏ သျှပ်တစ်ပြွက်အတိုဆုံး တရားတစ်ပုဒ်ကို တင်ပြချင်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွင် ရွှေဥမင်တောရ တရားစခန်း ဖွင့်နေချိန် ပင်ဖြစ်၏။ ရိပ်သာအနီးမှ အိမ်တစ်အိမ်သည် အသံချဲ့စက်ကို ရိပ်သာဘက်လှည့်ပြီး အကျယ် ကြီးဖွင့်ထား၏။ ထိုရိပ်သာတာဝန်ခံများ အလွန်ဒေါသထွက်နေကြ၏။ ညနေဖက် ဆရာတော် လမ်းလျှောက်ရာသို့ ကပ္ပိယ ဦးခင်မောင် က အဖော်လိုက်ရ၏။ ရိပ်သာအပြင်ဘက် လမ်းပေါ်ရောက်သည်နှင့် အသံချဲ့စက်မှ သီချင်းသံက ပိုကျယ်လာ၏။ ထို့ကြောင့် ဦးခင်မောင်က ဆရာတော်ကို လျှောက်လိုက်မိ၏။

"ဆရာတော်ဒီအိမ်ကလူတွေဟာ မသိတတ်ဘူးဘုရား၊ တရားစခန်းရှိမှန်းသိရက်နဲ့ အသံချဲ့စက်ကို အကျယ်ကြီးဖွင့်ထားတယ်၊ တပည့်တော် ရပ်ကွက်လူကြီးတွေခေါ်ပြီး သွားပိတ်ခိုင်းလိုက်မယ်ဘုရား"

"ဒကာကြီး အသံအာရုံကို ပယ်ရမှာလား၊ ကိလေသာကို ပယ်ရမှာလား"

ဆရာတော်၏ တရားစကားသည် အခွန်းနှစ်ဆယ်သာ ရှိပါသည်။ အင်မတန်တိုတောင်းပါသည်။ သို့သော် လျှပ်တစ်ပြက် နာယူလိုက်ရသော ဦးခင်မောင်အတွက် တရားအသိများ ဆယ်နှစ်စာမက ရသွားခဲ့၏။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံတို့သည် ဖောက်ပြန်တတ်သော သဘောရှိသည့် ရုပ်တရားများဖြစ်၏။ ထိုရုပ်တရား သည် ဆင်းရဲအမှန် ဒုက္ခသစ္စာ တရားများဖြစ်၏။ ဒုက္ခသစ္စာတရားသည် ဆင်းရဲဟု သိရုံသိရမည့် တရားဖြစ်၏။ ပယ်သတ်၍ရသော တရားမဟုတ်ပေ။ "ကြားပြီးပျက်သွားသော သဘောလေးပါးလား"ဟု သိခြင်းသည် ဒုက္ခသစ္စာကို သိခြင်းဖြစ်၏။

အသံရုပ်၏ အပျက်ကို သိလိုက်သည်နှင့် လိုချင်စိတ်မရှိတော့ပေ။ ဤသည်ကား သမုဒယသစ္စာကို ပယ်ခြင်းဖြစ်၏။ ပယ်ရမည့်တရားကား တဏှာဦးဆောင်သော ကိလေသာများသာဖြစ်ကြောင်း ဉာဏ်ထဲတွင် ရှင်းသွား၏။ လိုချင်သောတဏှာမီးငြိမ်း၍ ခန္ဓာထပ်မလာတော့ဘဲ သိမ်းသွားသည့်အခိုက်သည် နိရောဓသစ္စာခေါ် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းဖြစ်၏။ ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ထိုးထွင်း၍သိသော သမ္မာဒိဋ္ဌိဦးဆောင်သည့် မဂ္ဂင်(၈)ပါးသည် မဂ္ဂသစ္စာပင်ဖြစ်၏။ ကြားပြီး ပျက်သွားသောသဘော ဒုက္ခသစ္စာကို သိလိုက်သည်နှင့် သမုဒယသစ္စာကို ပယ်ခြင်းကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စ၊ မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စ တစ်ပြိုင်နက် ဖြစ်သွားပုံကို အလိုလို နားလည်သွား၏။

ထို့ကြောင့် "ဗုဒ္ဓ၏တရားတော်များကို နည်းနည်းလေးပါ၊ သစ္စာလေးပါးကို မသိလောက်ပါဘူး၊ ကိလေသာတွေ မကုန်လောက်ပါဘူး"ဟူ၍ အထင်မသေးသင့်ကြောင်း ဗုဒ္ဓကိုယ်တော်တိုင် ဥဒါန်းပါဠိတော် ဗာဟိယ-ဒါရုစီရိယသုတ်တွင် ဟောဖူး၏။ မြတ်စွာဘုရားထံ တရားနာရန် လိုက်လာသော ဗာဟိယဒါရုစီရိယသည် ဆွမ်းခံကြွနေဆဲ ဗုဒ္ဓကို လမ်းမှာပင် မီလိုက်၏။ တရားဟောရန် သုံးကြိမ်တိုင်တိုင် တောင်းပန်သဖြင့် ဗုဒ္ဓက 'ဒိဋ္ဌေဒိဋ္ဌမတ္တံ ဘဝိဿတိ' စသော စကားလုံး(၆၀)ခန့် တရားတော်ကို လမ်းပေါ်မှာပင် ဟောပေးလိုက်၏။ တရားအဆုံးတွင် ဗာဟိယသည် ရဟန္တာဖြစ်သွား၏။

ရဟန်းပြုပေးရန် တောင်းပန်သဖြင့် ဗုဒ္ဓက ပရိက္ခရာ အလှူရှင် ရှာခိုင်းရာ လိုက်ရှာနေရင်း ဘီလူးစီးနေသော နွားမတစ်ကောင်ဝင်ဝှေ့၍ ပရိနိဗ္ဗာန်စံခဲ့ရသည်။

www.burmeseclassic.com



ဗုဒ္ဓက သံဃာတော်များကို အလောင်းကောက်ခိုင်းပြီး မီးသင်္ဂြိုဟ်စေကာ ဓာတ်တော်များကိုလည်း ဒကာများ အကူအညီဖြင့် စေတီတည်စေ၏၊ ရဟန်းများက ဗာဟိယ၏ လားရာ ဂတိကို မေးလျှောက်ကြသောအခါ အရဟတ္တဖိုလ်ကို ရပြီးဖြစ်၍ ဘယ်ဘဝမှာမှ မဖြစ်တော့ဘဲ ပရိနိဗ္ဗာန် ဝင်စံပြီးဖြစ်ကြောင်း မိန့်ကြား၏။

ထိုအခါ ရဟန်းတော်များက

"ဘယ်အချိန်မှာ တရားရသွားပါသလဲဘုရား၊ ဗာဟိယ တရားဘာဝနာကျင့်ကြံအားထုတ်သည်ကို တပည့်တော်တို့ မတွေ့လိုက်ရပါ"

"ဆွမ်းခံကြွရင်း လမ်းပေါ်မှာ ငါဘုရားဟောကြားတဲ့ တရားကိုနာယူပြီးတဲ့ အဆုံးမှာပဲ ရဟန္တာဖြစ်ပြီး တရားရခဲ့တယ်"

"ဆွမ်းခံချိန်တုန်းက ဗာဟိယ နာလိုက်ရတဲ့ တရားဟာ တိုတိုလေးပါဘုရား၊ ဒီလောက်တရားတိုလေးကို နာရုံနဲ့ ရဟန္တာ ဖြစ်နိုင်ပါသလား ဘုရား"

ဝိပဿနာတရားသည် ဉာဏ်ပညာ အလုပ်ဆိုသည်ကို ဗုဒ္ဓ လက်ထက်က ရဟန်းအချို့ပင် သတိထားမိဟန်မတူကြပါ။ ထို့ကြောင့် အထက်ပါ မေးခွန်းကို ပြန်မေးနေခြင်းဖြစ်၏။

ထိုအခါ ဗုဒ္ဓက . . .

"မြတ်စွာဘုရားတို့ ဟောကြားအပ်သောတရားကို နည်းနည်းလေးဆိုပြီး အထင်မသေးအပ်၊ တစ်လုံးတစ်ပါဒပင် ဖြစ်သော်လည်း ကိလေသာကုန်ခန်းပြီး မဂ်ဖိုလ်ကို ရစေနိုင်သည်သာဖြစ်၏" ဟု မိန့်တော်မူပြီး အောက်ပါဂါထာကို ဟောကြားတော်မူ၏။



"သဟဿမပိ စေ ဂါထာ၊
အနတ္ထပဒသံဟိတာ။
ဧကံ အတ္ထပဒံ သေယျော၊
ယံ သုတွာ ဥပသမ္မတိ"

မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ တောင်ဘွဲ့များသည် စကားလုံးပေါင်း တစ်ထောင်ပင်ဖြစ်သော်လည်း သစ္စာလေးပါး၊ မဂ်ဖိုလ်တရားမှ ကင်းသဖြင့် မမြတ်၊ သစ္စာလေးပါးနှင့်စပ်သော စကားသည်ကား တစ်ခွန်းတစ်ပုဒ်ပင် ဖြစ်သော်လည်း ကြားနာရလျှင် ကိလေသာ အပူမီးငြိမ်းနိုင်သဖြင့် မြတ်၏။

ရွှေဥမင်တောရ ဆရာတော်ဘုရားကြီး ကဲ့သို့ပင် လောဘဓာတ် ထူးခြားစွာ ကင်းစင်တော်မူကြသော ဆရာတော်ကြီး သုံးပါး အကြောင်းကိုလည်း ဆက်လက်ဖော်ပြအံ့။

တစ်ပါးမှာ တောင်တွင်းကြီးမြို့၊ နတ်မို့တောရ ဆရာတော်ဘုရားကြီးဖြစ်၏။ ကက်ဆက်များ မပေါ်မီက ရေဒီယိုသည် တန်ဖိုးအကြီးဆုံးပစ္စည်းတစ်ခုပင် ဖြစ်၏။ တစ်ရပ်ကွက် တစ်လုံး၊ တစ်ရွာ တစ်လုံးလောက်သာ ကိုင်နိုင်ကြ၏။ ရေဒီယိုရှိသောအိမ်က ရေဒီယို ဖွင့်လိုက်လျှင် ကျန်အိမ်များက အားလုံးစုဝေးပြီး လာရောက် နားထောင် လေ့ရှိကြ၏။ နတ်မို့တောရ ကျောင်းအမများ ဖြစ်ကြသော ပေလေးပင် ရပ်ရှင်မိသားစုက ဆရာတော်ကို သတင်းနားထောင်ရန် အကောင်းစား ရေဒီယိုတစ်လုံး လှူဒါန်းထား၏။

အမေရိကန်မှာ တာဝန်ထမ်းဆောင်နေသော သမီးအကြီး တစ်ယောက် မြန်မာပြည်သို့ ခေတ္တပြန်ရောက်စဉ် မိသားစုအားလုံး ဆရာတော်ကြီးထံ အဖူးအမြော်ရောက်လာကြ၏။ ကျောင်းရောက်သောအခါ သူတို့လှူထားသော ရေဒီယိုကြီးကို မမြင်သဖြင့် မေးကြ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော် တပည့်တော်တို့ လှူထားတဲ့ ရေဒီယိုကြီး လည်းမမြင်ပါလား၊ ဘယ်နေရာ သွားထားပါသလဲ ဘုရား"

"ဘယ်မှသွားမထားပါဘူး၊ သူပိုင်ရှင်က ယူသွားတယ်"

"အို. . ဆရာတော်ကလည်း၊ ဘယ်ကလာ ပိုင်ရှင်ရှိဦးမှာလဲ တပည့်တော်တို့က ဆရာတော်ကို လှူထားတာပဲ၊ ဆရာတော်ပိုင်တဲ့ပစ္စည်းပေါ့"

"ငါမပိုင်လို့ပေါ့ကွာ၊ ငါပိုင်ရင် ပစ္စည်းက ငါ့အနားမှာ ရှိနေမှာပေါ့၊ ခုတော့ သူပိုင်ရှင်အနား ရောက်သွားပြီ"

ထိုအခါကျမှ အလှူရှင်များမှာ သူခိုး ခိုးသွားမှန်း သိကြ၏။ ထို့ကြောင့် မကျေမချမ်း ဆက်လက်လျှောက်မိကြ၏။

"ဆရာတော်ကလည်း ဝေ့လည်လည်ပြောနေပြန်ပြီ၊ သူခိုး ခိုးသွားတာမဟုတ်လား ဘုရား။ ဒါဆို ဆရာတော် ရေဒီယို ဆုံးပြီပေါ့"

"မဆုံးပါဘူးကွာ၊ ဆုံးတယ်ဆိုတာ မီးလောင်သွားတာတို့ မြစ်ထဲ ပင်လယ်ထဲကျသွားတာတို့လို ဘယ်သူမှ သုံးခွင့်မရတော့တာမှ ဆုံးတာ၊ ခုဟာက တစ်နေရာမှာ သုံးလို့ရနေဦးမှာပါ"

*(မထေရ်မြတ်တို့ စတားဝိုင်း စာ-၉၃)။

အမရပူရမြို့တွင် အောင်ခြင်းရှစ်ပါးကျောင်းတိုက်ဟူ၍ရှိ၏။ ဆရာတော်ကြီးကိုလည်း ကျောင်းတိုက်အမည်စွဲ၍ "အောင်ခြင်းရှစ်ပါးဆရာတော်"ဟူ၍ပင် ခေါ်ကြ၏။ ဆရာတော်သည် ကထိန်ခင်းတိုင်း ရလာသမျှ ပစ္စည်းများကို ကျောင်းရှိသံဃာများကို အညီအမျှ ခွဲဝေပေး၏။



ငါကျောင်းထိုင်ဘုန်းကြီးဆိုပြီး ရသမျှ သိမ်းကျုံးပြီး မယူတတ်ပေ။ ဆရာတော်အဖို့ အစုအတွက် ရသမျှ ပစ္စည်းများကိုလည်း ဝိနည်းစာအောင် သံဃာများကိုလှူရန် တူးမောင်းကျောင်းတိုက်သို့ အကုန်ပို့ပစ်သည်။ ဝိနည်းစာပြန်ပွဲကို တူးမောင်းကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပလေ့ရှိသည်။ ဆရာတော်နားတွင် ဘာပစ္စည်းမှအပို သောပေ။ အပိုပစ္စည်းသည် အပိုလောဘတစ်ခုကိုသာ တိုးစေ၏။ အပိုလောဘသည် ပြိတ္တာဘုံသို့ ဆွဲချခြင်း ပစ္စည်းပျောက်ဆုံးသွားမှာကို ပူလောင်ရခြင်းအလုပ်မှတစ်ပါး အခြားကောင်းသော အလုပ်ကို တစ်ခုမှမလုပ်တတ်ပေ။

တစ်နှစ်တွင် ကထိန်ညာတ်မကြီးထဲတွင်ပါသော အဖိုးတန် ကြိုင်ကပ်နာရီကြီးတစ်လုံးကို ဆရာတော်ကြီးကိုယ်တိုင် သုံးစေချင်သဖြင့် ဆရာတော်ကြီးသီတင်းသုံးရာ ကျောင်းဆောင်နံရံတွင် ချိတ်ဆွဲထားခဲ့၏။ တစ်ညတွင် ထိုနာရီကြီးကို သူခိုး လာခိုးသွား၏။ အရုဏ်ဆွမ်းစားချိန်တွင် နာရီကြီးကို မတွေ့ရတော့ဖြင့် ရဟန်းငယ်များက ဆရာတော်ကြီးကို မေးလျှောက်ကြ၏။

"ဆရာတော် နာရီကြီး ဘယ်ရောက်သွားသလဲ ဘုရား"

"ညက ဒကာနှစ်ယောက် လာယူသွားကြတယ်ကွ"

"ဆရာတော် သူခိုးလာခိုးသွားတာဖြစ်မှာပါ၊ ဆရာတော် သိလိုက်ဘူးလား ဘုရား"

"သိပါတယ်ကွ၊ သူတို့က မမှီမကမ်းနဲ့ ဖြုတ်နေသံကြားလို့ ဘော်လွတ်ကျလို့ မင်းတို့နိုးကုန်ရင် နာရီလည်း အကောင်းမရ၊ သူလည်းရောက်ကြမှာစိုးလို့ ပလ္လင်နောက်မှာ ခွေးခြေရှိတယ်လို့ အောင် ပြောလိုက်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော့်နှယ် သူခိုးပဲ ဘာလို့ပြောလိုက်ရတာလဲ၊ လျှပစ်လိုက်တယ်ဆိုတာမှဟုတ်သေးတယ်"

"ထူးပါဘူးကွ၊ သူတို့လာယူကော့လည်း ကိုယ်ကသွားလှူရသက်သာတာပေါ့၊ ညကြီးမင်းကြီး သူများမသိအောင် လာယူတော့ ပုဂ္ဂိုလ်, အယုတ်, အမြတ်ကလည်း မရွေးရတော့ဘူးပေါ့"

* (မထေရ်မြတ်တို့ စကားဝိုင်း စာ-၉၅)။

တစ်ခါတွင် လယ်တီဆရာတော်ဘုရားကြီး သင်္ဘောစီးပြီး ခရီးထွက်တော်မူ၏။ မနက်မိုးလင်းတွင် ဆရာတော်၏ ပစ္စည်းများ သူခိုး, ခိုးသွား၏။ မိုးလင်း၍ ပစ္စည်းပျောက်သည်ကို တွေ့သွားသည်နှင့် ကပ္ပိယက -

"ဆရာတော် လုပ်ပါဦးဘုရား၊ ဒုက္ခတော့ ရောက်ကုန်ပြီ ပုလိပ်(ရဲ) တိုင်မှ ဖြစ်တော့မယ်"

"ဘာတုန်းဟ ကပ္ပိယရဲ့၊ မင်းဟာအရင်းမပါ အဖျားမပါ ပြူးတူးပြဲတဲနဲ့ တိုးတိုးသက်သာ ပြောစမ်းပါ"

"ဆရာတော့်ပစ္စည်းတွေ ညက သူခိုး, ခိုးသွားပြီဘုရား ဒါကြောင့် သင်္ဘောပုလိပ်(ရဲ)ကို တိုင်မှဖြစ်မယ်ဘုရား"

"ကပ္ပိယ ကိုယ့်ပစ္စည်း သူများအခိုးခံရတယ်ဆိုတာ ကိုယ်ကလည်း သူများပစ္စည်းခိုးခဲ့ဖူးလို့ ဖြစ်မှာပေါ့ဟဲ့၊ သံသရာမှာ ကိုယ်ပြုခဲ့တဲ့ မကောင်းမှုဟာ တစ်ချိန်ချိန်မှာ တူသောအကျိုး ပြန်ပေးတတ်တာ မမွတာပဲ၊ အသာနေပါ ကပ္ပိယရယ်၊ မင်းလုပ်လိုက်မှ ငါသူခိုးဖြစ်ခဲ့ဖူးတာ လူသိကုန်ပါမယ်"

* (မထေရ်မြတ်တို့ စကားဝိုင်း စာ-၉၁)။



တရားမသိသူများအတွက် ဥစ္စာပျောက်လျှင် 'ငရဲရောက်ရ၏။' တရားသိသူများအတွက်ကား 'ဥစ္စာပျောက်တိုင်း ကုသိုလ်ရောက်ရ၏။' ဤဖော်ပြချက်တို့အရ ဆရာကောင်း၏ ပထမအင်္ဂါအတွက် ပြည့်စုံလောက်ပေပြီ။

ဒုတိယအင်္ဂါသည် ပေယျဝဇ္ဇ ချစ်ခင်ဖွယ်စကားရှိရခြင်းဖြစ်၏။ ချစ်ခင်ဖွယ်စကားရှိခြင်းသည် အကျိုးတရားဖြစ်၏။ အကြောင်းတရားကား မေတ္တာစိတ်ရှိခြင်းပင်ဖြစ်၏။ အပြန်အားဖြင့် မေတ္တာစိတ်ရှိခြင်းဟူသည် ဒေါသစိတ်ကင်းခြင်းပင်ဖြစ်၏။ ပထမအင်္ဂါကိုလည်း ယခု ဒုတိယအင်္ဂါကဲ့သို့ ခွဲခြမ်းစိတ်ဖြာ၍ ယူရမည်။

ပထမအင်္ဂါသည် လှူဒါန်းပေးကမ်းခြင်းပင်ဖြစ်၏။ လှူဒါန်းပေးကမ်းခြင်းသည် အကျိုးတရားဖြစ်၏။ အကြောင်းတရားကား အလောဘစိတ်ရှိခြင်းပင် ဖြစ်၏။ အပြန်အားဖြင့် အလောဘစိတ် ရှိခြင်းဟူသည် လောဘစိတ်ကင်းခြင်းပင်ဖြစ်၏။ ဒုတိယ အင်္ဂါအရ မေတ္တာစိတ်ရှိဖို့သည် သာသနာပြုရဟန်းတိုင်းအတွက် အထူးအရေးတကြီး လိုအပ်သည်။ ဤနေရာ၌ မြန်မာပြည်မှ ရဟန်းတော်များနှင့် ပတ်သက်၍ ဘာသာခြားတစ်ယောက်၏ မှတ်ချက်ကို တင်ပြလို၏။

သူ့အမည်ကို မောင်ရဲမြင့်ဟုခေါ်၏။ သာယာဝတီနယ်သား တစ်ယောက်ဖြစ်၏။ ဖခင်က ခရစ်ယာန်ဘာသာဝင် ဖြစ်ပြီး မိခင်က ဗုဒ္ဓဘာသာဝင်ဖြစ်၏။ သူသည် ငယ်စဉ်ကတည်းက ဆွဲဆောင်မှုအားကောင်းသော ခရစ်ယာန်ဘာသာဝင်ထဲသို့ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အသက် (၃၀)အရွယ်ခန့်တွင် ဗုဒ္ဓဘာသာစာပေများကို ဖတ်ရှုမိရာမှ တစ်ဆင့် ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာသည်။ သူသည် ရွှေပြည်သာရှိ ဦးလေးဖြစ်သူ၏ တိုက်တွင် တစ်ယောက်တည်းနေသည်။ တစ်နေ့တွင် သူသိချင်သော အချက်အလက်များကို မေးမြန်းလိုသဖြင့် ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ကျောင်းသို့ ပို့ပေး၏။ အဆင်မပြေခဲ့။ 'သူ့ကိုဦးမချ၍'ဟုဆိုကာ ဘုန်းကြီးက ကျောင်းထဲမှ နှင်ထုတ်ပစ်သည်။ သူနောက်တစ်ကျောင်းသို့ သွားပြန်သည်။ သူ၏ နှိုက်နှိုက်ချွတ်ချွတ် မေးခွန်းများကို စိတ်တိုကာ နောက်ဘုန်းကြီး တစ်ပါး၏ မောင်းထုတ်ခြင်းကို ခံရပြန်သည်။

သူသည် အကြောင်းမဲ့ လျှောက်သွားနေခြင်းမဟုတ်။ ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် အကြောင်းအရာ အတော်များများကို ရှင်းရှင်းလင်းလင်း သိလို၍ လိုက်မေးခြင်းဖြစ်၏။ ထိုအချက်များကို ဘဝင်ကျအောင် သိပြီးလျှင် 'ဗုဒ္ဓဘာသာသို့ ဝင်တော့မည်'ဟူ၍လည်း ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့သော် မေတ္တာဖြင့် နွေးထွေးစွာ ကြိုဆိုခြင်းမခံရ။ ဒေါသဖြင့် ဟိန်းဟောက်မှုများကိုသာ ခံရသည်။ နောက်ဆုံး ကျွန်ုပ်၏ကျောင်းသို့ ရောက်လာသောအခါ သူအတော် စိတ်ချမ်းသာသွားသည်။

သူသိချင်သော အချက်အလက်များကို နှစ်လခွဲကျော်ကြာသည်အထိ မေးမြန်းစုံစမ်းပြီး 'ဗုဒ္ဓဘာသာသို့'ဝင်ခဲ့သည်။ လအတန် ကြာသောအခါ ရဟန်းတော်အဖြစ်ခံယူပြီး ဝိပဿနာတရားများကို ပွားများအားထုတ်ခဲ့သည်။ ကော့သောင်းမြို့(၇)မိုင်တောရတောင် ပေါ်တွင် တစ်ပါးတည်း တရားရှုပွားရင်း သီတင်းသုံးသည်။ သက်တော်မရှည်ရှာပါ။ ၁၃၆၅ခုနှစ်၊ တော်သလင်းက



က်ဖျား ရောဂါဖြင့် ရုတ်တရက် ပျံလွန်တော်မူခဲ့ရသည်။ ပျံလွန်တော်မူစဉ်က သက်တော်(၃၉)နှစ်၊ သိက္ခာတော် (၉)ဝါခန့်သာရှိသေးသည်။

ဤနေရာ၌ အရေးတကြီး သိသင့်သည့် ကမ္ဘာ့သာသနာပြု ဆရာတော်အရှင်သေဋ္ဌိလ ဆရာတော်ဘုရားကြီး၏ ဩဝါဒကို တော်ပြအံ့။

"သာသနာပြုတယ်ဆိုတာ ကိုယ့်ဝါဒကို ကျယ်ပြန့်ထွန်းကားအောင်လုပ်တာပဲ၊ အရေးကြီးတာက ကိုယ့်ဝါဒကို ကျယ်ပြန့်ထွန်းကားစေချင်ရင် သူ့ဝါဒလေးကို မထိပါး မပုတ်ခတ်ရဘူး၊ ဘယ်နိုင်ငံ၊ ဘယ်လူမျိုးမဆို သူတို့ရဲ့ မိရိုးဖလာအယူဝါဒ ဓလေ့ထုံးဆိုတာရှိတယ်။ ဒါတွေကို 'အလကား မိစ္ဆာဝါဒတွေ၊ ရူးကြောင်ကြောင် အလုပ်တွေ'ဆိုတဲ့ ပုံစံမျိုးနဲ့ မစော်ကားမိဖို့ အရေးကြီးတယ်။

မြတ်စွာဘုရား ပွင့်တော်မူလာတဲ့အချိန်က မဇ္ဈိမဒေသဆိုတဲ့ အိန္ဒိယမှာဝါဒစွဲ၊ အမျိုးဇာတ်စွဲ၊ ဓလေ့ထုံးစံစွဲတွေ ရှုပ်ရှုပ်ကိုထွေးနေတာပေါ့။ ဒီကြားထဲမှာ ဘုရားရှင် ဘယ်လို သာသနာပြုတော်မူသွားတယ်ဆိုတာ မျက်ခြည်မပြတ်စေနဲ့၊ လေ့လာရတယ်၊ အတုယူရတယ်၊ ဘုရားသာသနာပြုမယ့် ပုဂ္ဂိုလ်ကဘုရားကို အတုယူ ကျင့်သုံးမှပေါ့။ အရှင်ဘုရားတို့ သိက္ခာပုဒ်တွေထဲမှာ မြက်မနုတ်ရ သစ်ပင်မခုတ်ရဆိုတာမျိုးတွေ တွေ့တယ်မဟုတ်လား"

"ဒါတွေဟာ လောကအနေနဲ့ ကြည့်ကြည့်၊ ဓမ္မအနေနဲ့ ကြည့်ကြည့်အကုသိုလ်လို့ ပြောစရာ ဘာရှိလို့တုန်း၊ ဒါပေမယ့် မြတ်စွာ ဘုရားက "အဲဒါတွေ မလုပ်ရလို့" ဘာလို့ ပညတ်ထားသလဲ၊ အကျိုး မရှိဘဲနဲ့ မပညတ်ဘူး၊ အကျိုးရှိလို့ ပညတ်တာ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီခေတ်မှာဖြစ်တယ် တချို့လက်ခံစွဲလမ်းထားတဲ့ ဓလေ့စွဲတစ်ခု က "သစ်ပင်ကိုခုတ်ထစ် တာဟာလည်း ဣန္ဒြေတစ်ခု ရှိတဲ့ သတ္တဝါ ကို ညှဉ်းဆဲတာပဲ"လို့ မှတ်ထားကြတာ" (ဣန္ဒြေ=အသက်)။

"အဟိံသာ ပရမော ဓမ္မောမညှင်းဆဲခြင်းသာ အမြတ်ဆုံးတရားဆိုတာ ဒီလိုအယူစွဲရှိသူတွေရဲ့ လက်သုံးစကားပေါ့၊ ဒါကို ဖောက်ဖျက်ကျူးလွန်ရင် လူယဉ်ကျေးလို့တောင် စာရင်းမသွင်းဘူး၊ ဒါကြောင့် မြတ်စွာဘုရားက ကိုယ့်ဝါဒ မကျယ်ပြန့်သေးဘဲ မထိရောက် သေးဘဲသူများဝါဒနဲ့ ဆန့်ကျင်ဘက်လုပ်လိုက်ရင် ကိုယ့်စကားကို နားထောင်မယ့်သူတောင် ရှိမှာမဟုတ်လို့ သစ်ပင်မခုတ်ဖို့ ဗုဒ္ဓက ပညတ်တော်မူတာ၊ ဒီလိုပညတ်လို့ ကိုယ့်ဝါဒမှာလည်း ဘာမှ ထိခိုက်နစ်နာစရာ အကြောင်းမရှိဘူး၊ ဒါကို သဘောပေါက်ဖို့ အရေးကြီးတယ်"

"ဝေဖန်တယ် ပိုင်းခြားတယ်ဆိုတာဟာ အဘိဓမ္မာတစ်ရပ်ကို တင်ပြတာပဲ၊ အဲဒီတော့ အမှန်နဲ့ အစားထိုးပြနိုင်မှ အသက်ဝင်တာ၊ အသက်ဝင်မှလည်း အသက်ရှင်တယ်၊ ဗုဒ္ဓဝါဒ ဒီနေ့အထိ အသက်ရှင်နေတာဟာ မိဂဒါဝုန်မှာ မြတ်စွာဘုရားရဲ့ တရားဦးဖြစ်တဲ့ဓမ္မစကြာကို လေ့လာကြည့်မယ်ဆိုရင် ပထမ အစွန်းတရား နှစ်ပါးဆိုတဲ့ အမှားနှစ်မျိုးကို ထောက်ပြတယ်၊ ပြီးတော့ အဲဒီအမှားကို မဇ္ဈိမပဋိပဒါဆိုတဲ့ အမှန်နဲ့ အစားထိုးပေးတယ်"

"ဒါကြောင့်လည်း ဗုဒ္ဓအဘိဓမ္မာဟာ ဒီနေ့အထိ ဘယ်ပညာရှင်ကမှ ငြင်းပယ်လို့ မရနိုင်တဲ့ အမှန်တရားအဖြစ် ရပ်တည်နေနိုင်တာပါ၊ မြတ်စွာဘုရား မပွင့်ခင်က ဝါဒတစ်ခုပေါ်လိုက်၊ အဲဒီဝါဒကို နောက်ပုဂ္ဂိုလ်က အမှားလို့ ဝေဖန်လိုက်၊ ပြီးတော့ ခုခံသူက ပြန်ခုခံလိုက်နဲ့ ဝါဒတွေဟာ လုံးချာလိုက်နေတာပဲ



ဘယ်သူ့ဝါဒ အမှန်ဆိုတာတော့ ဘယ်ပညာရှင်မှ အတိအကျမဆုံးဖြတ်နိုင်ခဲ့ဘူး၊ မှားတယ်လို့ ပြောဖို့ဆိုတာက လိုအပ်ချက်တွေကို ပေးစွမ်းနိုင်မှုမရှိ ရင် ဒါဟာမှားနေတယ်၊ မမှန်ဘူးလို့ ပြောနိုင်တာ ဝါဒတစ်ခု ပေါ်ပေါက်တယ်ဆိုတာကလည်း လောကရဲ့ ဒုက္ခကို ကုစားဖို့ ပေါ်လာရတာကိုး၊"

"ဒီဒုက္ခကို တကယ်ပျောက်ကင်းအောင် ကုစားမပေးနိုင်ဘူး ဆိုရင် ဒါကိုမှားတယ်လို့ ဘယ်သူမဆို ပြောနိုင်တာပဲ" ဒါဖြင့် ဘာက မှန်သလဲလို့ပြန်ပြီး မေးခွန်းထုတ်တဲ့အခါကျမှသာ ကိုယ်က အစား ထိုးမပြနိုင်တာ။ မြတ်စွာဘုရားကျတော့ ဒီလိုမဟုတ်ဘူး၊ အများကိုလည်း ထောက်ပြတယ်၊ အမှန်နဲ့လည်း အစားထိုးနိုင်တယ်၊ ဒီအမှန်ကလည်း ဒုက္ခငြိမ်းမှုကို ပေးစွမ်းနိုင်လို့ လောကရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီတယ်၊ ဒါကြောင့် အသက်ဝင်ပြီး အသက်ရှင်နေတာပေါ့"

"သူ့လက်ထဲမှာ ဝတ်ထားတဲ့ ချက်ကျောက်ကြီးကို ဒါအတုကြီးပဲဆိုပြီး ဆွဲမချွတ်လိုက်နဲ့၊ သူများလှတာ မနာလို လို့လားဆိုပြီး သတ်ကိုပုတ်ချလိမ့်မယ်၊ ကိုယ့်မှာရှိတဲ့ စိန်အစစ်ကို လက်တွေ့ပြ ဒါ စိန်အစစ်ပဲလို့ သူနားလည်အောင် ပြောပြနိုင်ရင် သူ့လက်က စိန်အတုကြီးကို သူကိုယ်တိုင် ချွတ်ပြီးလွှင့်ပစ်လိမ့်မယ်၊ အဲဒါကြောင့် သူများအမှားကို ပယ်ပယ်နယ်နယ်ကြီး အပုပ်ချသလို ပြောနေမယ့် အစားကိုယ်ပြောမယ့် အမှန်တရားကိုသာ အများနားဝင်အောင် ရေရှည်လည်လည် ပြောပြဖို့ အရေးကြီးတယ်၊ ဒါဟာ မိဂဒါဝုန်မှာ မြတ်စွာဘုရား အသုံးချခဲ့တဲ့မူပဲ"

www.burmeseclassic.com



(မှတ်ချက်)။ ကမ္ဘာ့ဗုဒ္ဓ သာသနာပြု ဆရာတော် အရှင် သေဋ္ဌိလာဘိဝံသ ၁၃၃၇ ခုနှစ်ခန့်က ဒေးဒရဲမြို့၊ ကွင်းချောင်း ကျောင်းတိုက်အတွင်း အရှင်အာဒိစ္စဝံသ ဆရာတော်ကြီး အထိမ်းအမှတ်ပွဲတွင် ကြွရောက်လာသော သံဃာတော်တို့ အား ချီးမြှင့်သော ဩဝါဒဖြစ်သည်)။

မြန်မာပြည်တွင် ပထမဦးဆုံး တိပိဋကဓရ ဖြစ်တော်မူသော မင်းကွန်းဆရာတော်ဘုရားကြီးသည် ရန်ကုန်၊ မန္တလေး သာသနာ့ တက္ကသိုလ်ကြီးများ၊ မိုးမိတ်ကုန်းမြေ တိပိဋက စာသင်တိုက်ကြီးများကို တည်ထောင်ဖွင့်လှစ်တော်မူနိုင်ခဲ့ပြီး ကြီးကျယ်စွာ သာသနာပြုနိုင်ခဲ့သည်မှာ မေတ္တာတရား ကြီးမားသောကြောင့်ပင် ဖြစ်၏။

တတိယအချက်အရ အတ္တစရိယာ-တပည့်တို့၏အကျိုးကို ကျင့်ဆောင်ခြင်းဟူသည် စာပေအလုပ်၊ တရားအလုပ်တစ်ခုခုကို အမြဲပြုလုပ်နေခြင်းပင်ဖြစ်၏။ ထိုအလုပ်နှစ်မျိုးအနက် တစ်မျိုးမျှ မလုပ်သောဆရာသည် အတ္တစရိယာ အင်္ဂါပျက်ယွင်းနေသူဖြစ်၍ မဆည်းကပ်သင့်။ စတုတ္ထအချက်ကား သမာနတ္တတာ မနိမ့်မချွဲ တန်းတူရည်တူ ဆက်ဆံခြင်းမျိုးဟု ဆိုရသော ပစ္စည်းရှိ၊ ပစ္စည်းမဲ့ မခွဲခြားသူဖြစ်လျှင် ဤအင်္ဂါနှင့် ညီညွတ်ပေပြီ။ ဒါန၊ ဝေယျဝစ္စ၊ အတ္တစရိယာ၊ သမာနတ္တတာ လေးချက်လုံးသည် မိမိဆည်းကပ်မည့် ဆရာသမားတွင်ရှိရမည် -

-ရှိသေထိုက်သော ဂုဏ်၊
-ချစ်ခင်ထိုက်သော ဂုဏ်၊
-ချီးမွမ်းထိုက်သော ဂုဏ်၊
များပင်ဖြစ်၏။



တတိယမြောက်ဂုဏ်မှာ တပည့်က အလွဲ လိုက်ပြီး မိုက်မှားနေလျှင် ရဲဝံ့စွာဆုံးမခြင်းဖြစ်၏။ 'ရဲဝံ့စွာ'ဟုသုံးရ ခြင်းမှာ တချို့ ဆရာများသည် တပည့်များ လွဲမှားနေတိုင်း မဆုံးမရဲ ကြ။ သည်လို ဆုံးမလိုက်လျှင် 'ဒကာက စိတ်ဆိုးပြီး နောက် ကျောင်းကိုလာမလှူဘဲ နေလိမ့်မည်'ဟု တွေးမိကြသောကြောင့် ဖြစ်၏။ ဤကဲ့သို့သော ဆရာမျိုးကို ခေါင်းဆောင်ဆရာဟု မခေါ်ရ။ ခေါင်း ရှောင်ဆရာဟုသာ ခေါ်ရ၏။ အချစ်ခံနေရုံနှင့် ဆရာကောင်း မပီသ၊ အမုန်းခံပြီး ဆုံးမရဲမှလည်း ဆည်းကပ်သင့်သော ဆရာကောင်းပီသ၏။

"နာနာကျင်ကျင် အပြစ်မြင်တိုင်း
ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၏၊
ကျိုးလိုစိတ်က ၊ ဆုံးမတတ်သူ၊
ဆရာဟူလော့"

ဟူသော လင်္ကာလေးကလည်း တပည့်၏ အမုန်းကို ခံယူပြီး ဆုံးမရဲမှလည်း ဆရာဟုပြောနေခြင်းပင်ဖြစ်၏။

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်အတွင်းမှ ရွာလေးတစ်ရွာ၊ ထိုရွာသူရွာသားများ သည် ဗုဒ္ဓဘာသာဟု အမည်ခံထားသော်လည်း ရတနာသုံးပါးထက် အတွင်း(၃၇)မင်း စသောနတ်မင်းများကို ကိုးကွယ်ကြ၏။ မကြာခဏ နတ်ကန္နားပေးကြ၏။ ဘုရားဆောင်တွင် နတ်စိမ်းများက ဝင်ရောက်နေရာယူထားသဖြင့် ဘုရားဆင်းတုတော်ကိုပင် ကောင်းကောင်းမမြင်ရ။ သရဏဂုံ ပျက်စီးနေရသည့် ကြားထဲမှာပင် စီးပွားရေးကလည်း ပျက်စီးကြပြန်၏။ အကြောင်းကား အလုပ်ကို ကောင်းကောင်း မလုပ်ဘဲ နှစ်လုံးထိ၊ သုံးလုံးထိဂဏန်း ကစားကြသောကြောင့်ပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွာသို့ နာမည်ကြီး ဓမ္မကထိကများ လာရောက်ဟောကြားဖူးသော်လည်း နတ်အစွဲနှင့် ဂဏန်းအစွဲကား ကျွတ်မသွားကြ။ သူတို့ရွာဦးကျောင်း ဆရာတော်ကလည်း ဆုံးမဟောကြား၏။ သို့သော် နားမဝင်ကြ။ ၂၀၀၃ခုနှစ်တွင်ကား စာရေး၊ တရားဟော၊ တရားပြ ဆရာတော်တစ်ပါးကိုပင့်၍ ထိုရွာတွင် တရားစခန်းဖွင့်ကြ၏။ ထိုဆရာတော်၏ တရားကို နာအပြီးတွင်ကား ရွာသူရွာသားများသည် အိမ်တွင်းအုန်းကစ၍ နတ်ရုပ်မျိုးစုံကို မိမိတို့အသိဖြင့် မိမိတို့ စွန့်ပစ်ကြ၏။ နှစ်လုံးဂဏန်း၊ သုံးလုံးဂဏန်းကိုလည်း မကစားကြတော့ဘဲ ကိုယ့်လုပ်ငန်းကို အားစိုက်၍ လုပ်လာကြသဖြင့် စီးပွားရေးလည်း ပြန်အဆင်ပြေလာကြ၏။

တရားပွဲတစ်ပွဲ၏ အောင်မြင်မှု၊ စာအုပ်တစ်အုပ်၏ အောင်မြင်မှုကို ပရိသတ်ဖြင့် တိုင်းတာခြင်းသည် ရာနှုန်းပြည့် မမှန်ကန်ပေ။ ဟောသည့်အတိုင်း ပရိသတ်များက လိုက်နာ သည်။ ရေးသည့်အတိုင်း စာဖတ်သူများက လိုက်နာကျင့်ကြံသည် ဆိုမှသာလျှင် 'ရာနှုန်းပြည့် အောင်မြင်သည်'ဟု သတ်မှတ်သင့်၏။ တခြားဓမ္မကထိကများ၊ နတ်အကြောင်းဟောတုန်းက မကျွတ်ကြဘဲ ယခုဆရာတော်ကျမှ ကျွတ်သွားကြခြင်း၏ အကြောင်းအရင်းများကိုလည်း ကျွန်ုပ်ရှာဖွေတွေ့ခဲ့၏။ ဤအချက်သည် သာသနာပြု ဆရာတော်တိုင်းအတွက် အရေးတကြီး လိုအပ်သဖြင့် အကျယ်ချဲ့၍ရေးအံ့။

ထိုဆရာတော်၏ တရားအောင်မြင်ခြင်း၏ အကြောင်းများမှာ -



၁။ ထိုဆရာတော်၏အသံတွင် နှစ်ပေါင်းများစွာပွားများထားသောမေတ္တာဓာတ်အပြည့် ပါဝင်နေခြင်း၊ ဤအသံမျိုးသည် လုပ်ယူ၍မရ။ မေတ္တာဘာဝနာကို တကယ်ပွားများမှ ဖြစ်လာသောအသံမျိုးဖြစ်၏။

၂။ စာကျက်ပြီး ရွတ်ပြခြင်းမျိုးမဟုတ်ဘဲ တရားအစမှ အဆုံးတိုင် ပရိသတ်စိတ်ဝင်စားပြီး လိုတ်နာချင်လာအောင် ဟောပြောမှု အတတ်ပညာအပြည့်ဖြင့် ဟောပြောနိုင်ခြင်း။

၃။ ပရိသတ်နားမလည်သော ပါဠိများကို လူရှိသေ၊ ရှင်ရှိသေ အနည်းငယ်သာသုံးပြီး အများနားလည်လွယ်သည့် အရပ်သုံးစကားကို အများဆုံး အသုံးပြုသွားခြင်း။

၄။ တရားတစ်ပုဒ်ဆုံးတိုင်း ဉာဏ်နုသောသူများအတွက် ဟောခဲ့သော တရား၏ရည်ရွယ်ချက်နှင့် အနှစ်ချုပ်ကို ပြောပြခြင်း။

၅။ ပရိသတ်အများစု ကြားဖူးနားဝရှိပြီး ရိုးအီနေသည့် ဇာတ်တော်များကို အသုံးမပြုဘဲ စိတ်ဝင်စားစရာကောင်းသည့် တကယ့်ဖြစ်ရပ်များကို အများဆုံး အသုံးပြုသွားခြင်း။

၆။ အပြစ်ပြ ဟောနည်း၊ အကျိုးပြ ဟောနည်း နှစ်မျိုးလုံးကို ပိုင်နိုင်စွာ အသုံးပြုသွားနိုင်ခြင်းတို့ပင် ဖြစ်၏။

ထိုတရား ကို ကျွန်ုပ်တို့လည်း နာယူခဲ့ရသဖြင့် အနှစ်ချုပ် ကို ပြန်လည်ရေးသားပြအံ့။

www.burmeseclassic.com

www.burmeseclassic.com



ပုထုဇဉ်မှန်သမျှ ကြိုတင်၍မသိနိုင် သောအရာ ငါးမျိုး ရှိ၏။ ယင်းတို့ကား မည်သည့်အသက်အရွယ်၌ သေမည်။ မည်သည့်အနာရောဂါနှင့် သေမည်။ နံနက်နေ့လယ် ည မည်သည့်ကာလ၌ သေ မည်၊ မည်သည့် သုသာန်၌ သင်္ဂြိုဟ်မည်၊ မည်သည့်ဘုံဘဝသို့ ရောက်မည်တို့ဖြစ်၏။

ထိုငါးချက်ကို သတိမထားဘဲ ပေါ့လျော့စွာနေကြခြင်း ကြောင့် **သုဂတိ**ရောက်သူထက်၊ ဒုဂ္ဂတိရောက်သူက ပိုများသည်။ သံယုတ်ပါဠိတော် နခသိခသုတ်၌ ဗုဒ္ဓက လက်သည်းခွံပေါ် မြေမှုန့် အနည်းငယ်တင်ပြီး လူ့ဘဝကသေ၍ အပါယ်ကျသူများသည် မဟာ ပထဝီမြေကြီး အမှုန့်ပမာဏလောက်ရှိ၍ လူ့ဘုံ၊ နတ်ဘုံ၊ ရောက်သူ များသည် လက်သည်းခွံပေါ်မှ မြေမှုန့်ပမာဏ လောက်သာရှိ၏။ ဟူ၍ ဟောကြားတော်မူ၏။ ပုထုဇဉ်မှန်လျှင် သား၊ မယား၊ ဥစ္စာ စည်းစိမ် အစွဲအလမ်းများသော လူပုဂ္ဂိုလ်များကိုမဆိုထားပါနှင့် အစွဲအလမ်း နည်းလှပါသည် ဆိုသော ရဟန်းတော်အချို့ပင် အပါယ်ကျ ကြရသည်။

လှည်းကူးမြို့နယ်အတွင်းရှိ ရွာကျောင်းတစ်ကျောင်းမှ ကျောင်းထိုင်ဆရာတော်တစ်ပါး ပျံလွန်တော်မူသွားသည်မှာ နှစ်နှစ်ကျော်သွားပြီဖြစ်၏။ သို့သော် ယခုအချိန်ထိပြိတ္တာဘဝမှ မကျွတ်သေး။ သူအိပ်ခဲ့သော ကုတင်ပေါ် တက်အိပ်သူများကို ခြေ ထောက်ကိုင်ပြီး ဆွဲချတတ်၏။ ထို့ကြောင့် သောတာပန် မတည်မီ စပ်ကြားတွင် အပါယ်မကျစေသည့် ကုသိုလ်(၇)မျိုးအနက် တစ်မျိုး မျိုးကို စွဲမြဲစွာ အားထုတ်ထားသင့်၏။



ထိုကုသိုလ် (၇)မျိုးမှာ -

(၁) သရဏဂုံ သုံးပါးတည်မြဲရခြင်း။
(၂) ငါးပါးသီလ လုံခြုံရခြင်း။
(၃) အရုဏ်ဆွမ်း၊ နေ့ဆွမ်း မြဲစွာလှူဒါန်းရခြင်း။
(၄) စာရေးတံမဲ လှူဒါန်းရခြင်း။
(၅) ဝါဆိုသင်္ကန်း လှူဒါန်းရခြင်း။
(၆) ရေတွင်း၊ ရေကန် လှူဒါန်းရခြင်း။
(၇) သံဃိကကျောင်း လှူဒါန်းရခြင်းတို့ဖြစ်၏။

* (အင်္ဂုတ္တိုရ် အဋ္ဌကထာ)။

(ဆောင်)

"ရတနာ့ရွှဲလုံး၊ ပုလဲကုံးစိန်စီ
မြဲအသုံးသမဂ္ဂီငယ်၊ ပဥ္စသီနေ့တိုင်း
နိဗဒ္ဓမဝေးလဲ၊ စာရေးတံဆွမ်းဝတ်ရက်ပိုင်း။
ဝါသင်္ကန်းမသွေမှန်၊ ရေတစ်ကန်နက်ရှိုင်း
အနေတန် ခက်အကိုင်းရယ်နဲ့
လှုက်သိုင်းတဲ့ ကျောင်း ငယ်
သည်ခုနစ်အိမ် ကာလစွဲ
ဒါနမြဲ သုံးဆောက်တည်ဘွယ်
သောတာပန် ဇာတ်အနွယ်
အမြွတ်နယ် ခိုမှီးလို့
ထိုတစ်သီး သုံးတိုက်တစ်သူ
ဆုံးအမြိုက်ယူ

www.burmeseclassic.com

www.burmeseclassic.com



ရေဒါန သီတဝ္စငယ်
အရည်တူ လျှမြဲတွဲ့လေး။. . . . ”

* (သီတဝ္စဆရာတော် အရှင်ဉာဏိဿရ)။

သောတာပန် ပုဂ္ဂိုလ် သေပြီးသည့်နောက် အပါယ်မကျ သကဲ့သို့ ဤကုသိုလ် (၇)မျိုးအနက် တစ်မျိုးမျိုးကို စွဲမြဲစွာ အားထုတ်ထားသူသည်လည်း အပါယ်မကျနိုင်သောကြောင့် သောတာပန်နှင့် တူသည်ဟု အင်္ဂုတ္တိုရ် အဋ္ဌအထာ၌ ဖွင့်ပြထားသည်။ ဤကုသိုလ် (၇)မျိုး အနက် သရဏဂုံတည်သော ကုသိုလ်ကြောင့် အပါယ်တံခါးပိတ်ပြီး နတ်ရွာသုဂတိရောက်ရပုံ သာဓကများစွာရှိ၏။

ချင်းပြည် နယ်၊ ခန္တီးနိတော်ပေါ်၌ သီတင်းသုံးနေထိုင်သည့် တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရထံ တွင် သေနည်းသင်တန်းလာ တက်သော စစ်သားလူထွက် တစ်ယောက်ရှိ၏။ သူ့အမည်ကို တပ်ကြပ်ကြီး လှရွှေဟုခေါ်၏။

သူသည် သိတတ်သော အချိန်မှစ၍ တပ်ထဲသို့ ရောက်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် သတ်ဖြတ်၊ သောက်စား မူးယစ်ရင်း အသက် လေးဆယ်ကျော် အရွယ်သို့ ရောက်၏။ ငှက်ဖျားရောဂါကြောင့် တပ်မှဆေးပင်စင်ယူခဲ့ရ၏။ သူ့ဘဝတစ်လျှောက်လုံးကို သံဝေဂဖြင့် ပြန်ကြည့်သောအခါ ‘ကုသိုလ် တစ်ပဲ၊ ငရဲတစ်ပိဿာ ဖြစ်နေသည်ကို တွေ့သွား၏။

သည်အတိုင်းသာ သေခဲ့လျှင် ငရဲကျမှာ သေချာသည်။ ထို့ကြောင့် သေသောအခါ ငရဲမှ လွတ်ရန်ဆိုပြီး ဆရာတော်ကြီးထံ သေနည်းသင်တန်း လာတက်ခြင်းဖြစ်၏။ ဆရာတော်ကြီးက သရဏဂုံသုံးပါး၏အဓိပ္ပာယ်ကို သေချာပြောပြ သင်ပေး၏။ အာနာပါနာနှင့် မေတ္တာဘာဝနာကိုလည်း အနည်းငယ်သင်ပေးသေး၏။ ထိုသော် တပ်ကြပ်ကြီးလှရွှေ နားအလည်ဆုံး၊ အားအထားဆုံးကား သရဏဂုံပင် ဖြစ်၏။ တစ်နှစ်ကျော်ခန့် ကြာသောအခါ သရဏဂုံကို ဘာကယ်စွဲမြဲသွား၏။ အိပ်မက်ထဲ၌ပင် သရဏဂုံကို ထည့်မက်ပြီး ရွတ်ဆို ဆောက်တည်နေတတ်၏။

အပါယ်ဘေးမှ ထိုက်သလောက် စိတ်အေးရလောက်ပြီ ဖြစ်သောကြောင့် ဆရာတော်ထံ ခွင့်ပန်ပြီး စီးပွားရေးလုပ်ရန် ဘလေးမြို့သို့ပြန်ခဲ့၏။ မြို့သို့ရောက်၍ လအနည်းငယ်အကြာမှာပင် ငှက်ဖျားရောဂါပိုး ဦးနှောက်ထဲရောက်ပြီး ကလေးဆေးရုံကြီးတွင် သေဆုံးသွား၏။ သေဆုံးခါနီးအချိန်ထိ သရဏဂုံကို ရွတ်ဆိုဆောက်တည်နိုင်ခြင်း၊ သေပြီးနောက်ညတွင် ‘မိတ်ဆွေတစ်ယောက်ကို သရဏဂုံစွဲမြဲမှုကြောင့် နတ်ပြည်ရောက်ရပြီဖြစ်ကြောင်း နတ်ဘော်တန်ဆာများဝတ်လျက် နတ်ဘုံနတ်နန်းများကို ပြသပြီး အိပ်မက်ပေး၏။’ ထို့ကြောင့် တပ်ကြပ်ကြီး လှရွှေတစ်ယောက် နတ်ပြည်သို့ ရောက်သွားပြီ ဖြစ်ကြောင်း သေချာသိနိုင်၏။

အင်္ဂုတ္တိုရ်အဋ္ဌကထာတွင် ဖွင့်ပြထားသော သီရိလင်္ကာမှ ငါးမျှား တံငါသည်တစ်ယောက်သည်လည်း သေခါနီးအချိန်ကျမှ ရဟန်းတစ်ပါး ဆောက်တည်ပေးသော သရဏဂုံကြောင့် လူ့အသက်နှင့် အနှစ်ကိုးသန်း အသက်ရှည်သော ‘စတုမဟာရာဇ်နတ်ဘုံ’သို့ ရောက်ခဲ့၏။ ဤကဲ့သို့ တစ်ခဏတာ သရဏဂုံသည်ပင်လျှင် ဤမျှလောက် အစွမ်းထက်နေလျှင် တစ်ဘဝတာတည်သော သရဏဂုံဆိုလျှင် ပြောဖွယ်ရာပင် မရှိချေ။ အပါဒါန်ပါဠိတော်တွင် တစ်ဘဝတာ တည်ခဲ့သော သရဏဂုံကြောင့် အဆုံးအဖတွင်

www.burmeseclassic.com



ရဟန္တာဖြစ်သွားခဲ့သော မထေရ်တစ်ပါးအကြောင်းကို ဖော်ပြထားသည်။

လွန်ခဲ့သော (၉၁)ကမ္ဘာက ပွင့်တော်မူခဲ့သည့် အနောမဒဿီမြတ်စွာဘုရားလက်ထက်တော်အခါက စန္ဒဝတီနေပြည်တော်တွင် မျက်မမြင် မိဘနှစ်ပါးကို လုပ်ကျွေးနေသော အမျိုးသားတစ်ယောက်ရှိ၏။ သူသည် မြတ်စွာဘုရား၏ လက်ယာတော်ရံအရှင် နိသဘမထေရ်ကိုပင့်ပြီး သရဏဂုံဆောက်တည်ခဲ့၏။ ထိုသရဏဂုံကို တစ်ဘဝလုံး တည်မြဲစေခဲ့၏။

မူလပဏ္ဏာသအဋ္ဌကထာ၌ သရဏဂုံပျက်ခြင်းနှစ်မျိုးကို ဖော်ပြထား၏။ ယင်းတို့ကား အပြစ်ရှိသော သရဏဂုံပျက်ခြင်းနှင့် အပြစ်မရှိသော သရဏဂုံပျက်ခြင်းတို့ပင် ဖြစ်၏။ အပြစ်ရှိသော သရဏဂုံပျက်ခြင်းကို ယင်းအဋ္ဌကထာ၌ ယခုလိုဖွင့်ပြ၏။

အညသတ္ထာရာဒီသု အဟံ အတ္တာနံ ပရိစ္စဇာမီတိ ဧဝံ အညသတ္ထာရဒ္ဒေသဝသေန သာဝဇ္ဇဘေဒေါတိ ဝုစ္စတိ။

"ဘုရား တရား သံဃာမှ တစ်ပါး အခြားသော ဘိုးတော်မယ်တော်၊ နတ်စိမ်းရုပ်များ၌ တပည့်တော်တို့၏ အသက်နှင့် ခန္ဓာကိုယ်ကို အရှင်ကြီး အရှင်ကောင်းတို့အား အပ်နှင်းလှူဒါန်းပါ၏" ဟူ၍ ပြောဆိုရှိခိုးလျှင် သရဏဂုံပျက်၏။ ဤသို့ ပျက်ခြင်းသည် အပြစ်ရှိသော သရဏဂုံပျက်ခြင်းဖြစ်၏။

ဗုဒ္ဓဘာသာဝင်တစ်ယောက် သေသွားသောအခါ သရဏဂုံပျက်၏။ ဤပျက်ခြင်းကား ဓမ္မတာဖြစ်သောကြောင့် အပြစ်မရှိသော သရဏဂုံပျက်ခြင်း ဖြစ်၏။ ထိုအမျိုးသားသည် ထိုဘဝမှ စုတေသောအခါ တစ်ဘဝတာတည်ခဲ့သော သရဏဂုံ ကုသိုလ်ကြောင့်



=(၉၁)ကမ္ဘာအပါယ်လေးပါးသို့ မကျရောက်ရခြင်း၊
=အကြိမ်-(၈၀) သိကြားမင်းဖြစ်ရခြင်း၊
=(၇၅) ကြိမ်-စကြာမင်းဖြစ်ရခြင်း၊
=ရိုးရိုးပဒေသရာဇ် ကေရာဇ် ဘုရင်အဖြစ် အကြိမ်ကြိမ်ဖြစ်နေခြင်း၊

အဆုံးဘဝတွင် ဂေါတမမြတ်စွာဘုရားသာသနာ၌ (၇)နှစ်သားအရွယ်မှာပင် ရှင်သာမဏေ အဖြစ်ခံယူ၍ သရဏဂုံအဆုံး၌ ရဟန္တာ ဖြစ်တော်မူခဲ့ရသောကြောင့် တိသရဏဂမနိယ မထေရ်ဟု တွင်၏။

ဈေးဝယ်သောအခါ တစ်ပိဿာဝယ်လျှင် တစ်ပိဿာရ၏။ ဈေးသည်က တစ်ပိဿာ အပြည့်အပြင် မေတ္တာလက်ဆောင်ထည့် ပေးလျှင် အဆစ်ပါရ၏။ ထို့အတူ သရဏဂုံတည်လျှင် အကျိုးရင်း၊ အကျိုးဖျား ဟူ၍ နှစ်မျိုးရ၏။ ယခုဖော်ပြပြီးသည်တို့ကား အကျိုး အရင်းဖြစ်၏။ တစ်ပိဿာဝယ်၍ တစ်ပိဿာရခြင်းမျိုး၊ တစ်ရာဖိုးဝယ်၍ တစ်ရာဖိုးရခြင်းမျိုးပင်ဖြစ်၏။ အဆစ်နှင့် တူသည့် အကျိုးဖျားဟုခေါ်သော ကောင်းကျိုး (၈)မျိုးကိုလည်း ဘဝဆက်တိုင်း ရနိုင်သေး၏။ ထိုကောင်းကျိုး(၈)မျိုးကိုလည်း အပါဒါန် ပါဠိတော်မှာပင် ဟောတော်မူထား၏။

(ဆောင်)

=သရဏဂုံတည်သူ၊ များဗိုလ်လူ၊ အတူရမည်မှာ
=အပူဇော်ခံခြင်း၊ ညဏ်ထက်ပြင်း၊ အလျှင်းအလိုပါ
=နှစ်သက်ချစ်ခြင်း၊ ရွှေအဆင်း၊ မယွင်းတူလေပါ

www.burmeseclassic.com

www.burmeseclassic.com



=ကျော်စောထင်ရှား၊ စည်းစိမ်အား၊ များပြားခံစားရ
=သရဏဂုံတောင်းကျိုး၊ ထိုရှစ်မျိုး ရိုကျိုးဆောင်
လိုက်ပါ။

သရဏဂုံတည်ခဲ့သူသည် လူ၊ နတ်၊ ဗြဟ္မာ မည်သည့်ဘဝ
သို့ ရောက်ရောက် -

(၁) လူအများ၏ ပူဇော်ခံခြင်းကို ခံယူရသည်။
(၂) ထူးထူးခြားခြား သူတကာထက် ဉာဏ်ကောင်းသည်။
(၃) သူ၏အလိုသို့ အများက လိုက်ပါရသည်။
(၄) သတ္တဝါအားလုံးက နှစ်သက်သည်။
(၅) သတ္တဝါအားလုံးက ချစ်ခင်သည်။
(၆) ရွှေအဆင်းကဲ့သို့ လှပသည်။
(၇) ကျော်စောထင်ရှားသည်။
(၈) စည်းစိမ်များပြားသည်။

မြန်မာပြည်တွင် သံဃာတော်ပေါင်း လေးသိန်းကျော်ရှိ၏။ ထိုလေးသိန်းကျော်တွင် တိပိဋက အာဂုံ၊ ရေးဖြေအောင်မြင်သူ ပေါင်း(၁၁)ပါးသာ ရှိသေး၏။ ထိုတိပိဋကဓရ၊ တိပိဋကကောဝိဒ ဘွဲ့တို့ ရရန်အတွက် တစ်လက်မခန့်ထူသော ပါဠိတော် အုပ်ရေ (၂၀)ကို အာဂုံအလွတ် ပြန်ရ၏။ ထိုသို့ အာဂုံအောင်ပြီးသူကို 'တိပိဋကဓရဘွဲ့' တံဆိပ်ကို ပေး၏။ တိပိဋကဓရဟူသည် ပိဋကတ် သုံးပုံကို ဆောင်ထားနိုင်သူဟု အဓိပ္ပာယ်ရ၏။ သို့သော် ထိုအောင် မြင်ခြင်းသည် တစ်ဝက်သာအောင်မြင်ခြင်းဖြစ်၏။ အကုန်အောင် မြင်ခြင်း မဟုတ်သေး။ နောက်ထပ် တိပိဋကကောဝိဒဘွဲ့ရရန် ထိုပါဠိတော် အုပ်(၂၀)ကို အကျယ်ထပ်ဖွင့်သော အဋ္ဌကထာ ဋီကာ



အုပ်ရေပေါင်း (၈၀)ကို ဖတ်ရှုမှတ်သားရပြီး တစ်ဘာသာလျှင် အမှတ်(၆၀)ကျော်ရအောင် ရေးဖြေနိုင်မှ "တိပိဋက ကောဝိဒ" ဟူသည့် ဘွဲ့ကိုရ၏။

တိပိဋကကောဝိဒဟူသည် ပိဋကတ်သုံးပုံ၌ ကျွမ်းကျင် လိမ္မာသူဟု အဓိပ္ပာယ်ရ၏။ ထို တိပိဋကအောင် ပုဂ္ဂိုလ်များသည် အလွန်ဉာဏ်ကောင်းကြ၏။ တစ်နာရီလျှင် စာမျက်နှာဆယ်မျက်နှာ ဘိရအောင် ကျက်မှတ်နိုင်သူများပင် ရှိ၏။ ထိုကဲ့သို့ ဉာဏ်ကောင်း ကြခြင်းသည် အတိတ်ဘဝက သရဏဂုံ တည်မြဲခဲ့ကြသောကြောင့် ပင်ဖြစ်၏။ ဖော်ပြပါ ကောင်းကျိုးများအားလုံးကို ဗုဒ္ဓဘာသာဝင် တိုင်း ရရှိနိုင်၏။ သို့သော် ဆောက်တည်ထားသော သရဏဂုံ မပျက် စီးဖို့တော့ အရေးကြီး၏။ အထူးသဖြင့် ဘုရားဆောင်ဘေးတွင် ပူဇော်ထားသော ... ပူနေသောဘိုးတော်၊ မယ်တော်၊ အိမ်တွင်း၊ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်း, စသော အရုပ်များကို စွန့်ပစ်ဖို့လို၏။ ရှိမခိုးဖို့ သို၏။

ထိုနတ်စိမ်းများအားလုံးသည် ဘုံနှင့်ခွဲလျှင် ပြိတ္တာဘုံသား များသာ ဖြစ်၏။ ပြိတ္တာဘုံသားများသည် ဝတ်ပြတ်ဆင်းရဲသော ဘဝကို တစ်သက်လုံး ပေခံနေရကြရသူများဖြစ်၏။ ထို့ကြောင့် သင်းတို့သည် ကိုးကွယ်စရာ ပုဂ္ဂိုလ်များ မဟုတ်ကြ။ သနားစရာ ပုဂ္ဂိုလ်များသာဖြစ်၏။ လောကတွင် ချမ်းသာသူကို ပေါင်းသင်းမှ မိမိအတွက် ငွေရေး၊ ကြေးရေး၊ အကူအညီရနိုင်၏။ ဝတ်ပြတ်ဆင်းရဲ နေသူကို ပေါင်းသင်းလျှင် မိမိက ကုန်ဖို့သာရှိ၏။ ထို့အတူ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးပါး ချမ်းသာသောဘုရား၊ တရား၊ သံဃာကို

www.burmeseclassic.com

www.burmeseclassic.com



ကိုးကွယ်မှသာလျှင် မိမိအတွက် ကောင်းကျိုးချမ်းသာများကို ရနိုင်၏။

သိက္ခာသုံးပါးပင်မက စားသောက်စရာပါ ဆင်းရဲနေသော ပြိတ္တာဘုံသားများကို ကိုးကွယ်လျှင် သူတို့ထံက ဘာမျှမရနိုင်သည့် အပြင် ကိုယ့်ဆီကသာ ကုန်ခန်းဖို့ရှိ၏။ သူတို့သည် လူသားများအား ချမ်းသာကို မပေးနိုင်သော်လည်း ဆင်းရဲကိုကားပေးနိုင်၏။ ကမ္ဘ ဝိဒ္ဒိ-ကံကပေးသော တန်ခိုးအရ လူများက သူတို့ကို မမြင်နိုင်ဘဲ သူတို့ကသာ လူသားများကို မြင်နိုင်သောကြောင့် အချို့ နတ်စိမ်းများ က လူကို ဒုက္ခပေးနိုင်ခြင်း ဖြစ်၏။

ရန်ကုန်မြို့သစ်တစ်ခုတွင် အိမ်တွင်းက နှောင့်ယှက်သော ကြောင့် ဒုက္ခရောက်သွားသော လင်မယားနှစ်ယောက်ကို တွေ့ဖူး၏။

သူတို့နှစ်ယောက်သည် သူတို့ဇာတိရွာသို့ ကထိန်ခင်းရန် သွားကြ၏။ သာယာဝတီနယ်ဘက်က ရွာတစ်ရွာပင်ဖြစ်၏။ ကားမှ ဆင်းပြီး ဆိုက်ကား နှစ်နာရီလောက်စီးရ၏။ ဆိုက်ကားစီးသွားရင်း လမ်းခုလတ်တွင် ဆိုက်ကားမှောက်၏။ အမျိုးသမီးက လည်ပင်း စောင်းသွားပြီး အမျိုးသားက ပါးတစ်ဖက်ညိုမဲသွား၏။ နိုင်ငံခြား ဆေး၊ တိုင်းရင်းဆေး မည်သည့်ဆေးနှင့်ကု, ကု မပျောက် ဖြစ်နေ ၏။ တကယ်တတ်ကျွမ်းနားလည်သော ပယောဂ ဆရာနှင့်ကုသော အခါတွင် အဖြစ်မှန် အားလုံးပေါ်၏။ သူတို့ဆိုက်ကားမှောက် အောင် ဒုက္ခပေးသောသူသည် သူတို့အိမ်တွင် ကိုးကွယ်ထားသော 'အိမ်တွင်း မင်းမဟာဂီရိ'ဖြစ်နေ၏။

ကာယကံရှင် အမျိုးသမီးကိုပင် ဝင်စီးပြီးပြောနေခြင်းဖြစ် ၏။ 'အဘယ်ကြောင့် ဤသို့လုပ်ရသနည်း'ဟု မေးသောအခါ 'သူကို



နိုင်သော အောက်လမ်းဆရာက ခိုင်းသောကြောင့်' ဟုဖြေ၏။ အကယ်၍ အောက်လမ်းဆရာက သေအောင်လုပ်ခိုင်းလျှင် လုပ်မှာ သလားဟု မေးသောအခါ 'ခိုင်းရင် လုပ်ရမှာပဲ'ဟု ဖြေ၏။ အနာနှင့် ဆေးတည့်သွားသောကြောင့် လင်မယားနှစ်ယောက်စလုံး ဒဏ်ရာ တွေ ပျောက်သွားကြ၏။ ထိုအချိန်မှစ၍ သူတို့သည် အိမ်တွင်းမှစ၍ ည်သည့်နတ်စိမ်းမှ မကိုးကွယ်တော့ပေ။

တစ်ခါကလည်း ရန်ကုန် ကမာရွတ် အိမ်တစ်အိမ်တွင် အမျိုးသမီးတစ်ယောက် ရောဂါဖြစ်နေရာ တခြားဆေးများနှင့် ကုလို့မရသဖြင့် စစ်မှန်သော ပယောဂ ဆရာတစ်ယောက်နှင့် စစ်ဆေးကြည့်သောအခါ ဦးမင်းကျော်ခေါ် ကိုကြီးကျော်နတ်က ပူးစားထားကြောင်း တွေ့ရ၏။ ထိုအချိန်မှာပင် မျက်စောင်းထိုးအိမ် မှ ဒကာလေးတစ်ယောက်ကို မကောင်းဆိုးဝါး ဝင်ပူးသဖြင့် ယင်း ဆရာကိုပင် အရေးပေါ်လာခေါ်ကြ၏။ ဆရာသည် သူ့နည်းသူ့ဟန် ဖြင့် အမျိုးသမီးကို ဝင်စီးနေသော ဦးမင်းကျော်နတ်ကို ထွက်မရ အောင် ချုပ်ထားလိုက်ပြီး မျက်စောင်းထိုးအိမ်သို့ လိုက်သွား၏။ မျက်စောင်းထိုးအိမ်ရောက်၍ ဝင်ပူးနေသော ပုဂ္ဂိုလ်ကို သေချာချုပ် ထားပြီး မေးမြန်းစိစစ်ကြည့်သောအခါ 'နောက်ထပ် ဦးမင်းကျော် တစ်ယောက်' ဖြစ်နေပြန်၏။

အံ့ဩစရာကောင်းပေစွ။ ဦးမင်းကျော်နတ်သည် နှစ် ယောက် ဖြစ်နေလေပြီတကား။ ထိုအခါ ပယောဂဆရာက ဦးမင်းကျော် နှစ်ယောက်ဖြစ်နေခြင်းအကြောင်းကို စစ်မေးသော အခါ ယခုလိုသိရ၏။ ဦးမင်းကျော်အစစ်ကား သူတို့ကိုယ်တိုင်ပင် မမြင်ဖူးကြောင်း။ ရှိတော့မည်ဟုလည်း မထင်ကြောင်း။ သူတို့နှစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



လုံးသည် ဦးမင်းကျော်နတ်ကို စွဲလမ်းပြီး သေကြသူတွေဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့ကိုယ် သူတို့ ဦးမင်းကျော် အမည်ခံပြီး ဦးမင်းကျော်ကို ပသ သော နေရာတိုင်းသို့ လှည့်လည် သွားလာနေထိုင်ကြောင်း ပြောပြ၏။

ဤအထောက်အထားအရ ပြိတ္တာများကို ကိုးကွယ်စွဲလမ်း၍ သေရသူများသည် ပြိတ္တာများသာ ပြန်ဖြစ်ရကြောင်း ထင်ရှားပါ၏။ အဘယ်ကြောင့်နည်း။ ထိုပြိတ္တာများ၌ ကိုးကွယ်ယုံကြည်ထိုက်သော သိက္ခာသုံးပါး တစ်ပါးမျှ မရှိသောကြောင့်တည်း။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတွင်ကား ယုံကြည်ကိုးကွယ်ထိုက်သော သိက္ခာသုံးပါး အပြည့်ရှိသောကြောင့် ကိုးကွယ်သူ မှန်သမျှအား ကောင်းကျိုးအနန္တကို ရစေနိုင်စွမ်းရှိ၏။

ကောသမ္ဗီရဟန်းများ ကုဋ္ဌီ သန့်သက်ရေကို အကြောင်းပြုပြီး ကွဲကြပြဲကြရာ ဘုရားရှင် ဝင်ရောက်ဆုံးမသည်ကိုပင်လက်မခံကြ။ ထိုအခါ ဘုရားရှင်သည် ပလလဲတောသို့ တစ်ပါးတည်းကြွပြီး သီတင်းသုံးရာ ပလလဲဆင်မင်းနှင့်မျောက်တို့က ပြုစုလုပ်ကျွေးကြ၏။

ထိုကုသိုလ်ကြောင့် သူတို့ကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်ကြရ၏။

ဘာသာခြားသော မဋ္ဌကုဏ္ဍလီအမည်ရှိ အမျိုးသားလေးသည် ရောဂါ အသည်းအသန်ဖြစ်ကာ သေခါနီး အချိန်သို့ ရောက်နေ၏။ ဖခင်ဖြစ်သူက မဋ္ဌကုဏ္ဍလီ မသေမီမှာပင် ခုတင်နှင့် အတူ အိမ်ရှေ့သို့ ထုတ်ထားလိုက်၏။



အကြောင်းပြချက်ကား လူနာမေးလာသူများက အိမ်တွင်းရှိ သူပိုင်ပစ္စည်းဥစ္စာများကို မြင်သွားပြီး တောင်းရမ်းငှားမှာ စိုးရိမ်သောကြောင့်ဟူ၏။ မည်သည့်ကုသိုလ်မျှ မရှိရှာသော မဋ္ဌကုဏ္ဍလီသည် ယနေ့ပင်စုတေပြီး အပါယ်သို့ ကျမည်ကို ဗုဒ္ဓမြင်တော်မူ၏။ ထို့ကြောင့် မဋ္ဌကုဏ္ဍလီရှိရာသို့ ကြွလာပြီးလျှင် ရောင်ခြည်တော်များ လွှတ်ပြီး အပူဇော်ခံတော်မူ၏။ မဋ္ဌကုဏ္ဍလီသည် သဒ္ဓါစိတ်ပေါ်သွားပြီး အိပ်ရာထက်မှ လက်အုပ်ချီပြီး ကြည်ညိုကန်တော့လိုက်၏။ ဤကုသိုလ်ကပင် မဋ္ဌကုဏ္ဍလီ သေသောအခါ နတ်ပြည်သို့ ပို့ပေး၏။

ဤကဲ့သို့ သဝိညာဏက သက်ရှိမြတ်စွာဘုရားကို ကိုးကွယ်ခြင်းကို မဆိုထားနှင့် အဝိညာဏက သက်မဲ့ ဗုဒ္ဓရုပ်ပွားဆင်းတုတော် များကို ကိုးကွယ်ပူဇော်ခြင်းသည်ပင်လျှင် ကောင်းကျိုးအနန္တကို ရစေနိုင်စွမ်းရှိ၏။

လက်တွေ့သာဓကပြအံ့။

ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ စမ်းမြိုင်ရပ်ကွက်မှ ဒေါ်ကုလားမသည် အိမ်မှဗုဒ္ဓ ရုပ်ပွားတော်ကို ဆွမ်းကပ်သည့်အခါ တကယ်သက်တော်ထင်ရှား ဘုရားရှင်ကဲ့သို့ သဘောထားပြီး ကပ်လေ့ရှိ၏။ ဆွမ်းနှင့်ဟင်းကို တစ်ပါးစာလုံလောက်အောင် ရဟန်းတစ်ပါးဆွမ်းကပ်သလို ကပ်၏။ ကြောင်တစ်ကောင်စာလောက် ဖြစ်ကာတတ်ဆန်း ကပ်သည်မဟုတ်ပေ။

သောက်ရေ၊ လက်ဆေးရေဇလုံ၊ ဖွန်း၊ လက်သုတ်ပဝါစုံစေအောင်ပါ၏။ တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမေစိတ္တေ သမံ ဖလံ၊ စိတ်ထားတူလျှင် အကျိုးပေးတူသည်ဟူသော ဒေသနာအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကုလားမ မသေမီမှာပင် လူ့သက်တမ်းနှင့်ဆိုလျှင် နှစ်ပေါင်း သုံးကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သည့် တာဝတိံသာ နတ်ပြည်၌ ရွှေဗိမာန်ကြီး ကြိုတင်ပေါက်နှင့်၏။ ထိုဖြစ်ရပ်ကို ဒေါ်ကုလားမကိုယ်တိုင်က ပြောတာဆိုလျှင် လူအထင်ကြီးအောင် ကြွားတာပါဟုဆိုလျှင် ဆိုနိုင်၏။ ယခုကား ဒေါ်ကုလားမ ကိုယ်တိုင် ပြောခြင်းမဟုတ်။

ကိုယ်တိုင်မြင်ခဲ့ရသော နတ်ပြည်ပြန် ဘေးပုဂ္ဂိုလ်တစ်ယောက်က ပြောခြင်းဖြစ်၏။

ထိုပုဂ္ဂိုလ်ကား ဖြူးမြို့နယ်၊ ဝဲကြီး အောက်ခုံရွာကျောင်း ဆရာတော်ကြီး ဦးဇာဂရဖြစ်၏။ ယခုကား ပျံလွန်တော်မူခဲ့လေပြီ။ ထိုအချိန်ကပင် ဆရာတော်ကြီးသက်တော် မှာ (၈၀)ခန့်ရှိနေပြီဖြစ်၏။ တစ်နေ့တွင် ဆရာတော်ကြီးသည် ရောဂါဒဏ်ကြောင့် သတိလစ်မေ့မြောကာ နတ်ပြည်သို့ ရောက်သွား၏။ လူ့ပြည်တွင် သူ့အိမ်နှင့်သူ နေသလို နတ်ပြည်တွင်လည်း သူ့ဗိမာန်နှင့်သူ နေကြ၏။ လူ့ပြည်တွင် အိမ်အကောင်းအညံ့ ကွာသလို နတ်ပြည်တွင်လည်း ဗိမာန်အကောင်းအညံ့ ကွာ၏။

တချို့ ငွေဗိမာန်၊ တချို့ ရွှေဗိမာန်၊ တချို့ပတ္တမြားဗိမာန် စသည်အားဖြင့် လူ့ဘဝကပြုခဲ့သော ကုသိုလ်အလိုက် ကွာခြားမှု ရှိကြ၏။ လှည့်လည်ကြည့်ရင်းဖြင့် ရွှေဗိမာန်ကြီးတစ်ခုတွင် ပိုင်ရှင်နှင့်တူသော နတ်သားနတ်သမီးကို မတွေ့ရသဖြင့် သေချာမေးကြည့်ရာ အခြွေအရံနတ်သား နတ်သမီးများကဖြေသဖြင့် 'ဒေါ်ကုလားမ၏ ဗိမာန်'ဖြစ်ကြောင်း သိရခြင်းဖြစ်၏။



ဗုဒ္ဓလက်ထက် ကလည်း နန္ဒိယသူတွယ်သည် ဘုရားအမှူးရှိသော သံဃာတော် များကို ကျောင်းဆောက်လှူ၏။ ထိုကျောင်းရေစက်ချပြီးသည်နှင့် နတ်ပြည်မှာ ဗိမာန်ကြီးကြိုတင်ပေါက်နှင့်၏။ ထိုဖြစ်ရပ်ကို စာပေ၌ တွေ့ထားသောကြောင့် ဆရာတော်ကြီးသည် အခြွေအရံနတ်များထံ လိပ်စာကို သေချာမေးပြီး မှတ်သားခဲ့သောကြောင့် ပြန်သတိရလာသောအခါ အတိအကျ ပြောပြနိုင်ခြင်းဖြစ်၏။

(မှတ်ချက်) ။ *ဘုရားကို တစ်ပါးစာ ဆွမ်းဆက်ကပ်လှူလိုက်သည့်အတွက် ဆင်းရဲသူများက တို့တော့တတ်နိုင်မှာမဟုတ်ဟု တွေးမိကြလိမ့်မည်။ ထိုသို့ တွေးရန်မလိုပါ။ အဘယ်ကြောင့်နည်း။ ဆွမ်းတော်တင်ကို ချပြီးသောအခါ မိမိတို့အိမ်သားများ ပြန်စားနိုင်သောကြောင့် ပင်တည်း။*

တချို့က ပါးစပ်ရာဇဝင်တစ်ခုကို အကြောင်းပြုပြီး 'ဆွမ်းတော်တင်ကို မစားကောင်း'ဟု ထင်ကြ၏။

ထိုရာဇဝင်ကား အဖမ်းခံနေရသော မနူဟာမင်း၏ ပါးစပ်မှ အရောင်များ တောက်ပစွာ ထွက်လေ့ရှိ၏။ ထိုအရောင်များကို အနော်ရထာမင်းက မကြည့်ရဲသောကြောင့် ဘုရားဆွမ်းတော်တင်ကိုချပြီး ကျွေးခိုင်းလိုက်ရာ 'မနူဟာ၏ပါးစပ်မှ စက်ရောင်များ' ပျောက်သွားသည်ဟူ၏။

အနော်ရထာမင်းသည် မနူဟာမင်း၏ တစ်ကိုယ်လုံးကိုပင် ကြောက်သည့်အတွက် ဖမ်းဆီးခေါ်ဆောင်လာခဲ့ပြီး ဖြစ်၏။ ထိုသို့ဖြစ်ပါလျက် မနူဟာမင်း၏ ပါးစပ်ကစက်ရောင်ကို ကြောက်သည်ဟုဆိုသည်မှာ ဟုတ်နိုင်/မဟုတ်နိုင် မိမိကိုယ်တိုင် ဆန်းစစ်သင့်၏။

www.burmeseclassic.com



(၇)နှစ်သားနှင့် ရဟန္တာဖြစ်မည့် တိဿ သာမဏေအလောင်း သတို့သားလေး မိခင်ဝမ်းတွင် သန္ဓေယူစဉ်က မိခင်သည် အရှင်သာရိပုတ္တရာ အမှူးပြုသော ရဟန်းအပါး၅ပါးရာကို နို့ဃနာဆွမ်းကပ်လှူပြီး သံဃာတော်များ၏ စာကြွင်းကို စားလိုသော အာသာချင်ခြင်း ဖြစ်ပေါ်ခဲ့၏။ အာသာဖြစ်သည့်အတိုင်း လုပ်ပေးကြရ၏။ ဤအချက်ကိုထောက်၍ ဘုရားနှင့် သံဃာတော်များ၏စားကြွင်းသည် ယုတ်ညံ့သော အစာမဟုတ်ဘဲ မြင့်မြတ်သော အစာသာဖြစ်ကြောင်း ထင်ရှား၏။

အကယ်၍ ဆွမ်းတော်တင်ကြောင့် စက်ရောင်ပျောက်တာ အသေအချာပါဟု ဆိုလာခဲ့လျှင်လည်း ရိုးရိုးစွန့်ထားသည့်ဆွမ်းတော်တင်မဟုတ်ပါ။ ဆွမ်းတော်တင်ကို စွန့်ပြီး ခွေးစာ၊ ကြက်၊ ငှက်စာ ကျွေးတတ်ကြ၏။ ထိုတိရစ္ဆာန်တို့၏ စားကြွင်းဖြစ်သောကြောင့်သာ စက်ရောင်ပျောက်ခြင်း ဖြစ်နိုင်၏။

သေချာတွေးကြည့်လျှင် နိုင်ငံ၏ ဘာသာရေး စီးပွားရေးနှင့် လူမှုရေးကိစ္စများကို မရပ်မနား လုပ်ဆောင်နေရသည့် အနော်ရထာကဲ့သို့ ဘုရင်တစ်ပါးအနေဖြင့် ဘာမျှအရေးပါအရာရောက်သည်မဟုတ်သော မန္ဒူဟာမင်း၏ အာခံတွင်းမှစက်ရောင် ကိစ္စကို အချိန်ကုန်ခံပြီး စဉ်းစားဖို့ အချိန်ပင်ရမည် မဟုတ်ပါ။ သမိုင်းစာထဲတွင် ထိုဖြစ်ရပ်ပါနေသည် ဆိုလျှင်လည်း ရေးသူက ဖတ်သူများစိတ်ဝင်စားရန် ကြံဖန်ထည့်လိုက်ခြင်း ဖြစ်နိုင်သည်သာ။ ရေးခဲ့စဉ်က အတွေးအခေါ်ရှိသူများ ဖတ်မိလျှင် ထေရဝါဒ သာသနာပြုအနော်ရထာမင်းသည် ဤမျှလောက် အောက်တန်းကျသော စိတ်



ရှိသည်ဟူသည့် အထင်သေးမှုမျိုး ဖြစ်သွားလိမ့်မည်ဟု စဉ်းစားမိခဲ့သည်မဟုတ်။ ထို့ကြောင့် ထိုသို့ရေးခဲ့ခြင်း ဖြစ်လိမ့်မည်။

သူတော်ကောင်းတို့၏ စားကြွင်းကိုစားက ဘုန်းကံနိမ့်သည်ဟုဆိုလျှင် ထိုသူတော်ကောင်းများသည် ဘုန်းကံမရှိသောကြောင့်လောဟူ၍ ဘာသာခြားများမေးလာမည့် မေးခွန်းမျိုးကို မစဉ်းစားမိသောကြောင့် ရေးခဲ့မိခြင်းဖြစ်လိမ့်မည်။ ခေတ်အဆက်ဆက် မတိမ်ကောသော စာပေဖြစ်လိုလျှင် မှန်ကန်ခြင်း၊ အကျိုးရှိခြင်း၊ စိတ်ဝင်စားဖွယ်ကောင်းခြင်း ဟူသည့် အင်္ဂါသုံးချက်နှင့်ညီသော စာပေမျိုးကိုသာ အဓိကထားပြီး ရေးသင့်၏။ စိတ်ဝင်စားဖွယ်သာရှိပြီး မှန်ကန်ခြင်း အကျိုးရှိခြင်းအင်္ဂါနှစ်ပါးလွတ်သော စာပေများသည် သမိုင်းတွင်ကျန်ဖို့ နေနေသာသာ ယနေ့ဖတ်၊ နက်ဖြန် ပိဿာချိန်နှင့်ဝယ်သော ကုလားထံ ရောက်သွားမည်သာ ဖြစ်၏။

မော်ဘီဆရာသိန်းသည် မြန်မာ့စာပေပညာရှင်တစ်ယောက် ဖြစ်၏။ သူ၏ ပါးစပ်ရာဇဝင်၊ အရှုးလွယ်အိတ်စသော စာအုပ်များသည် ထင်ရှားသော စာအုပ်များပင်ဖြစ်သည်။ သူသည် နန်းတွင်းရေးဖြစ်ရပ်မှန်များကို အများဆုံးရေးသားခဲ့၏။ တစ်ကြိမ်တွင်ကား မှန်ကန်မှုနှင့် အကျိုးရှိမှုကို အဓိကမထားဘဲ စိတ်ဝင်စားမှုကိုသာ အဓိကထားခဲ့သောကြောင့် အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရဖူး၏။ သူသည် ယောအတွင်းဝန်ဦးဖိုးလှိုင်အား မယားထက်စာပေကို ပိုမိုအလေးထားပုံကို စာဖတ်သူများ စိတ်ရှင်စားစေချင်သဖြင့် မှန်ကန်မှုမရှိသော အောက်ပါလုပ်ဇာတ်တစ်ခုကို ဘိထွင်ရေးသားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com





ဦးဖိုးလှိုင်သည် စာကြည့်ခန်းတွင် စာကြည့်နေစဉ် အတွင်းအောက်ပါစာတန်းကို ချိတ်ထားလေ့ရှိ၏။ 'အရေးကြီးသောအကြောင်းအရာမှတစ်ပါး မည်သူမျှ စကားလာမပြောရ'။ ထိုအခါတွင် သူ၏ မင်းစေတစ်ယောက်က ယခုလိုလာပြီး သတင်းပေး၏။

"ဝန်မင်း၊ အရေးကြီးသော အကြောင်းအရာမို့ စကားပြောခွင့်ပြုပါ"

"ကဲ. . . ပြော၊ ဘာအကြောင်းလဲ"

"ဝန်မင်းကတော်ဟာ ယောကျ်ားတစ်ယောက်နှင့် ဖောက်ပြန်နေတာကို တွေ့ခဲ့ရပါတယ်၊ အဲဒီအကြောင်းကို လာသတိပေးတာပါ"

"ဒါအရေးကြီးတဲ့ အကြောင်းအရာ မဟုတ်ပါဘူး၊ မိန်းမဆိုတာ မြင်းနှင့်တူတယ်၊ မြင်းဆိုတာ စီးတဲ့သူနောက် ပါသွားသလိုမိန်းမဆိုတာလည်း ယောကျ်ားခေါ်ရာနောက် ပါသွားတတ်တာပဲ၊ သွား, နောက်ထပ် ဒီအကြောင်းလာမပြောနဲ့၊ မင်း အလုပ် မင်းသွားလုပ်ချေ"

ထိုသို့ပြောပြီး စာကိုသာ ဆက်ဖတ်နေသောဟူ၏။ ထိုစာသည် တစ်ပြည်လုံး ပြန့်သွားသောအခါ ဝန်မင်းသည် စာပေကိုအလေးထားသူ၊ တပ်မက်မှုနှင့် ဒေါသကို ပယ်ခွာနိုင်သူအဖြစ် ဂုဏ်တက်ခဲ့သော်လည်း သစ္စာရှိပြီး သီလလုံခြုံသော ဝန်ကတော်ကြီးကိုကား နောက်မီးလင်းသည့် အကျင့်ပျက် မိန်းမတစ်ယောက်ဟု ယူဆသွားကြ၏။ ထိုအချိန်က သက်ရှိထင်ရှားရှိနေကြသော ဝန်ကတော်၏ ဆွေမျိုးများက မော်ဘီဆရာသိန်းကြီးကို အသရေဖျက်မှုဖြင့် တရားစွဲရန် ပြင်ဆင်ကြ၏။ ထိုအခါကျမှ ဆရာသိန်းသည် ကာယကံရှင်များကို သူမှားရေးမိကြောင်း ဝန်ချတောင်းပန်၏။

ဝန်ကတော်သည် အကျင့်သိက္ခာကောင်းသော အမျိုးသမီးတစ်ယောက်မှန်း သိပါလျက် ဘာကြောင့် ထိုသို့ လုပ်ကြံရေးရသနည်းဟု မေးသောအခါ စာဖတ်သူများ စိတ်ဝင်စားအောင် ကြံဖန်ရေးလိုက်ပါသည်ဟု ပြန်ဖြေခဲ့၏။ ထို့ကြောင့် စာတစ်ပုဒ်ရေးတော့မည်ဆိုလျှင် မှန်ကန်မှုနှင့် အကျိုးရှိမှုကို ပထမနေရာမှာထားပြီး စိတ်ဝင်စားမှုကို ဒုတိယနေရာမှာ ထားသင့်ကြောင်း အကြံပြုအပ်ပါသည်။

'စတုသု အပါယေသု ဝဋ္ဋဒုက္ခေသု အပတမာနေ ကတ္တာ ခာရေတီတိ မဂ္ဂေါ'ဟူသော ဝိဂြိုဟ်အရ ပါရမီနုသူများကို အပါယ်မကျစေဘဲ နတ်ပြည်ရောက်အောင် ဆောင်တတ်သောကြောင့် လည်းကောင်း၊ ပါရမီရင့်ပြီးသူများကို အို၊ နာ၊ သေဝဋ်ဆင်းရဲရှိသည့် ဘုံဘဝများသို့ မကျရောက်စေဘဲ နိဗ္ဗာန်သို့ ပို့ဆောင်တတ်သောကြောင့် လည်းကောင်း မဂ္ဂမည်၏။ ထိုမဂ္ဂအား ကျင့်ဆောင်ပွားများကြသော လူသားတို့ကို မဆိုထားဘိ၊ နာကြားကြရသောတိရစ္ဆာန်များကိုပင် သုဂတိဘဝသို့ ပို့ဆောင်ပေးတတ်၏။

ကဿပ ဘုရားလက်ထက်က ကျောက်လိုဏ်ဂူထဲတွင် အဘိဓမ္မာတရားကို နာယူခဲ့သော ကုသိုလ်ကြောင့် လင်းနို့ငါးရာသည် နတ်ပြည်သို့ ရောက်ခဲ့၏။

ဖားလေးတစ်ကောင်သည် ဂေါတမမြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို နာယူရင်း နွားကျောင်း သားတ်နှင့်ထောက်မိပြီး သေပွဲဝင်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှန်းမသိဘဲ နာရသော ဓမ္မသ ဝနကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ခဲ့ရ၏။ နတ်ပြည်ရောက်သောအခါ မိမိသည် အဘယ်ကုသိုလ်ကြောင့် နတ်ပြည်ရောက်သနည်းဟု ပြန်ကြည့်သောအခါ တရားနာသော ကုသိုလ်ကြောင့်ဟု သိသွား၏။ တရားပွဲသည် မပြီးဆုံးသေး၊ တစ်ဝက်လောက်သာ ရောက်သေး၏။ ထို့ကြောင့် သူ၏ဗိမာန်နှင့်တကွ ဆင်းလာပြီးလျှင် တရားကို ဆက်နာသောကြောင့် သောတာပန်ပင်တည်ခဲ့ရသည်။

**(မှတ်ချက်)** ။ ဤမဏ္ဍူကဒေဝပုတ္တ ဖားနတ်သား ဝတ္ထုကို ထောက်၍ ပကတိသာဝကများသည် ဘဝနှင့်ချီ၍ ပါရမီဖြည့်ရန် မလို၊ ယခုဘဝလိုချင်လျှင် ယခုဘဝရနိုင်ကြောင်း လယ်တီဆရာတော်က ဥတ္တမပုရိသဒီပနီတွင် ရေးသားခဲ့၏။

သံယုတ္တနိကာယ်၊ ပုနဗ္ဗသုသုတ်လာ၊ ပုနဗ္ဗသု-မာတာမည်သော ဘီလူးမကြီးတစ်ကောင်သည် ဥတ္တရာမည်သော သမီးငယ်ကို ပွေ့ချီလျက် ပုနဗ္ဗသုမည်သော သားကို လက်ဆွဲကာ အစာရှာထွက်လာရင်း မြတ်စွာဘုရား သစ္စာလေးပါး တရားဟောကြားနေသည့် ဇေတဝန်ကျောင်းအနီးကို ရောက်လာ၏။ အစာဆက်မရှာသေးဘဲ တရားကို ဝင်နာရာ သားဖြစ်သူနှင့်အတူ သောတာပန် တည်သွား၏။ တရားနာစအချိန်က သမီးက စားစရာရှာပေးရန် ပူဆာသောအခါ ဘီလူးမကြီး ပြန်ပြောသောစကားလေးက ဗုဒ္ဓဘာသာဝင်များ အထူးမှတ်သားဖို့ ကောင်းသဖြင့် ဖော်ပြလိုက်ပါ၏။

“ချစ်သမီး ဥတ္တရာ၊ ဆိတ်ဆိတ်နေပါလော့၊ နတ်လူတို့အား ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည် ဆင်းရဲနှောင်ကြိုးမှ လွတ်မြောက်စေနိုင်သည့် နိဗ္ဗာန်တရားတော်ကို ဟောကြားလျက်



ရှိလေပြီ၊ တရားတော်၌ မြတ်နိုးရခြင်းသည် စင်စစ်ကြာအောင့်ကြာမှုသာ ဖြစ်ရ၏”

“လောက၌ သားသမီးကိုလည်းကောင်း၊ ခင်ပွန်းကိုလည်းကောင်း ချစ်အပ်၏။ ငါကား သားသမီးခင်ပွန်းတို့ထက် တရားရှာခြင်းကို ပို၍ မြတ်နိုးလေပြီ၊ သား သမီး ခင်ပွန်းတို့သည် တရားနာခြင်းကဲ့သို့ ဆင်းရဲဒုက္ခမှ လွတ်မြောက်စေနိုင်မည်မဟုတ်’

သောတာပန်ဖြစ်သည်နှင့် ဆင်းရဲဒုက္ခမှ လွတ်ပြီး နတ်ချည်းစိမ်များကို ရရှိသွားကြ၏။ သံဃာတော်များကို ကိုးကွယ်ဆည်းကပ်လှူဒါန်းရခြင်းသည်လည်း ဆင်းရဲဒုက္ခမှ လွတ်မြောက်ပြီး ကောင်းကျိုးချမ်းသာကို ရရှိနိုင်သည်သာ ဖြစ်၏။

ဗုဒ္ဓလက်ထက်တော်က သူဌေးတစ်ယောက်အိမ်မှ အစေခံမကြီးသည် ယနေ့ နေ့လယ်ခင်းမှာပင် သေဆုံးပြီး အပါယ်လေးပါးသို့ ကျရတော့မည် ကို အရှင်မဟာကဿပမထေရ်က မြင်တော်မူ၏။ အစေခံမကြီးမှာ အားကိုးစရာ ကုသိုလ်တစ်ခုမျှ မရှိပေ။ ထို့ကြောင့် သင်္ကန်းရုံ သပိတ်ပိုက်ပြီး သူဌေးအိမ်ရှေ့တွင် ဆွမ်းရပ်တော်မူ၏။ ထင်ရှားသော မဟာသာဝကကြီးတစ်ပါးဖြစ်သောကြောင့် သူဌေးလင်မယား သည် အကောင်းစားဆွမ်းနှင့် ဆွမ်းဟင်းတို့ကို လောင်းလှူကြ၏။

မထေရ်မြတ်ကြီးကား သပိတ်အဖုံးကို ဖွင့်ပေးတော် မမူဘဲ အိမ်နောက်ဖေး တန်းလျားမှ အစေခံမကြီးကိုသာ လှမ်းကြည့်နေတော်မူ၏။ ထိုအခါ အစေခံမကြီးသည် မထေရ်မြတ်က သူ့ထံမှ ဆွမ်းကိုသာ အလှူခံလိုကြောင်း ရိပ်မိသဖြင့် သူစားမည့် ထမင်းကြမ်းနှင့် ဟင်းရွက်ကြော်လေးတစ်ခွက်ကို လာပြီး လောင်းလှူ၏။

www.burmeseclassic.com



ထိုအခါကျမှ မဆောင်မြတ်က သပိတ်ကိုဖွင့်ပေးပြီး အလှူခံတော်မူ၏။ သူ့ထမင်းကြွေးကို အလှူခံသဖြင့် အစေခံမကြီးသည် အလွန်ဝမ်းသာသွားသော်လည်း 'ငါလှူတဲ့ ဆွမ်းကြွမ်းတွေကို မထေရ်မြတ် ဘုဉ်းပေးနိုင်ပါ့မလား'ဟု စိုးရိမ်စိတ်ဝင်နေရှာ၏။ သူ၏စိုးရိမ်စိတ်ကို စိတ်တန်ခိုးဖြင့် သိသွားသော မထေရ်မြတ်က အစေခံမကြီး မြင်လောက်ရာ သစ်ပင်တစ်ပင်ဘေးမှ ကွပ်ပျစ်ပေါ်မှာပင် 'ဘုဉ်းပေးသုံးဆောင်တော်'မူ၏။

ထိုသို့မြင်တွေ့ရမှ အစေခံမကြီးသည် သူ့အလှူကို အားရဝမ်းသာဖြစ်သွားလေ၏။ ထိုနေ့ နေ့ခင်း သေလွန်သောအခါ ထိုဆွမ်းကုသိုလ်ကြောင့် နတ်ပြည်သို့ ရောက်ရ၏။ အစေခံမကြီးကို အပါယ် ဘေးမှ ကယ်တင်ပေးသည်မှာ 'သံဃာရတနာ'ပင် ဖြစ်၏။

ဗုဒ္ဓလက်ထက် လွန်ခဲ့သော နှစ်ပေါင်း(၂၅၄၈)နှစ်က သံဃာများကိုသာ ကိုးကွယ်သူ ဒကာ၊ ဒကာမတို့အား အပါယ်ဘေးက ကယ်တင်ခဲ့သည်မဟုတ်၊ ယခုခေတ် သံဃာများသည်လည်း ကိုးကွယ် သူ ဒကာ၊ ဒကာမတို့အား အပါယ်ဘေးမှ ကယ်တင်သည်သာ ဖြစ်၏။

ဖြူးနှင့် ပဲခူးရိုးမတောစပ်တွင် 'စိန်ကြီးဘုရား'ဟု အမည်တွင်သော စေတီတစ်ဆူရှိ၏။ ဘုရားဒကာမှာ တောင်ငူဘုရင် တပင်ရွှေထီးဖြစ်သည်။ တစ်နေ့ ထိုစေတီနားတွင် ရဟန်းတော်တစ်ပါး တရားထိုင်နေသည်ကို ချင်းခင်ရွာမှ ကိုမောင်ကြီးက သတိထားမိသွား၏။ ထိုရဟန်းသည် နေပူပူ၊ မိုးရွာရွာ ဘုရားရင်ပြင်နှင့် သစ်ပင်အောက်တွင်သာ အမြဲရှိနေ၏။ သီတင်းသုံးစရာ ကျောင်းမရှိပေ။ ထို့ကြောင့် ကိုမောင်ကြီးက ရဟန်းတော်ကို လျှောက်ထား



ပြီး မိမိတတ်နိုင်သမျှ ဓနိမိုး၊ ထရံကာ တစ်ပါးနေ တဲကျောင်းလေးတစ်ကျောင်းကို ကိုယ်တိုင်ဆောက်လုပ်လှူဒါန်းရန် ကြိုးစား၏။ တိုင်၊ အမိုး၊ အကာ အကုန်ပြီးသွားသော်လည်း အခင်းအတွက် ဝါးလုံးခြောက်လုံးခန့် လိုနေ၏။ သူ့ရွာပြန်ယူဖို့ကလည်း အလွန်ဝေးနေ၏။

စိန်ကြီးဘုရားနှင့် အနီးဆုံးရွာဖြစ်သည့် ဆယ်အိမ်စုရွာထဲတွင် စောထီလအမည်ရှိ အသိကရင်အမျိုးသားကြီး တစ်ယောက်ရှိ၏။ ထိုသူ့ထံတွင် အကူအညီတောင်းကြည့်ဖို့ ထွက်လာခဲ့၏။ တစ်ခုခက်နေသည်ကား စောထီလသည် ဘာသာခြားတစ်ယောက်ဖြစ်နေခြင်းပင်။ ထို့ကြောင့် စောထီလကိုတွေ့သောအခါ လူသားအချင်းချင်း ကူညီပေးဖို့အနေဖြင့် ပြောရ၏။ လှူဖို့အနေဖြင့် မပြောရပေ။ စောထီလတို့ ဘာသာအယူအရ တခြားဘာသာကိုလှူလျှင် အပြစ်ရှိသည်ဟု သတ်မှတ်ထားသောကြောင့် ဖြစ်၏။ စောထီလသည် ပင်ကိုစိတ်ကောင်းရှိသဖြင့် ဝါးလုံးခြောက်လုံးကို အကူအညီပေးလိုက်၏။ ထိုအခါကျမှ တစ်ပါးနေကျောင်းလေး ပြီးစီးသွား၏။

စောထီလသည် တောင်စောင်းတွင် သီးမွှေးငှက်ပျောသီးများ စိုက်ပျိုးရောင်းချသူ ဖြစ်သည်။ တစ်ရက်တွင် ငှက်ပျောသီးခိုင်များကို ခုတ်ချရင်း တောင်ပြိုသဖြင့် စောထီလပါ မြေကြီးများနှင့်အတူ တစ်ခါတည်း ရောပါသွား၏။ ရွာမှလူများ ရောက်လာသောအခါ စောထီလအလောင်းကို မြေကြီးထဲမှ အတော်ဖော်ယူရ၏။ အလောင်းကို သုံးရက်ခန့်ထားပြီး သင်္ဂြိုဟ်မည့်နေ့မှာပင် အခေါင်းထဲမှ စောထီလဆီက ညည်းညူသံကြားရသဖြင့် တချို့မှာ ကြောက်လန့်ပြီး ထွက်ပြေးကြ၏။ တချို့ သတ္တိရှိသူများက အနား

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖြိုး သေချာကြည့်သောအခါ စောထီလမှာ မသေဘဲ သတိပြန်ရနေသည်ကို တွေ့မြင်ရ၏။ အမှန်မှာ စောထီလ သေခြင်းမဟုတ်၊ သတိလစ်မေ့မြောသွားခြင်းသာ ဖြစ်၏။ စောထီလသည် သတိရလျှင်ရချင်း "စိန်ကြီးဘုရားက ဆရာတော်ထံ ပို့ပေးပါ၊ သူ ဗုဒ္ဓဘာသာသို့ ဝင်တော့မည်"ဟု ပြောလာ၏။ ထို့ကြောင့် ဆရာတော်ထံ ခေါ်သွားကြ၏။

ဆရာတော်ထံတွင် သရဏဂုံဆောက်တည်ပြီး ဗုဒ္ဓဘာသာဝင်ပြီးသည်နှင့် သူ၏ကြောက်မက်ဖွယ် အတွေ့အကြုံကို လျှောက်ထား၏။ သူသတိလစ်သွားသည်နှင့် လူမည်းမည်းကြီးနှစ်ယောက်က သူ့ကိုမြေကြီးအောက်ထဲသို့ ခေါ်သွား၏။ မြေအောက်ရောက်သောအခါ လူဝဝကြီးက ကုသိုလ်ပြုခဲ့ခြင်း ရှိမရှိ သူ့ကို စစ်ဆေး၏။

ဒေဝဒူတသုတ္တန်တွင်လည်း ယမမင်းလွှတ်ထားသော တမန်ငါးဦးကို ဟောကြားတော်မူထား၏။ ထိုတမန်ငါးဦးမှာ ကလေး၊ သူအို၊ သူနာ၊ သူသေ၊ အကျဉ်းသားတို့ ဖြစ်သည်။ ငရဲသို့ ရောက်လာသူ များကို ထိုငါးဦးနှင့် ဆက်စပ်ပြီး သံဝေဂဉာဏ်ဖြင့် ကုသိုလ်ကောင်း မှု လုပ်ဖူးခြင်း ရှိမရှိကို မေးမြန်း၏။

ထိုသို့မေးမြန်းစစ်ဆေးခြင်းမှာ ငရဲမှလွတ်သွားအောင် စေတနာကောင်းဖြင့် စစ်ဆေးခြင်း ဖြစ်သည်။ မေးမြန်းပုံ နမူနာမှာ-

"အသင်လူသား၊ သင်သည် လူသေကို မြင်ဖူးသလော"

"မြင်ဖူးပါသည်"



"ထိုသို့မြင်သောအခါ ငါလည်း တစ်နေ့ကျ သည်လို သေရမှာဖြစ်သည်ဟု သံဝေဂဉာဏ်ပေါ်ခဲ့ဖူးလား"

"သံဝေဂဉာဏ်မပေါ်ခဲ့ဖူးပါ"

"ထိုသံဝေဂဉာဏ်ကို အကြောင်းပြုပြီး ဒီလိုသေဘေးက လွတ်အောင် ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေကို မပြုခဲ့ဘူးလား"

"မပြုခဲ့ပါဘုရား"

ထိုကဲ့သို့ တမန်ငါးဦးလုံးအား မေးမြန်းပြီး သံဝေဂဉာဏ်ကုသိုလ်လည်းမရှိ၊ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်လည်း မရှိဟုဆိုသောအခါ ယမမင်းသည် သူဘယ်လိုမှ ကယ်တင်၍ မရနိုင်တော့သဖြင့် မျက်နှာလွှဲလိုက်လေသည်။ ထိုအခါကျမှ ငရဲသားတို့သည် ကုသိုလ်မရှိသော လူသားကို နှိပ်စက်ညှဉ်းပန်းကြလေတော့သည်။

ယခုလည်း စောထီလကို ယမမင်းက စစ်ဆေးကြည့်ရာ ဘာကုသိုလ်မှ ပေါ်မလာသောကြောင့် ယမမင်းက မျက်နှာလွှဲလိုက်လေ၏။ ထိုအခါ ငရဲသားနှစ်ယောက်က စောထီလ၏ လက်နှစ်ဖက်ကို တစ်ဖက်စီ ဆွဲယူလာကြပြီးလျှင် ဆီများပွက်ပွက်ဆူနေသော ဒယ်အိုးထဲသို့ ပစ်ချလိုက်ကြ၏။

အံ့သြစရာကောင်းသည်ကား ဒယ်အိုးထဲ မကျခင် လမ်းခုလတ်မှာ ဝါးလုံးခြောက်လုံး လာခံနေခြင်းပင် ဖြစ်၏။ ငရဲသားနှစ်ယောက်သည် အံ့သြစွာဖြင့် စောထီလကို ပြန်ဆွဲယူလိုက်၏။ ထိုအခါ ဝါးလုံးခြောက်လုံးသည် ပြန်ပျောက်သွား၏။ ဝါးလုံးခြောက်လုံး ပျောက်သွားသည်နှင့် ငရဲသားများက စောထီလကို ဒယ်အိုးအတွင်း ဒုတိယအကြိမ် ပစ်ချလိုက်ပြန်၏။ ထိုအခါ ဝါးလုံးခြောက်

www.burmeseclassic.com



လုံးပေါ်လာပြီး အောက်တလာခံနေပြန်၏။ သုံးကြိမ်တိုင်တိုင် ထိုသို့ဖြစ်နေသောအခါ ငရဲသားများသည် စောထီလကို ဒယ်အိုးထဲဆက်မချတော့ဘဲ ယမမင်းကြီးထံ ပြန်ခေါ်သွားကြ၏။

ယမမင်းက အကြောင်းစုံကို မေးမြန်းစစ်ဆေးကြည့်သောအခါတွင်မှ စောထီလ၏ ဝါးလုံးခြောက်လုံး အလှူသည် ပြန်ပေါ်လာ၏။ ထိုအခါကျမှ ယမမင်းက "စောထီလ မင်းလူ့ဘဝမှာ ကုသိုလ်တွေ ဆက်ပြုရအောင် ပြန်ပေဦးတော့"ဟု ခွင့်ပေးသဖြင့် သူသည် ပြန်လည်သတိရလာခြင်း ဖြစ်ကြောင်း ဆရာတော်ကို လျှောက်ထား၏။ ထိုနေ့မှစ၍ စောထီလသည် သူ့ကိုယ်တိုင် ကြုံခဲ့ရသော လက်တွေ့တရားကြောင့် ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်ကာ ဒါန၊ သီလ၊ ဘာဝနာ စသည့် ကုသိုလ်တရားများကို အသက်ထက်ဆုံး ပြုလုပ်သွားခဲ့သည်။

ဤဖြစ်ရပ်ကို ထောက်ထား၍ ယခုခေတ် သံဃာတော်များသည်လည်း ကိုးကွယ်သူ ဒကာ၊ ဒကာမ တို့အား အပါယ်ဘေးမှ ကယ်တင်ပေးနိုင်ကြောင်း ထင်ရှား၏။

မိုင်းတိုင်ခရိုင်အတွင်းမှာ နေထိုင်သော လယ်သမားမောင်စီသည် ဆွမ်းအခက်အခဲရှိနေသည့် ရဟန်းတစ်ပါးကို မိမိစားမည့် ထမင်းနှင့်ဟင်းကို မစားတော့ဘဲ အငတ်ခံပြီး လှူဒါန်းခဲ့သော ဆွမ်းတစ်နပ်ကုသိုလ်ကြောင့် လယ်ကွက်အလယ်ခေါင်က ဂူကြီးအတွင်းမှ ရတနာပစ္စည်း လှည်း(၇)စီးတိုက်ကို ရသဖြင့် ချမ်းသာသွားခဲ့၏။ နောက်တစ်ချိန်တွင် သီပေါမင်းထံသို့ သမီးကညာဆက်နိုင်သော "မြတောင်သူဌေးမင်း ဦးစီ"ဟူ၍ ဖြစ်လာ၏။



လူပုံတော် ပတ္တမြား သွေးဆေးပိုင်ရှင် ဦးမောင်မောင်သည် ယခင် ရန်ကုန် ဖဆပလကွက်သစ်တွင် နေစဉ်က အလွန်ဆင်းရဲ၏။ သူသည် ရဟန်းလူထွက်တစ်ယောက်ဖြစ်၏။ လူပုံတော် ပတ္တမြားသွေးဆေးကို မောင်းလေးထုပြီး ကိုယ်တိုင်လိုက်ရောင်းနေသော အချိန်ဖြစ်၏။ ထိုအချိန်ကတည်းက ဆရာရင်း ဖြစ်တော်မူခဲ့သော ပထမ မစိုးရိမ်ဆရာတော်ဘုရားကြီးနှင့် သံဃာတော်များကို ဆဋ္ဌသင်္ဂါယနာ အတွင်း အပတ်စဉ်၊ လစဉ် ဆွမ်းကပ်နိုင်အောင် ကြိုးစားခဲ့၏။ ထိုကုသိုလ်များကြောင့် ရန်ကုန် ဒွနိကာယယကျောင်းတိုက်၊ မြေနီကုန်း မစိုးရိမ်ကျောင်းတိုက်စသော ကျောင်းတိုက်ကြီးများကို ဆောက်လုပ်လှူဒါန်းနိုင်သည်အထိ ကြီးပွားချမ်းသာခဲ့၏။

မြစ်သားမြို့မှ ဦးသက်ရှည်နှင့် သားဖြစ်သူ ကိုကျော်တို့သည် မန္တလေးဈေးချိုတွင် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို ရောင်းချစားသောက်ရသူများ ဖြစ်ကြ၏။ ကျောင်းဆောက်လှူချင်သော အကျိုးကြောင့် အလုပ်ကြိုးစားကြရာ ဈေးသည်ဘဝမှ ပွဲရုံဆိုင်ရှင်ကြီး ဖြစ်လာ၏။ ငွေရလာသောအခါ ဘုရားကြီးတိုက်ထဲတွင် နှစ်ထပ်ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်း၏။ စေတနာကသို့မှု နှင့် အားမရ၊ စာသင်တိုက်ကြီး တစ်ခုလုံး ဆောက်လုပ်လှူဒါန်းချင် သော စေတနာဖြစ်လာပြန်သဖြင့် အလုပ်ကို ပိုကြိုးစားရာ အောက် ပြည်မှ ထွက်သော ဆားများကို အထက်သို့ တစ်ဦးတည်း ဝယ်ယူ တင်သွင်းနိုင်သည်အထိ ကြီးပွားလာ၏။ ထို့ကြောင့် မန္တလေးမြို့ ပေါ်တွင် လေးဧကကျယ်သော ဥယျာဉ်ခြံကြီးတစ်ခြံကို ဝယ်ယူပြီး စာသင်တိုက်ကြီး တစ်တိုက် ထူထောင်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၃၆-ဆေ၊ ၁၄၂-ဆေ)ရှိသော အလယ်တိုက်ကြီးအပါအဝင် ဒေးမှ နှစ်ထပ်တိုက်ပေါင်းတိုးလုံး လှူခဲ့၏။ တစ်ထပ်တိုက်ပေါင်း လည်း ခြောက်လုံးခန့် ပါဝင်သေး၏။ ကျောင်းတိုက်အလယ်တွင် နာရီစင်ကြီးတစ်ခုအပြင် လေးဖက်လေးတန် အုတ်တံတိုင်း ကာရံ ထားသေး၏။ ထိုတိုက်ကား ယခုအချိန်တိုင်အောင် ရှိနေသေးသော မစိုးရိမ်ကျောင်း တိုက်(ဟောင်း)ပင် ဖြစ်၏။

သံဃာရတနာသည် ကိုးကွယ်သူတို့အား ကြီးပွားချမ်းသာ အောင် စွမ်းဆောင်နိုင်သည်သာမကသေး၊ အပါယ်လေးပါးသို့ ကျနေသူကိုလည်း ထိုအပါယ်မှ လွတ်အောင် စောင့်ရှောက်နိုင် သေး၏။

မန္တလေးမြို့ရှိ မိုးကောင်းကျောင်းတိုက်ကြီးတွင် ဦးတိုး အမည်ရှိ ဘာသာခြား ဒကာကြီးတစ်ယောက်က နှစ်ထပ်တိုက်ကြီး တစ်လုံး ဆောက်လှူခဲ့၏။ ဘာသာခြားတစ်ယောက်က အဘယ် ကြောင့် ဗုဒ္ဓဘာသာကျောင်း တစ်ကျောင်းကို ဆောက်လှူရသနည်း။ တစ်ခါတွင် ဦးတိုး၏ တစ်ဦးတည်းသော သမီးပျိုလေးတစ်ယောက် ရုတ်တရက် ရောဂါဖြင့် သေဆုံးသွား၏။

သမီးလေးသည် သူ့အိမ်ဝင်းအတွင်းမှာပင် ပြိတ္တာပြန် ဖြစ်နေရှာ၏။ ထို့ကြောင့် ညအခါတွင် သူမ နေခဲ့သော အခန်း အတွင်းမှ 'ပါးပါး-သမီးဒုက္ခရောက်နေတယ်၊ ကယ်ပါဦး'ဟူ၍ အော် ပြောသော အသံလေးထွက်လာတတ်၏။ ဦးတိုးသည် သစ်လုပ်ငန်း ပိုင်ရှင်တစ်ယောက် ဖြစ်၍ ချမ်းသာ၏။ ထို့ကြောင့် သမီးဖြစ်သူ ဒုက္ခရောက်နေသည်ကို သိသည်နှင့် သူတို့ဘာသာဆိုင်ရာ ပုဂ္ဂိုလ် များကိုပင့်၍ ကျွေးမွေးလှူဒါန်းမှု ပြုပေး၏။ သို့သော် သမီးလေး၏



အော်ဟစ်သံကား ပျောက်မသွားခဲ့။ သူတို့ ဘာသာနည်းအတိုင်း သုံးကြိမ်လုပ်၍ အကျိုးမထူးသောအခါ ဦးတိုးလက်လျှော့သွား၏။

ထိုအချိန်က သူ၏ သစ်စက်မန်နေဂျာမှာ ဗုဒ္ဓဘာသာဝင် ဖြစ်၍ ထိုအကြောင်းကို ဖွင့်ဟတိုင်ပင်ပြီး အတူအညီတောင်း၏။ သို့မန်နေဂျာ၏ ကူညီစီစဉ်ပေးမှုအရ ဗုဒ္ဓဘာသာ ရဟန်းတော် များကို ပင့်၍ ဆွမ်းသင်္ကန်းများ လှူပြီး ရေစက်ချကာ အမျှပေး ဝေစေ၏။ ထိုအခါကျမှ "သမီးဆင်းရဲ ဒုက္ခတွေက လွတ်သွားပါပြီ၊ ပါးပါးကို ကျေးဇူးတင်ပါတယ်"ဟု ပြောပြီး သမီးငယ်မှာ ပြိတ္တာဘဝ မှ လွတ်မြောက်ပြီး နတ်ပြည်သို့ ရောက်သွားခဲ့၏။ ထို့ကြောင့် ဦးတိုး သည် ဗုဒ္ဓဘာသာဝင်သို့ ဝင်ခဲ့ပြီး ကျောင်းကြီးတစ်ဆောင် ဆောက် လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်၏။

ဤဖြစ်ရပ်တို့ကိုထောက်၍ ရတနာသုံးပါးသည် ပစ္စက္ခ နှင့် သံသရာအတွက်ပါ တကယ်အားထားထိုက်ကြောင်း သေချာ၏။

လောကတွင် "အပ်ဝင်-ပုဆိန်ထွက်"ဟူသော စကားပုံ တစ်ခုရှိ၏။ ထိုစကားပုံအရ အပ်လေးတစ်ချောင်းသာ ဝင်လာပြီး မိမိထံ မှ ပုဆိန်ကြီးတစ်ချောင်း ပြန်ထွက်ရမည်ဆိုလျှင် မိမိမှာ စကန်မုချ အရှုံးပေါ်၏။ ထို့အတူ ပြိတ္တာဘုံသား နတ်စိမ်းများကို ကိုးကွယ် ခြင်းအားဖြင့် ထန်းသီးကြွေခိုက်နှင့် ကြုံပြီး ရာထူးတက် ခြင်း၊ စီးပွားရေး ပြေလည်ခြင်းများ ဖြစ်နိုင်ပါ၏။ ထိုသို့ စီးပွားရေး ပြေလည်ခြင်း၊ ရာထူးတက်ခြင်းတို့ကြောင့် ရလာသော စီးပွားဥစ္စာ သည် လအပိုင်းအခြား၊ နှစ်အပိုင်းအခြားဖြင့် တစ်ခဏသာ သုံးစွဲရ သောကြောင့် အပ်တစ်ချောင်း ဝင်လာခြင်းနှင့်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့နတ်စိမ်းများကို တိုးတွယ်လိုက်သည့်အတွက် မိမိ ဆောက်တည်ထားသော သရဏဂုံပျက်သွားသည်လည်း ရှိ၏။ ထိုသို့ သရဏဂုံပျက်သွား၊ ညစ်နွမ်းသွားသည်နှင့် (၉၁) ကမ္ဘာအပါယ် တံခါးပိတ်ခြင်း၊ အကြိမ်(၈၀)သိကြားမင်း ဖြစ်ရခြင်း၊ (၇၅)ကြိမ် စကြာမင်း ဖြစ်ရခြင်းတည်းဟူသော ပေါက်ဆိန်ကြီးသည် မိမိထံမှ ထွက်သွားရလေပြီ။ မိမိမှာ အဘယ်မျှ အရှုံးပေါ်ကြောင်း တွေးခေါ် ကြည့်သင့်၏။ သရဏဂုံတည်မြဲခြင်းကြောင့် ရရှိမည့် ဘဝအဆက် ဆက် ကောင်းကျိုးများကို တစ်ခဏတာ ရာထူးတက်မှု၊ စီးပွားရေး ပြေလည်မှုတို့နှင့် လဲလိုက်ရသလိုပင် ဖြစ်၏။ မိမိအတွက် အဘယ် မျှ အရှုံးပေါ်ပါသနည်း။

(၃၇)မင်းစသော မမြင်အပ်သည့် ပုဂ္ဂိုလ်အားလုံး၏ မေတ္တာကို လိုချင်လျှင် အကူအညီလိုချင်လျှင် အဆင့်မြင့် ထေရ ဝါဒ ဗုဒ္ဓဘာသာနည်းအရ မိမိပြုသော ကုသိုလ်များကို အမျှပေး ဝေခြင်း၊ မေတ္တာပို့ခြင်းတို့ကိုသာ ပြုလုပ်ရမည်ဖြစ်၏။ စားရမဲ့ သောက်ရမဲ့ ဖြစ်နေသော ဒုက္ခသည်များသည် ခေါင်းရင်းခန်းထား ပြီး ရှိခိုးကိုးကွယ်ထားရမည့်သူများ မဟုတ်၊ မိမိတို့အိမ်မှ ပိုလျှံသမျှ ကို ကရုဏာဖြင့် ကျွေးမွေးလိုက်ရမည့် သူများသာ ဖြစ်၏။ ထို့အတူ (၃၇)မင်းစသော နတ်စိမ်းများသည် ပြိတ္တာဘဝထဲတွင် ပါဝင်သော ဒုက္ခသည်များသာ ဖြစ်၏။ အိမ်ဦးခန်းထားပြီး ကိုးကွယ်ရမည့်သူ များ မဟုတ်။ မေတ္တာပို့ပေးပြီး မိမိပြုသမျှ ကုသိုလ်များကို အမျှ ပေးဝေသင့်သော သူများသာ ဖြစ်၏။

ဤကား နတ်စိမ်းများနှင့် ပတ်သက်သော ဟောပြောချက် အကျဉ်းချုပ်ဖြစ်၏။



ယခုတစ်ဖန် နှစ်လုံးထီ၊ သုံးလုံးထီနှင့် ပတ်သက်သော ဟောပြောချက် အကျဉ်းချုပ်ကို ဆက်လက်ရေးအံ့-

ထီသည် လောင်းကစားမှုထဲတွင် ပါသောကြောင့် အလွန် အကျွံကစားကြသူများသည် ဒုက္ခရောက်ကြသည်သာ ဖြစ်၏။ မြန်မာပြည်တွင် ထီစပေါ်သည်မှာ သီပေါမင်းလက်ထက်တွင် ဖြစ် ၏။ မင်း၊ မိဖုရားတို့၏ အသုံးအဖြုန်းကြီးမှုကြောင့် ပုံမှန်ရသော ဘဏ္ဍာငွေများဖြင့် မလောက်မငဖြစ်လာ၏။ ထို့ကြောင့် အောင် ဘာလေထီကို စတင်ဖွင့်လှစ်ကြ၏။ ထီရုံကို နှစ်ရုံထား၏။ ချမ်းသာ သူများသာ ထိုးနိုင်သည့် တန်ဖိုးကြီး ထီရုံ တစ်ရုံ၊ ဆင်းရဲ သားမှန် သမျှ ထိုးနိုင်သည့် တန်ဖိုးနည်း ထီရုံတစ်ရုံတို့ ဖြစ်၏။ ထိုခေတ်က ထီ မှာ တစ်လုံးဂဏန်းသာ ဖြစ်၏။

ဂဏန်းအလုံး(၆၀)ထား၏။ ဂေါ်လီ (၆၀)လုံးတွင် တစ်လုံး ကို ရွှေရောင်သုတ်ထား၏။ ဂေါ်လီ(၆၀)လုံးကို သစ်သားစည် ထဲ သည့်ထားလိုက်ပြီး ထီဖွင့်ချိန်တွင် တစ်လုံးချင်း ထုတ်ယူရ၏။ ဂေါ်လီတွင် နံပါတ်ရေးမထား၊ ပထမဆုံး ထွက်လာသော အလုံး ကို 'တစ်'ဟု သတ်မှတ်၏။ ရွှေရောင်သုတ်ထားသော ဂေါ်လီသည် ခြောက်လုံးမြောက်မှာ ထွက်လာလျှင် ပေါက်ဂဏန်းသည် နံပါတ် ခြောက်ဖြစ်သည် စသည်ဖြင့် သတ်မှတ်ထားသည်။

ပုထုဇဉ်မှန်လျှင် နိုင်ငံကို အုပ်ချုပ်နေရသည့် ရှင်ဘုရင် သည်လည်း အလိုလောဘ၏ ကျေးကျွန်သာ ဖြစ်၏။ ထို့အတူ လောဘ၏ကျေးကျွန်များဖြစ်ကြသော မန္တလေးမြို့သူမြို့သားများ အားလုံးသည် စီးပွားရေးကို သေချာ မလုပ်ကြတော့ဘဲ နေ့စဉ် ထီရုံမှာသာ အချိန်ကုန်နေကြ၏။ တောရွာမှ လယ်သမား၊ ယာ

www.burmeseclassic.com

www.burmeseclassic.com



သမားများသည်လည်း လယ်အလုပ်၊ ယာအလုပ်တို့ကို မလုပ်ကြတော့ဘဲ မန္တလေးမြို့ပေါ်တက်နေပြီး ထီသာထိုးနေကြတော့၏။ ထို့ကြောင့်လည်း ရက်ကြာလာသည်နှင့်အမျှ သူခိုး၊ ဓားပြများ ဆူပူလာ၏။

တစ်မြို့လုံး ဆင်းရဲငတ်မွတ်လာကာ ရာဇဝတ်မှုများလည်း ထိန်းသိမ်းမရလောက်အောင် များပြားလာ၏။ ထီတည်းဟူသော လောင်းကစားမှုက ရိုးသားဖြောင့်မတ်သော မြန်မာများကို ကောက်ကျစ်စဉ်းလဲသော သူခိုး သူဝှက် လူလိမ်ဘဝသို့ ပို့ပေးလိုက်တော့၏။ ထိုနှင့်ပတ်သက်၍ ဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်လေးတစ်ခု မန္တလေးမြို့တွင် ပေါ်ပေါက်ခဲ့၏။ ထိုမှာ နေ့စဉ်ဖွင့်နေရာ နေမွန်းတည့်ပိုင်း ထီဖွင့်ချိန်ရောက်သည်နှင့် လူများမှာ တိုးမပေါက်အောင် စည်ကားလာ၏။

အရွယ်ကောင်းကောင်း လင်မယားနှစ်ယောက်သည် ထီထိုးတာကြာလာသည်နှင့် ပစ္စည်းဥစ္စာများ လုံးပါးပါးလာကြ၏။ သို့သော် ထီကိုကား မဖြတ်နိုင်။ တစ်ညတွင် ဇနီးဖြစ်သူသည် (၃၇) ဂဏန်း အောင်ဘာလေထီ ထွက်သည်ဟု အတိအကျ အိပ်မက်မက်၏။ ထို့ကြောင့် မိုးလင်းသည်နှင့် ရှိသမျှ အိုးခွက်ကအစ ရောင်းချပြီး (၃၇)ဂဏန်းကို ပုံအောပြီးထိုးရန် ရသမျှငွေကို ယောကျ်ားလက်သို့အပ်လိုက်၏။ ယောကျ်ားဖြစ်သူကိုလည်း ယခုလို သေချာမှာ၏။ "ဒီငွေဟာ ကျွန်မတို့ ချမ်းသာသမျှ အကုန်ပဲ၊ ပေါက်ရင် ချမ်းသာတဲ့ဘဝရောက်ပြီး မပေါက်ရင် တောင်းစားတဲ့ဘဝထိ ရောက်မယ်၊ ကျွန်မတို့နှစ်ယောက် ဘဝအတွက် အဆုံးအဖြတ်ပဲ၊ ဒါကြောင့် ကျွန်မတော့ ကိုယ်တိုင်လိုက်မကြည့်ရဲဘူး၊ အိမ်အပေါ်ထပ်ကနေ လှမ်းကြည့်နေမယ်၊ ထီပေါက်လျှင် ညာဖက်အပေါက်က ထွက်ခဲ့ပါ၊ မပေါက်လျှင် ဘယ်ဘယ်အပေါက်က ထွက်ခဲ့ပါ"



ယောကျ်ားသည် ထီရုံဆီကိုသာ စိတ်ရောက်နေ၏။ မယားမှာကြားနေသော စကားကို မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ခေါင်းညိတ်လိုက်နေရင်း စကားဆုံးသောအခါ ထီရုံသို့ ချက်ချင်း သုတ်ခြေတင်တော့၏။ မယားဖြစ်သူသည် အိမ်အပေါ်ထပ်အမြင့်မှ ထီရုံသို့ မမှိတ်သော မျက်စိများဖြင့် စိုက်ကြည့်လျက်ရှိ၏။ ယောကျ်ားဖြစ်သူသည်လည်း ရွှေရောင်သစ်သားဂေါ်လီလုံးကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေလေ၏။ သူတို့ကံကောင်းပါသည်။ သုံးဆယ့်ခုနစ်လုံးမြောက် ဂေါ်လီလုံးသည် 'ရွှေရောင်လေး' ဖြစ်နေပါသည်။

ယောကျ်ားသည် ဝမ်းသာအားရ ငွေထုတ်ကို ပွေ့ယူကာ မပေါက်လျှင်ထွက်ရမည့် ဘယ်ဘက်အပေါက်မှ ထွက်လာ၏။ အိမ်ဆီမှ စောင့်ကြည့်နေသော မယားသည် ဘယ်ဘက်အပေါက်မှ လင်သားဖြစ်သူ ထွက်လာသည်ကို တွေ့လိုက်ရသည်နှင့် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ အခန်းထဲသို့ ပြေးဝင်သွား၏။ ယောကျ်ားဖြစ်သူသည် မယားဖြစ်သူ မြန်မြန် ဝမ်းသာနိုင်ရန် ဒုန်းစိုင်းပြေးလာ၏။ အိမ်ရောက်သည်နှင့် မယားနာမည်ကို အော်ခေါ်ပြီး ထီပေါက်လာခဲ့ကြောင်း လှမ်းပြော၏။

အိမ်ထဲမှ ပြန်ထူးသံကို မကြားရ။ အိမ်အပေါ်ရောက်သည်နှင့် ယောကျ်ားဖြစ်သူ၏ လက်ထဲမှငွေများသည် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားကာ ပါးစပ်ကလည်း "ဟာ" ဟူသော အာမေဋိတ်အသံတစ်သံသာ ထွက်နိုင်၏။ အဘယ်ကြောင့်နည်း။ မိန်းမဖြစ်သူသည် ကြိုးဆွဲချ၍ သေနေပြီဖြစ်သောကြောင့်တည်း။ ဤကဲ့သို့သော ဖြစ်ရပ်များကြောင့် သီပေါမင်းသည် အောင်ဘာလေထီဖွင့်ပွဲကို ပြန်၍ ပိတ်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်။ ။ သိပေါမင်းလက်ထက်က ထီကို နှစ်မျိုးခွဲထား၏။ အသေးစားထီနှင့် အကြီးစားထီတို့ပင် ဖြစ်၏။ အသေး
စားထီတို ဆင်းရဲသားများ ထိုးကြပြီး အကြီးစားထီကို လူလတ်တန်
စားများ၊ လူချမ်းသာများ ထိုးကြ၏။အသေးစားထီကိုနေ့တိုင်း ဖွင့်
အကြီးစားထီကို တစ်လတစ်ကြိမ်ဖွင့်၏။ အသေးစားထီကို ပေါက်
လျှင် (၄၈)ဆရ၏။ ပိုက်ဆံတစ်ပဲထိုး၍ပေါက်လျှင် သုံးကျပ်ရပြီး
တစ်ကျပ်ထိုးလျှင် (၄၈)ကျပ်၊ တစ်ဆယ်ထိုးလျှင် (၄၈၀) ရမည်ဖြစ်
၏။ အကြီးစားထီလက်မှတ် တစ်စောင်ကို (၅)ကျပ် ပေးရ၏
ဂဏန်းသည် သုံးထောင်မှ လေးထောင်ထိရှိ၏။ ပထမ အောင်ဘာ
လေဆုကို တစ်သောင်း သတ်မှတ်ပြီး ကျန်ဆုလေးများစွာလည်း
ရှိသေး၏။ တစ်သောင်းဆုပေါက်သော ကံထူးရှင်ကို ဂုဏ်သရေ
သူဌေးမင်းဟူသော ဘွဲ့ထူးဂုဏ်ပေးပြီး တပ်သားများစွာ ခြံရံလျ
ဆင်ဖြင့်မြို့ ထဲလှည့်လည် ကြေညာပေး၏။

ပုဂ္ဂိုလ် လေးမျိုးရှိ၏။ နတ်ဗြဟ္မာများသည် ရှေးဘုန်းရှေး
ကုသိုလ်ကို မှီခိုအသက်မွေးရသောကြောင့် ပုညူပဇီဝိ ပုဂ္ဂိုလ်
ခေါ်၏။ တိရစ္ဆာန်များသည် ဝီရိယကိုသာ အားကိုး၍ အသက်မွေး
ရသောကြောင့် ဝီရိယူပဇီဝိ ပုဂ္ဂိုလ်ဟုခေါ်၏။ ငရဲခံနေရသူနှင့်
ပြိတ္တာအသူရကာယ်များသည် ဘုန်းကံ၊ ဝီရိယတစ်ခုမှ အားကိုး
မရဘဲ အကုသိုလ်ကံကုန်မှသာ လွတ်မြောက်နိုင်သော ပုဂ္ဂိုလ်မျာ
ဖြစ်၏။ လူသားကား ဘုန်းကံနှင့် ဝီရိယနှစ်မျိုးလုံးကို အားကိုး
သောကြောင့် ဥဘယူပဇီဝိ ပုဂ္ဂိုလ်ဟု ခေါ်၏။

သိပေါမင်းလက်ထက်မှ လင်မယားနှစ်ယောက်သည် ဝီ
ယံအားကိုးပြီး စီးပွားရေးကိုမလုပ်ဘဲ ကံတစ်ခုတည်းယုံကာ ထီထို



မိသောကြောင့် ယခုလိုဒုက္ခရောက်ရခြင်းဖြစ်၏။ စီးပွားကိုကြိုးစား ရှာဖွေနိုင်ဘဲ လောင်းကစားကိုသာ အားကိုးနေကြမည်ဆိုပါက သခုခေတ်တွင်လည်း ဒုက္ခရောက်ရမည်သာဖြစ်၏။

စဥ့်ကိုင်နယ်မှ ယာသမားတစ်ယောက်သည် ရိုးသားကြိုး စားစွာ လုပ်ကိုင်သဖြင့် ရွာထဲ၌ လူချမ်းသာစာရင်းတွင် ဝင်လာ၏။ ထိုအချိန်မှာပင် သုံးလုံး ရောဂါသည် သူတို့ရွာထဲသို့ ကူးစက်လာ၏။

ထိုအခါ သူတို့သည် လယ်ယာလုပ်ငန်းကို အလုပ်သမား များနှင့် ပစ်ထားပြီး ချဲချည်းထိုးတော့၏။ ထိုးရင်းထိုးရင်းဖြင့် အတွင်းပစ္စည်းများ၊ ယာများ၊ ငှက်ပျောခြံများ အကုန်ပြုတ်ကုန်၏။ ခိုန်းမက ငိုယိုတားသော်လည်း ဘယ်လိုမှမရ။ နောက်ဆုံး နေသော အိမ်ကိုရောင်းချပြီး ချဲထိုး၏။ မယားနှင့် သားသမီးများကို သူများ အိမ်တွင် အခန်းငှားထား၏။ အိမ်ရောင်းထိုးသော အပတ်မှာပင် သိန်းကွက်တစ်ကွက် ပေါက်သွား၏။

သူသည်ဝမ်းသာအားရ ငွေသွားထုတ်သောအခါ ဒိုင် သည် မလျော်နိုင်၍ ထွက်ပြေးလေပြီ။ သူ့ဘဝကို ဖျက်ဆီးသော သူသည်'ချဲဒိုင်'ဟု သတ်မှတ်လိုက်လေသည်။ ထို့ကြောင့် ချဲဒိုင်ကို ရေအရ လိုက်ရှာပြီး တွေ့သောအခါ အတုံးအတစ်ဖြစ်အောင် ခုတ် သတ်ကာ ဆာလာအိတ်ထဲထည့်ပြီး ထိုအိတ်နှင့်အတူ ရဲစခန်းတွင် အဖမ်းခံလိုက်၏။ သူ ထောင်နှစ်ပေါင်းများစွာကျသွားသလို ဇနီး နှင့် သားသမီးများမှာလည်း စားစရာမရှိ၊ နေစရာကိုယ်ပိုင်အိမ် မရှိနှင့် အလွန်ဒုက္ခရောက်သွားကြ၏။

သူနှင့် သူ့မိသားစုဘဝကို ဖျက်ဆီးသောတရားခံသည် ချဲ ဒိုင်မဟုတ်။ အချောင်ဖြတ်လမ်းက ချမ်းသာချင်သော ဝီသမလော

www.burmeseclassic.com

www.burmeseclassic.com



အစိတ်သာဖြစ်၏။ ဝိသမလောဘစိတ်ဖြင့် လောင်းကစားကို လုပ်နေသရွေ့ ကိုယ်လည်းမချမ်းသာနိုင်၊ စိတ်လည်းမချမ်းသာနိုင်။ ယခု ဘဝ၌လည်း မချမ်းသာနိုင်သလို နောင်ဘဝတွင်လည်း ချမ်းသာမည်မဟုတ်ပါ။ ထို့ကြောင့် ဖော်ပြခဲ့သော ဒုက္ခများကို မခံစားချင်လျှင် ဝိသမလောဘကိုသာ အသိနှင့် ပယ်သတ်ရမည်ဖြစ်၏။ လူတစ်ယောက်က နှစ်လုံး၊ သုံးလုံးနှင့် ပတ်သက်သော စကားတစ်ခွန်း ပြောဖူး၏။

သူ၏စကားမှာ အတွေးအခေါ် ဉာဏ်ပညာမရှိတဲ့သူတွေက နှစ်လုံး၊ သုံးလုံးကစားသည့်နေရာတွင် 'ထိုးသား'ဖြစ်၏။ အတွေးအခေါ်ဉာဏ်ပညာအနည်းငယ် ရှိသောသူများသည် 'ဒိုင်ကိုင်'၏။ အတွေးအခေါ် ဉာဏ်ပညာ အပြည့်ဝဆုံးသောသူများကား နှစ်လုံးသုံးလုံးကိစ္စနှင့် ပတ်သက်အောင်ပင် မနေဟူ၏။ ထိုးသားနှင့် ဒိုင်တွင် နောက်ဆုံး၌ ဒိုင်ကသာ ချမ်းသာသွားခြင်းကို ဆိုလိုခြင်းဖြစ်၏။ သို့သော် ဒိုင်တိုင်းကား မဟုတ်ပေ။ ဆင်းရဲဒုက္ခရောက်သွားသော ဒိုင်များလည်း များစွာရှိ၏။

BURMESE CLASSIC .com

သာဓကတစ်ခုပြအံ့။

သာကေတတွင် လူတစ်ယောက်သည် ချဲဒိုင်ကိုင်ရင်း အလွန်ချမ်းသာနေ၏။ ကုန်ကား လေးစီး၊ ကိုယ်ပိုင် ကားတစ်စီး ဝယ်ယူနိုင်သည့်အပြင် မြေကွက်များစွာကိုလည်း ပိုင် ဆိုင်လာ၏။ မိတ်ဆွေများက မသေချာသော ချဲအလုပ်ကိုရပ်ပြီး သမာအာဇီဝကျသော စီးပွားရေးကို ဆက်လုပ်ရန် တိုက်တွန်းကြ၏။ ထိုသူကား ဝိသမလောဘဓာတ်ကို မထိန်းနိုင်။ ဆက်ကစား၏။ တစ်ကြိမ်တွင် အောကွက်တော်တော်များများ ပေါက်သွားသဖြင့်



ပိုင်ဆိုင်သမျှ ပစ္စည်းအားလုံး ရောင်းချပေးလိုက်ရ၏။ ကားများ၊ မြေများရောင်းပြီး လျော်တာပင် ငွေတမလောက်သေးသဖြင့် နေထိုင်သော အိမ်ကိုပါ လက်မှတ်ထိုးပေးခဲ့ရပြီး အိပ်ရာလိပ်လေးတစ်ခု ယူကာ လင်မယားနှစ်ယောက် ဆင်းခဲ့ရ၏။

အိမ်ပေါ်မှ ပစ္စည်းများကိုပါ ဖေးခဲ့ပြီးမှ ပေးရကာလောက်မည်ဖြစ်၍ မည်သည့်ပစ္စည်းမျှ မယူခဲ့ရခြင်းဖြစ်သည်။ သူတို့သည် သယ်န်းကျွန်းရှိ ကျူးကျော်တဲလေး တစ်လုံးကိုငှားနေပြီး စိတ်ဆင်းရဲမှုဒဏ်ကို မခံနိုင်တော့သဖြင့် လပိုင်းအကြာတွင် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြ၏။ ခွေးရူးကောင်းစား တစ်မွန်းတည့်ဟူသော စကားပုံတွင် လောင်းကစားဖြင့် ချမ်းသာသူများလည်း ပါသည်သာ ဖြစ်သည်။

လူသားသည် ဘဝများမှာ ကျင်လည်ခဲ့သည်ဖြစ်ရာ ကောင်းကံ၊ မကောင်းကံများစွာကိုလည်း ပြုခဲ့သည်ဖြစ်၏။ ထိုကံများတွင် ပဌမဇော၊ သတ္တမဇောတို့သည် အကြောင်းအချက်ညီပါက အကျိုးမပေးဘဲ အဟောသိကံ ဖြစ်နိုင်သော်လည်း အလယ်ဇောငါးချက် စေတနာကား အကျိုးမပေးဘဲ ပျက်သွားသည်ဟူ၍မရှိ။ တတိယ ဘဝမှစ၍ ကံပြုခဲ့သည် နိဗ္ဗာန် မရောက်မချင်း အရိပ်ပမာလိုက်ပါ အကျိုးပေးမည်သာဖြစ်၏။

ထို အတိတ်ကံများရှိကြောင်း ဗုဒ္ဓဟောကြားခဲ့သည်မှာ ထိုင်ပြီးစောင့်မျှော်နေရန်အတွက် မဟုတ်။ ဤကဲ့သို့သော သဘောမျိုးရှိသည်ဟု ယုံကြည်ရန်သာဖြစ်၏။ စေတနာကောင်းထားပြီး ဝီရိယအပြည့်ဖြင့် ရှာဖွေရန်သည်သာ လူသား၏ အလုပ်ဖြစ်၏။ တစ်ခါတစ်ရံ စီးပွားရှာသည်မှာ အလွန်အဆင်ပြေ၏။ မထင်မှတ်

www.burmeseclassic.com

www.burmeseclassic.com



သောနေရာများမှပင် ငွေသည် အလုံးလိုက် အခဲလိုက်ဝင်လာတတ်၏၊ ဤတားအတိတ်ကုသိုလ်ကံပါ ထောက်ပံ့လာခြင်းကြောင့် ဖြစ်၏၊

ထိုအခါမျိုးတွင် အရောင်းအဝယ်လုပ်လည်း အဆင်ပြေမည်ဖြစ်သလို ချဲထီဒိုင်ခံ၊ ချဲထီရောင်းလည်း အဆင်ပြေမည်သာ ဖြစ်၏။ ဤကဲ့သို့ အဖြစ်မျိုးကြုံရသည့်အခါ ချဲထီကိုင်လို့ ချဲထီရောင်းလို့ အဆင်ပြေတာဟူ၍ အမှတ်မှားတတ်၏။ ထို့ကြောင့်လည်း သမ္မာအာဇီဝအလုပ်ကို မလုပ်ဘဲ ထိုအလုပ်ကိုသာ ဆက်လုပ်သဖြင့် ကုသိုလ်ကံအလှည့် မသင့်သောအခါ ဒုက္ခရောက်သွားကြရသော မိသားစုတော်တော်များများကိုလည်း တွေ့ရ၏။ တစ်ခါတစ်ရံ အတိတ်ကံသည် အကုသိုလ်အလှည့် ရောက်လာတတ်၏။

ထိုအခါမျိုးတွင် မည်သည့်စီးပွားရေးလုပ်လုပ် အဆင်မပြေတော့ပေ။ အရောင်းအဝယ် လုပ်နေသူကလည်း ထိုအဖြစ်မျိုးကြုံလာလျှင် အရောင်းအဝယ်လုပ်ရတာ အဆင်မပြေဘူး။ ထီဒိုင်ကိုင်ရင်တော့ အဆင်ပြေမယ်ဟု တွေးပြီး အလုပ်ပြောင်းတတ်ကြ၏။ အတိတ်ကံက အကုသိုလ် အလှည့်ရောက်နေသည် ဖြစ်သောကြောင့် ချဲထီကိုင်လျှင်လည်း သာကေတမှ ဒကာကြီးများကဲ့သို့ ဒုက္ခရောက်မည် သာဖြစ်၏။ ဤကံ အကြောင်းကို နားလည်သွားလျှင် မိမိ၏ သမ္မာအာဇီဝ အလုပ်ကိုသာ စေတနာအပြည့်ထားပြီး ကြိုးစားအားထုတ်သင့်၏။ လောင်းကစားအလုပ်ဘက်သို့ စိတ်မပြောင်းသင့်။

မြန်မာဗုဒ္ဓဘာသာဝင်များသည် သာသနာရေးအပေါ်မှာ စေတနာထားသကဲ့သို့ စီးပွားရေးအပေါ်မှာလည်း စေတနာထား



ပြီး ကြိုးစားကြမည်ဆိုလျှင် စီးပွားရေးသမားတိုင်း အောင်မြင်မည်သာဖြစ်၏။ စီးပွားရေးကိစ္စတွင် စေတနာကို ရှေ့တန်းမတင်ဘဲ သိမ်ညာမှု၊ ခိုးဝှက်မှုတို့ကို ရှေ့တန်းတင်သဖြင့် ကြီးပွားသင့်သလောက်မကြီးပွားဘဲ ဒုက္ခရောက်ခဲ့ရခြင်းဖြစ်၏။ ဘာသာရေးအပေါ်မှာထားသော စေတနာ၊ စီးပွားရေးအပေါ်မှာထားသော စေတနာတို့သည် အလကားဖြစ်သွားသည်ဟူ၍ မရှိ။ ဘဝတစ်ခုခုတွင် ကောင်းကျိုးပေးမည်သာဖြစ်၏။

စူဠကမ္မဝိဘင်္ဂသုတ်၌ လူချင်းတူပါလျက် ချမ်းသာ ဆင်းရဲ ကွဲပြားခြင်းအကြောင်းကို သုဘလုလင်က မေးလျှောက်သည့်အခါ ဗုဒ္ဓက ဒါနရှိခဲ့သူ ချမ်းသာ၍ ဒါနမရှိခဲ့သူ ဆင်းရဲကြောင်းဖြေဆိုခဲ့၏။ ထိုဒါနပြုပုံ ကွာခြားခဲ့ခြင်းကြောင့် စီးပွားမှာလည်း ကွာခြားသွားပုံကို ဗုဒ္ဓက အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားထား၏။ ဒါနစေတနာ၏ အကျိုးပေးသွားပုံမှာ အံ့ဩစရာလည်းကောင်း စိတ်ဝင်စားစရာလည်း ကောင်း၏။

ဝိရိယရော အကြံဉာဏ်ပါ တူညီသော လူလေးယောက်ကို အရင်းအနှီးငွေ သိန်းတစ်ရာစီ ထုတ်ပေးလိုက်ပြီး အရောင်းအဝယ်လုပ်ငန်းကို လုပ်စေ၏။ သူတို့သည် ဝိရိယတူ၊ ဉာဏ်တူ ကြိုးစားရောင်းဝယ်ကြသော်လည်း တစ်ယောက်က သိန်းတစ်ရာရင်းရာ သိန်းနှစ်ရာမြတ်၏။ တစ်ယောက်က သိန်းတစ်ရာရင်းရာ သိန်းတစ်ရာမြတ်၏။ တစ်ယောက်က သိန်းငါးဆယ်သာမြတ်၏။ တစ်ယောက်က အရင်းပါရှုံးသွား၏။ ဉာဏ်တူ ဝီရိယတူပါလျက် အဘယ့်ကြောင့် ထိုကဲ့သို့ ကွဲပြားသွားရသနည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသိနိုင်သည့် ပစ္စုပ္ပန်အကြောင်းများ ရှိသလို လူတိုင်းမသိနိုင်သည့် အတိတ်အကြောင်းများလည်း ရှိသည်သာဖြစ်၏။ ဗုဒ္ဓဟောကြားသည့် အသေးစိတ်အတိတ်အကြောင်းများကား သိန်းတစ်ရာရင်းရာ၌ သိန်းနှစ်ရာမြတ်သွားသောသူသည် အလှူခံကို ဘယ်နေ့ဘယ်ရက်တွင် ငွေတစ်ရာလှူမည်ဟု ကတိပေးထား၏။ ထိုနေ့ရက်သို့ ရောက်သောအခါ၌ စေတနာပိုတိုးလာပြီး နှစ်ရာလှူခဲ့၏။ နှစ်ဆတိုးလှူခဲ့သော ဒါနကြောင့် ယခုဘဝတွင် နှစ်ဆတိုးပြီး မြတ်ခဲ့ရခြင်းဖြစ်၏။

သိန်းတစ်ရာသာမြတ်သူသည် အလှူခံပုဂ္ဂိုလ်ကို တစ်ရာလှူမည်ဟု ကတိခံထားပြီး ထိုကတိအတိုင်း တစ်ရာအတိအကျကိုသာ လှူခဲ့သောကြောင့်ဖြစ်၏။ သိန်းငါးဆယ်သာမြတ်သူသည် အလှူခံပုဂ္ဂိုလ်ကို တစ်ရာလှူမည်ဟု ကတိခံထားပြီး တကယ်လှူသောအခါ ငါးဆယ်သာလှူသောကြောင့် ဖြစ်၏။ အရင်းပါရှုံးသွားသောသူသည် အလှူခံကို တစ်ရာလှူမည်ဟု ကတိပေးထားပြီး အချိန်ကျသောအခါ စေတနာပျက်သွားပြီး မလှူခဲ့သောကြောင့် ဖြစ်၏။

ထို့ကြောင့် အတိတ်ကုသိုလ်ကံသည် ထိုင်ပြီး မျှော်လင့်အပ်သောအရာ မဟုတ်သော်လည်း 'သည်လိုအကျိုးပေးတတ်ပါကလား'ဟူ၍ ယုံကြည်နားလည်ထားရန်ကား လိုအပ်သည်သာဖြစ်၏။ ဤဖြေရှင်းချက်ကို ထောက်ထား၍ နှစ်လုံးထီ သုံးလုံးထီထိုးလျှင် ပေါက်သောအခါထက် မပေါက်သောအခါကသာ များ၏။ စိတ်မချရ။ ဒါနထီသည်ကား အကျိုးမပေးသောအခါ ဟူ၍မရှိ။ ဘဝတစ်ခုခုတွင် ဧကန်မုချ အကျိုးပေးမည်ဖြစ်ကြောင်း ကောင်းစွာ လက်ခံရမည်ဖြစ်၏။



"ဧဝဥ္စ ဘိက္ခဝေ သတ္တာ ဇာနေယျုံ၊ ဒါနသံဝိဘာဂဿ ဝိပါကံ"

"ယထာဟံ ဇာနာ မိ န စ နေသံ မစ္ဆေရမလစိတ္တံ ပရိယာဒါယ တိဋ္ဌေယျ"

* (ဣတိဝုတ်ပါဠိတော် ၂၀၇)။

"ချစ်သား ချစ်သမီးတို့ ပေးကမ်းစွန့်ကြဲကြခြင်း ဒါန စေတနာ၏ ကောင်းကျိုးကို သတ္တဝါတို့သည် ငါဘုရား သိသလောက်သိကြမည်ဆိုလျှင် မိမိစားအပ်သော အစားအစာမှ သူတစ်ပါးတို့အား ခွဲဝေမပေးဘဲ မစားနိုင်ကုန်ရာ။ ဝန်တိုခြင်း (မစ္ဆရိယ) အညစ်အကြေးသည်လည်း ထိုသတ္တဝါတို့၏ စိတ်ကို ထက်ဝန်းကျင် ၌ နှိပ်စက်လွှမ်းမိုး၍ မတည်ရာ"

"ဂရာဆာဒပိ တဒရ လေကျ
ကဆာမာန္တိ၊ ဒီယတေထိယူ။
ဣစ္ဆာနုရူပိ ဝိဘဝ၊ ကဒါ ကဆယ ဘဝိယှတိ"

* (ကာလီဒါသဝတ္ထုလာ–သဏ္ဍ္ဌဂါထာ)

မိမိစားသုံးမည့် တစ်ခုသော ပန်းကန်မှ တစ်ဝက်မျှကို အဘယ်ကြောင့် မပေးနိုင်အံ့နည်း။ ဥစ္စာပစ္စည်းကို တင်းတိမ်အောင် အဘယ်မှာ ရနိုင်အံ့နည်း။ ဥစ္စာပစ္စည်းရှိမှ လှူမည်ဟု ဆိုခြင်းသည် သူမိုက်တို့၏ စကားဖြစ်၏။ တတ်နိုင်သမျှ ဖဲ့၍လှူဒါန်းရမည်။

ပါရမီဟူသည် မြင့်မြတ်သူတို့၏ (လောဘစသော ကိလေသာကုန်ရာ) နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းမှု၊ သီလဆောက်တည်မှုသည်တို့သည်သာတည်း။ (လောဘစသော ကိလေသာ ပွားစီးရာ) လောကီစည်းစိမ်ချမ်းသာကို ရည်မှန်း၍ လှူဒါန်းမှု စသည်တို့ကို ပါရမီဟု မဆိုထိုက်။

* (ရတနာ့ဂုဏ်ရည် – ၃၀၅)။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတောင်း၏ အင်္ဂါ(၇)ချက်အနက် 'လွဲမိုက် ဆုံးမ' ဟူသော လေးခုမြောက်အင်္ဂါကို ဖော်ပြပြီးနောက် ငါးခုမြောက် ဆက်သတ်ဖော်ပြရမည့်အချက်မှာ 'မေးသမျှခံ'ယူသော အချက်ပင် ဖြစ်၏၊ တပည့်၏ မေးမြန်းချက်များကို စိတ်ကျေနပ်သည်အထိ ဖြေကြားနိုင်ရမည်ဟု ဆိုလိုခြင်းပင်ဖြစ်၏။ ထိုအချက်နှင့် ပတ်သက်၍ တွန်ုပ်ကိုယ်တိုင် စိတ်ဝင်စားသော ဆရာစန္ဒြနှင့် စွန်းလွန်းဆရာတော်ကြီးတို့၏ အမေးအဖြေကို "ဘဝခရီးနှင့် အတွေ့အကြုံများ" စာအုပ်မှ ထုတ်နုတ်တင်ပြလိုက်ပေသည်။

၁၉၅၀ ပြည့်နှစ်ခန့်က မြန်မာပြည်တွင် ရောင်စုံသူပုန်များ ထကြွသောင်းကျန်းနေချိန်ဖြစ်၏။ ဆရာစန္ဒြသည် ရဟန္တာအဖြစ် ကျော်ကြားနေသော စွန်းလွန်းဆရာတော်ကြီးကို ဖူးမြော်ချင်လှသဖြင့် အသက်အန္တရာယ်ကြားမှ မြင်းခြံသို့ အရောက်လာခဲ့ရ၏၊ စွန်းလွန်းဆရာတော်ကြီးကို ဖူးတွေ့ပြီးသည်နှင့် ရန်ကုန်မှ ဝယ်လာသော သင်္ကန်းကိုကပ်လှူပြီး ချက်ချင်းဝတ်ရုံပေးရန် လျှောက်ထား၏။ ဆရာတော်ကြီးသည် သက်တော်ကြီးရင့်နေပြီဖြစ်၍ ပင်ပန်းနေသည့်ကြားက သူလှူသောသင်္ကန်းကို ဝတ်ရုံပေးရှာ၏။ သင်္ကန်းကို လဲလှယ်ဝတ်ရင်း -

"သူတော်ကောင်းဆိုတာ အားလုံးရဲ့အောက်ဆုံးကပဲ"

ဟုအမိန့်ရှိ၏။ သူဝတ်ခိုင်းတာကို လဲလှယ်ဝတ်ရသည့်အတွက် မခိုတင်ကဲ အမိန့်ရှိသည်ထင်၍ ဆရာစန္ဒြသည် စိတ်မကောင်းဖြစ်သွားကာ ယခုလိုလျှောက်ထား၏။



"တပည့်တော် ဆရာတော်ကိုဖူးချင်၊ လှူဒါန်းချင်လွန်းလို့ ဗုံးဆန်ကြား စက်သေနတ်ကျည်ဆန်ကြားကနေ အရောက်လာခဲ့ရတာပါဘုရား၊ ဒါကြောင့် တပည့်တော်လှူဒါန်းတဲ့ သင်္ကန်းကို ချက်ချင်း ဝတ်ရုံပေးဖို့ တောင်းဆိုမိတာပါဘုရား"

အမှန်မှာ ဆရာတော်သည် ညည်းညူခြင်းမဟုတ်၊ တကယ့်သူတော်ကောင်း၏ အဓိပ္ပာယ်ကို အတိုဆုံးနည်းဖြင့် တရားဟောနေခြင်းဖြစ်၏။ ဒကာက ဉာဏ်မမီသောအခါ အကျယ်ချဲ့ရ၏။

"ဒကာကြီး ခြင်ကို သတ်ရဲလား"

"မသတ်ရဲပါ ဘုရား"

"အဲဒါကြည့်ပါလား. . . သူတော်ကောင်းဆိုတာ တခြားလူတွေ၊ တိရစ္ဆာန်တွေကို အသာထား၊ ခြင်ကိုတောင် အရှုံးပေးရတယ်မဟုတ်လား၊ ဒါကြောင့် သူတော်ကောင်းဆိုတာ အားလုံးရဲ့အောက်ကလို့ ပြောလိုက်တာပါ"

ထိုကဲ့သို့ရှင်းပြမှ ဆရာတော်သည် တရားဟောပေးခြင်းဖြစ်ကြောင်း သိရ၍ ဆရာစန္ဒြမှာ ဝမ်းမြောက်ရ၏။

"ဆရာတော်ဘုရား နိဗ္ဗာန်ဆိုတာ အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာ နိဗ္ဗာန်ဟု တပည့်တော် ငယ်ငယ်ကတည်းက ကြားဖူးခဲ့ပါတယ်၊ လက်တွေ့အားဖြင့် မည်ကဲ့သို့ရှိသည်ကို ညွှန်ပြတော်မူပါဘုရား"

"မင်းလက်ပေးစမ်း" ဟုဆရာတော်ကြီးကတောင်းပြီးလျှင် သက်မောင်းကို အသာလေးဆိတ်သည်။

"မင်းနာသလား" ဟုမေး၏။

"နာပါတယ်ဘုရား" ဟုလျှောက်ရသည်။ ထို့နောက် ဆိတ်အားသော လက်ကို ဆရာတော်ကြီးက လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . မင်း အခု နာသေးလား" ဟုမေးပြန်သည်။

"မနာပါဘူးဘုရား" ဟု ပြန်၍ လျှောက်ထားလေသည်။

"အဲဒါ နိဗ္ဗာန်ပဲ" ဟု ဆရာတော်က အမိန့်ရှိသည်။

ကျွန်ုပ်ဝမ်းထဲတွင် အလွန်အံ့ဩစရာ ကောင်းလောက်အောင် ဝမ်းသာသွားသည်။ အားရသွားသည်။

အဘယ်ကြောင့်ဆိုသော် နာခြင်းဟူသော ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းသွားခြင်းသည် နိဗ္ဗာန်ဟု အလိုလိုနားလည်သည်။ ဝိမုတ္တိရသ= လွတ်မြောက်သော အရသာဟု အဓိပ္ပာယ်ရှိသည်။ ဒုက္ခခပ်သိမ်း၊ စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခများမှ ငြိမ်းချမ်းသွားခြင်းပင်ဖြစ်သည်။ ဒုက္ခဟူသမျှ ချုပ်ငြိမ်းခြင်းသည်ပင်လျှင် နိဗ္ဗာန်ဖြစ်ကြောင်း နှလုံးသားထဲက သိလာသည်။

"ရှေးက စာချဆရာတော်ကြီးများကသောတာပန် ရဟန္တာဆိုတာ လွယ်တာမဟုတ်ဘူးဟေ့၊ ငါတို့တော့ ဆုတောင်းရုံပဲ၊ အဘယ်ကြောင့်ဆိုတော့ ဝိသုဒ္ဓိ(၇)ပါးတွင် စိတ္တဝိသုဒ္ဓိသည် စိတ်၏စင်ကြယ်ခြင်းဖြစ်လို့ စိတ္တဝိသုဒ္ဓိရဖို့ အလွန်ခက်တယ်၊ စိတ္တဝိသုဒ္ဓိမှာ မေထုန်ငယ်(၇)ပါးမှ လွတ်ရတယ်၊ ယင်း(၇)ပါးမှ လွတ်ဘို့ရန် အလွန်ခက်တယ်" ဟုအမိန့်ရှိတယ်။ ထို့ကြောင့် "ဝိသုဒ္ဓိ(၇)ပါး ပြည့်စုံနိုင်ပါသလား" ဟုလျှောက်ထားသည်။

(မှတ်ချက်)။ ။ ဖိုနှင့်မတို့ သံဝါသပြုခြင်းကို မေထုန်ကြီးဟုခေါ်၍ ဖော်ပြပါ(၇)မျိုးကို မေထုန်ငယ်ဟု ခေါ်သည်။

(၁) ရေချိုးရာ၌ မာတုဂါမ၏ ပွတ်တိုက်ပေးခြင်း၊ အခြားနေရာ၌ ခြေဆုတ်လက်နယ် ပြုပေးခြင်းကို သာယာနေခြင်းလည်း မေထုန်ကိစ္စ တစ်မျိုးပေတည်း။



(၂) ထိုသို့ပြုစုခံခြင်းမှ ရှောင်ကြဉ်နိုင်သော်လည်း မာတုဂါမနှင့်အတူ ပြုံးကာ၊ ရယ်ကာ၊ တို့ကာ၊ ဆိတ်ကာ သာယာနေခြင်းသည်လည်း မေထုန်ကိစ္စတစ်မျိုး ပေတည်း။

(၃) မျက်နှာချင်းဆိုင်၍ အားရပါးရ ကြည့်ရှုခြင်းသည်လည်း မေထုန်ကိစ္စတစ်မျိုးပေတည်း။

(၄) မိမိ၏ မျက်ကွယ်အနီးအပါးမှ မာတုဂါမ၏ ရယ်သံ၊ စကားပြောသံကိုကြား၍ သာယာသောအားဖြင့် နားစိုက်နေခြင်းသည်လည်း မေထုန်ကိစ္စတစ်မျိုးပေတည်း။

(၅) မာတုဂါမနှင့် ကြင်ကြင်နာနာ နေခဲ့ဖူးသည်ကို တွေး၍ မျက်စိထဲ၌ တရေးရေးမြင်နေရခြင်းသည်လည်း မေထုန်ကိစ္စတစ်မျိုးပေတည်း။

(၆) လူဝတ်ကြောင် ဇနီးမောင်နှံတို့၏ခံစားမှုကို မြင်ရ၍ အားကျနေခြင်းသည်လည်း မေထုန်ကိစ္စတစ်မျိုး ပေတည်း။

(၇) သီလစောင့်စည်းရသော အကျင့်ဖြင့် နောင်ဘဝနတ်ဖြစ်ရမည်ဟု မျှော်လင့်ချက်ဖြင့် နှစ်သက်နေခြင်းလည်း မေထုန်ကိစ္စတစ်မျိုးပေတည်း။

*(အင်္ဂုတ္တိုရ်ပါဠိတော်၊ သတ္တကနိပါတ်-၄၃၈)။

(ဆောင်)

"ယှဉ်စုံမတပ်၊ ပွတ်သပ်မကျူး၊
ရယ်မြူးမရှိ၊ မျက်စိမဆုံ၊

www.burmeseclassic.com



သံမျိုးစုံပစ်၊ ရေးဖြစ်မကျန်၊
မောင်နှံစုံစွာ၊ နတ်ဘောင်မရှယ်၊
ဤရှစ်သွယ်၊လွတ်ဖွယ်မေထုန်တည်း။ ။"

(မှတ်ချက်)မေထုန်ငယ်(၇)ပါး၊ မေထုန်ကြီး(၁)ပါး=ပေါင်း(၈)ပါးကို ဆိုလိုသည်။

ထိုအခါ ဆရာတော်က-

"ကဲ -မင်း အာနာပါန အားထုတ်စမ်း၊ ထိုင်, မျက်စိကို မှိတ်၊ ထိတဲ့နေရာတွင်ပင်သိမှတ်နေ၊ ကဲ. . . လုပ်စမ်း"ဟု အမိန့်ပေးသည်။

ဆရာတော် အမိန့်ရှိသည့်အတိုင်း ထိသောနေရာလေးကို သိမှတ်နေသည်။ ထိုအချိန်တွင် ဤသိမှတ်နေသော စိတ်မှတစ်ပါး အခြားစိတ်များ မလာတော့ချေ။ ထို့နောက်ငါးမိနစ်ကြာသောအခါ ဆရာတော်က မေးသည်။

'မင်း -အခု အာနပါန အားထုတ်တော့ ထိတဲ့နေရာသိမှတ်နေတော့ မင်းမျက်စိက ကြည့်ချင်တဲ့စိတ် ရှိသေးလား၊ နားကလည်း နားထောင်ချင်သေးလား၊ မင်းဝမ်းထဲကရော စားချင်တဲ့စိတ်၊ သွားချင်တဲ့စိတ်၊ လိုချင်တဲ့စိတ် ရှိသေးလား၊ ရူပ၊ သဒ္ဒ၊ ဂန္ဓစသော အာရုံငါးပါး အားလုံးမရှိတော့ပါ။"

ငါးပါးအာရုံ ပိတ်နေသည်၊ စိတ်လုံခြုံနေသည်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်တို့ မရှိတော့ပေ။ ဤကဲ့သို့ အာရုံငါးပါးမှ လုံခြုံနေခြင်းကိုပင် 'ဣန္ဒြိယသံဝရသီလ လုံခြုံနေသည်'ဟု ခေါ်၏။ ထို့ကြောင့် စိတ္တ, ဝိသုဒ္ဓိဖြစ်သည်။ ဤကဲ့သို့ ဆက်လက်ကြိုးစားသွားလျှင် ဝိသုဒ္ဓိ(၇)ပါးလုံးကို ကြိုးစားရာရောက်ပြီး



'မဂ်ဖိုလ် သို့ ရောက်နိုင်သည်'ဟု ဆိုသည်။ ကျွန်ုပ်တစ်သက်တွင် တစ်ခါမှ မကြားဖူးသော တရားများကို ကြားရသည်။

ထို့နောက်

"ဆရာတော်ဘုရား နိရောဓသမပတ် ဆိုသည်ကို ဟောပြတော်မူပါဘုရား. . . ."ဟု လျှောက်ထားသည်။

ထိုအခါ ဆရာတော်က-

"နိရောဓသမာပတ်ဆိုသည်မှာ အစိုးရလခစားများအလုပ်ပင်ပန်းသောကြောင့် ခွင့်ယူပြီးလျှင် အိမ်မှာအနားယူသကဲ့သို့ ဖြစ်သည်၊ ဤခန္ဓာကိုယ်ကြီး၏ တာဝန်မှာ အလွန်ပင် လေးလံသည်၊ ရောဂါအမျိုးမျိုးဖြင့် နှိပ်စက်သည်၊ ဆာလောင်မှု၊ ရေချိုးချင် မှုမှစ၍ ဒုက္ခအမျိုးမျိုးပေးသည်၊ ဤခန္ဓာကိုယ် ဒုက္ခမှ ခေတ္တ သက်သာရာ ရစေရန်ဟု ရည်စူး၍ နာမ်သာရှိပြီး ရုပ်မရှိသော နေဝသညာနာသညာယတနဘုံသို့ စိတ်ကလေးက သွား၍ အနားယူခြင်းဖြစ်သည်"

ဤကဲ့သို့ နိရောဓသမာပတ်မဝင်စားမီ "ငါသည် (၇)ရက်တိတိ သမာပတ်ဝင်စားမည်။ ငါ၏ ခန္ဓာကိုယ်နှင့် သင်္ကန်းစသည်တို့သည် ရန်သူမျိုးငါးပါး ဖျက်ဆီး၍ မပျက်စီးစေရ"ဟု အဓိဋ္ဌာန်ပြုပြီးမှ သမာပတ်ဝင်စားပြီး နေဝသညာနာသညာယတနဘုံသို့ စိတ်ကလေးက သွားနေသည်။ ခန္ဓာကိုယ်ကြီးကို အငြိမ်းစားပေးထားသည်။ "ဤကဲ့သို့ နိရောဓသမာပတ်ဝင်စားနေလျှင် မိမိခန္ဓာကိုယ်ကို မည်သည့် ရန်သူမျိုးငါးပါးမှ ပျက်စီးအောင် မလုပ်နိုင်"ဟု အမိန့်ရှိသည်။

www.burmeseclassic.com



ဒုတိယဖော်ပြမည့် အမေးအဖြေမှာ (၁၉၂၀)ပြည့်နှစ်က သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဘာသာဝင် အတွေးအခေါ် ပညာရှင် တစ်ဦး မေးထားခြင်းကို လယ်တီဆရာတော်ဘုရားကြီးက ဖြေဆို ထားခြင်းဖြစ်သည်။

မေး။ ။ "ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါးဟူ၍ ခြားနားခြင်းမရှိလျှင် ဒုစရိုက်အတွက် မည်သို့သော တာဝန်ရှိနိုင်ပါမည်နည်း၊ ပြုခဲ့သော ဒုစရိုက်အတွက် မည်သူကလာ၍ ခံမည်နည်း"ဟု မေးခြင်း ဖြစ်၏။

(မှတ်ချက်)။ စာရေးဆရာ (ဦး)ဆန်းလွင်၊ တောင်ပုလု ဆရာတော်ကြီးကို မေးခဲ့သော မေးခွန်းပင်ဖြစ်၏။ ဤမေးခွန်းအဖြေကို ရသည်နှင့် ဦးဆန်းလွင် ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့သည်။ ။

ဖြေ။ ။ "ရှေးဦးစွာ ဗုဒ္ဓဘာသာ၌ ဒေသနာအပြား၊ သာသနာအပြား ကို ပြဆိုရာ၏။ ဒေသနာသည် ဝေါဟာရဒေသနာ၊ ပရမတ္ထဒေသနာဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုတွင်. . . .

(၁) ဝေါဟာရဒေသနာဆိုသည်ကား လောက၌ ပုဂ္ဂိုလ်ရှိသည်၊ အတ္တရှိသည်။ ဇီဝရှိသည်ဟု လောကီဘုံသားလူအများတို့ မှတ်ယူပြောဆိုကြကုန်သော စကားမျိုးသည် ဝေါဟာရဖြစ်၏။ ထိုဝေါဟာရ ရှိကြသည့်အတိုင်း ဟောတော်မူသော ဝိနည်းဒေသနာ သုတ္တန်ဒေသနာများသည် ဝေါဟာရဒေသနာမည်၏။

(၂) ပရမတ္ထဒေသနာဆိုသည်ကား လောက၌ပုဂ္ဂိုလ်ဟူ၍ မရှိ၊ အတ္တဟူ၍မရှိ၊ သတ္တဝါဟူ၍မရှိ၊ ဇီဝဟူ၍ မရှိ၊



ရုပ်ဓာတ်အစု နာမ်ဓာတ်အစုမျှသာ ရှိသည်ဟု ဟောတော်မူသော အဘိဓမ္မာဒေသနာတော်သည် ပရမတ္ထဒေသနာ မည်၏။ အဓိသီလ သာသနာ၊ အဓိစိတ္တသာသနာ၊ အဓိ ပညာသာသနာ ဟူ၍ သာသနာအပြား သုံးပါးရှိ၏။

ထိုတွင်. . .

(၁) သူ၏အသက်ကို မသတ်အပ်၊ သူ၏ဥစ္စာကို မခိုးအပ် အစရှိသဖြင့် ဆုံးမတော်မူသော သာသနာသည် 'အဓိသီလ' သာသနာမည်၏။

(၂) သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု အစရှိသဖြင့် ပွားများကြစေရန် ဆုံးမတော်မူသော သာသနာသည် 'အဓိစိတ္တ' သာသနာမည်၏။

(၃) ပုဂ္ဂိုလ်၊ သတ္တဝါ၊ အတ္တ၊ ဇီဝဟူ၍မရှိ၊ ရုပ်ဓာတ်အစု၊ နာမ်ဓာတ်အစုမျှသာ ဖြစ်၏။ ထိုရုပ်ဓာတ်အစု၊ နာမ်ဓာတ်အစုသည် ဖြစ်သော်လည်း အနိစ္စသာ ဖြစ်၏။ ဒုက္ခသာဖြစ်၏။ အနတ္တသာ ဖြစ်၏ဟု ပွားများကြစေရန် ဆုံးမတော်မူသော သာသနာသည် 'အဓိပညာ' သာသနာမည်၏။

ထိုတွင် အဓိသီလသာသနာ၊ အဓိစိတ္တသာသနာ၊ နှစ်ပါးသည် ဝေါဟာရဒေသနာ၏ဆိုင်ရာဖြစ်၏။ အဓိပညာသာသနာသည် ပရမတ္ထဒေသနာ၏ ဆိုင်ရာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အဆက်အာ တိုလ်ဘိုပုစ္ဆာ ခြောက် ချက်တွင်-

**(၁) ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါးဟူ၍ ခြားနား ခြင်းမရှိလျှင်** ဒုစရိုက်အတွက် မည်သို့တာဝန် ရှိနိုင် မည်နည်းဟူသော ပထမပုစ္ဆာ၌ အဖြေကား ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါးဟူ၍ ခြားနားခြင်းမရှိဟူ သော စကားသည် ပရမတ္ထ ဒေသနာ၏ ဆိုင်ရာပေ တည်း။ 'ဒုစရိုက်အတွက် မည်သို့တာဝန်ရှိနိုင်မည် နည်း'ဟူသော စကားသည် ဝေါဟာရဒေသနာ၏ ဆိုင်ရာပေတည်း။ အဓိသီလသာသနာ၊ အဓိစိတ္တ သာသနာဟူသော သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိကို ပြဆို ရာ၌ ဝေါဟာရဒေသနာကို လွှတ်၍ ပြဆိုခြင်းငှာ မတတ်ကောင်း၊ အဓိပညာ သာသနာဟူသော ဒိဋ္ဌိ ဝိသုဒ္ဓိကို ပြဆိုရာ၌ ဝေါဟာရဒေသနာနှင့် ပြဆို ခြင်းငှါ မတတ်ကောင်း၊ ပရမတ္ထဒေသနာ ဆိုင်ရာ ဖြစ်၏။ ပုစ္ဆာ၌မူကား ဝေါဟာရ ဒေသနာအရာနှင့် ပရမတ္ထဒေသနာ အရာ ထွေးယှက်လျက်ရှိ၏။ အထက်က ပြဆိုခဲ့သော ဒေသနာအပြားနှင့် ထောက်ထား၍ ယူလေ။

ယခုဖော်ပြမည့် တတိယမြောက် အမေးအဖြေမှာ စာအုပ် တစ်အုပ်မှ ရရှိခြင်းဖြစ်သည်။

မေး။ ။ "ကုသိုလ်ကံကြောင့် ကောင်းကျိုးခံစားရသည်၊ အကုသိုလ်ကံကြောင့် မကောင်းကျိုးခံစားရခြင်းဟု ယူဆခြင်းသည် မှန်ကန်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိအယူ ဖြစ်ပါသည်။ ယခု ဘဝခံစားရသော ကောင်းကျိုးဆိုးကျိုး အားလုံးသည် ရှေးအတိတ် ကံကြောင့်သာ ဖြစ်သည်ဟု ယူဆခြင်းသည် ဒိဋ္ဌိ(၆၂)ပါးတွင် ပါဝင် သည်။ ပုဗ္ဗေကတ ဟေတုဒိဋ္ဌိအယူ ဖြစ်ပါသည်။ ထိုအယူနှစ်ပါး သည် တူသကဲ့သို့ ဖြစ်နေပါသည်။ မတူပုံကို ဂယနအာခွဲခြားပြီး သိလိုပါသည်"

ဖြေ။ ။ "ခံစားမှုဝေဒနာသည် ကုသိုလ်ကံ၊ အကုသိုလ်ကံ နှင့် ယှဉ်သော ကမ္မဝေဒနာ၊ ကြိယာစိတ်နှင့် ယှဉ်သော ကြိယာ ဝေဒနာနှင့် ဝိပါကဝေဒနာဟူ၍ သုံးမျိုးရှိ၏။ ထိုသုံးမျိုးတွင် ကမ္မ ဝေဒနာ၊ ကြိယာဝေဒနာတို့သည် ရှေးကပြုခဲ့ဖူးသော အကြောင်း ကြောင့်ဖြစ်သည်မဟုတ်။ လက်ရှိတွေ့ကြုံလာသော အကြောင်း အမျိုးမျိုးကြောင့် ဖြစ်သည်။ ဝိပါက ဝေဒနာသည်သာလျှင် ရှေး က ပြုခဲ့ဖူးသော အကြောင်းကြောင့် ဖြစ်သည်ဟု သိမြင်ယူဆခြင်း သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်သည်။ ကမ္မဝေဒနာ၊ ကြိယာ ဝေဒနာ၊ ဝိပါက ဝေဒနာသုံးပါးစလုံးသည် ရှေးကပြုခဲ့ဖူးသော အကြောင်းကြောင့်သာ ဖြစ်သည်ဟု ယုံကြည်လက်ခံခြင်းသည် ပုဗ္ဗေကတဟေတု ဒိဋ္ဌိဖြစ်သည်"

အနာရောဂါတို့သည် သည်းခြေကြောင့်ဖြစ်သော အနာ ရောဂါ၊ သလိပ်ကြောင့်ဖြစ်သော အနာရောဂါ၊ လေကြောင့် ဖြစ် သော အနာရောဂါ၊ ထိုသုံးမျိုးပေါင်းဆုံကျရောက်မှု သန္နိပါတ် ကြောင့်ဖြစ်သော အနာရောဂါ၊ ဥတုဖောက်ပြန်မှုကြောင့် ဖြစ်သော အနာရောဂါ၊ ခန္ဓာကိုယ် မညီညွတ်မမျှတအောင် ဆောင်ရွက်ခြင်း ကြောင့်ဖြစ်သော အနာရောဂါ၊ လုံ့လအားထုတ်ပြုလုပ်ခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော အနာရောဂါ ကံ၏အတိုင်းကြောင့် ဖြစ်သော အနာရောဂါဟူ၍ ရှစ်မျိုးရှိ၏။ ထိုရောဂါရှစ်မျိုးတို့ကို သက်ဆိုင်ရာ အကြောင်းတရားတို့ကြောင့် ဖြစ်ကြသည်ဟု သိမြင်ခြင်းသည် ကမ္မဿကတာသမ္မာဒိဋ္ဌိဖြစ်၏။ အနာရောဂါမှန်သမျှ ရှေးကံကြောင့်သာ ဖြစ်သည်ဟု ယူဆခြင်းသည် ပုဗ္ဗေကတ ဟေတု ဒိဋ္ဌိဖြစ်၏။

မျက်မှောက်ဘဝ၌ ခံစားအပ်သော အကျိုးရှိသော (မျက်မှောက်ဘဝ၌ အကျိုးပေးသော) ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဒုတိယဘဝ၌ကပ်ရောက်၍ ခံစားအပ်သော အကျိုးရှိသော၊ (ဒုတိယဘဝ အကျိုးပေးသော) ဥပပဇ္ဇဝေဒနီယကံ၊ အဆက်ဆက်သော ဘဝ၌ ခံစားအပ်သော အကျိုးရှိသော (အဆက်ဆက်သော ဘဝ၌ အကျိုးပေးသော) အပရာပရိယ ဝေဒနီကံဟူ၍ ကံသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောထားတော်မူသည်။ ထိုကံသုံးမျိုးလုံးကို သိမြင်ယုံကြည်ခြင်းသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်၏။ ရှေ့နှစ်မျိုးလုံးကို ပယ်၍အပရာပရိယဝေဒနီယ ကံတစ်မျိုးကိုသာ လက်ခံယုံကြည်ခြင်းသည် ပုဗ္ဗေကတဟေတု ဒိဋ္ဌိဖြစ်သည်။

မျက်မှောက်ဘဝ၌ ခံစားရသော အကျိုး၊ ဒုတိယဘဝ၌ ခံစားရသော အကျိုး၊ အဆက်ဆက်ဘဝ၌ ခံစားရသော အကျိုးဟူ၍ အကျိုးသုံးမျိုးတို့ကို မြတ်စွာဘုရား ဟောတော်မူသည်။ ထိုသုံးမျိုးတို့ကို သိမြင်ယုံကြည်ခြင်းသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ ရှေ့နှစ်မျိုးတို့ကို ပယ်၍ အပရာပရိယအဆက်ဆက် အကျိုးတစ်မျိုးကိုသာ လက်ခံယုံကြည်ခြင်းသည် ပုဗ္ဗေကတဟေတု ဒိဋ္ဌိဖြစ်သည်။

ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာ၊ ဝိပါက စေတနာ၊ ကြိယာစေတနာလေးမျိုးတို့ကို သိမြင်ယုံကြည်ခြင်းသည် ကမ္မဿ



ကတာ သမ္မာဒိဋ္ဌိဖြစ်၏။ ဝိပါကစေတနာမှ တစ်ပါးသော စေတနာသုံးမျိုးတို့ကို ပယ်၍ ဝိပါကစေတနာတစ်မျိုးကိုသာ လက်ခံယုံကြည်ခြင်းသည် ပုဗ္ဗေကတဟေတုဒိဋ္ဌိ ဖြစ်သည်။

ယခုဖော်ပြမည့် စတုတ္ထမြောက်မေးခွန်းကို ဒေါက်တာဦးမြင့်ဆွေကမေး၍ မဟာစည်ဆရာတော်ဘုရားကြီးက ဖြေဆိုသည်။

မေး။ ။"အသက်မထွက်နိုင်ဘဲ ရောဂါကို မချိမဆံ့ခံစားနေရသော လူနာကို သနားသည့်အတွက် ဝေဒနာကို ကြာရှည်မခံစားရအောင် သေဆေးထိုးခဲ့လျှင် ထိုးပေးသော ဆရာဝန်မှာ အပြစ်ရှိ မရှိ သိလိုပါသည်"

ဖြေ။ ။ အပြစ်ရှိပါသည်၊ စိတ်သည် တစ်စက္ကန့်အတွင်း အကြိမ်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားနိုင်ပါသဖြင့် အလွန်လျင်မြန်နိုင်ပါသည်၊ ဝေဒနာကို မချိမဆံ့ ခံစားနေရသော လူနာကို မြင်စအချိန်တွင် ဆရာဝန်၏ စိတ်ထဲတွင် သနားစိတ်ပေါ်နေသည်မှာ မှန်၏၊ သေဆေးကို အပ်ဖြင့် ထိုးသွင်းလိုက်သော အချိန်တွင်ကား မြန်မြန်သေစေလိုသော ဒေါသ အကုသိုလ်စိတ်သည် မိမိ သတိမထားလိုက်မိခင်မှာပင် ဖြစ်သွားလေပြီ၊ ထို့ကြောင့် သတ္တဝါတစ်မျိုးမျိုး ဖြစ်ခြင်း၊ သတ္တဝါမှန်းသိခြင်း၊ သေစေလိုသော စေတနာရှိခြင်း၊ တစ်နည်းနည်းဖြင့် သေအောင် အားထုတ်ခြင်း၊ ထိုသတ္တဝါ သေသွားခြင်း (ခုဒ္ဒ ကာ၊ ၄၊ ၂၂။ ကင်္ခါဝိတရဏီ-၄၊ ၂၀) ဆိုတဲ့ ပါဏာတိပါတ အင်္ဂါငါးချက်နှင့်ညီသွားတဲ့အတွက်ကြောင့် အပြစ်ရှိတယ်ဟု ဆုံးဖြတ်နိုင်ခြင်းဖြစ်သည်"

www.burmeseclassic.com

www.burmeseclassic.com



**"ရဟန္တာတိုင်း ဓာတ်တော်ကျ၊ မကျမေးခွန်းကို**
**တည်တောဆရာတော်ကြီး ဖြေဆိုတော်မူသည်"**

"၁၇-၆-၈၃ နေ့စွဲဖြင့် ဆရာတော်ထံ စာတစ်စော
ရောက်လာပါတယ်ဘုရား"

"ဘယ်ကစာလဲကွဲ့"

"မင်းဘူးမြို့ကပါ ဘုရား၊ စာရွက်ရဲ့ ခေါင်းစီးမှာ ဦးသန်း
ဒေါ်ခင်လေး ကုန်သည်၊ ဈေးလမ်း၊ မင်းဘူးမြို့လို့ စာပုံနှိပ်ထာ
ပါတယ်ဘုရား"

"စာရွက်မှာ ဘာတွေများ ရေးထားသလဲကွဲ့"

"စာရွက်မှာ ရေးထားတာကို ဖတ်လျှောက်ပါမယ်ဘုရာ"

"အင်း ဖတ်ပါဦး၊ နားထောင်ရသေးတာပေါ့"

"ဘုရားတပည့်တော် လျှောက်ထားလိုသည်မှာ အာသ
ကုန်သော ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်ပြုလျှင် အချို့ဓာတ်တော်မ
ကြောင်း၊ အချို့ဓာတ်တော်ကျ၍ ပူဇော်ရကြောင်း ဟောပြော
ပါသည်၊ ၎င်းနှစ်ဝါဒကို အထောက်အထား ခိုင်လုံစွာဖြင့် အ
အဖြတ်ပေးပါရန် တောင်းပန်လျှောက်ထားပါသည်လို့ ရေးသ
ထားပါသည်ဘုရား"

"သူ့အမေးက ဒါပဲလားကွဲ့"

"မှန်ပါတယ်၊ အမေးတစ်ခုပါပဲ ဘုရား"

"အမေးတစ်ခုတည်းဆိုရင် စာဖတ်သူတွေ သ
ပေါက်သွားအောင် ခပ်ရှည်ရှည်လေး စဖြေကြစို့လားကွယ်"

"မှန်ပါ သင့်လျော်သလို ဖြေဆိုတော်မူပါဘုရား"

"အရှင်စုန္ဒဟာ သူ့ရဲ့နောင်တော်ကြီး အရှင်သာရိပုတ္တရာ



ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ကြွင်းကျန်တဲ့ ဓာတ်တော်များကို ရေစစ်အတွင်းထည့်ပြီး နာလကရွာက သာဝတ္ထိပြည်ကို ဆောင်ယူခဲ့တယ်၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို ရောက်တော့ သူ့ရဲ့ ဥပဇ္ဈာယ်ဆရာ ဖြစ်တဲ့ အရှင်အာနန္ဒာက ဓာတ်တော်ထည့်တဲ့ ရေစစ်ကို ဆောင်ယူပြီး အရှင်စုန္ဒနဲ့အတူ ဘုရားရှင်ထံ ရေစစ်နှင့်တကွ ဓာတ်တော်တွေကို အပ်တယ်၊ ဘုရားရှင်က လက်တော်ကို ဆန့်တန်းပြီး ဓာတ်တော်ရေစစ်ကို ခံယူတယ်၊ ခံယူပြီးတော့ လက်ဖဝါးပေါ်မှာ တင်ထားပြီး အရှင်သာရိပုတ္တရာရဲ့ ဂုဏ်များကို ပေါ်လွင်ထင်ရှားစွာ ထုတ်ဖော်ကာ ဓာတ်တော်များကို ရှိခိုးစေတယ်၊ ပြီးတော့မှ ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်များကို စေတီတည်စေတယ်၊ ထို့အတူ ရှင်မဟာမောဂ္ဂလန်စသော ရဟန္တာများရဲ့ ဓာတ်တော်များကိုလည်း ဓာတုစေတီတည်ထားစေတယ်"

"ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အရှင်အာနန္ဒာ ပရိနိဗ္ဗာန်ဝင်စံချိန် နီးတော့ ရောဟိနီမြစ်ရဲ့ အထက်ကောင်းကင်အလယ် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး "ငါ၏ကိုယ်သည် အလယ်မှ ထက်ခြမ်းကွဲ၍ မြစ်ရဲ့ ဟိုဘက်ကမ်း သည်ဘက်ကမ်း ကျစေသတည်း"လို့ အဓိဋ္ဌာန်တော်မူတဲ့အတိုင်း ဓာတ်တော်များသည် ဟိုဘက် သည်ဘက် ကွဲပြီးကျတယ်၊ အခုပြောခဲ့တာက ရဟန္တာများရဲ့ ဓာတ်တော်ကျပုံများ ဖြစ်သကွဲ့၊ ဘုရားရှင်ရဲ့ ဓာတ်တော်ကျပုံကို ပြောကြဦးစို့'

"ကျမ်းဂန်မှာဆိုတာက သက်တော်ရှည်တဲ့ ဘုရားရှင်များရဲ့ ဓာတ်တော်ဟာ ဖရိုဖရဲမကွဲဘဲ ရွှေတုံးရွှေခဲကြီးလို ဓာတ်တော်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆူတည်းသာ ကျန်သတဲ့၊ သက်တော်တိုတဲ့ ဂေါတမဘုရားကျ တော့ ဓာတ်တော်တွေ ဖရိုဖရဲပြိုကွဲပြီး ကျသတဲ့၊ ဘုရားရှင်များရဲ့ ဓာတ်တော် ဘာကြောင့် နှစ်မျိုးကွဲရသလဲဆိုတော့ သက်တော်ရှည် တဲ့ ဘုရားရှင်ဓါတ်တော်များဟာ လောကအတွင်း အချိန်ကြာကြာ နေတော်မူကြရတဲ့အတွက် ကျွတ်သင့်ကျွတ်ထိုက်တဲ့ သတ္တဝါများ ကုန်အောင် ချွေချွတ်တော်မူနိုင်ကြတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့ အချိန်ကျတော့ ချွေချွတ်ဖို့ ပရိသတ်မရှိသလောက် ကုန်နေပြီ၊ ကျန်တဲ့သတ္တဝါတွေက ဘုရားချွတ်လို့ ကျွတ်မည့် သတ္တဝါ တွေ မဟုတ်ကြဘူး၊ ဘုရားရဲ့ ဝေနေယျတွေ မဟုတ်ကြဘူး"

"ဒါကြောင့် -ဘုရားရှင်ရဲ့ ကိုယ်စား ဓာတ်တော်များ မချွေ တော့ဘဲ တစ်ဆူတည်းသာ ကျန်ရစ်စေသတဲ့၊ သက်တော်တိုတဲ့ ဘုရားများကျတော့ လောကအတွင်း ဘုရားအဖြစ်နဲ့ ကျင်လည်နေ ရတာ အလွန်အချိန်တိုတယ်၊ အချိန်တိုလွန်းတဲ့အတွက် ချွေချွတ် သင့်တဲ့ သတ္တဝါတွေ ကုန်အောင် မချွေချွတ်နိုင်ခဲ့ဘူး၊ ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီး နောက်ကျချွေချွတ်ရဦးမည့် သတ္တဝါတွေ အများ အပြား ကျန်ရစ်ခဲ့ကြတယ်၊ အဲဒီကျန်ရစ်ခဲ့ကြတဲ့ ဝေနေယျ သတ္တဝါ များအတွက် ဘုရားရှင်ကိုယ်စား ဓာတ်တော် အများအပြား ကျန် ဖို့ အဓိဋ္ဌာန်တော်မူတဲ့အတွက် ဓာတ်တော်များ အစိတ်စိတ် ဖရို ဖရဲ ပြိုကွဲကျန်ရစ်ကြသတဲ့ကွယ်"

"စကားစပ်ဖြတ်ထိုးလျှောက်ပါရစေ ဘုရား"

"လျှောက်ပါလေ၊ ဘာများလျှောက်ထားချင်တုန်း"

"သက်တော်တိုတဲ့ ဘုရားရှင်များဟာ အချိန်နည်းတဲ့ အတွက် ဝေနေယျကုန်အောင် မချွတ်နိုင်ဘူးဆိုတော့ ဘုရားတစ်ဆူ တစ်ဆူမှာ ဝေနေယျပေါင်း မည်မျှချွတ်သင့်တယ်ဆိုတာကော ကျမ်းလာစကားရှိပါသလား ဘုရား"

"အင်း ရှိပါရဲ့ သောတက္ကကီဆိုတဲ့ကျမ်းမှာ-

' 'စတုဝီသတိ အသေချ်ယျေ၊
သဋ္ဌိယော စေဝ တောဋိယော၊
ပါဏာနိ သတသဟဿနိ၊
ဧကော ဗုဒ္ဓေါ ပမောစယိ"- လို့ ပြထားသတဲ့ကွဲ့"

"ဘုရားတစ်ဆူလျှင် ၂၄-သင်္ချေ၊ ကုဋေခြောက်ဆယ်၊ ပိုလ် ခြေတစ်သိန်းမျှလောက်ကုန်သော သတ္တဝါတို့ကို ကယ်တင်ချွေချွတ် တော်မူမြဲဖြစ်တယ်လို့ ဆိုတယ်ကွဲ့"

မှတ်ချက်) ။အချို့ဆရာတော်များကား ဤစကားကို သံဂါယနာဝင် ကျမ်းမှလာသည့် စကားမဟုတ်သောကြောင့် မယူကြကုန်။

"ဒီလိုဆို တပည့်တော်များရဲ့ ဂေါတမမြတ်စွာဘုရားရှင် ဟာ ပရိတ်သတ်ပေါင်း ဘယ်လောက်ချွေချွတ်သွားပြီး၊ ပရိသတ် အပေါင်း ဘယ်လောက်ကျန်သေးလဲ ဘုရား"

"ဂေါတမဘုရားဟာ ကိုယ်တော်တိုင် ချွေချွတ်သွားတဲ့ ပုဂ္ဂိုလ်ပေါင်း (၂၄)သင်္ချေတဲ့၊ ကျန်တဲ့ဝေနေယျပေါင်းက ကုဋေ ခြောက်ဆယ်နှင့် ပိုလ်ခြေတစ်သိန်းတဲ့ကွယ်၊ အဲဒါ ကျန်တဲ့ဝေနေ ယျ,များအတွက် ဂေါတမဘုရားရှင်ဟာ ပရိနိဗ္ဗာန်ပြုပြီးနောက် သာသနာကိုလည်း နှစ်ငါးထောင်ထားတော်မူခဲ့တယ်၊ ဓာတ်တော် အများအပြားလည်း ချန်ထားတော်မူခဲ့ခြင်း ဖြစ်တယ်ကွယ့်"

"ဘုရားရှင်ရဲ့ ကိုယ်စား အဓိဋ္ဌာန်ထားတော်မူခဲ့တဲ့ ဓာတ် တော်ပေါင်း ဘယ့်လောက်ရှိပါသလဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွဲ့ မေးမှတော့ စုံအောင်ပဲ ပြောကြပါစို့၊ ဗုဒ္ဓဝံသ ပါဠိတော်၊ ဓာတုဘာဇနီယဝတ္ထုမှာ ဘယ်လိုဟောသလဲဆိုတော့ ဂေါတမဘုရားရှင်ဟာ ကုသိနာရုံမြို့မှာ ပရိနိဗ္ဗာန်စံလွန်တော်မူ တယ်၊ ဘုရားရှင်ရဲ့ ဓာတ်တော်များဟာ ထိုထိုအရပ်များကို ပြန့်နှံ့ သွားတယ်၊ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး မကြာမီဘဲ ဓာတ်တော်များ ကို ဌာပနာကြပြီး-

" (၁) ရာဇဂြိုဟ်မှာ စေတီတစ်ဆူ။
(၂) ဝေသာလီမှာ တစ်ဆူ။
(၃) ကပိလဝတ်မှာ တစ်ဆူ။
(၄) အလကပ္ပမှာ တစ်ဆူ။
(၅) ရာမရွာမှာ တစ်ဆူ။
(၆) ဝေဌဒီပတိုင်းမှာ တစ်ဆူ။
(၇) မလ္လတိုင်း ပါဝေယျကမြို့မှာ တစ်ဆူ။
(၈) ကုသိနာရုံမြို့မှာ တစ်ဆူ ပေါင်းစေတီပေါင်း ရှစ်ဆူ ဖြစ်ထွန်းလာတယ်"
(၉) "အဲဒီနောက် ဒေါဏပုဏ္ဏားဓာတ်တော်ချင်အိုး ကို ဌာပနာတည်ထားတဲ့ ကုမ္ဘစေတီဖြစ်လာ တယ်"
(၁၀) အဲဒီနောက် စန္ဒကူးမီးသွေးများကို ဌာပနာပြီး တည်ထားတဲ့ အင်္ဂါရစေတီ ဖြစ်လာတယ်၊ အားလုံးပေါင်း စေတီတော်ဆယ်ဆူပွားခဲ့တာ ပေါ့၊ စေတီတော်ဆယ်ဆူအနက် ကုမ္ဘစေတီနှင့် အင်္ဂါရစေတီမှ တစ်ပါး စေတီတော် ရှစ်ဆူမှာ



စံပျော်တဲ့ ဓာတ်တော်များက အစိတ်စိတ်ကွဲ ပြားခြင်းရှိတဲ့အတွက် သမ္ဘိန္နဓာတ်တော်လို့ ခေါ်တယ်"

"သင်းကျစ်တော်ရယ်၊ စွယ်တော်လေးဆူရယ်၊ ညှပ်ရိုးတော် နှစ်ဆူရယ် အဲဒီဓာတ်တော်(၇)ပါးကတော့ မကွဲမပျက် ပကတိ အတိုင်း တည်တဲ့အတွက် အသမ္ဘိန္နဓာတ်တော်လို့ ခေါ်တယ်၊ သမ္ဘိန္န ဓာတ်တော်ထဲက အကြီးဆုံးဓာတ်တော်ဟာ ပဲနောက်စေ့လောက် ရှိတယ်၊ အရောင်က ရွှေရောင်အဆင်းရှိတယ်၊ အမြင့်ပမာဏ က တော့ ငါးပြည်ရှိတယ်၊ အလတ်စား ဓာတ်တော်များက ဆန်ကျိုး စေ့လောက်ရှိတယ်၊ အရောင်က ပုလဲ ရောင်၊ အမြင့်ပမာဏက တော့ ငါးပြည်သားရှိတယ်၊ အငယ်ဆုံး ဓာတ်တော်များက မုန်ညင်း စေ့လောက် ရှိတယ်၊ အရောင်က ချယားစေ့ရောင် (သို့မဟုတ်) ကတ်လေးငုံ့ရောင်၊ အမြင့်ပမာဏက ခြောက်ပြည်သားရှိတယ်"

"ဓာတ်တော်များကို အားလုံးစုပေါင်းလိုက်ရင် တစ်ဆယ့် ခြောက်ပြည်သား (သို့မဟုတ်) တစ်တင်းတိတိရှိတယ်။ အဲ့ဒီ တစ်တင်း ဆိုတာက ကုသိနာရုံပြည်မှာ သုံးတဲ့တင်းကွဲ့၊ ကုသိနာရုံ မှာ သုံးတဲ့တင်းဟာ ပကတိတင်းထက် ထက်ဝက်ကြီးသတဲ့ကွယ်၊ ဒါကြောင့် ပကတိတင်းနှင့်ဆိုရင် ဓာတ်တော်နှစ်တင်း ကျန်ရစ် သတဲ့၊ စိတ်အားဖြင့်ဆိုရင် ရှစ်စိတ်ကျန်ရစ်သတဲ့၊ ဒါကြောင့် လယ်တီ ဆရာတော်ရဲ့ ခုနစ်နေ့ ဘုရားရှိခိုးလင်္ကာမှာ "

'ရှင်စောဉာဏ်စက်၊ အမိဋ္ဌာန်ချက်ဖြင့်၊
လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊
မွေ့တော်ရှစ်စိတ်၊ ကြွင်းတယ်ကို

လို့ ရေးဖွဲ့တော်မူခဲ့တာပေါ့ '

www.burmeseclassic.com

www.burmeseclassic.com



"မုန့်ပါ၊ သည့်သို့ဆို ဘုရားရှင်ရဲ့ ဓာတ်တော်များဟာ ပုံစံအားဖြင့် မုန့်ညင်းစေ့လို၊ ဆန်စေ့လို၊ ပဲနောက်စေ့လို လုံးလုံးလေးတွေ ရှည်ရှည်မျှောမျှောလေးတွေ နေမှာပေါ့ ဘုရား"

"အဓိဋ္ဌာန်လို့ ဖြစ်ပေါ်လာတယ်ဆိုတော့ ဘုရားရှင် အဓိဋ္ဌာန်တော်မူတဲ့အတိုင်း ဖြစ်မှာပေါ့ကွယ်၊ ဒါက အဓိကမဟုတ်ပါဘူး၊ အဓိကပြောချင်တာက ဘုရားရှင် ခန္ဓပရိနိဗ္ဗာန်စံပြီး ခန္ဓာကိုယ်ကို မီးသဂြိုဟ်လိုက်တော့ ပကတိလူသားများလို အရိုးတိုင်း မကျဘူး၊ အရိုးအသားများဟာ အဓိဋ္ဌာန်ချက်အတိုင်း အစိတ်စိတ်ဖြစ်ပြီး ကျတယ်၊ ရဟန္တာများတော့ ဘယ်လိုဓာတ်တော်ကျမလဲ၊ ဒါဟာ မေးသင့်တဲ့ မေးခွန်းပေါ့၊ ဘုရားရှင်များမှာ အဓိဋ္ဌာန်တော်မူသည့်အတိုင်း ဓာတ်တော်အစိတ်စိတ်ကျတယ်၊ ရဟန္တာများမှာလည်း အဓိဋ္ဌာန်တော်မူခဲ့လျှင် ဘုရားရှင်လိုဘဲ ဓာတ်တော်အစိတ်စိတ် ကျသင့်တာပဲ"

"ရှင်အာနန္ဒာဝတ္ထုမှာ ကြည့်လေ၊ အဓိဋ္ဌာန်တော်မူခဲ့သော အဓိဋ္ဌာန်ချက်အတိုင်း ခန္ဓာကိုယ်နှစ်ခုကွဲပြီး ကျခဲ့တယ် မဟုတ်လား၊ ဒါကြောင့်ဆဋ္ဌာဘိညရဟန္တာပုဂ္ဂိုလ်ဟာ ပရိနိဗ္ဗာန်ဝင်စံခါနီး အဓိဋ္ဌာန်တော်မူခဲ့လျှင် ဓာတ်တော် အစိတ်စိတ် ကျမယ်လို့ ဖြေဆိုရမယ်၊ အကယ်၍ အဓိဋ္ဌာန်ချက်မရှိရင် ပကတိအရိုးသာကျမယ်၊ အစိတ်စိတ်ဖြစ်ပြီးကျမှာ မဟုတ်ဘူး၊ များသောအားဖြင့် ရဟန္တာဟာ ဗုဒ္ဓဘုရားရှင်လို သာသနာတော်တည်ထောင်ခဲ့တဲ့ ပုဂ္ဂိုလ် မဟုတ်ဘူး၊ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာရိပ်မှာ တာဝန်နည်းပါးစွာ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်မို့ ဝေနေယျကျန်သတ္တဝါများကို ငဲ့ဖို့ မလိုဘူး၊ ငါ့ခန္ဓာဟာ ဓာတ်တော် အစိတ်စိတ်ဖြစ်ပြီး ငါ့ရဲ့



ဝေနေယျများ ကိုးကွယ်ရာဖြစ်ပါစေလို့ ဝေနေယျများအတွက် အဓိဋ္ဌာန်ဖို့ မရှိဘူး"

"ဒါကြောင့် ရဟန္တာပုဂ္ဂိုလ် ပရိနိဗ္ဗာန်စံလွန်ပြီးတဲ့နောက် မီးသဂြိုဟ်ပြီးရင် ဓာတ်တော်အစိတ်စိတ် မကျပါဘူး၊ အရိုးသာ ကျပါတယ်၊ အမှန်ကတော့ ဓာတ်ဆိုတဲ့ မြန်မာသဒ္ဒါဟာ (ဓာတု)ဆိုတဲ့ ပါဠိကနေ ပြောင်းလဲလာတဲ့ ပါဠိပျက်ဖြစ်တယ်ကွယ်၊ ဓာတုဆိုတဲ့ ပါဠိသဒ္ဒါက ဘယ်အနက်ကို ဟောသလဲဆိုတော့ "အဘိဓာနပ္ပဒီပိကာပါဌ်၊ ဂါထာနံပါတ်(၈၁၇)မှာ-"

'သေမှာဒေါ ရသရတ္တာဒေါ၊ မဟာဘူတေ ပဘာဒိကေ။
ဓာတု ဒွိသွဋ္ဌိ စက္ခွာဒိ ဘွဒီသု ဂေရိကာဒိသု'

လို့- "ဓာတုသဒ္ဒါဟောနိုင်တဲ့ အနက်များကို ပြထားသတဲ့ကွယ်"

"ဓာတုသဒ္ဒါ ဘယ်လိုအနက်များ ဟောနိုင်ပါသတဲ့လဲ ဘုရား"

(၁) "သလိပ်၊ သည်းခြေ၊ လေဆိုတဲ့ သန္နိပါတ်ဓာတ်ကို လည်း ဟောနိုင်တယ်"

(၂) "အကြော၊ သွေး၊ အသား၊ အဆီ၊ အရိုး၊ သုက်၊ ခြင်ဆီ ဟူသော သာရီရိက ဓာတ်(၇)ပါးကိုလည်း ဟောနိုင်တယ်"

(၃) "ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အာကာသဆိုတဲ့ မဟာဘုတ်ဓာတ်ကိုလည်း ဟောနိုင်တယ်"

(၄) "ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်စတဲ့ ဝိသယဓာတ် များကိုလည်း ဟောနိုင်တယ်"

(၅) "အရိုးဓာတ်ကိုလည်း ဟောနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



(၆) "စက္ခုဓာတ်၊ သောတဓာတ်စသော ဓာတ်တစ်ဆယ့်ရှစ်ပါးကိုလည်း ဟောနိုင်တယ်"

(၇) "ဘူဓာတ်၊ ပစဓာတ်စသော သဒ္ဒါဓာတ်များကိုလည်း ဟောနိုင်တယ်"

(၈) "ငွေ၊နီ၊ သံကျောက်၊ မြင်းသီလာ၊ ဆေးဒါန်းစသော အဂ္ဂိရတ်ဓာတ်များကိုလည်း ဟောနိုင်တယ်"

"ဒီလို အနက်အမျိုးမျိုး ဟောရာက ယခုဓာတ်တော်ဆိုတဲ့ ဓာတုသဒ္ဒါက (အရိုး)ဆိုတဲ့အနက်ကို ဟောတယ်၊ လူရိုးသားရိုးစသော အရိုးဟောတဲ့ ပါဠိပုဒ်ဟာ ဓာတုဆိုတဲ့ ပုဒ်နှင့် အဋ္ဌိဆိုတဲ့ပုဒ် နှစ်ပုဒ်ရှိကြောင်းကို "အဘိဓာန်ဂါထာ နံပါတ်(၂၇၈)မှာ (ပဏ္ဍု ကေ အဋ္ဌိ ဓာ တွိတ္ထိ)လို့" ဆိုထားတယ်၊ ဒါကြောင့် ဓာတုဓာတ် တော် ဆိုတာဟာ အမှန်တကယ်တော့ အရိုးပါပဲ၊ အရိုးရှိတဲ့ သတ္တဝါမှန်ရင် ဘယ်ပုဂ္ဂိုလ်ပင်ဖြစ်စေ ကွယ်လွန်ပြီးတဲ့နောက် အရိုးကျန်မှာချည်းပါပဲ၊ ဒါကြောင့် ဓာတ်တော်ကျတယ်ဆိုတာ ဟာ အရိုးကျခြင်းကို ဆိုလိုတယ်"

"အခု လူအများထင်နေကြတာက ဓာတ်တော်ဆိုတာ ဘုရားရှင်ရဲ့ ဓာတ်တော်လို အစိတ်စိတ် အလုံးတွေလို့ ထင်နေကြတာကိုး၊ ရဟန္တာရဲ့ ဓာတ်တော်ဟာ ဘုရားရှင်ရဲ့ ဓာတ်တော်လို အလုံးလုံး မဟုတ်ပါဘူး၊ ရိုးရိုးလူရိုးအတိုင်းပါပဲ၊ အေးလေ ရှင်အာနန္ဒာတို့လို ပရိနိဗ္ဗာန် စံလွန်ခါနီး အဓိဋ္ဌာန်ပြုခဲ့လျှင် အစိတ်စိတ် အလုံးလုံးကလေးတွေ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ များစွာသော ရဟန္တာအရှင်မြတ်တို့ကတော့ ငါ့ခန္ဓာသည် ဓာတ်တော် အစိတ်စိတ် ဖြစ်ပါစေလို့ အဓိဋ္ဌာန်ခြင်း မရှိကြပါဘူး။ အဓိဋ္ဌာန်ခြင်း



မရှိတဲ့အတွက် မီးပူဇော်တော့ ပကတိအရိုးသာကျပါတယ်၊ အများထင်သလို ဓာတ်တော်တွေ အစိတ်စိတ်မကျပါဘူး။ ဒီနေရာမှာ သတိမူဖို့ ပြောလိုက်ဦးမယ်ကွယ့်"

"မှန်ပါ အမိန့်ရှိပါဦး ဘုရား"

"အဓိဋ္ဌာန်ခြင်းမပြုခဲ့သော် . . ပကတိရဟန္တာများတို မဆိုထားဘိ၊ ရှင်ပစ္စေကဗုဒ္ဓါများသော်မှ-ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် အများထင်သလို အစိတ်စိတ်ဓါတ်တော်လုံးကလေးတွေ မကျပါဘူး၊ ပကတိသော အရိုးသာကျပါတယ်"

"ဟုတ်လားဘုရား. . . ဒီအကြောင်း ကျမ်းဂန်လာရှိပါသလား . . ဘုရား"

"ရှိတာပေါ့ကွယ်. . ၊ သုတ္တနိပါတ်-ဌ-ပ-စာမျက်နှာ (၁၁၇) ဇီဝိတသင်္ချယဂါထာ, အဖွင့်မှာ ရှိတယ်ကွယ့်. . ."

"အဲဒီအဖွင့်ကို. . . အမိန့်ရှိပါဦးဘုရား"

"ဂေါတမဘုရား ထင်ရှားပွင့်လုခါနီးမှာ မာတင်္ဂအမည်တော်ရှိတဲ့ အရှင်ပစ္စေကဗုဒ္ဓါက ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံရာပြုပြီး သီတင်းသုံးစံနေတော်မူသတဲ့၊ သည်အချိန်မှာ အလောင်းတော် သိဒ္ဓတ္ထမင်းသားဟာ မယ်တော်မာယာရဲ့ ဝမ်းမှာ ပဋိသန္ဓေတည်နေတယ်၊ နတ်ပေါင်းများစွာဟာ အလောင်းတော်ကို ပူဇော်ဖို့ သာကြတဲ့အခါ မာတင်္ဂပစ္စေကဗုဒ္ဓါကို မြင်တွေ့ကြတော့ အရှင်ဘုရား ယခုအခါ ဘုရားအလောင်း ပဋိသန္ဓေ တည်နေပါပြီလို့ လျှောက် ထားကြသတဲ့၊ ရှင်ပစ္စေကဗုဒ္ဓါဟာ နိရောဓသမာပတ်မှ ထတော်မူစဉ် နတ်များလျှောက်ထားသွားတဲ့စကားကို ကြားလိုက်သတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မိမိရဲ့ အသက်အပိုင်းအခြားကို ကြည့်လိုက်တော့ သက်တမ်းတုန်နေတာကို တွေ့ရတယ်၊ ဒီနေရာမှာ စကားဖြတ်ပြီး ပြောရဦးမယ်၊ ဒီဇမ္ဗူဒိပ်ကျွန်းဟာ ဘုရားပွင့်သည် ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ ရဟန္တာတို့မှ ဆိတ်သုဉ်းတယ်လို့ မရှိဘူး၊ ဘုရားပွင့်ရာ သာသနာတော်ကာလမှာ အာသဝေါကုန်တဲ့ ပုဂ္ဂိုလ်ကိုတော့ ရဟန္တာလို့ ခေါ်တယ်၊ ရဟန္တာဟာ ဘုရား သာသနာရိပ်ကို ခိုပြီး ဘုရားရှင်ဟောတဲ့ သစ္စာတရားတော်အတိုင်း လိုက်နာကျင့်သုံးလို့ အာသဝေါကုန်ခန်းသွားသူ ဖြစ်တယ်၊ သာသနာပမှာ အာသဝေါကုန်သူကိုတော့ ပစ္စေကဗုဒ္ဓါလို့ ခေါ်တယ်၊ ပစ္စေက ဗုဒ္ဓါကတော့ သစ္စာတရားကို ဘယ်သူ့ထံမှ နာယူတာ မဟုတ်ဘူး၊ မိမိဘာသာ ထိုးထွင်းပြီး သိမြင်တော်မူတာဖြစ်တယ်၊ ဘုရားရှင်ရဲ့ သာသနာတော် ကာလမှာ မိမိဘာသာ တရားပေါက်သော (ပစ္စေက ဗုဒ္ဓါ) ရယ်လို့ မရှိစကောင်းဘူး၊ ကေရာဇ်မင်းရဲ့ တိုင်းနိုင်ငံမှာ အခြားမင်းတစ်ပါး မရှိကောင်းသလိုပေါ့ကွယ်၊ ဒါပေမယ့် ခုခေတ်ကာလမှာ အချို့သော ဓမ္မကထိကများက ပြောကြသတဲ့ကွယ်"

"ဘယ်လိုပြောပါသလဲ ဘုရား"

"သူပြောပုံက.. ဒီလိုတဲ့ကွယ်.."

"ငါတို့က.. အခြားဓမ္မကထိကများလို စာတွေနင်းကန်ကျက်ပြီး.. စာပြန်နေတာ မဟုတ်ဘူး၊ ကိုယ့်ဉာဏ်နဲ့တွေ့ပြီးတဲ့ တရားစစ် တရားမှန်ကိုသာ ဟောပြခြင်းဖြစ်သတဲ့.."

"ဒီလိုပြောသတဲ့လား.. ဘုရား"

"အေးကွယ့်... အဲဒီလိုပြောသတဲ့ကွယ်"



'ဒီလို ပြောရိုးမှန်လျှင်တော့ ဒီဓမ္မကထိကတွေဟာ ဗုဒ္ဓသာသနာအတွင်းက ဓမ္မကထိက မဖြစ်သင့်ဘူး၊ သာသနာရဲ့ အပြင်ဘက်က ဓမ္မကထိကလို့သာ ဆိုသင့်တာပေါ့'

"အေး.... အေး.... ဆိုသင့်တာပေါ့၊ အမှန်ကတော့ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမ ပိဋကတ်စာပေကို လွှတ်ပြီး ကိုယ်ပိုင်အသိနဲ့ မဂ်ဖိုလ် သိဖို့ဆိုတာ လုံးဝမဖြစ်သင့်ဘူး၊ ကိုယ်ပိုင် အသိဉာဏ်နဲ့ သိနိုင်တဲ့ ရှင်ပစ္စေကဗုဒ္ဓါဆိုတာ သာသနာတော် အတွင်းမှာ မရှိဘူး၊ သာသနာပကာလမှာသာ ဖြစ်နိုင်တယ်၊ ဒါကြောင့် မာတင်ရှင်ပစ္စေကဗုဒ္ဓါဟာ ဗုဒ္ဓကာလအထိ သက်တမ်း ရှည်ကြာဖို့ အခွင့်မရှိဘူး၊ နေထွက်အချိန်အခါမှာ တခြားအရောင်များ ကင်းပျောက်ရသလို ဗုဒ္ဓသာသနာတော်နှင့် ထိတွေ့ချိန် နီးလာတော့ မာတင်အရှင်ပစ္စေကဗုဒ္ဓါရဲ့ သက်တမ်းလည်း ကုန်သွားရတယ်၊ မာတင်အရှင် ပစ္စေကဗုဒ္ဓါဟာ သက်တမ်းကုန်နေတဲ့ မိမိခန္ဓာကိုယ်ကို စွန့်ပစ်ဖို့ ရှင်ပစ္စေကဗုဒ္ဓါများ ခန္ဓာတော်ချရာ ဟိမဝန္တာတောင်၊ မဟာပါပတ ချောက်ကမ်းပါးကြီးရှိရာကို ကောင်းကင်ခရီးက ကြွလာတယ်၊ ချောက်ကမ်းပါးကြီးဆီရောက်တော့ ရှေးကခန္ဓာဝန်ကို စွန့်ချသွားကြတဲ့ ရှင်ပစ္စေကဗုဒ္ဓါများရဲ့ အရိုးစုဓာတ်များကို ချောက်ကမ်းပါးအောက်ပစ်ချတော်မူပြီး ကျောက်ဖျာအထက်မှာ ထိုင်တော်မူကာ-"

www.burmeseclassic.com

www.burmeseclassic.com



"ရာဂဥ္စ ဒေါသဥ္စ ပဟာယ မောဟံ၊
သန္ဒာလယိတွာန သံယောဇနာနိ။
အသန္တသံ ဇီဝိတသင်္ခယမှိ၊
ဧကောစရေ ခဂ္ဂဝိသာဏကပ္ပေါ" လို့ ဥဒါန်း ကျူးရင့်
တော်မူသတဲ့"

*(သတ္တ၊ ၅၊ ပ၊ ၁၁၆၊ ၁၁၇)

"အဟံ-ငါသည်၊ ရာဂဥ္စ-ရာဂတရားကိုလည်းကောင်း ဒေါသဥ္စ-ဒေါသတရားကိုလည်းကောင်း မောဟဥ္စ၊ မောဟတရားကို လည်းကောင်း၊ပဟာယ ပယ်စွန့်ပြီး၍၊ သံယော ဇနာနိ-သံယောဇဉ် ကြိုးများကို၊ သန္ဒာလယိတွာန-ဖြတ်တောက်ဖျက် ဆီး၍၊ အသန္တသံ- ငြိမ်းခြင်းကြီး ငြိမ်းရသည်ဖြစ်၍၊ ဇီဝိတ သင်္ခ ယော-အာယုသင်္ခါ ကုန်ဆုံးသည်၊ အမှိ-ဖြစ်ရတော့အံ့၊ မာဒိသော- ငါကဲ့သို့ ဖြစ်လိုသော သူသည်၊ ခဂ္ဂဝိသာဏကပ္ပေါ-ကြံ့ချိုနှင့်တူစွာ၊ ဧကော-တစ်ယော တည်း၊ စရေ-ကျင့်ရာ၏"

"မာတင်္ဂရှင်ပစ္စေကဗုဒ္ဓါသည် ဥဒါန်းဂါထာကို ကျူးရ တော် မူပြီး ဥဒါန်းဂါထာတော်ရဲ့ အဆုံးမှာ ပရိနိဗ္ဗာန်စံဝင်တော် မူသတဲ့၊ ဒီနေရာမှာ သတိပြုစရာက ယခု ပရိနိဗ္ဗာန်စံတော်မူ မာတင်္ဂ ရှင်ပစ္စေကဗုဒ္ဓါဟာ နောက်ဆုံး ရှင်ပစ္စေကဗုဒ္ဓါဖြစ်တယ် မာတင်္ဂ ရှင်ပစ္စေကဗုဒ္ဓါရဲ့အထက် မြောက်မြားလှစွာသော ရှင်ပ က ဗုဒ္ဓါများဟာ ဟိမဝန္တာတောင် ခါးပြတ်မှာချည်း ပရိနိဗ္ဗာ ဝင်စံတော်မူကြတဲ့အတွက် ရှင်ပစ္စေကဗုဒ္ဓါများရဲ့ အရိုးဓာတ်တော် တွေဟာ အများအပြား စုပုံနေတယ်၊ ယခု မာတင်္ဂရှင်ပစ္စေကဗုဒ္ဓ ပရိနိဗ္ဗာန်ဝင်စံမည်ဆိုတော့ ခန္ဓာချစရာ နေရာမရှိအောင် အရိုး



ဓာတ်တော်တွေ ထပ်နေတယ်၊ ဒါကြောင့် ခန္ဓာချဖို့ နေရာရအောင် ရှေးက အရိုးစုများကို ချောက်တွင်းချပစ်ရခြင်းဖြစ်တယ်"

## ရဟန္တာငါးရာတို့၏ ဓာတ်တော်များ

"ဒီနေရာမှာ စကားစပ် ရတာနှင့် ရဟန္တာငါးရာတို့ရဲ့ အရိုးဓာတ်တော်များ အကြောင်း ကြားညှပ်ပြီး ပြောလိုက်ချင်သေးတယ်ကွယ့်"

"ဘယ်က ရဟန္တာငါးရာတို့ရဲ့ အရိုးဓာတ်များပါလဲ၊ အမိန့်ရှိပါဦးဘုရား"

"ကောဇာသက္ကရာဇ် (၁၃၄၀)ပြည့်နှစ်၊ ဝါခေါင်လက ဘုန်း ကြီးဆီကို ဒကာတစ်ဦး ရောက်လာတယ်ကွယ့်၊ ရောက်လာတဲ့ ဒကာက နယ်လှည့်ဆေးဆရာ၊ ဗေဒင် ဆရာကိုး၊ သူ့နာမည်ရင်းက ဦးစံဟိန်း တဲ့၊ ဆရာအမည်ကတော့ ဆရာစံဗလတဲ့ကွယ့်၊ သူ့ရဲ့ ဇာတိက ဂန့်ဂေါမြို့နယ်၊ ကံရွာကတဲ့"

"ဒီဒကာက ဆရာတော်ဆီ ဘာကိစ္စရောက်လာတာလဲ ဘုရား"

"ပြောမှာပေါ့ကွယ်၊ သူရောက်လာတဲ့ကိစ္စက သူဟာ အလောင်းတော် ကဿပဘုရားကို စိတ်ဝင်စားနေသူ ဖြစ်သတဲ့၊ ဒါကြောင့် အလောင်းတော် ကဿပဆီကိုလည်း မကြာမကြာ ရောက်ပြီး သူတတ်နိုင်တဲ့ ကောင်းမှုများကိုလည်း လုပ်တယ်၊ အလောင်းတော် ကဿပနှင့် ပတ်သက်တဲ့အကြောင်းများကိုလည်း ရှာဖွေတယ်၊ စုဆောင်းတယ်၊ ဒီလိုနဲ့ အလောင်းတော် ကဿပ

www.burmeseclassic.com

www.burmeseclassic.com



မှာ တော်ပြုနေတာ ဆယ်နှစ်လောက်ကြာသွားပြီတဲ့၊ ယခုသူဟာ အလောင်းတော်ကဿပနှင့် ပတ်သက်တဲ့ အကြောင်းတွေ တော်တော်များများ စုဆောင်းမိနေပြီး သူစုဆောင်းထားတဲ့ အကြောင်းအရာတွေ ရေးမှတ်ပြီး ဘုန်းကြီးဆီ လာအပ်တာကိုး"

"ဘာကြောင့် ဘုန်းကြီးဆီ လာအပ်တာလဲဘုရား"

"ဘုန်းကြီးဆီ လာအပ်တာက အလောင်းတော် ကဿပ သမိုင်းသစ် ရေးပေးဖို့ပါကွယ်၊ ဘုန်းကြီးကလည်း သူ့စာတွေ ကြည့်ပြီး စိတ်ဝင်စားလာတာနဲ့ (ကဿပသမိုင်း)အမည်နဲ့ စာတစ်စောင် ပြုစုလိုက်တယ်၊ သမိုင်းစာအုပ်က သိပ်မကြီးပါဘူး၊ ဖူးစကတ်နှင့် စာမျက်နှာ (၁၂၀)သာရှိမယ်၊ သို့သော်လည်း အလုပ်ကိစ္စကြားမှာ ပြုစုရတာဆိုတော့ ချက်ချင်းမပြီးဘူးပေါ့ကွယ်၊ သမိုင်းရေးမပြီးမီ ဆရာစံဗလဟာ မကြာခဏလာပြီး သူ့စာမူပြီး မပြီးမေးတယ်၊ စာရေးပြီးတဲ့နောက်တော့ ပေါ်မလာတော့ဘူး၊ အဲသည်စာမူဟာ တိုက်ထဲမှာ ညဥ့်အိပ်နေတယ်၊ အဲဒီစာမူထဲမှာ ထူးဆန်းတဲ့ ရဟန္တာ ဓာတ်တော်များအကြောင်း ပြောရဦးမယ်"

"အလောင်းတော် ကဿပသမိုင်းတော်ဟောင်းအလို အားဖြင့် အလောင်းတော် ကဿပဟာ တတိယသာဝကဖြစ်တော်မူတဲ့ ရှင်မဟာကဿပရဲ့ အလောင်းလို့ ဖော်ပြထားကြတယ်၊ အရှင်မဟာကဿပဟာ တောတောင်အတွင်း သီတင်းသုံးစံပျော်တော်မူတဲ့ ဓုတင်ဆောင်ပုဂ္ဂိုလ်ဖြစ်တော်မူတဲ့အတိုင်း ခန္ဓာဝန်ကိုချဖို့ ကြည့်လိုက်တော့လည်း တောတောင်အတွင်းကိုပဲ ကြည့်တော်မူတယ်၊ ဒါကြောင့် ခန္ဓာဝန်ကိုချဖို့အတွက် မည်သည့်ရဟန်းကိုမှ အကြောင်းကြားတော်မမူဘဲ တစ်ပါးတည်း ထွက်ခွာတော်မူလာသတဲ့၊



ဒီအကြောင်းကို တပည့်အပေါင်း ငါးရာတို့တသိလို့ ဆရာကြီးရာနောက်ကို လိုက်ခဲ့ကြတယ်၊ ချင်းတွင်းနယ်မြေရောက်ကြတဲ့အခါ ရဟန်းငါးရာတို့ဟာ အစုနှစ်စုပြုပြီး ဆရာကို ရှာကြသတဲ့၊ ဒီအကြောင်းကို ရှင်မဟာကဿပက ကြိုတင်သိတော်မူလို့ တပည့်များကို သိစေဖို့ ကျောက်တုံးမှာ ဘုရားရှင်ရဲ့ အဆုံးအမဂါထာများကို ရေးသားထားခဲ့သတဲ့" "တောင်အတက်လမ်းမှာ ရေးသားတော်မူခဲ့တဲ့ဂါထာက-"

"အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရော သိယာ။
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဒ္ဓတိ ဒုလ္လဘံ တဲ့ကွယ်"

"ဒီဂါထာက ဓမ္မပဒပါဠိတော် အတ္တဝဂ်ကလာတဲ့ ဂါထာပါပဲ၊ အဓိပ္ပာယ်က မိမိသည်သာ မိမိရဲ့ကိုးကွယ်ရာ ဖြစ်တယ်၊ အခြားသူဟာ မိမိရဲ့ကိုးကွယ်ရာ မဟုတ်ဘူး၊ မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်ရင် ရရန်ခက်ခဲတဲ့ အရဟတ္တဖိုလ် ကို ရနိုင်တယ်လို့ ဆိုလိုပါတယ်၊ တောင်ခြေအောက်လမ်းက လာကြမည့် တပည့်များအတွက် ဓမ္မပဒပါဠိတော်လာ ဂါထာတစ် ပုဒ်ကို ကျောက်တုံးမှာ ရေးသားတော်မူခဲ့တယ်။"

"အတ္တဒတ္ထံ ပရတ္ထေန၊
ဗဟုနာပိ န ဟာပယေ။
အတ္တဒတ္ထ မဘိညာယ၊
သဒတ္ထပ္ပသုတော သိယာ"

"ဒီဂါထာရဲ့ အဓိပ္ပာယ်က 'သူတစ်ပါးအကျိုးကြောင့် မိမိရဲ့အကျိုး မယုတ်စေရဘူး'တဲ့၊ မိမိရဲ့အကျိုးကိုသိပြီး မိမိအကျိုး

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ အလုပ်ကို လုပ်ပါသို့ ဆိုလိုပါတယ်၊ တပည့်ရဟန်းတော်
များဟာ ငါဘုရားရဲ့ အဓိပ္ပာယ်ကို သိတာနဲ့ အချင်းချင်းတိုင်
ပင်ကြသတဲ့၊ ငါတို့ဆရာဟာ ငါတို့ကို သူ့ထံ မလိုက်လာစေချင်
ဘူး ငါတို့ လိုက်သွားလို့လည်း ငါတို့ရော ဆရာရော ဘာအကျိုး
မှ မရှိဘူး၊ ဒါကြောင့် ဆရာရဲ့ ဩဝါဒအတိုင်း၊ သူတစ်ပါးအတွက်
တိုယ်ကျိုးအပျက်မခံဘဲ ကိုယ်ကျိုးရှိတဲ့ ဝိပဿနာအလုပ် အား
ထုတ်ကြစို့လို့ တိုင်ပင်ညီညွတ်ကြပြီး တစ်ခုသော တောအုပ်မှာ
အတူတကွ တရားအားထုတ်ပြုမူကြရာ ရဟန်းတော်အားလုံး
အာသဝေါ ကုန်ခန်းပြီး ရဟန္တာဖြစ်တော်မူကြသတဲ့"

"ရဟန္တာဖြစ်ပြီး ရဟန္တာငါးရာလုံး ဆရာဖြစ်သူ အရှင်
မဟာကဿပနှင့် တစ်ပြိုင်နက် ပရိနိဗ္ဗာန်ဝင်စံတော်မူကြတယ်၊
ပရိနိဗ္ဗာန်ဝင်စံတော်မူကြတဲ့ဌာနက သင်ပေါင်းချောင်းအနီးမှာ
ဖြစ်သတဲ့ကွယ်၊ ရဟန္တာအပေါင်း ငါးရာ ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့
အတွက် ခန္ဓာတော်မှ ကြွင်းကျန်တဲ့ အရိုးဓာတ်တော်တွေဟာ လူသူ
မနီး တောကြီးအလယ်မှာ အများအပြား စုပုံနေသတဲ့၊ နှစ်ကာလ
ရှည်ကြာတဲ့တိုင်အောင် ဆွေးမြည့်သွားခြင်း မရှိဘဲ အချို့သော
အရိုးဓာတ်တော်များဟာ ကျောက်သားအဖြစ် ရောက်နေတာကို
ပင် ဖူးတွေ့ကြရသတဲ့"

"အချို့သော အရိုးဓာတ်တော်များလည်း မြေမှာ နစ်မြုပ်
ပြီး အချို့သော အရိုးဓာတ်တော်များကတော့ ခြေဆစ်လက်ဆစ်
များတောင် မပြုတ်ဘဲ တည်နေရာက လူက ဆွဲကိုင်လိုက်မှ ပြုတ်
ကျ သွားကြသတဲ့၊"

"တစ်နေ့တော့ ကျောက်တံခါးရွာက ဒေါ်ဆန်စေ့ ဆိုတဲ့
အမျိုးသမီးကြီးတစ်ယောက်ဟာ မျှစ်ချိုး၊ မှိုကောက်သွားရင်း



အဲဒီဓာတ်တော်အရိုးပုံကြီးကို တွေ့သွားတယ်၊ ဒေါ်ဆန်စေ့ဟာ
အဲဒီအရပ်မှာ ရဟန္တာများ ပရိနိဗ္ဗာန်ဝင်စံဖူးကြောင်း ပုံပြင်သဘော
မျိုး ကြားဖူးတယ်"

"အဲဒီအရိုးပုံကြီးကို မြင်ရတော့-"ဒီအရိုးပုံကြီးဟာ
တိရစ္ဆာန်တွေရဲ့ အရိုးပုံ, မဟုတ်ဘူး၊ ပရိနိဗ္ဗာန်ဝင်စံတဲ့ ရဟန္တာများ
ရဲ့ အရိုးပုံသာဖြစ်ရမယ်" လို့- သဒ္ဓါတရားဖြစ်ပေါ်လာပြီး အရိုးတွေ
ကို တစ်ဖါလုံလောက်ကွာဝေးတဲ့ သင်ပေါင်းချောင်းအနီး အင်ကြင်း
ပျိုးပင်ရှိရာ မြေပြန့်ကို ထပ်တလဲလဲ ဆောင်ယူစုပုံထားပြီး- ဆီမီး၊
ရေချမ်း၊ ပန်း၊ နံ့သာတို့နဲ့ မပြတ်ပူဇော်နေသတဲ့. . ၊ ဒီသတင်းကို
ဘန္နီမြို့ ဘိုမယ်ချောင် ရွှေသိမ်တော်တောရ ပထမ, ဆရာတော်
ဘုရားကြီးက ကြားသိတော်မူတော့- အဲဒီနေရာကိုတမန်စေလွှတ်
ပြီး ကြွင်းကျန်နေတဲ့ ဓါတ်တော်များကိုပါ ထပ်မံရှာဖွေကာ. .
၁၃၂၆-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့အပြီး, ဓါတုစေတီတော်ကို
တည်တော်မူစေတယ်"

"ရွှေသိမ်တော်ဆရာတော်ဆိုတာ "ယောဂီ၊ပါရဂူ ကျမ်း"
ကို ပြုစုတော်မူခဲ့ပြီး-အများက ရဟန္တာပုဂ္ဂိုလ်ကြီးအဖြစ် အသိ
အမှတ်ပြုခံရတဲ့ ဆရာတော်တစ်ပါးဖြစ်တယ်"

"ဓါတ်တော်များကို ရှာဖွေစုစည်းစေဖို့ စေလွှတ်တဲ့အဖွဲ့ထဲ
မှာ 'ဆရာစံဟိန်း'လဲပါတယ်၊ ဓါတ်တော်ရှာအဖွဲ့မှာ ဆရာတော်၊
ဦးပဥ္စင်း၊ ကိုရင်နဲ့ လူကြီး, လူငယ် (၁၆)ဦးဖြစ်တယ်"

"အဲဒီ (၁၆) ဦးက. ."

၁။ "ဦးသောမ (ကျောက်တံခါးဆရာတော်) သက်တော် (၃၃)၊
သိက္ခာ (၁၃)ဝါ။

၂။ ကိုရင်-ရေဝတ ။ အသက်(၁၃)နှစ်။

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃။ ကိုရင်စန္ဒန | ။ | အသက်(၁၄)နှစ်။ |
| ၄။ ဦးအောင်ဝ | ။ | အသက်(၂၅)နှစ်။ |
| ၅။ ဦးသန်းရွှေ | ။ | အသက်(၃၀)နှစ်။ |
| ၆။ ဦးအောင်သိုက် | ။ | အသက်(၃၄)နှစ်။ |
| ၇။ ဦးငွေဒေါင်း | ။ | အသက်(၂၈)နှစ်။ |
| ၈။ ဦးတင်ငွေ | ။ | အသက်(၂၈)နှစ်။ |
| ၉။ မောင်စောမောင် | ။ | အသက်(၁၈)နှစ်။ |
| ၁၀။မောင်ဉာဏ်ဝေ | ။ | အသက်(၁၄)နှစ်။ |
| ၁၁။မောင်စောအောင် | ။ | အသက်(၁၅)နှစ်။ |
| ၁၂။မောင်ညိုမောင် | ။ | အသက်(၁၂)နှစ်။ |
| ၁၃။မောင်သိန်းနိုင် | ။ | အသက်(၁၃)နှစ်။ |
| ၁၄။မောင်စံမောင် | ။ | အသက်(၁၂)နှစ်။ |
| ၁၅။မောင်သစ် | ။ | အသက်(၁၀)နှစ်။ |
| ၁၆။ဆရာဦးစံဟိန်း | ။ | အသက်(၄၀)နှစ်။ |

တို့ (၁၆) ဦး ဖြစ်ကြတယ်"

"ခါတ်တော်ရှာအဖွဲ့(၁၆)ဦးတို့ဟာ. . . ၁၃၂၆-ခုနှစ် နယုန်လဆန်း (၁)ရက်နေ့- နံနက်အချိန်မှာ- ကန်မြို့ ရွှေသိမ်တော် တောရကျောင်း စထွက်ကြပြီး တောင်ပေါက်ရွာ ဘုန်းတော်ကြီးကျောင်း မှာ ညအိပ်ကြတယ်၊ နောက်တစ်နေ့ မိုးလင်းတာနဲ့ ခရီးဆက်ကြ တော့ ညောင်ပင်လယ်ခေါ်တဲ့ "ကျောက်တံခါးရွာ" ကို နံနက် (၁၀)နာရီလောက် ရောက်ကြတယ်၊ ကျောက်တံခါးရွာ ဘုန်းတော် ကြီးကျောင်းမှာ အပန်းဖြေကြပြီး မွန်းလွဲနာရီပြန်တစ်ချက်လောက် မှာ ဒေါ်ဆန်စေ့ စုစည်းစုပုံထားတဲ့ အရိုးတော်များကို သွားရောက် ဖူးမြော်ကြတယ်"



"အဲဒီနောက်- ကျောက်တံခါးဆရာတော်နဲ့အတူ တောနင်း ပြီး အရိုးဓါတ်တော်များကို နေဝင်သည့်တိုင်အောင် ရှာဖွေကြတယ်၊ အရိုးဓါတ် (၆)ပြည်သားခန့်နဲ့ သွားတော်၊ စွယ်တော်၊ အံတော်၊ ပေါင်း (၆၂)ဆူရကြတယ်၊ နောက်တစ်ရက်ဖြစ်တဲ့ နယုန်လဆန်း (၃)ရက်နေ့ ဆက်လက်ရှာကြတော့- အရိုးဓါတ်(၃)ပြီခန့်နဲ့ သွားတော်ဓါတ် (၄၄-ဆူ) ထပ်မံရရှိကြပြန်သတဲ့၊ ပထမ ဒေါ်ဆန်စေ့ စုဆောင်းထားတဲ့ အရိုးဓါတ်များက (၄-တင်း)လောက် ရှိသတဲ့ကွယ်. . . "

"ဒေါ်ဆန်စေ့ စုဆောင်းထားတဲ့ ဓါတ်တော်များနဲ့ နောက် ထပ် ရှာဖွေရရှိတဲ့ ဓါတ်တော်များကို စုပေါင်းပြီး ရွှေသိမ်တော် ဆရာတော်ဘုရားက စေတီတော်တည်ထားတော်မူခြင်း ဖြစ်တယ်"

"ဒီစကားရပ်က. . ရှင်ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာများ ပရိနိဗ္ဗာန်စံဝင်တော်မူသော် အများထင်ကြသလို ဓါတ်တော်များ အစိတ်အစိတ် အလုံးလုံး မကျဘူး၊ အရိုးပကတိအတိုင်း ကျတယ်ဆို တာ ဖော်ပြတဲ့ စကားရပ်ပါဘဲ"

"ဒီနေရာမှာ ရှင်ဗာကုလပရိနိဗ္ဗာန်ဝင်စံပုံကို ပြောပြဦး မယ်"

"ဥပရိပဏ္ဏာသပါဠိတော် သုညတဝဂ် ဗာကုလသုတ်မှာ- "အရှင်ဗာကုလသည် ရဟန်းအပေါင်း၏ အလယ်၌ ထိုင်လျက်သာ လျှင် ပရိနိဗ္ဗာန်ဝင်စံ၏" လို့ ဟောထားတယ်၊ " ထိုင်လျက် ဘယ် ပုံများ ပရိနိဗ္ဗာန်ဝင်စံသလဲ" ဆိုတာကိုတော့ ဥပရိပဏ္ဏာသ အဋ္ဌကထာ (၁၄၀)မှာ ဒီလိုဖွင့်ပြထားတယ်"

"ငါ-အသက်ထင်ရှားရှိနေစဉ်-အခြားရဟန်းတစ်ပါးပါး၏ အဝန်မဖြစ်ချေ၊ ပရိနိဗ္ဗာန်ဝင်စံသော ငါ၏ ခန္ဓာကိုယ်သည်လည်း ရဟန်းသံဃာ၏ ကြောင့်ကြမှု မဖြစ်ပါစေနဲ့လို့ ဆင်ခြင်တော်မူဘာ-

www.burmeseclassic.com

www.burmeseclassic.com



သာအောင်ဝတ်ဝင်စားပြီး ရဟန်းသံဃာ၏အလယ်၌ ထိုင်လျက်ပင် ပရိနိဗ္ဗာန်ဝင်စံတော်မူသတဲ့၊ ပရိနိဗ္ဗာန်ဝင်စံတော်မူသည်နှင့် တပြိုင်နက်- ခန္ဓာကိုယ်က မီးထွက်ပြီး လောင်ကျွမ်းသွားတယ်၊ အရေ၊ အသား၊ အသွေး, များဟာ- ထောပတ်,မီးလောင်သလို တုန်ခန်းသွားတယ်၊ မုလေးငုံအဆင်းရှိတဲ့ အရိုးဓါတ်တော်များသာ ကြွင်းကျန်သတဲ့"

"ဒီနေရာမှာ "သုမနမကုလသဒိသာ ဓါတုယောစ အဝသေသိ သု" ဆိုတဲ့ ပါဠိမှာ ပါဝင်တဲ့ (ဓါတုယော) ဆိုတဲ့ပုဒ်ကို နာမသတ်အားဖြင့် 'ဓါတ်တော်'လို့ ဘာသာပြန်ကြတယ်၊ အမှန်ကတော့-ဓါတု,ဓါတ်ဆိုတာ (အရိုး)လို့ ဆိုလိုရင်းဖြစ်တယ်ကွယ့်၊ ဒါကြောင့် အဓိဋ္ဌာန်ချက်ကြောင့် အရိုးတွေကြေမွပြီး အလုံးအလုံး အစိတ်အစိတ်, ဖြစ်လာသည်ကိုဖြစ်စေ၊ အလုံးလုံးမဖြစ်ပဲ- ပကတိ အရိုးအတိုင်းကျသည်ပင်ဖြစ်စေ- 'ဓါတု'ဆိုတဲ့ပုဒ်က အရိုးကိုဟောတဲ့အတွက် (ဓါတ်တော်ကျတယ်)လို့ပဲ ခေါ်ဆိုနိုင်ပါတယ်"

"ဒီလိုဆို. . ပုထုဇဉ်ကွယ်လွန်ရင်လဲ အရိုးကျတယ်၊ ရဟန္တာ ပရိနိဗ္ဗာန်ဝင်စံတော်မူတော့လဲ အရိုးပဲကျတယ်၊ အရိုးကျတာချင်းအတူတူဖြစ်လို့ ပုထုဇဉ်နဲ့ ရဟန္တာ, ဘယ်လိုခွဲခြားပြီး သိနိုင်မှာလဲဘုရား. ."

"အေးကွယ့်. . . ရုတ်တရက်တော့ မသိနိုင်ဘူးပေါ့၊ ဒါပေမယ့် သိနိုင်တဲ့နည်း ရှိပါသေးတယ်"

"ဘယ်လိုနည်းလဲဘုရား. . အမိန့်ရှိပါဦး"

"သုတ္တနိပါတ်-အဋ္ဌကထာ၊ (ပ) အာမဂန္ဓသုတ်၊ အဖွင့် (၃၀၃)မှာ- "ယေဟိ ဉဿန္နကိလေသာ-သတ္တာ၊ တေ အတိဒုဂ္ဂန္ဓာ ဟောန္တိ၊ နိက္ကိလေသာနံ မတသရီရမ္ပိ ဒုဂ္ဂန္ဓံ န ဟောတိ" လို့ ဖွင့်ပြထားတယ်၊ အဓိပ္ပာယ်ကတော့ "အကြင်ပုဂ္ဂိုလ်တွေဟာ ကိလေသာ အလွန်ထူပြောတယ်"ဆိုရင်-ထိုပုဂ္ဂိုလ်တွေဟာ အလွန်အနံ့ဆိုးသတဲ့ကွယ်၊ ကိလေသာကင်းတဲ့ ရဟန္တာများကျတော့ ပရိနိဗ္ဗာန်ဝင်စံပြီးတဲ့ ခန္ဓာကိုယ်ဖြစ်သော်လဲ မကောင်းသော အပုတ်,အနံ့ မထွက်ဘူးတဲ့-ကွယ်. ."



"ဒီစကားရပ်ဟာ-ကွယ်လွန်ပြီးတဲ့ ပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်နံခြင်း၊ မနံခြင်းကိုထောက်ဆပြီး-ပုထုဇဉ်နဲ့ ရဟန္တာခွဲခြားပြခြင်းဖြစ်တယ်၊ သို့သော် ခန္ဓာကိုယ်မနံတိုင်းလဲ ရဟန္တာလို့ မဆုံးဖြတ်နိုင်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ အချို့ပုဂ္ဂိုလ်များမှာ ရှေးဆုတောင်းကောင်းလို့ ပုထုဇဉ်ဘဝနဲ့ ခန္ဓာကိုယ်ဟာ မနံဘဲ မွှေးနေသေးတယ်၊ ပြီးတော့- သီလပြည့်ဝတဲ့ ပုဂ္ဂိုလ်များလဲ သီလတန်ခိုးကြောင့် ခန္ဓာကိုယ်က အပုပ်နံ့မထွက်ဘဲ အမွှေးနံ့ထွက်နေသေးတယ်၊ ဒါကြောင့်- ခန္ဓာကိုယ် မပုပ်မသိုးတိုင်းလဲ ရဟန္တာလို့ ကောက်,မဆုံးဖြတ်နိုင်ဘူး၊ မျက်မှောက်လောကမှာ- အအေးဓါတ်စိမ်ထားလို့ မပုပ်ခြင်း၊ ဆေးအေး, ထိုးထားလို့ မပုပ်ခြင်း၊ မမီဆေးများ လိမ်းကျံထားလို့ မပုပ်ခြင်း, ဆိုတာတွေလဲ ရှိနေတယ်မဟုတ်လား. . . ဒါကြောင့်- ခန္ဓာကိုယ်မပုပ်ရုံမျှနဲ့ ရဟန္တာလို့ ကောက်,မဆုံးဖြတ်နိုင်ဘူး၊ ရဟန္တာရယ်လို့ အတော်အတန်ဆုံးဖြတ်နိုင်တာကတော့ ခန္ဓာကိုယ်ကို မီးသင်္ဂြိုဟ်ပြီးတဲ့နောက် ကျန်ရစ်တဲ့ အရိုးစုဓါတ်ကို အကဲခတ်ကြည့်ဖို့ဘဲကွယ်. . ."

"ဘယ်လိုများ အကဲခတ်ကြည့်ရမှာလဲ ဘုရား"

"အကဲခတ်ရမှာက တကုလသုတ်အဖွင့်အတိုင်းပေါ့ကွယ် ကျန်ရစ်တဲ့ အရိုးဓါတ်ဟာ အညစ်အကြေးမတင်, ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်း၊ နှစ်သက်စဖွယ်၊ ကြည်ညိုစဖွယ်အသွင်ကိုဆောင်ရင်-ရဟန္တာသော်လည်းကောင်း၊ သီလဝန္တပုဂ္ဂိုလ်သော်လည်းကောင်း ဖြစ်ရမယ်လို့ ယုံကြည်သင့်တာပေါ့. . .၊ အကယ်၍

www.burmeseclassic.com



ကျန်ရစ်တဲ့အရိုးခါတ်ဟာ မည်းမည်းညစ်ညစ် ညှိုညှိုဟောက်ဟောက်၊ မသန့်မစင်၊ နှစ်သက်ဖွယ်မရှိ၊ ကြည်ညိုဖွယ်မရှိ၊ ဖြစ်ခဲ့ရင် ကိုးသေသော ခေါန်းသေးသော ပုဂ္ဂိုလ်လို့ ယုံကြည်သင့်တယ်ကွယ့်. . ”

“မှန်ပါ. . . လွန်စွာမှတ်သားသင့်ပါတယ်ဘုရား”

“အေးကွယ်. . မေးသူရဲ့အတွက် အဖြေကတော့ ဒီလောက်ဆိုရင်ပြည့်ပါပြီ၊ သို့သော်လဲ-“ဆိုရေးရှိက၊ ဆိုအပ်စွတည့်၊ ဆိုစများလျှား၊ ထားပချေမိ၊ ငါ့ဝန်ရှိခဲ့” ဆိုတာလို-တိုက်ရိုက်အမေး မပါသော်လဲ. . . ရဟန္တာ ပရိနိဗ္ဗာန်ဝင်စံတာနဲ့ ပတ်သက်ပြီး ပြောစရာ အနည်းအကျဉ်း, ကျန်သေးတယ်ကွယ့်”

“မှန်ပါ. . . အမိန့်ရှိပါဆရာတော်”

“ရဟန္တာဆိုတာ အန္တိမပုဂ္ဂိုလ်ဖြစ်တယ်၊ အန္တိမပုဂ္ဂိုလ်မှာ သီလ၊ သမာဓိ၊ ပညာ, သိက္ခာသုံးပါးပြည့်စုံပြီးသား၊ ဟုတ်တယ် မဟုတ်လား. . ”

“မှန်ပါတယ်ဘုရား. . . ”

“သီလ၊ သမာဓိ၊ ပညာ, ပြည့်စုံပြီးသားပုဂ္ဂိုလ်ဟာ “ကိံ နာမ ကမ္မံန သိဇ္ဈတိ” ဆိုတဲ့အတိုင်း. . . သူတို့ဖြစ်ချင်တာ အားလုံး ဖြစ်နိုင်တယ်၊ ဒါကြောင့် ကွယ်လွန်ပြီးတဲ့နောက် ‘အရိုးခါတ်ဟာ အစိတ်စိတ်, အလုံးအခဲတွေ ဖြစ်ရစ်စေ’ ဆိုရင်လဲ ဖြစ်နိုင်တယ်၊ ဘာကိုမှ အဓိဋ္ဌာန်မပြုခဲ့ရင်လဲ ပကတိအတိုင်း ကျန်ရစ်တယ်၊ ဒါမှမက ‘ငါ့ခန္ဓာ, လုံးဝမကျန်ရစ်စေသတည်း. . ’ဆိုရင်လဲ လုံးဝ မကျန်ရစ်နိုင်ဘူးကွယ့်”

“ခန္ဓာတော်,လုံးဝမကျန်ရစ်စေဘဲ ပရိနိဗ္ဗာန်ဝင်စံတော်မူတဲ့ ရဟန္တာများကော ရှိပါသလား ဘုရား. . ”



## ဓါတ်တော်မကျသော ဒဗ္ဗမထေရ်မြတ်

“ရှိတာပေါ့ကွယ်. . .၊ ဒဗ္ဗထေရ်ဟာ ပရိနိဗ္ဗာန်စံလွန်တော့ ခန္ဓာတော်, လုံးဝမကျန်ရစ်ဘူးကွယ့် . . ”

“အဲဒီအကြောင်း အမိန့်ရှိပါဦးဘုရား”

“ဒဗ္ဗမထေရ်ဟာ မလ္လမင်းရဲ့ သားတော်ဖြစ်တယ်၊ သူ့ကို မယ်တော်ကိုယ်ဝန်ဆောင်ထားစဉ် ကွယ်လွန်လို့ မီးသင်္ဂြိုဟ်ရာမှာ ဗိုက်က ပေါက်ထွက်ပြီး နေဇာမြက်ခင်းပေါ် ကျသတဲ့၊ နေဇာမြက်ကို “ဒဗ္ဗ”လို့ ခေါ်တဲ့အတွက်-နေဇာမြက်အမည်နဲ့ သူ့ကို “ဒဗ္ဗ”လို့ ခေါ် ကြတယ်၊ သူ့ကို မီးသင်္ဂြိုဟ်ရာမှာ သုသာန်မှာ ဖွားတာဖြစ်လို့-ခမည်းတော်မလ္လမင်းက မမွေးမြူဘူး၊ အဘွားဖြစ်သူက မွေးမြူခဲ့ရတယ်၊ (၇)နှစ်သားအရွယ်မှာ ရှင်သာမဏေဝတ်ဖို့ ဦးခေါင်းရိတ်ရင်း “တစပဉ္စက, ကမ္မဋ္ဌာန်းကို” ကြားနာရာက ဆံချပြီးအဆုံးမှာ ရဟန္တာဖြစ်တယ်၊ သေနာသနပညာပက-ဇတဒဂ်, ရ ပုဂ္ဂိုလ်ဖြစ်တယ်၊ မထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်ကာနီးတဲ့အခါ- ဘုရားရှင် သီတင်းသုံးရာ ရာဇဂြိုဟ်ပြည် ဇေတဝန်ကျောင်းကိုသွားပြီး ဘုရားရှင်ကို ကန်တော့တယ်”

“ကန်တော့ပြီးတော့ “မြတ်စွာဘုရား-ယခုအခါသည် တပည့်တော် ပရိနိဗ္ဗာန်ပြုရန် အခါပါတည်း” လို့ လျှောက်ထားတော့. . ဘုရားရှင်က “သင်သည်ပင် ပရိနိဗ္ဗာန်အခါကိုသိ၏” လို့ မိန့်တော်မူတယ်၊ အဲဒီနောက်, အရှင်ဒဗ္ဗဟာ ဘုရားရှင်ကို ရှိခိုးပြီး ကောင်းကင်ကို ပျံတက်တယ်၊ ကောင်းကင်ထက်ရောက်တော့ ထက်ဝယ်ဖွဲ့ခွေ, ထိုင်နေတော်မူပြီး-တေဇောကသိုဏ်းစျာန်ကို ဝင်စားတယ်၊တေဇောကသိုဏ်းစျာန်ကစပြီး-ကိုယ်ခန္ဓာ၌ တေဇောဓါတ်လောင်ရန် အဓိဋ္ဌာန်တော်မူတယ်၊ အဓိဋ္ဌာန်တော်မူပြီး-တဖန်, တေဇောကသိုဏ်းကို ဝင်စားပြန်တယ်၊ တေဇောကသိုဏ်း

www.burmeseclassic.com

www.burmeseclassic.com



ချာန်ကထပြီး အဘိဇ္ဈာဉ်စိတ်ဖြစ်ပေါ်လာတယ်၊ အဘိဇ္ဈာဉ်စိတ်ဖြစ်ပေါ်လာတာနဲ့ တပြိုင်နက် ခန္ဓာကိုယ်မှာ မီးဟုန်းဟုန်း, တောက်လာတယ်၊ တောက်လာတဲ့မီးဟာ တစ်ခဏအတွင်း ခန္ဓာကိုယ်မှာ အနည်းမြူမျှမကျန်စေဘဲ အလုံးစုံ လောင်ကျွမ်းပြီးမှ ငြိမ်းစဲသွားတယ်၊ အရှင်ဒဗ္ဗရဲ့ ခန္ဓာကိုယ်ဟာ-ပြာ,လဲမကျန်၊ မီးသွေးလဲမကျန်၊ မီးလောင်ကျွမ်းသွားတဲ့ ထောပတ်ဆီလို အလုံးစုံလောင်ကျွမ်းသွားတယ်"

"ဒီအကြောင်းကို ဘုရားရှင်သိတော်မူလို့. . "ဒဗ္ဗကိုယ်သည် အကြွင်းမရှိ ကွယ်ပျောက်ပြီး ရုပသညာ,စသော သညာတို့သည် ချုပ်ကုန်ပြီ ဝေဒနာ-သင်္ခါရ-ဝိညာဉ်, တို့သည် ပြတ်စဲချုပ်ငြိမ်းကုန်ပြီ. ." လို့-ဥဒါနပါဠိ (ပါတလိဂါမိယဝဂ်)မှာ ဥဒါန်းကျူးရင့်တော်မူတယ်"

"ဒါကြောင့်. . . ရဟန္တာပုဂ္ဂိုလ်ပရိနိဗ္ဗာန်ဝင်စံတော်မူရင် အချို့ဓါတ်တော်အစိတ်စိတ်ကျတယ်၊ အချို့ဓါတ်အတိုင်းကျတယ်၊ အချို့ခန္ဓာငါးပါးလုံးဝမကျန်ရစ်ဘူးလို့ မှတ်သားသင့်တာပေါ့ကွယ်. ."

"မှန်လှပါ. . . . . တပည့်တော်ဝမ်းသာလှပါပြီ၊ သာဓု. . သာဓု. . သာဓုပါ ဘုရား"

---

ယနေ့ဗုဒ္ဓဝါဒဆိုင်ရာ အမေးအဖြေများ အမှတ်စဉ် (၂) စာ-၁၀၉။

ဆရာကောင်း၏ ခြောက်ခုမြောက်အင်္ဂါမှာ "ဓမ္မံနက်နဲ ဟောနိုင်မြဲ"ဟူသော လင်္ကာအတိုင်း မဂ်ဖိုလ်ကို ရစေနိုင်သည့် သစ္စာလေးပါးတရားကို တပည့်ဖြစ်သူ နားလည်အောင် ဟောပြနိုင်ခြင်းပင် ဖြစ်၏၊ ထိုအင်္ဂါနှင့် ပတ်သက်ပြီး စာဖတ်သူတို့အတွက် အကောင်းဆုံးတရား တစ်ပုဒ်ကို တင်ပြနိုင်ရန် တရားခွေမျိုးစုံကို နာကြားရသလို တရားစာအုပ်မျိုးစုံကိုလည်း ရှာဖွေဖတ်ရှုခဲ့ရသည်။



တင်ပြထားသည့် တရားသည် ခက်ခဲနက်နဲဆုံး သစ္စာတရားလည်း ဖြစ်ရမည်၊ လူတိုင်းလည်း နားလည်နိုင်ရမည်၊ စိတ်ဝင်စား အောင်လည်း ဟောကြားနိုင်ရမည်၊ မဂ္ဂင်ရှစ်ပါးနှင့် ကိုက်ညီသဖြင့် မဂ်ဖိုလ်ရသွားပုံ အသေးစိတ်လည်း ပါရမည်ဟူသော မူလေးချက်နှင့် ညီရမည်ဟု သတ်မှတ်လိုက်သည်။

ထိုမူလေးချက်နှင့် ကိုက်ညီသော နမ္မားဆရာတော် အရှင်ဉာဏ၏ "မဂ်ပန်းလေးပွင့်၊ ဖိုလ်သီးဆင့်"စာအုပ်မှ "မဂ္ဂင်ရှစ်တန်လေယာဉ်ပျံ" အမည်ရှိ တရားတော်ကို ကောက်နုတ်ဖော်ပြလိုက်ပေသည်၊ လေးလေးနက်နက် တွေး ခေါ် ရှုပွားရင်း ဖတ်ရှုကြပါကုန်။

× × × ×

## မဂ္ဂရှစ်တန် လေယာဉ်ပျံတရားတော်

"ယေ စ ခေါ သမ္မ ဒက္ခာတေ
ဓမ္မေ ဓမ္မာနုဝတ္တိနော။
တေ ဇနာ ပါရမေဿန္တိ၊
မစ္စုဓေယျံ သုဒုတ္တရံ။ ။"

*(သံ-၃။၁၉။)၊

ယေစ-စိတ်ကောင်းကို မွေးမြူ၍ ဖွေးဖြူတဲ့ ပညာရောင်ဖြင့်၊ လူကောင်း နတ်ကောင်းတွေ လုပ်၍ နေကြကုန်သော အကြွင်သူအပေါင်းတို့သည်၊ ခေါ ဧကန္တေန-မုချဧကန် အမှန်စင်စစ်အားဖြင့်၊ သမ္မဒက္ခာတေ-ရှင်ပင်ဘုရား ထင်ရှားမြွက်ဖော်ကောင်းစွာ ဟောကြားတော်မူအပ်သော၊ ဓမ္မေ-ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များမြောင်လှစွာ၊ တရားတော်တည်းဟူသော ဒေသနာတွင်. . .

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာနုဝတ္တိနော-တရားနည်းလမ်းနှင့် စည်းကမ်းကို အရင်းထား၍ မယွင်းမမှားရအောင် ကျင့်ဆောင်ကြကုန်၏။

တေဇနာ-တရားဓာတ်အသားဝင်၍ တရားရှင်ဖြစ်ကြကုန်သော သူအပေါင်းတို့သည်၊ သုဒတ္တရံ-လေယာဉ်ပျံ မော်တော်ကားတွေနှင့် ဘယ်လိုပင် သွားသွား လားလားမှ မပေါက်ရောက်အောင် အလွန်တရာ ကူးမြောက်နိုင်ခဲ့သော. . .။

မစ္ဆုမေယျံ- သေမင်းနေရာ လွန်စွာရှုပ်လှ ဒုက္ခဖုံဖုံ ဝဋ်တော်ကို၊ တရိတ္ထာန-သမာဓိဂုဏ်လွှမ်း ဝိပဿနာ ထုံမွမ်းလျက် ဉာဏ်စွမ်းအလျောက် ကူးမြောက်တော်မူကြကုန်ပြီး၍--

ပါရံ-ဤသံသရာဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့၊ သေယန္တိ-လောကုတ္တရာမဂ္ဂင်၊ ဖက်ပလ္လင်ကိုစီး၊ လေယာဉ်ပျံကြီးဖြင့်၊ တစ်ဟုန်တည်း ကူးမြောက်၍ ပေါက်ရောက်တော်မူကြပေကုန်လိမ့်သတည်း။

သာဓု - သာဓု - သာဓု။

× × × ×

## ဝေဠုဒွါရရွာသတ်

"အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော် မူရာ ဝေဠုဒွါရ ပုဏ္ဏားတို့ရွာသို့ ရောက်တော်မူသတဲ့၊ ထိုအခါ ရွာသူရွာသားတို့က မြတ်စွာဘုရားရှိရာသို့ လှူဖွယ်,တမ်းဖွယ်၊ ပူဇော်ဖွယ် ဝတ္ထုတို့ဖြင့် လာရောက်ကြတယ်၊ ထိုသို့ လူအများ လာရောက်ကြသောအခါ အဲလ္လာပ,သလ္လာပ စကားများပြောကြပြီး



ထိုရွာမှ အကြီးအကဲပုဏ္ဏားကြီးက မြတ်စွာဘုရားအား လျှောက်ထားတယ်၊ ဘယ်လိုလျှောက်သလဲဆိုတော့. . ."

"မြတ်စွာဘုရား တပည့်တော်တို့ အိမ်ရာတည်ထောင်၍ နေကြသောသူတို့သည် အရှင်ဘုရားတို့လို ဆွမ်းခံစားတာ မဟုတ်တော့ ရွှေ ငွေကိုလည်း မစွန့်နိုင်ပါ၊ သားမယားတို့ကိုလည်း မစွန့်နိုင်ပါ၊ အဝတ်ကောင်းကိုလည်း ဝတ်ချင်ပါသည်၊ အစားကောင်းကိုလည်း စားချင်ပါသည်၊ ပန်းကိုလည်းပန်လိုပါသည်၊ သနပ်ခါးကိုလည်း လိမ်းလိုပါသည်၊ ပွဲကိုလည်း ကြည့်လိုပါသည်၊ တောတောင်ကိုလည်း မထွက်နိုင်ပါ၊ သေတဲ့အခါ အပါယ်လေးပါးသို့ လည်း မကျလိုပါ၊ နတ်ပြည်သို့ ရောက်လိုပါသည်။ သို့အတွက် မြတ်စွာဘုရားသည် တပည့်တော်တို့အား တောလည်း မထွက်ရ၊ သားမယားကို သာယာလျက် ရွှေငွေကိုလည်း သာယာလျက်၊ အစားကောင်းကိုလည်း စားကာ၊ အဝတ်ကောင်းကိုဝတ်လျက်၊ ပန်းကိုလည်း ပန်ကာ၊ သနပ်ခါးလိမ်းလျက်၊ ပွဲလည်းကြည့်ကာ၊ အပါယ်လေးပါးသို့ မကျဘဲ နတ်ပြည်သို့ ရောက်တဲ့တရားကို ဟောတော်မူပါဘုရားတဲ့"

"ကဲ - ဒီတရားတောင်းဟာ အိမ်ရာတည်ထောင်နေသောလူတွေနှင့် အင်မတန် သင့်တော်သော တရားတောင်းပဲ၊ ဒီပုဏ္ဏားတို့ ပညာရှိတယ်လို့ ဆိုရမယ်၊ အဲဒီတရားတောင်းတော့ မြတ်စွာဘုရားက ဘယ်လိုမိန့်တော်မူသလဲဆိုတော့. . . ."

"ပုဏ္ဏားတောင်းတဲ့အတိုင်းဖြစ်ပါစေမယ်၊ ရွှေငွေကိုလည်း မစွန့်ရပါဘူး၊ တောလည်း မထွက်ရဘူး၊ အဝတ်ကောင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရပါမယ်၊ အစားကောင်းလည်း စားရပါမယ်၊ သနပ်ခါးလည်း လိမ်းရပါတယ်၊ ပန်းလည်း ပန်ရပါတယ်၊ ပွဲလည်းကြည့်ရပါတယ်တဲ့၊ သေတဲ့အခါ အပါယ်လေးပါးတိုလည်း မရောက်စေရပါဘူး၊ နတ်ပြည်တိုလည်း ရောက်ရပါစေမယ်၊ သို့သော် ငါဘုရားပြောတဲ့အတိုင်း လိုက်နာကျင့်ကြံရပါမယ်”လို့ မိန့်တော်မူတယ်။

ပုဏ္ဏားက 'ဒီလိုဆို ကျင့်ကြံပါမယ်ဘုရား၊ အကျင့်လမ်းစဉ်ကိုသာ ဟောတော်မူပါတဲ့၊'

“ဒီတော့ မြတ်စွာဘုရားက အကျင့်လမ်းစဉ်ကို ဘယ်လို ဟောသလဲဆိုတော့ . . .”

(၁) “ငါ့ကိုသတ်လျှင် ငါမခံချင်သလို သူများကို ငါက သတ်လျှင်လည်း သူများက ဘယ်ခံချင်ပါ့မလဲ။ သို့အတွက် ငါသည် သူတစ်ပါးအား သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါအံ့ဟု ကျင့်ရမယ်”

(၂) “ငါ့ဥစ္စာကိုခိုးလျှင် ငါမခံချင်သလို၊ သူတစ်ပါးဥစ္စာကို ငါကခိုးလျှင်လည်း သူတစ်ပါးက ဘယ်ခံချင်ပါ့မလဲ။ သို့အတွက် ငါသည် သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါတော့အံ့ဟု ကျင့်ရမယ်”

(၃) ငါ့သားမယားကို သူတစ်ပါးက မှားယွင်းလျှင် ငါမခံချင်သလို သူတစ်ပါးသားမယားကို ငါမှားယွင်းလျှင် သူတစ်ပါးက ဘယ်ခံချင်ပါ့မလဲ၊ သို့အတွက် ငါသည် သူတစ်ပါးသားမယားကို မှားယွင်းခြင်းမှ ရှောင်ကြဉ်ပါတော့အံ့ဟု ကျင့်ရမယ်”

(၄) “ငါ့ကို သူတစ်ပါးက လိမ်ပြောလျှင် မကြိုက်သလို သူတစ်ပါးကို လိမ်လျှင်လည်း သူတစ်ပါးက ဘယ်ကြိုက်



ပါ့မလဲ၊ သို့အတွက် ငါသည် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါတော့အံ့ဟု ကျင့်ရမယ်”

(၅) “ငါသည် သူတစ်ပါးသောက်စားမူးယစ်တာကို မြင်လျှင် မကြည်ညိုသလို၊ ငါသောက်စားမူးယစ်လျှင်လည်း သူတစ်ပါးက ဘယ်ကြည်ညိုပါ့မလဲ၊ သို့အတွက် ငါသည် သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ပါတော့အံ့ဟု ကျင့်ရမယ်”

(ဤကား ငါးပါးသီလ မြဲအောင် ကျင့်မှုတည်း)။ ။

× × × ×

## ဘုရားဂုဏ်တော် ကိုးပါး

၁။ “မြတ်စွာဘုရားသည် လူနတ်ပြဟ္မာတို့၏ ပူဇော်အထူးကို ခံယူထိုက်သောကြောင့် အရဟံမည်တော်မူ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်”

၂။ “အလုံးစုံသော တရားကို မဖောက်မပြန် မှန်ကန်သည့် အတိုင်း ဆရာမရှိ မိမိအလိုလိုသိတတ်သောကြောင့် သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏ဟု မတုန်မလှုပ်သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်”

၃။ “ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံခြင်းကြောင့် ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်”

www.burmeseclassic.com

www.burmeseclassic.com



၄။ "ကောင်းသောစကားကို ပြောဆိုတတ်သောကြောင့် သုဂတမည်တော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင် ယုံကြည်အောင် ကျင့်ရမယ်"

၅။ "သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟု ဆိုအပ်သော လောကသုံးရပ်၊ ဘုံသုံးထပ်ကို နှံ့စပ်ကုန်စင်၊ သိမြင်တတ်သောကြောင့် လောကဝိဒူမည်တော်မူပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်"

၆။ "ယဉ်ကျေးသော လူကြမ်း နတ်ကြမ်း ဗြဟ္မာကြမ်းတို့ကို ယဉ်ကျေးအောင် ဆုံးမခြင်း၌ အတုမရှိပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် အနုတ္တရောပုရိသဓမ္မသာရထိ မည်တော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်"

၇။ "လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဆရာတစ်ဆူဖြစ်တော်မူသောကြောင့်သတ္ထာဒေဝမနုဿာနံမည်တော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်"

၈။ "သစ္စာလေးပါးကို သိခြင်းကြောင့် ဗုဒ္ဓမည်တော်မူပါပေ၏ဟု မတုန်လှုပ် သက်ဝင် ယုံကြည်အောင် ကျင့်ရမယ်"

၉။ "ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံခြင်းကြောင့် ဘဂဝါမည်တော်မူပါ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်"

(ဤကား ဘုရားဂုဏ်တော်ကိုးပါး၌ ယုံကြည်အောင် ကျင့်ခြင်းတည်း)။

× × × ×



## ဝိဇ္ဇာရှစ်ပါး

၁။ ဉာဏဒဿန။
၂။ ဣဒ္ဓိဝိဓအဘိညာဉ်။
၃။ စေတောပရိယအဘိညာဉ်။
၄။ ဒိဗ္ဗစက္ခုအဘိညာဉ်။
၅။ မနောမယိဒ္ဓိ။
၆။ ဒိဗ္ဗသောတ အဘိညာဉ်။
၇။ ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်။
၈။ အာသဝက္ခယ အဘိညာဉ်။

၁။ ရုပ်နာမ်တရားတို့၌ လက္ခဏာယာဉ်သုံးပါးဖြင့် သိမြင်သော ဝိပဿနာဉာဏ်ကို 'ဉာဏဒဿန'ဟု ခေါ်သည်။

၂။ မိမိ၏ ကိုယ်တွင်း၌ အလုံးစုံ မိမိနှင့်အသွင်သဏ္ဌာန်တူသော လုလင်၏အသွင်ကို ဖန်ဆင်း၍ ကိုယ်တွင်းမှ ထုတ်ပြနိုင်သော တန်ခိုးအစွမ်းကို 'မနောမယိဒ္ဓိ'ခေါ်သည်။ ဒေဝဒတ်သည် လုလင်ပျိုအသွင်ဖြင့် မြွေကို ကိုယ်မှာ ပတ်ထားပြီး အဇာတသတ် မင်းသားရှေ့ရပ်ခြင်းသည် ဤ 'မနောမယိဒ္ဓိ' အဘိညာဉ်တန်ခိုးပင် ဖြစ်သည်။

၃။ တန်ခိုးကြီးသော နတ်မင်းတို့၏တန်ခိုးကဲ့သို့လည်းကောင်း၊ မဟာဗြဟ္မာမင်းတို့၏ တန်ခိုးကဲ့သို့လည်းကောင်း၊ အဆင်းသဏ္ဌာန်အမျိုးမျိုးကို ဖန်ဆင်း၊ ခဏချင်း နတ်ပြည်, ဗြဟ္မာပြည်သို့ သွားရောက်ခြင်း၊ စကြဝဠာတိုက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသို့ သွားရောက်နိုင်ခြင်း၊ မြေအောက်လျှိုးဝင် ကောင်းကင်ပျံတက်၊ ရေပေါ်နင်းကြွနိုင်ခြင်းစသော တန်ခိုးအမျိုးမျိုးကို 'ဣဒ္ဓိဝိဓအဘိညာဉ်'ဟု ခေါ်သည်။

၄။ မိမိနေရာက ရပ်တည်၍ အဘိညာဉ် အခြေခံကိုပြု ကာ နားထောင်သည်ရှိသော နတ်ပြည် ဗြဟ္မာပြည်တိုင် အောင် အဝေးအနီးရှိရှိသမျှ စကားသံအမျိုးမျိုးတို့ကို ကြား နိုင်သော တန်ခိုးအစွမ်းကို 'ဒိဗ္ဗသောတအဘိညာဉ်'ဟု ခေါ်သည်။

၅။ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ စိတ်အကြံအစည်အမျိုး မျိုးကို သိနိုင်သော တန်ခိုးအစွမ်းကို 'စေတောပရိယ အဘိ ညာဉ်'ဟု ခေါ်သည်။ (ရစိတ္တဝိဇာနာန အဘိညာဉ်လည်း ခေါ်သေးသည်)။

၆။ လွန်လေပြီးသော ရှေးရှေးဘဝ၊ ရှေးရှေးကပ်ကမ္ဘာ တို့၌ တစ်လောကလုံး၏ ဖြစ်ပျက်မှုအမျိုးမျိုးကို သိစွမ်း နိုင်သော တန်ခိုးကို 'ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်'ဟု ခေါ်သည်။

၇။ မိမိနေရာဌာနကပင် ရပ်ကည်၍ အဘိညာဉ်၏ အခြေခံကို ပြုပြီးလျှင် ကြည့်ရှုဆင်ခြင်သောအခါ စကြ ဝဠာ အတည်တည်၊ နတ်ပြည် ဗြဟ္မပြည်တို့၌ ရှိရှိသမျှ သော အသေး၊ အကြီး၊ အဝေး၊ အနီးဖြစ်သည့် ရုပ်ပုံ အမျိုးမျိုးတို့ကို မြင်စွမ်းနိုင်သော တန်ခိုးတို့ကို 'ဒိဗ္ဗစက္ခု အဘိညာဉ်'ဟု ခေါ်သည်။

၈။ အာဝဝေါတရား ကုန်ခန်းမှုနှင့်ယှဉ်သော ဉာဏ်ကို 'အာသဝက္ခယအဘိညာဉ်'ဟုခေါ်သည်။

ထိုဝိဇ္ဇာ(၈)ပါးတို့တွင် ဝိပဿနာ ဉာဏဒဿနဝိဇ္ဇာနှင့်



အာသဝက္ခယ ဝိဇ္ဇာတို့သည်သာလျှင် နိဗ္ဗာန်ရောက် ကြောင်း ဝိဇ္ဇာများ ဖြစ်သည်၊ ကြွင်းဝိဇ္ဇာ(၆)မျိုးကား တန်ခိုးဖန်ဆင်းခြင်း စသော လောကီသိဒ္ဓိလမ်းများ ဖြစ်သည်။

ဒိဗ္ဗစက္ခုအဘိညာဉ်သည် ယထာကမ္မူပဂဉာဏ်၊ စုတူပပါ တဉာဏ်၊ အနာဂတံသဉာဏ်ဟု သုံးမျိုးရှိ၏။ ထိုတွင် ယထာကမ္မူ ပဂဉာဏ်ဆိုသည် ကား ထိုဘုံဘဝတို့၌ ဖြစ်နေကြကုန်သော သတ္တဝါတို့၏ ရှေးရှေးအတိတ်ကံကို မှန်ကန်စွာသိသော ဉာဏ်ပေ တည်း။ စုတူပပါတဉာဏ်ဆိုသည်ကား စုတိသော သတ္တဝါတို့ကို မြင်သည်ရှိသော် ဤသတ္တဝါတို့သည် ဤမည်သော ဘုံဘဝတို့၌ ဖြစ်ကြကုန်လတ္တံ့ဟူ၍ လည်းကောင်း၊ ပဋိသန္ဓေတည်နေကုန်သော သတ္တဝါတို့ကိုမြင်လျှင် ဤသတ္တဝါတို့သည် ဤမည်သော ဘုံဘဝမှ လာရောက်ဖြစ်ပွားကြသည်ဟူ၍လည်းကောင်း၊ အမှန်အကန် သိ သော ဉာဏ်ပေတည်း။ အနာဂတံသဉာဏ်ဆိုသည်ကား ဖြစ်လတ္တံ့ သော အနာဂတ်ဘဝ၊ အနာဂတ်ကမ္ဘာတို့၌ တစ်လောကလုံး၏ အဖြစ်အပျက်ကို သိသောဉာဏ်ပေတည်း။

ဝိဇ္ဇာသုံးပါးဟူသည် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခု ဉာဏ်၊ အာသဝက္ခယဉာဏ်တို့ကို ဆိုလိုခြင်း ဖြစ်ပါသည်။ စရဏ အရ(၉)ပါး၊ တစ်နည်းပြသော စရဏ(၉)ပါးကား -

၁။ သီလသံဝရ
၂။ ဣန္ဒြိယသံဝရ
၃။ ဘောဇနေမတ္တညုတာ
၄။ သတိသမ္ပဇည
၅။ စတုပစ္စယသန္တောသ
၆။ ပဌမစျာန်
၇။ ဒုတိယစျာန်
၈။ တတိယစျာန်
၉။ စတုတ္ထစျာန်တို့ ဖြစ်၏။

မဇ္ဈိမပဏ္ဏာသ၊ သေခပဋိပဒါသုတ်၌ စရဏ(၁၅)ပါးကို

www.burmeseclassic.com

www.burmeseclassic.com



ပြခဲ့၏။ ပြခဲ့သော စရဏ(၉)ပါးမှ သတိသမ္ဗောဇ္ဈင်နှင့် စတုပစ္စယ သန္တောသနှစ်ပါးကို နုတ်ပယ်၍ ဇာဂရိယာနုယောဂနှင့် သူတော်ကောင်းတရား(၇)ပါးကို ပြန်ထည့်ကာ စရဏတရား (၁၅)ပါး ဖြစ်ပြန်၏။ အများသိသော သူတော်ကောင်းတရား (၇)ပါးကား သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပတို့ ဖြစ်၏။ သာသန သမ္ပတ္တိ ဒီပနီ၌ လယ်တီဆရာတော်ဘုရားကြီးပြသော သူတော်ကောင်းတရား (၇)ပါးကား သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ ဝီရိယ၊ သတိ၊ ပညာတို့ဖြစ်၏။

သီလသံဝရဟူသည် ပါတိမောက္ခသံဝရသီလ လုံခြုံအောင် စောင့်ထိန်းမှုတည်း။ ဣန္ဒြိယသံဝရဆိုသည်ကား စက္ခုစသော ဣန္ဒြေတို့ကို လျှပ်ပေါ်လော်လည်ခြင်း မရှိစေဘဲ ငြိမ်ဆိတ်စွာ စောင့် ထိန်းချုပ်တည်းခြင်း ဖြစ်၏။ ဘောဇနေမတ္တညုတာဟူသည် အစာ ဘောဇဉ်ကို သုံးဆောင်မှု၌ အတိုင်းအရှည်ကို သိမှုတည်း။ (အစာ အသောက် ခြိုးခြံမှုကို ဆိုလိုသည်)။ သတိသမ္ဗောဇ္ဈင်သည် စွဲမြဲခိုင် ကြည်သော သတိနှင့် အရာရာတိုင်းမှာ ဆင်ခြင်တုံတရား ရှေ့သွား ပြုမှုတည်း။ သတိသမ္ဗောဇ္ဈင်၌ သတိအရ = သတိပဋ္ဌာန်လေးပါး ယူ၍ သမ္မပ္ပဓာန်အရ သမ္မပ္ပဓာန်တရားလေးပါးကို ယူရမည်။

× × × ×

## သမ္မပ္ပဓာန်တရားလေးပါး

သမ္မပ္ပဓာန်တရားသည် သတ္တကသမ္မပ္ပဓာန်၊ သပ္ပါယသမ္မပ္ပဓာန် ဂေါစရသမ္မပ္ပဓာန် အသမ္မောဟ သမ္မပ္ပဓာန်ဟူ၍ လေးပါးရှိ၏။ ထိုထို



မည်သည့်ကိစ္စမျိုးကိုမဆို ပြုလုပ်မည်ရှိရာ အကျိုးရှိရန် ဆင်ခြင် ဉာဏ်ကြီးမှုသည် သတ္တကသမ္မပ္ပဓာန်မည်၏။ မိမိနှင့်သင့်လျော်သော ကမ္မဋ္ဌာန်းအာရုံကို သိမ်းဆည်းနိုင်ခြင်းသည် သပ္ပာယသမ္မပ္ပဓာန် မည်၏။ သွားလာ ကျက်စားရာ၌ ကမ္မဋ္ဌာန်းအာရုံ၏ တိမ်းပါးချွတ်ချော်ခြင်းမရှိစေရန် ဆင်ခြင်ဉာဏ်ကြီးမှုသည် ဂေါစရသမ္မပ္ပဓာန်မည်၏။

မှောက်မှားတွေဝေသည့်ဘက်သို့ ယိမ်းယိုင်တိမ်းလည်၍ မသွား စေရန် ဆင်ခြင်ကြီးမှုသည် အသမ္မောဟသမ္မပ္ပဓာန်မည်၏။

*(ဒီ-ဋ္ဌ။ ၁။ ၁၆၅-၇)။

စတုပစ္စယ သန္တောသဟူသည် ပစ္စည်းလေးပါးတို့၌ ရောင့်ရဲတင်းတိမ်လွယ်မှုပေတည်း။ ။

× × × ×

## တရားဂုဏ်တော်ခြောက်ပါး

၁။ မြတ်စွာဘုရား ဟောကြားထားသော တရားတို့သည် ကောင်းမွန်စွာ ဟောကြားထားသောကြောင့် ၊ သွာက္ခာတ ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၂။ မြတ်စွာဘုရား ဟောကြားထားသော တရားတို့သည် ကိုယ်တိုင်မြင်နိုင်သော တရားဖြစ်ခြင်းကြောင့် သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၃။ မြတ်စွာဘုရား ဟောကြားထားသော မဂ်ဉာဏ်လေးပါးသည် အခါမလင့် ဖိုလ်လေးပါးကို အကျိုးပေးသောကြောင့် အကာလိကဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

www.burmeseclassic.com

၄။ မြတ်စွာဘုရား ဟောကြားထားသော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတို့သည် တစ်သံသရာလုံးမှာ တစ်ခါမျှ မကြုံသော တရားဖြစ်၍ အလွန်ထူးဆန်းသော တရားဖြစ်၏။ ဘာဝ ဂုဏ်ချမ်းသာမှာမူကား ဘဝတိုင်းရနေကျဖြစ်၍ ရိုး၍နေသော ချမ်းသာတည်း။ ထို့အတွက် လာလှည့်, ရှုလှည့်ဟု ပြခြင်းငှာ မထိုက်။ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာကား ထူးဆန်းသောကြောင့် လာလှည့်ရှုလှည့်ဟု ပြခြင်းငှာ ထိုက်၏။ ထို့အတွက် ဧဟိပဿိကဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၅။ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့သည် သတ္တဝါတို့၏ စိတ်ကို အေးမြစေသောကြောင့် အမြဲတမ်းဆောင်ထားသင့်ပေ၏။ ထို့အတွက် ဩပနေယျိကဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၆။ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာတို့သည် ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်သောကြောင့် ကိုယ်ပိုင်ချမ်းသာစစ်မှန်၏။ ထို့အတွက် ပစ္စတ္တံဝေဒိတဗ္ဗောဝိညူဟိဆိုတဲ့ဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

(ဤကား တရားဂုဏ်တော်(၆)ပါး၌ ယုံကြည်မှုစွဲမြဲအောင် ကျင့်ခြင်းတည်း။ ။)

× × × ×

## သံဃာဂုဏ်တော်ကိုးပါး

၁။ မဂ်ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ်လေးယောက် ဤရှစ်ယောက်သော အရိယာသံဃာသည် ကောင်းမွန်စွာ ကျင့်သော



ကြောင့် သုပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၂။ အရိယာသံဃာသည် နိဗ္ဗာန်နှင့် ဖြောင့်အောင် ကျင့်သောကြောင့် ဥဇုပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၃။ အရိယာသံဃာသည် နိဗ္ဗာန်နှင့် သင့်လျော်အောင် ကျင့်သောကြောင့် ဉာယပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၄။ အရိယသံဃာသည် အရိုသေခံထိုက်အောင် ကျင့်သောကြောင့် သာမီစိပ္ပဋိပန္နဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၅။ အရိယာသံဃာသည် အဝေးမှဆောင်အပ်သော ပစ္စည်းတွေကို ခံထိုက်သောကြောင့် အာဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၆။ အရိယာသံဃာသည် ဧည့်သည်ဖို့ထားသော ပစ္စည်းတို ခံထိုက်သောကြောင့် ပါဟုနေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၇။ အရိယာသံဃာသည် နောင်တမလွန်ဘဝကို ရည်မှန်း၍ လှူသောအလှူကို ခံထိုက်သောကြောင့် ဒက္ခိဏေယျဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

၈။ အရိယာသံဃာသည် လက်အုပ်ချီမိုးခြင်းကို ခံထိုက်သောကြောင့် အဉ္ဇလိကရဏီယဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



၉။ အရိယာသံဃာသည် ကုသိုလ်ကောင်းမှုတို့၏ စိုက်ပျိုးရာလယ်မြေကောင်းနှင့် တူသောကြောင့် အနုတ္တရံပုညက္ခေတ္တံ လောကဿဟုဂုဏ်နှင့် ပြည့်စုံတော်မူပါပေ၏ဟု မတုန်မလှုပ် သက်ဝင်ယုံကြည်အောင် ကျင့်ရမယ်။

*(ဤကား သံဃာ့ဂုဏ်တော်(၉)ပါး၌ ယုံကြည်အောင် ကျင့်ခြင်းတည်း)။

**စင်စစ်မှာ** သောတာပန်တို့၏ ဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံအောင် အကျင့်ခိုင်းခြင်းပါပဲ၊ ဒီအကျင့်တွေထဲမှာ ရွှေငွေကို စွန့်ဖို့ အကျင့်တစ်ခုမှ မပါဘူး၊ သားမယားကို စွန့်ဖို့အကျင့်တစ်ခုမှ မပါဘူး၊ တောထွက်ဖို့ အကျင့်လည်း တစ်ခုမှ မပါဘူး၊ အစားကို ဆင်ခြင်ဖို့ အကျင့်တစ်ခုမှ မပါဘူး၊ အဝတ်ကို သတ်မှတ်တဲ့ အကျင့်ကိုလည်း မပါဘူး၊ ပန်းမပန်ဖို့ အကျင့်လည်း မပါဘူး၊ သနပ်ခါးမလိမ်းဖို့အကျင့်လည်း မပါဘူး၊ ပွဲမကြည့်ဖို့အကျင့်လည်း မပါဘူး။

ဝိသာခါကိုကြည့်ပါ၊ ဝိသာခါဟာ ရွှေငွေကိုလည်း မစွန့်ဘူး။ လင်သားနဲ့လည်းနေတာပဲ၊ တောလည်း မထွက်ပါဘူး၊ အစားကိုလည်း အကောင်းစားတွေ စားတာပဲ၊ အဝတ်ကိုလည်း အကောင်းစားတွေ ဝတ်တာပဲ၊ ပန်းလည်းပန်တာပဲ၊ ပွဲလည်း ကြည့်တာပဲ၊ မြေးသေတာလည်း ငိုတာပဲ၊ သို့သော်လည်း သောတာပန်ဂုဏ်အင်္ဂါလေးပါးနှင့် ပြည့်စုံခြင်းကြောင့် သေတော့ အပါယ်မလားဘူး နတ်ပြည်ရောက်တယ်၊ ဒါကြောင့် တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ 'နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ' စာအုပ်ထဲမှာ 'သောတာပန်တည်ဖို့ဟာ မခက်ပါဘူးလို့' ရေးခဲ့တာပါ။



မြတ်စွာဘုရားက သံယုတ်ပါဠိတော် ဂိဉ္ဇကာဝသထသုတ်မှာ ရှင်အာနန္ဒာကို ဟောခဲ့တာက "အာနန္ဒာ-လူသေတိုင်း ငါ့ကိုလာမမေးနဲ့၊ ငါတရားမှန်ကြီး (ဓမ္မာဒါသ)ကို ဟောခဲ့တယ်၊ ငါသည် သီလမြဲသလား၊ ဘုရားဂုဏ်တော်ကိုးပါးတို့ မတုန်မလှုပ် ယုံကြည်ပြီလား။ သံဃာဂုဏ်တော်ကိုးပါးတို့ မတုန်မလှုပ် ယုံကြည်ပြီလားဟု မိမိကိုယ်ကို မိမိစစ်ပါ၊ ဒီအင်္ဂါလေးပါး မိမိသန္တာန်မှာ ရှိလျှင် ငါတော့ သောတာပန်တည်ပြီဟု ဆုံးဖြတ်ကြ"တဲ့၊

*(မဟာဝဂ္ဂ သံယုတ် -၃၁၀)။

လောကီမှာတော့ စာမေးပွဲမေးသူက တစ်ယောက်၊ ဖြေသူက တစ်ယောက်၊ အအောင်ပေးသူက တစ်ယောက် ဖြစ်တယ်၊ လောကုတ္တရာမှာ ဒီလိုမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်မေး၊ ကိုယ့်ဟာကိုယ်ဖြေ၊ ကိုယ့်ဟာကိုယ် အအောင်ပေးရပါတယ်၊ ဘာ့ကြောင့်လဲ ကိုယ့်ဟာကိုယ် အသိဆုံးဖြစ်လို့ပေါ့။ သဗ္ဗြိုဟ်မှ ပစ္စဝေက္ခဏာဝီထိဟာ ဘယ်သူကလာပြီး ချတာတုန်း၊ ကိုယ့်ဟာကိုယ်ကျတာပဲ၊ ဒါကြောင့် လောကီနှင့်မတူဘူးလို့ ပြောတာ၊ မဇ္ဈိမပဏ္ဏာသမှာ မြတ်စွာဘုရား ဟောတော်မူတာက 'ချစ်သားတို့ ငါးပါးသီလမြဲပြီး ဘုရားတရား၊ သံဃာတို့၏ဂုဏ်ကို မတုန်မလှုပ် ယုံကြည်တယ် ဆိုတာ ကိလေသာတစ်ပါး,ပါးကို စွန့်မှ ငါးပါးသီလမြဲပြီး ဘုရား တရား သံဃာတို့၏ဂုဏ်ကို မတုန်မလှုပ်ယုံကြည်ရာရောက်တယ်လို့ ဟောတော်မူတယ်။

ကိလေသာတစ်ပါး,ပါး စွန့်ဖို့ဆိုတာမှာ မဂ်က လေးပါးရှိတယ်၊ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ်တို့ဖြစ်တယ်၊

"အဲဒီလေးပါးထဲမှာ-----"

www.burmeseclassic.com

www.burmeseclassic.com



"အစဆုံးဖြစ်တဲ့ သောတာပတ္တိမဂ်က ဘာကိလေသာကို စွန့်သလဲဆိုတော့ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဆိုတဲ့ တရားသုံးပါးကို စွန့်တယ်၊ တရားသုံးပါးဟာ ဘာနှင့်တူသလဲ ဆိုတော့ အညာပြတ်လျှင် သုံးမျိုးလုံးပြတ်သွားတာပဲ၊ တစ်ပါးစီ လိုက်ပြီး သတ်နေစရာ မလိုပါဘူး၊ ဒီလိုဆိုတော့ အတ္တဒိဋ္ဌိ အညာ ပြတ်ဖို့ပဲ အရေးကြီးပါတယ်။

"အသင်ယောဂီ၊ ငါက အတ္တစွဲပြုတ်အောင် ပြောတဲ့အခါ သင်က မိမိခန္ဓာကိုယ်ကို သတိထားပြီး ဆင်ခြင်လျက် နားထောင် ပါ၊ သတိထားပြီး နားထောင်ရင် မဂ္ဂင်ရှစ်ပါးစုံသွားတာပဲ၊ ခန္ဓာ ကိုယ်ကို သတိထားလိုက်ရင် သမ္မာသတိ၊ သမ္မာဒိဋ္ဌိဖြစ်တယ်၊ သမ္မာဝါယာမ မဂ္ဂင်သုံးပါးဖြစ်လာတယ်၊ ဆင်ခြင်လိုက်လျှင် သမ္မာ၊ ဝစီကံငြိမ်သက်လေတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝိရတီစေတသိက် သုံးခုဖြစ်တယ်၊ ပေါင်းလိုက်တော့ မဂ္ဂင်ရှစ်ပါး ဖြစ်မလာ,လား"

"အဲဒီမဂ္ဂင်ရှစ်တန် လေယာဉ်ပျံကြီးနှင့် အသင်ယောဂီကို နိဗ္ဗာန်သို့ အရောက်ပို့မှာဖြစ်လို့ အသင်ယောဂီက မိမိခန္ဓာကို သတိထား ဆင်ခြင်ပြီး နားထောင်ပါလို့ ပြောတာပါ"

"ကဲ-တရားပြကြစို့၊ အသင်ယောဂီ၏ သဏ္ဌာန်မှာ နှာခေါင်းက ထွက်လိုက်ဝင်လိုက် ဖြစ်နေတဲ့ ထွက်လေဝင်လေ ရှိပါ တယ်၊ အဲဒီထွက်လေဝင်လေကို သတိပြုပြီး ဆင်ခြင်ပါ၊ ထွက် လေဝင်လေဟာ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ အသက်၊ လိပ်ပြာ၊ အတ္တဇီဝမဟုတ်၊ ဝါယောပရမတ် လေဓာတ်သာ ဖြစ်တယ်ဆိုတာကို သဘောပေါက်အောင် ဆင်ခြင် ပြီး ပရမတ်ကို



မြင်အောင် ဉာဏ်ဖြင့်ကြည့်ပါ၊ ပညတ်ကျော်ပြီး ပရမတ်ကို ရောက်တဲ့အခါ ထွက်လေသည် ချက်မှ၍ဖြစ်ပြီး နှာခေါင်းဝသို့ ရောက်ပြီး ပျောက်သွားတာကို မြင်အောင် ဉာဏ်ဖြင့် ကြည့်လေ၊ ဝင်လေသည် နှာခေါင်းဝမှ ဝင်သွားပြီး ချက်တိုင်သို့ ရောက်လျှင် ပျက်သွားတာကိုမြင်အောင်ဉာဏ်ဖြင့်ကြည့်၊ စ၍ဖြစ်ခြင်း မီ ကြိုတင်၍ မရှိသေးတာကိုမြင်အောင်ကြည့်၊ ပျက်သွားပြီး မရှိတော့တာကို မြင်အောင်ကြည့်၊ ပစ္စုပ္ပန်ခဏာတွင်သာရှိတာကို မြင်အောင်ကြည့် ဤသုံးချက်ကိုပိုင်လျှင် ဤထွက်လေဝင်လေသည် ပစ္စုပ္ပန်ခဏ မှာသာရှိပြီး အမြဲရှိတရား မဟုတ်ပါလားလို့ အနိစ္စကို သဘော ပေါက်လာလိမ့်မယ်၊ ဖြစ်ပြီးပျက်တဲ့ တရားပါလားလို့ ဒုက္ခ သစ္စာကို မြင်လာလိမ့်မယ်၊ ပျက်သွားပြီဆိုရင် ဘာမျှမကျန်တော့လို့ အနှစ် သာရမရှိတဲ့ တရားပါလားလို့ အနတ္တကို မြင်လာပါလိမ့်မယ်။ ဒီတရားသုံးခုဟာ ကွင်းဆက်ပါ၊ တစ်ခုကိုမြင်ရင် ကျန်တာကို လည်း မြင်တာပါပဲ"

"ဆင်ခြင်တဲ့အခါ အချို့က အနတ္တကို အရင်ဆင်ခြင်ပြီး အနိစ္စ, ဒုက္ခကိုဆင်ခြင်တယ်၊ တချို့က အနိစ္စကို အရင်ဆင်ခြင် ပြီး ဒုက္ခ, အနတ္တကို ဆင်ခြင်တယ်၊ ဉာဏ်ကြီးသူတွေက အနတ္တ ကို စပြီး ဆင်ခြင်တယ်၊ ဘယ်ကပဲ စစ သုံးခုစလုံးမြင်တာပါပဲ၊ ဥပမာ ဆင်ကြီးတစ်ကောင်ကို မြင်တဲ့အခါ တချို့က အစွယ်က စပြီး အမြီးသို့ သုံးသပ်တယ်၊ တချို့က အမြီးကစပြီး အစွယ်ကို သုံးသပ်တယ်၊ ဘယ်လိုပဲ သုံးသပ်သုံးသပ်၊ တစ်ကိုယ်လုံးမြင်သလို ပါပဲ၊ အဲဒီလို လက္ခဏာယာဉ်သုံးပါးကို ပိုင်နိုင်စွာမြင်လျှင် ရုပ်ခန္ဓာ မှာ စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌိသေတော့အာပေါ့။ ဘယ်လိုသေ သလဲ ဆိုတော့---"

www.burmeseclassic.com

www.burmeseclassic.com



"ထွက်လေဝင်လေခေါ် ဝါယောပရမတ်သည် မဖြစ်မီလည်း မရှိသေး၊ ပျက်ပြီးတော့လည်း ဘာမှမကျန်သည့်အတွက် အနှစ်သာရမရှိတဲ့ တရားပါလားဟု မြင်တာသည် 'ရူပံ အတ္တတော သမနုပဿတိ' ရုပ်သည် အတ္တတည်းဟု စွဲလမ်းတဲ့ သက္ကာယ ဒိဋ္ဌိ ပြုတ်သွားတာကို မြင်တာပဲ၊ ပြုတ်လို့ မြင်တာလို့ပဲပြောပြော၊ မြင်လို့ ပြုတ်တာလို့ပဲပြောပြော အတူတူပါပဲ၊ မထူးပါဘူး၊ ဒီဝါယောက စိတ်မရှိတဲ့ လူသေကောင်မှာ မရှိဘူး၊ စိတ်ရှိတဲ့ လူရှင်မှာသာ ရှိတယ်၊ စိတ်ကြောင့်ဖြစ်ရတဲ့ ဝါယောလို့ အကြောင်းတရားကို မြင်လျှင် 'ရူပဝန္တံ ဝါ အတ္တာနံ၊ အတ္တနိဝါ ရူပံရူပသ္မိံဝါ အတ္တာနံရုပ်ရှိသော အတ္တ၊ အတ္တ၌ ရုပ်ရှိသည်၊ ရုပ်ဟာ အတ္တရှိတယ်လို့ စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌိသုံးခုချုပ်တော့တာပေါ့၊ ရူပံအတ္တတောသ မနုပဿတိက ဥစ္ဆေဒဒိဋ္ဌိ၊ ကျန်သုံးခုက သဿတ ဒိဋ္ဌိလို့ ခေါ်တယ်"

**မှတ်ချက်။** (ဤကား ဒိဋ္ဌိကိလေသာကွာပုံကို ပြနေခြင်း *ဖြစ်၏။ ထိုဒိဋ္ဌိကွာသည်နှင့် ရုပ် နာမ်ပေါ် မှားသော ဝိစိကိစ္ဆာ ကွာပုံကို ဆက်ပြလိမ့်မည်)။*

"ထွက်လေသည် မဖြစ်မီက မရှိသေး၊ စိတ်ကြောင့် ချက်တိုင်ကစ၍ ဖြစ်တယ်လို့ အပိုင်မြင်တော့ ငါသည် အတိတ်က ဖြစ်ခဲ့ဖူးလေမလား။ မဖြစ်ခဲ့ဖူးလား၊ ဖြစ်ခဲ့လျှင် ဘယ်လိုသဏ္ဌာန်ပါလိမ့်၊ ဘယ်ဇာတ်ကပါလိမ့်၊ ဘယ်လိုအခြင်းအရာပါလိမ့်ဟု ယုံမှားတဲ့ အတိတ် ယုံမှားမှုဝိစိကိစ္ဆာ ချုပ်တော့တယ်၊ ထွက်လေသည် နှာခေါင်းဝသို့ ရောက်ရင် ချုပ်ပျောက်သွား၏ဟု အပိုင်မြင်တော့ ငါသည် အနာဂတ်သို့ သွားဦးမည်လော၊ သွားလျှင် ဘယ်လို သဏ္ဌာန်ပါလိမ့်၊ ဘယ်ဇာတ်ပါလိမ့်၊ ဘယ်လိုအခြင်းအရာပါလိမ့်



ဆိုတဲ့ အနာဂတ်ယုံမှားမှုတွေ ပျောက်တယ်ဖြစ်ပြီးပျက်တဲ့ တရားဟု ဒုက္ခသစ္စာကိုမြင်တော့ ဒီဝါယောသည် ငါလား ငါမဟုတ်ဘူးလား ငါဆိုရင် ဘယ်သဏ္ဌာန်ပါလိမ့်၊ ဘယ်ဇာတ်ပါလိမ့်၊ ဘယ်လို အခြင်းအရာပါလိမ့်၊ ဘယ်ကလာ၍ ဘယ်တို့သွားမှာပါလိမ့်ဆိုတဲ့ ပစ္စုပ္ပန်ယုံမှားမှုလည်း ပျောက်တော့တယ်"

## ယုံမှားခြင်း မဆုံးဖြတ်နိုင်ခြင်း ဝိစိကိစ္ဆာ တစ်ဆယ့်ခြောက်ပါး

(၁) ငါသည် အတိတ်က ဖြစ်ခဲ့ဖူးလေသလား။
(၂) ငါသည် အတိတ်က မဖြစ်ခဲ့ဖူးသလား။
(၃) ဖြစ်ခဲ့လျှင် မည်သို့သော သဏ္ဌာန်ဖြင့် ဖြစ်ခဲ့သနည်း။
(၄) ဖြစ်ခဲ့လျှင် မည်သို့သောဇာတ်ဖြင့် ဖြစ်ခဲ့သနည်း။
(၅) ဖြစ်ခဲ့လျှင် မည်သို့သော အခြင်းအရာဖြင့် ဖြစ်ခဲ့သနည်း။

***(ဤကား အတိတ်၌ ယုံမှားခြင်း (၅)ပါးဖြစ်၏)။**

(၁) ငါသည် အနာဂတ်သို့ သွားဦးမလား။
(၂) ငါသည် အနာဂတ်သို့မသွားတော့ဘူးလား။
(၃) သွားလျှင် မည်သို့သော သဏ္ဌာန်ဖြင့် သွားရမည်နည်း။
(၄) သွားလျှင် မည်ကဲ့သို့သော ဇာတ်ဖြင့် သွားရမည်နည်း။
(၅) သွားလျှင် မည်ကဲ့သို့သော အခြင်းအရာဖြင့် သွားရမည်နည်း။

***(ဤကား အနာဂတ်၌ ယုံမှားခြင်း(၅)ပါး ဖြစ်၏)။**

www.burmeseclassic.com

www.burmeseclassic.com



(၁) သည်ရုပ်ခန္ဓာသည် ငါလား။

(၂) သည်ရုပ်ခန္ဓာသည် ငါမဟုတ်ဘူးလား။

(၃) သည်ရုပ်ခန္ဓာသည် ငါဆိုလျှင် မည်ကဲ့သို့သော သဏ္ဌာန်နည်း။

(၄) သည်ရုပ်ခန္ဓာသည် ငါဆိုလျှင် မည်ကဲ့သို့သော ဇာတ်နည်း။

(၅) သည်ရုပ်ခန္ဓာသည် ငါဆိုလျှင် မည်ကဲ့သို့သော အခြင်းအရာနည်း။

(၆) သည်ရုပ်ခန္ဓာသည် ဘယ်ကလာ၍ ဘယ်ကိုသွားမည်နည်း။ ။

*(ဤကား ရုပ်ခန္ဓာပေါ်၌ ယုံမှားခြင်း၊ မဆုံးဖြတ်နိုင်ခြင်း၊ (၆)ပါး, ဖြစ်၏)။

× × × ×

## တစ်နည်း ယုံမှားခြင်း ဝိစိကိစ္ဆာရှစ်ပါး

(၁) ဘုရားရတနာ၌ ယုံမှားခြင်း။

(၂) တရားရတနာ၌ ယုံမှားခြင်း။

(၃) သံဃာရတနာ၌ ယုံမှားခြင်း။

(၄) ကိုယ်ကျင့်သီလ သိက္ခာ၌ ယုံမှားခြင်း။

(၅) ရှေးအစွန်း၌ ယုံမှားခြင်း။

(၆) နောက်အစွန်း၌ ယုံမှားခြင်း။



(၇) ရှေးအစွန်း, နောက်အစွန်း, ယုံမှားခြင်း။

(၈) ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း။

*(ဤ(၈)ပါးထဲမှ ၅၊ ၆၊ ၇-တို့ အကျယ်ချဲ့လိုက်သော အခါ အထက်ပါတိုင်း (၁၆)ပါးဖြစ်လာသည်)။

"ဒါကြောင့် ဓမ္မစကြာ၌ အရှင်ကောဏ္ဍည သောတာပန် တည်ပုံကို ဟောတော့ 'ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံတံနိရောဓ ဓမ္မန္တိ' လို့ ဟောတော်မူတာပေါ့"

"ယံကိဉ္စ = အလုံးစုံသော သင်္ခါရတရားသည်။

သမုဒယဓမ္မံ = ဖြစ်ခြင်းသဘော ရှိ၏။

တံသဗ္ဗံ = ထိုဖြစ်ခြင်းသဘောရှိသည့် အလုံးစုံသော သင်္ခါရတရားသည်။. .

နိရောဓဓမ္မံ = ချုပ်ခြင်းသဘောရှိ၏။

ဣတိ = ဤသို့။

ဒိဋ္ဌဓမ္မော = မြင်သောတရားရှိ၏။

ပတ္တဓမ္မော = ရောက်သောတရားရှိ၏။

ဝိဒိတဓမ္မော = သိသောတရားရှိ၏။

ပရိယောဂါဠ္ဌဓမ္မော = နှစ်နှစ်ခြိုက်ခြိုက် သက်ဝင်ယုံကြည်သော တရားရှိ၏။

တိဏ္ဏဝိစိကိစ္ဆော = ကူးမြောက်ပြီးသော ဝိစိကိစ္ဆာရှိ၏။

ဝိဂတကထံကထော = သို့လော သို့လော တွေးတောခြင်း ကင်း၏။

ဝေသာရဇ္ဇ ပတ္တော = ရဲရင့်ခြင်းသို့ ရောက်၏။

အပရပ္ပစ္စယော = ဘုရားမှတစ်ပါး တိုးကွယ်ရာမလိုတော့ချေ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအဖြစ်မျိုးရောက်အောင် ထွက်လေဝင်လေ ဝါယောဓာတ်ကို ဆင်ခြင်ရတယ်၊ အခုပြောခဲ့တာက ဒိဋ္ဌိဝိစိကိစ္ဆာကင်းပုံကို ပြောတာဖြစ်တယ်၊ သီလဗ္ဗတပရမသဒိဋ္ဌိကင်းပုံကို ပြောရဦးမယ်။"

"သီလဗ္ဗတပရမာဒိဋ္ဌိ ဆိုတာ နွားကဲ့သို့ကျင့်၊ ခွေးကဲ့သို့ကျင့်ခြင်းဟာ ကိလေသာတွေကို စင်ကြယ်စေတယ်လို့ ယူတဲ့အယူကို ခေါ်တယ်၊ နွားသည် သစ်သီးသစ်ရွက်ကိုသာ စားသည်၊ သားငါးကို မစားချေ၊ ထိုကဲ့သို့စားမှသာ ကိလေသာ စင်ကြယ်မည်ဟု ယူဆပြီး သားငါးကိုမစားဘဲ သစ်သီးသစ်ရွက်ကိုသာ စား၍ ကျင့်ခြင်း၊ ခွေးတို့ သွားပုံ၊ စားပုံ၊ အိပ်ပုံကို လိုက်၍နေရင် လူတိုင်း မလိုက်နာနိုင်၊ ခဲယဉ်းတယ်၊ အဲဒီလိုခဲယဉ်းသော အကျင့်ကိုကျင့်မှ ကိလေသာစင်ကြယ်မယ်ဟု ယူဆပြီး ခွေးစားသလို ပါးစပ်ဖြင့်ဟပ်၍ စား၏၊ ခွေးသွားသလို လေးဖက်ထောက်၍ သွား၏။ ခွေးအိပ်သလို ပြာပုံပေါ်မှာ အိပ်၏၊ အဲဒီလို ခွေးနွားတို့၏ အကျင့်ကိုစင်ကြယ်သောအကျင့်ဟု ယူဆတာကို သီလဗ္ဗတပရာမာသဒိဋ္ဌိလို့ခေါ်တယ်၊ ဝါယောဓာတ်၏ ဖြစ်ပျက်မှုကိုမြင်ပြီး ဒိဋ္ဌိဝိစိကိစ္ဆာကင်းတာနဲ့ သီလဗ္ဗတပရာမာသဒိဋ္ဌိ ဘယ်လိုကင်းသွားတယ်ဆိုတော့ ယခု ငါ့သဏ္ဍာန်မှာ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာကင်းသွားတာဟာ ခွေးလိုကျင့် နွားလိုကျင့်လို့ ကင်းတာမဟုတ်ဘူး၊ သပ္ပုရိသကိုမှီဝဲပြီး တရားနာကာ ရှိုရှိုသေသေ ဆင်ခြင်သဖြင့် ပယ်သင့်တာကိုပယ်၍ ယူသင့်တာကို ယူသောကြောင့် ကင်းသွားတာဟာ လက်တွေ့ဖြစ်သောကြောင့် သီလဗ္ဗတပရာမာသဒိဋ္ဌိ ကင်းသွားတာပေါ့။



## သစ္စာလေးပါးသိပုံ

"ထွက်လေခေါ် ဝါယောဓာတ်သည် ဖြစ်ပြီးပျက်သွားသော တရားပါလားဟု ကိုယ်ပိုင်ဉာဏ်ဖြင့် မြင်တာဟာ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတာပဲဖြစ်ပြီး ပျက်သွားတာကိုမြင်၍ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသတို့ ချုပ်သွားတာဟာ သမုဒယ သစ္စာချုပ်တာပဲ၊ သမုဒယ သစ္စာချုပ်၍ ချုပ်ငြိမ်းရာ သက်သာရာကို တွေ့ရတာဟာ နိရောဓသစ္စာကို မျက်မှောက်ပြုတာပဲ၊ ဒုက္ခသစ္စာကို ပိုင်းခြားပြီး သိတာ၊ နိရောဓသစ္စာကို မျက်မှောက်ပြုတာဟာ မဂ္ဂသစ္စာပဲ"

"ဥပမာ-လူက မီးခြစ်ကိုခြစ်လိုက်ရင် မီးတောက်ခြင်း၊ အမှောင်ပျောက်ခြင်း၊ အလင်းရောင်ပေါ်ခြင်းတို့ဟာ တစ်ပြိုင်နက်တည်းဖြစ်သလိုဝါယောဓာတ်ရဲ့ ဖြစ်မှုနှင့် ပျက်မှုကို ရဲရင့်သောဉာဏ်ဖြင့် မြင်တာနဲ့ တစ်ပြိုင်နက် သမုဒယသစ္စာချုပ်ခြင်းနိရောဓသစ္စာကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်းတို့ဟာ တစ်ပြိုင်နက် ပေါ်လာတာပဲ၊ ဒီဥပမာမှာ မီးခြစ်ကိုခြစ်ဖို့သာ လူ့တာဝန်ဖြစ်သလို သစ္စာလေးပါးမှာလည်း ဒုက္ခသစ္စာကို ရဲရင့်သောဉာဏ်ဖြင့် ပိုင်းခြား၍ သိဖို့သာ လိုရင်းဖြစ်တယ်၊ ကျန်တဲ့ သစ္စာသုံးပါးဟာ အလိုလိုဖြစ်သွားတဲ့တရားတွေပဲ"

## မဂ်ပန်းပွင့်၍ ဖိုလ်အသီး သီးပုံ

"ဝါယောဓာတ်၏ ဖြစ်မှုပျက်မှုကိုမြင်၍ ဒိဋ္ဌိ ဝိစိကိစ္ဆာချုပ် သွားတာသည်ပင် သောတာပတ္တိမဂ် ပန်းပွင့်တာပဲ၊ သမုဒယသစ္စာ ချုပ်၍ ချုပ်ရာငြိမ်းရာ သက်သာရာကို ရတာသည်ပင် ဖိုလ်

www.burmeseclassic.com



အသီးသီးတာပဲ၊ ဖိုလ်အသီးကို စားရတာပဲလို့ဆိုဆို၊ ဆိုနိုင်ပါတယ်"

## ဝီထိစကားနဲ့ပြောလျှင်

"ပရိတံ၊ ဥပစာက်၊ အနုလုံ၊ ဂေါတြဘူ၊ သောတာပတ္တိမဂ်၊ ဆောတစ်ကြိမ် ဖိုလ်ဇောနှစ်ကြိမ်ဖြစ်၍ ချုပ်တာပေါ့၊ အဲဒီလို မဂ္ဂဝီထိ တစ်ကြိမ်သာကျပြီး ချုပ်သွားတော့ လျှပ်စီးလက်သလို မြန်လွန်းသဖြင့် ဘာမဂ်တွေကျ၍ ဘာဖိုလ်တွေဖြစ်သွားတယ်ဆိုတာ မသိလိုက်ဘူး၊ သို့အတွက် (မိမိရတဲ့ မဂ်၊ ပယ်တဲ့ ကိလေသာကို ပြန်ဆင်ခြင်တဲ့) ပစ္စဝေက္ခဏာ ဝီထိကျတယ်၊ လောကီအလို စာမေးပွဲ စစ်တာပေါ့၊ လောကီစာမေးပွဲမှာတော့ မေးသူက တစ်ယောက်၊ ဖြေသူက တစ်ယောက်၊ အအောင်ပေးသူက တစ်ယောက်ဖြစ်တယ်၊ လောကုတ္တရာမှာတော့ ဒီလိုမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်မေး၊ ကိုယ့်ဟာကို အအောင်ပေးရတယ်။ ဘာကြောင့်လဲ ကိုယ့်ဟာကိုယ် အသိဆုံး ဖြစ်တယ်"

## ကိုင်း-စာမေးပွဲ စစ်ကြစို့

"အသင်ယောဂီ သင်၏ကိုယ်ကို ဆင်ခြင်ပါလော့၊ ငါ၏ကိုယ်၌ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ရှိသေးလား၊ သီလဗ္ဗတပရာမသ မရှိတော့ဘူးလားလို့ ဆင်ခြင်လိုက်ရင် မရှိတာကို တွေ့ပါလိမ့်မယ်၊ သို့အတွက် သစ္စာလေးပါးကို သိသော မဂ်သည် သောတာပတ္တိမဂ်ပါလားလို့ ဆုံးဖြတ်နိုင်မှု ဖြစ်ပါလိမ့်မယ်၊ အဲဒါ မဂ်ကို ဆင်ခြင်သော ဝီထိဖြစ်တာပဲ၊ မဂ်က သောတာပတ္တိမဂ်ဖြစ်လျှင် ဖိုလ်လည်း သောတာပတ္တိဖိုလ်ပဲဆိုတာ ဆုံးဖြတ်



နိုင်ပါလိမ့်မယ်၊ အဲဒီဖိုလ်ကို ဆင်ခြင်တဲ့ ပီတိဖြစ်တော့တာပဲ၊ နိဗ္ဗာန်ဆိုတာ ကိလေသာသုံးပါး ချုပ်သွားသဖြင့် ရရှိသော သက်သာရာပါကလားလို့ ဆုံးဖြတ်နိုင်ပါလိမ့်မယ်၊ အဲဒါ နိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိဖြစ်တော့သည်"

"ငါ့သန္တာန်မှာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဆိုတဲ့ ကိလေသာသုံးပါး မရှိတော့ဘူးလို့ ဆုံးဖြတ်နိုင်ပါ လိမ့်မယ်၊ အဲဒါပယ်ပြီး ကိလေသာကို ဆင်ခြင်သောဝီထိဖြစ်တော့တာပဲ၊ ကျန်ကိလေသာတွေ ရှိသေးတယ်လို့ သိတာဟာ ကြွင်းကိလေသာကို ဆင်ခြင်သော ဝီထိဖြစ်တော့တာပဲ"

## ပစ္စဝေက္ခဏာ ငါးဝီထိ

၁။ မိမိရပြီးမဂ်ကို ဆင်ခြင်သော ဝီထိ။

၂။ မိမိရပြီးဖိုလ်ကို ဆင်ခြင်သော ဝီထိ။

၃။ မိမိရပြီးနိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိ။

၄။ မိမိပယ်ပြီး ကိလေသာကို ဆင်ခြင်သော ဝီထိ။

၅။ မိမိမပယ်ရသေးသော ကိလေသာကို ဆင်ခြင်သော ဝီထိ။

*(မှတ်ချက်)။ အရဟတ္တမဂ်ဖိုလ်ကို ရသောအခါ ကိလေသာ အားလုံး ကုန်သွားပြီဖြစ်သောကြောင့် နံပါတ် (၅)ဝီထိ မဖြစ်တော့ပါ)။*

အဲ့ဒီလို ပစ္စဝေက္ခဏာဝီထိ ငါးခုဖြစ်ပြီးလျှင် ငါတော့ သောတာပန်တည်ပြီလို့ မိမိကိုယ်ကို စာမေးပွဲအအောင် ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေတော့။ စာမေးပွဲအောင်တဲ့ ကလေးတွေ ဝမ်းမြောက်သလို ကိလေသာသုံးပါး သေသွားခြင်းကြောင့် ရရှိတဲ့ သက်သာရာ သန္တိသုခကို အာရုံပြုပြီး ရပ်ရင်းဖြစ်စေ သွားရင်းဖြစ်စေ၊ လျှောင်းရင်းဖြစ်စေ ကျေနပ် ပြီးနေတာက, ဥပေက္ခာဖိုလ်ဇောတွေ ဖြစ်နေတာ၊ ဝမ်းသာနေတာက သောမနဿဖိုလ်ဇောတွေ ဖြစ်နေတာ အဲဒါကို

ဖိုလ်ဝင်စား'တယ်လို့ ပြောတာ အသင်ယောဂီ"

"အသင်ယောဂီလည်း အောက်ထစ်ဆုံး ဒီစခန်းရောက်အောင်တော့ ကြိုးပမ်းမှ သာသနာတော်နှင့် တွေ့ရကြိုးနပ်မယ်၊ ဒီစခန်းလောက်မှ မရောက်ရင်တော့ သာသနာတော်နှင့် ကြုံရုံသာ ကြုံရပြီး မကြိုက်ရတဲ့ ပုဂ္ဂိုလ်ဖြစ်သွားမယ်၊ ဒီစခန်းကိုရောက်ဖို့ ဟာ ဆရာကောင်းနှင့်တွေ့ရင် ရောက်နိုင်ပါတယ်၊ သို့အတွက် သပ္ပုရိသကို ရှာပါလေ၊ သပ္ပုရိသဆိုတာ တစ်ထိုင်တည်းနှင့် နိဗ္ဗာန် အရောက်ပို့နိုင်သူကို ခေါ်တယ်၊ ဘာကြောင့်လဲဆိုတော့. . ."

## သပ္ပုရိသဆိုတာ

"ချစ်သား အာနန္ဒာ. . . သပ္ပုရိသနှင့်တွေ့လျှင် ဘယ်လိုဆိုချင်သလဲ"လို့ မြတ်စွာဘုရားက မေးတော့ အရှင်အာနန္ဒာက "မြတ်စွာဘုရား - သပ္ပုရိသနှင့်တွေ့ရင် နိဗ္ဗာန်ရောက်ဖို့ ခရီးတစ်ဝက်လောက်သို့ ရောက်ပြီလို့ ဆိုလိုချင်ပါတယ် ဘုရား" (အတိုင်းတစ်ဝက်ကို ခရီးတစ်ဝက်ဟု တင်စားသုံးခြင်း ဖြစ်၏)လို့ လျှောက်တော့ မြတ်စွာဘုရားက "ချစ်သား အာနန္ဒာ ဒီလိုမဆိုနဲ့၊ သပ္ပုရိသနှင့် တွေ့လျှင် နိဗ္ဗာန်သို့ရောက်ပြီလို့ဆိုလိုက်၊ သပ္ပုရိသဆိုတာ



တစ်ထိုင်တည်းနှင့် နိဗ္ဗာန်အရောက် ပို့နိုင်သူကို ခေါ်တယ်"တဲ့။ ယခုပြောခဲ့ပြီးတာက သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ဖြစ်တယ်၊ တရားကိုမြင်တာနဲ့ ကိလေသာ သေတဲ့မဂ်၊ ဒါကြောင့် ဒဿနမဂ်လို့ ခေါ်တယ်၊ အထက်မဂ်သုံးပါးက ပွားများရတဲ့မဂ်၊ ဒါကြောင့် ဘာဝေတဗ္ဗမဂ်လို့ ခေါ်တယ်"

× × × ×

## သကဒါဂါမိမဂ်

"သောတာပတ္တိမဂ်ဆိုတာက ဆရာပင်ပန်း တပည့်သက်သာတဲ့မဂ်၊ အထက်မဂ်က ဆရာသက်သာပြီး တပည့်ပင်ပန်းတဲ့ မဂ်ဖြစ်တယ်၊ ဘာကြောင့်လဲဆိုတော့ သောတာပန်တည်အောင် ဆရာက တပည့်ကို ပညတ်၊ ပရမတ်ကွဲအောင် ပြောပေးရတယ်။ ပရမတ်ကိုမြင်တော့ အနိစ္စကိုမြင်အောင်၊ ဒုက္ခကိုမြင်အောင်၊ အနတ္တကိုမြင်အောင် ဥပမာ, ဥပမေယျတွေနဲ့ ပြောပေးရတယ်၊ အဲဒီလို တပည့်သဘောပေါက်အောင် ပြောပေးရတော့ ဆရာပင်ပန်းတာပေါ့၊ တပည့်ကစဉ်းစားပြီး နားထောင်ရုံပဲ၊ သက်သာတယ်၊ အထက်မဂ်ကျတော့ ဒီလိုမဟုတ်ဘူး"

"သောတာပတ္တိမဂ်တုန်းက မြင်ခဲ့တဲ့ အနိစ္စကိုပဲ သံဝေဂဉာဏ်ရင့်ပြီး ကိလေသာတွေ ခေါင်းပါးအောင် ပွားရတယ်၊ သံဝေဂဉာဏ်ကို မွေးမြူရတယ်၊ ဒါကြောင့် သကဒါဂါမိမဂ်ကျတော့ တရားတစ်မျိုး ဖြစ်မနေတော့ဘူး၊ မြင်ပြီးသား ဝါယောဓာတ်ရဲ့ အနိစ္စ

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းကို အနုအားဖြစ်အောင် ဆင်ခြင်ပြီးပွားရုံပဲ၊ ရေ လှုပ်ရင် ရေပေါ်မှာရှိတဲ့ အမှိုက်သရိုက်တွေလှုပ်သလို ခန္ဓာကိုယ်ကြီးဟာ လည်း ထွက်လေဝင်လေ ဝါယောဓာတ်ကို မှီပြီး နေရတယ်၊ ဒီဝါယောချုပ်ရင် ခန္ဓာကြီးဟာ သေရမယ်၊ ဒီဝါယောရှိမှ ခန္ဓာကြီး ဟာ ရှင်နိုင်မယ်"

"ခန္ဓာကိုယ်ကြီးရဲ့ တည်ရာ ဝါယောဓာတ်က ဖြစ်လိုက် ပျက်လိုက်နှင့်နေရင် ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်နာမ်ဟာလည်း ဖြစ် လိုက်ပျက်လိုက်နှင့် နေတာပဲ၊ တသွင်သွင်စီးနေသော မြစ်ရေသည် သမုဒ္ဒရာပင်လယ်သို့ ရှေးရှုပြီး စီးနေသလို ဖြစ်လိုက်ပျက်လိုက်နှင့် နေသော ဒီရုပ်စဉ်နာမ်စဉ်ဟာလည်း သေဖို့ရာ ရှေးရှုပြီး အမြဲ တမ်းဖောက်ပြန်နေတာပါလားလို့ သံဝေဂဉာဏ်ရင့်အောင် ပွားများ ရမယ်၊ သတ်ဖို့ရာအတွက် နွားသတ်ရုံကို ဆွဲငင်ခံရသောနွားသည် ပထမခြေလှမ်းထက် ဒုတိယခြေလှမ်းက သေဖို့နီးသလို ထို့အတူ ဖြစ်ပျက်မှုသည် ခြေလှမ်းနှင့်တူသည်"

သို့အတွက် "တစ်နေ့ထက် တစ်နေ့၊ တစ်နာရီထက် တစ်နာ ရီ၊ တစ်မိနစ်ထက် တစ်မိနစ် သေဖို့ရာ နီးလာပါလားလို့ သံဝေဂ ဉာဏ်ရင့်အောင်ဆင်ခြင်ပေးရတယ် သစ်ရွက်ကလေးဟာ ထွက်ခါ စက နီနီကလေး၊ ၎င်းမှ စိမ်းဝါဝါ၊ ၎င်းမှ အစိမ်းနု၊ ၎င်းမှ အစိမ်း ရင့်၊ ၎င်းမှ ဝါပြီးကြွေကျသလို ငါ၏ခန္ဓာကိုယ်လည်း မွေးကာစက နီနီကလေး၊ ၎င်းမှ ကြီးစ, ကြီးစနှင့် ကြီးလာပြီး ရင့်စ, ရင့်စနှင့် ရင့်ကာ အိုစ,အိုစနှင့် အိုပြီးသေရမှာပါကလားလို့ ဆင်ခြင်ပေးရ မယ်၊ ဝိပဿနာရှုတယ်ဆိုတာ သမထရှုသလို ဉာဏ်ကို အသေ မထားရဘူး၊ ဖလားပွတ်သလို ရှုရတာ"



"ဖလားကို ဘယ်လက်ဖြင့် မြဲမြဲကိုင်ပြီး ညာလက်က ဖလားကို အတွင်းအပြင်နှံ့အောင် ပွတ်ရသလို၊ သတိဖြင့် ရုပ်နာမ် ကို မြဲမြဲ အာရုံပြုပြီး ဉာဏ်က မမြဲပုံကို ဥပမာအမျိုးမျိုးတင်စားပြီး ရှုရတယ်၊ ဒါမှ ဝိပဿနာခေါ်တယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတာ ဝိပဿနာ၏ အရာဖြစ်တယ်၊ အဲဒီလို ပွားဖန်များ၍ သံဝေဂဉာဏ် ရင့်သန်လာတဲ့အခါ ကာမရာဂနှင့် ဗျာပါဒတရားတွေ ခေါင်းပါး ပြီးလာလိမ့်မယ်၊ ခေါင်းပါးတယ်ဆိုတာ ဒီလိုပါ၊ အရင်ပုထုဇဉ် ဘဝတုန်းက ဒီအာရုံကို မရရင် သေရမလောက် ပင်ပန်းတယ်၊ သကဒါဂါမ်တည်တဲ့အခါ ရလျှင်လည်းယူမယ်၊ မရရင်လည်း အရေးမကြီးဘူး ဖြစ်သွားတယ်"

"ဒေါသဆိုတာ ပုထုဇဉ်ဘဝတုန်းက ဒေါသဖြစ်လာရင် သတ်ချင်တယ်၊ သကဒါဂါမ်ဖြစ်ပြီးတော့ မသတ်ချင်ဘူး၊ စိတ်တော့ ဆိုးသေးတယ်၊ အဲဒါကို ခေါင်းပါးသွားတယ်လို့ဆိုတာ၊ အဲဒီလို ကာမ,ရာဂ,ဗျာပါဒ,တရား ခေါင်းပါးသွားအောင် ရုပ်နာမ်ရဲ့ ဖြစ် ပျက်မှုကို မြင်တာက ဒုက္ခသစ္စာကို ပိုင်းခြားပြီးသိတာ၊ ကာမရာဂ ဗျာပါဒတရား တစ်ခြမ်းပဲ့သွားတာက သမုဒယသစ္စာချုပ်တာ ဖြစ် တယ်၊ ကာမ,ရာဂ,ဗျာပါဒ, ချုပ်လို့ရတဲ့ သက်သာရာ သန္တိသုခက နိရောဓသစ္စာ၊ သက်သာမှုကို တွေ့တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သက် သာတဲ့ အရာကို ခံစားတာက ဖိုလ်ဇောတွေပေါ့"

## ကိုင်း - စာမေးပွဲ စစ်ကြစို့

"အသင်ယောဂီ - သင်၏ကိုယ်ကို စစ်ဆေးပါလော့၊ ငါ၏ သန္တာန်၌ လောဘ၊ ဒေါသတို့သည် ရှေးကအတိုင်းပဲလား၊ လျော့

www.burmeseclassic.com

www.burmeseclassic.com



သလားဟု စစ်ပါ။ သကဒါဂါမိတည်လျှင် လျော့နည်းတာကို တွေ့ရပါလိမ့်မယ်၊ တွေ့ရလျှင် ဪ. . . . ငါ၏သန္တာန်မှာ လောဘနှင့် ဒေါသတို့သည် လျော့နည်းသွားလေပြီ၊ သို့အတွက် ငါရသော မဂ်သည် သကဒါဂါမိ မဂ်ပါလားလို့ ဆင်ခြင်လိုက်၊မဂ်ကသကဒါဂါမိ ဖြစ်လျှင် ဖိုလ်လည်း သကဒါဂါမိဖိုလ်ဟု ဆင်ခြင်လိုက်၊ လောဘ ဒေါသတွေ လျော့နည်းသွားတော့ ချမ်းသာမှုကိုလည်း ပို၍ရတာပဲ၊ အဲဒီချမ်းသာတဲ့ သဘောလေးဟာ သကဒါဂါမိတို့ ရရှိတဲ့ နိဗ္ဗာန် ပါကလားလို့ ဆင်ခြင်လိုက်"

"ကာမရာဂနှင့် ဗျာပါဒတရားတွေ လျော့နည်းသွားတာကို မြင်တာက ပယ်ပြီးသော ကိလေသာကို ဆင်ခြင်တာ၊ သို့သော် လည်း ကိလေသာတွေ ကျန်သေးတယ်လို့ သိတာက ကြွင်းကိလေ သာကို ဆင်ခြင်တာ၊ အဲဒီလို ပစ္စဝေက္ခဏာဝီထိငါးခုပြီးရင်တော့ သကဒါဂါမ် တည်ပြီလို့ စာမေးပွဲ အအောင်ပေးလိုက်တော့၊ စစ်ပွဲ နိုင်တဲ့ ဘုရင်ကြီးဟာ အောင်ပွဲခံသလို အသင်ယောဂီလည်း ထိုင် ရင်း၊ ရပ်ရင်း၊ သွားရင်း၊ လျောင်းရင်း၊ ကာမရာဂဗျာပါဒခေါင်းပါး မှုကြောင့်ရရှိတဲ့ သက်သာရာ သန္တိသုခကို အာရုံပြုပြီး ကျေနပ်မှု ဝမ်းမြောက်မှုတို့နဲ့ ဖိုလ်ဝင်စားပြီး အောင်ပွဲဝင်နိုင်ပါစေသတည်"

## အနာဂါမိမဂ်

"အနာဂါမိမဂ်ဆိုတာ ကာမ,ရာဂနှင့် ဗျာပါဒတရားနှစ်ပါး ကို အကြွင်းအကျန်မရှိအောင် သတ်သောမဂ်ဖြစ်တယ်၊ ဒါကြောင့် ကမ္မဋ္ဌာန်းပွားများတဲ့အချိန်မှာလည်း သောတာပတ္တိမဂ်မြင်ခဲ့တဲ့ အနိစ္စကို မဏ္ဍိုင်ထားပြီး မတင့်တယ်မှုနှင့် ကရုဏာတရားကို တွဲ



ဖက် ပွားရတယ်၊ သောတာပတ္တိမဂ်နှင့် မြင်ခဲ့တဲ့ အနိစ္စကို အရင် ပွားပြီး ဒီရုပ်ကြီးဟာ အမြဲတမ်းဖောက်ပြန်ပျက်စီး၍ နေလေတော့ ဘယ်တင့်တယ်တယ်လို့ ဆိုနိုင်ပါ့မလဲ၊ ဘီလူးက လူယောင်ဖန်ဆင်း သလိုပဲ လူယောင်ဖန်ဆင်းထားတော့ တင့်တယ်သယောင် ထင်ရ ပေမယ့် အတွင်းသဘောက ကြောက်စရာကောင်းသလို ဒီရုပ်ကြီး ဟာလည်း အပေါ်ယံက တင့်တယ်သယောင်ရှိသော်လည်း အတွင်း သဘောက အမြဲတမ်း ဖောက်ပြန်ပျက်စီးနေတော့ ရွံစရာပါ လားလို့ အနိစ္စနှင့် မတင့်တယ်မှုကို တွဲပြီး ရှုရတယ်"

အဲဒါက ကာမရာဂကို သတ်တာဖြစ်တယ်၊ ဗျာပါဒ သေ အောင်က ဒီလိုရှုပါ၊ ငါ၏ရုပ်တရားဟာ အမြဲတမ်း ဖောက်ပြန်ပျက် စီးနေသလို သတ္တဝါတိုင်းရဲ့ ရုပ်တရားဟာလည်း ဖောက်ပြန်ပျက်စီး နေသဖြင့် သနားစရာ သတ္တဝါပါကလားဟု အနိစ္စနှင့် ကရုဏာ ကို တွဲပြီး ရှုရတယ်၊ အဲဒါက ဗျာပါဒ ခေါ် ဒေါသကို သတ်တာ ဖြစ်တယ်၊ အဲဒီလို အနိစ္စနှင့် မတင့်တယ်မှုကို တစ်လှည့် ရှုပွား လိုက်၊ အနိစ္စနှင့် ကရုဏာကို တစ်လှည့် ရှုလိုက်နှင့် ရှုဖန်များလာ ရင် သံဝေဂဉာဏ်ဟာ ရင့်ပြီးလာပါလိမ့်မယ်၊ သံဝေဂဉာဏ် ရင့် သန်လာတဲ့အခါ ကာမရာဂနှင့် ဗျာပါဒတရားတွေဟာ အကြွင်းမဲ့ ချုပ်သွားမယ်၊ ချုပ်သွားပြီးရင် မိမိကိုယ်ကို စာမေးပွဲစစ်ပေါ့"

## ကိုင်း-စာမေးပွဲစစ်ကြစို့

မိမိကိုယ်ကို ကာမရာဂနှင့် ဗျာပါတ တရားရှိသေးသ လား- မရှိဘူးလားဟု ဆင်ခြင်လိုက်ရင် မရှိတာကို တွေ့ရပါလိမ့် မယ်၊ ကာမ,ရာဂနှင့် ဗျာပါဒ, မရှိတဲ့အတွက် ငါရှိသော မဂ်

www.burmeseclassic.com

www.burmeseclassic.com



သည် အနာဂါမိမဂ်ပါလားလို့ ဆုံးဖြတ်နိုင်ပါလိမ့်မယ်၊ အဲဒါက မဂ်ကို ဆင်ခြင်သောဝီထိ၊ မဂ်က အနာဂါမိမဂ်ဖြစ် ရင် ဖိုလ်လည်း အနာဂါမိဖိုလ်ပဲလို့ ဆုံးဖြတ်နိုင်ပါလိမ့်မယ်၊ အဲဒါက ဖိုလ်ကို ဆင်ခြင်သော ဝီထိ၊ အရင်တုန်းက ကာမ, ရာဂ, မီးလောင်၍ ပင်ပန်းမှု၊ ဒေါသမီးလောင်၍ ပင်ပန်းမှုဟာ ဖြစ်တယ်၊ ယခုတော့ အဲဒီမီးတွေ မလောင်တော့လို့ သက်သာရာကို အများကြီး ရနေပြီ"

"အဲဒီသက်သာမှု သန္တိသုခဟာ အနာဂါမ်တို့ ရနေတဲ့ နိဗ္ဗာန်ပါကလားလို့ မြင်ပါလိမ့်မယ်၊ အဲဒါဟာ နိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိ၊ ငါ့သန္တာန်မှာ ကာမရာဂနှင့် ဗျာပါဒတရားတွေ မရှိတော့ဘူးလို့ မြင်တာက ပယ်ပြီးသော ကိလေသာကို ဆင်ခြင်သော ဝီထိ၊ ဘဝရာဂတော့ ရှိသေးတယ်လို့ မြင်တာဟာ ကြွင်းသော ကိလေသာကို ဆင်ခြင်သော ဝီထိ၊ ဤငါးဝီထိချပြီး စာမေးပွဲစစ်ပြီး ငါသည် အနာဂါမ်တည်ပြီဟု မိမိကိုယ်ကို အအောင်ပေးလိုက်တော့၊ ရွှေတုံးကြီးကောက်ရသောသူသည် ကျေနပ်မှု ဝမ်းမြောက်မှု ဖြစ်နေသလို အသင်ယောဂီသည်လည်း ကာမရာဂမီး၊ ဒေါသမီးတို့ ချုပ်ငြိမ်းသဖြင့် ရရှိတဲ့ သက်သာရာ သန္တိသုခကို အာရုံပြုပြီး ထိုင်ရင်း၊သွားရင်း၊ လျောင်းရင်း ကျေနပ်မှု ဥပေက္ခာဇောတွေ၊ ဝမ်းမြောက်မှုသော မနဿဖိုလ်ဇောတွေဖြစ်ကာ ချမ်းသာသော စည်းစိမ်ကြီးကို ခံစားနိုင်ပါစေသတည်း"

## အရဟတ္တမဂ်

"အရဟတ္တမဂ်သည် ဘဝရာဂနှင့်တကွ ကိလေသာအားလုံးကို သတ်သောမဂ်ဖြစ်သည်၊ သို့အတွက် သောတာပတ္တိမဂ်



တုန်းက မြင်ခဲ့သော အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တစ်လှည့်စီ ဆင်ခြင်ဟာ ခန္ဓာကိုယ်နောက်ထပ် မရနိုင်အောင် သူနာကို ဥပမာထား၍ ရှုရမယ်၊ ဤခန္ဓာကိုယ်ကြီးသည် အနှစ်မရှိသောကြောင့် မခိုင်မာ၊ မခိုင်မာသောကြောင့် မမြဲ၊ မမြဲသောကြောင့် ဆင်းရဲ၏"

"မမြဲသောကြောင့် အိုရ၏၊ နာရ၏၊ သေရ၏၊ ချစ်သူနှင့်ကွဲရ၏၊ စင်စစ်မှာ မမြဲမှုသည် အိုအောင်၊ နာအောင်၊ သေအောင် နှိပ်စက်၍ နေသည်မည်၏၊ သူသတ်ယောက်ျား၏ အမြဲတမ်း ဓားမိုးခံနေရသောသူနှင့် တူသည်၊ ယနေ့, နက်ဖြန်ပင် သေရမည်လောက် အထင်ရောက်အောင် ရှုရမည်၊ ခန္ဓာကိုယ်ကို ပြုပြင်တိုင်း သူနာကို ဥပမာထားပြုပြင်ရမည်၊ ထမင်းစားသောအခါ၌ သူနာဆေးစားတာနှင့် တူပါကလားဟုလည်းကောင်း၊ ရေချိုးသောအခါ၌လည်း သူနာကို ဖန်ရည်ဆေးတာနှင့်တူပါကလားဟု လည်းကောင်း၊ အဝတ်ဝတ်သောအခါလည်း သူနာကို ပတ်တီးစည်းတာနှင့် တူပါကလားဟု လည်းကောင်း၊ အိမ်နဲ့ကျောင်းလည်း ဆေးရုံနှင့်တူပါကလားဟု လည်းကောင်း၊ ခန္ဓာကိုငြီးငွေ့၍ နောက်ထပ်မရချင်အောင် ဆင်ခြင်ရမည်။

"ဒီခန္ဓာကိုယ်ကြီးသည် ဇရာမီးအမြဲလောင်နေသောကြောင့် မီးလောင်နေသော အိမ်ကြီးနှင့်တူပါကလားဟုလည်းကောင်း ရှုရမည်၊ ရှုဖန်များ၍ သံဝေဂဉာဏ် ရင့်သန်လာသောအခါ မီးလောင်သောအိမ်ကို မလိုချင်တော့သလို၊ အိမ်ထဲသို့ မဝင်ချင်တော့သလို ခန္ဓာကိုယ်ကြီးကို မလိုချင်သောစိတ် ဖြစ်၍ လာလိမ့်မည်"

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာလေးပါးကို သိပုံ

"ခန္ဓာကိုယ်ကြီးကို မီးလောင်သော အိမ်ကဲ့သို့သူနာကဲ့သို့ မြင်တာက ဒုက္ခသစ္စာကို ပိုင်းခြား၍ သိတော့တာပဲ၊ ခန္ဓာကိုယ်ကို နောက်ထပ်မရချင်တာက သမုဒယသစ္စာ ချုပ်တော့တာပဲ၊ ဘဝရာဂမီး သမုဒယသစ္စာချုပ်သဖြင့် ငြိမ်းအေးခြင်းသို့ ရောက်သွားတာက နိရောဓသစ္စာကို မျက်မှောက်ပြုတော့တာပဲ၊ မျက်မှောက်ပြုတဲ့ဉာဏ်က မဂ္ဂသစ္စာဖြစ်တယ်၊ သဉပါဒိသေသ နိဗ္ဗာန်ကို ပိုင်ပိုင်ကြီးရပါပြီ"

## ကိုင်း-စာမေးပွဲစစ်ကြစို့

"အသင်ယောဂီ၊ ငါ၏သန္တာန်မှာ ဘာကိလေသာများရှိသေး သလဲဆိုတာ ဆင်ခြင်ပါ၊ ဘာမျှမရှိတော့တာကို မြင်ပါလိမ့်မယ်၊ ဘာကိလေသာမျှ မရှိတော့သဖြင့် ငါရသောမဂ်သည် အရဟတ္တ မဂ်ဆိုတာ သိလာပါလိမ့်မယ်၊ အဲဒါက မဂ်ကိုဆင်ခြင်သော ဝီထိ၊ မဂ်သည် အရဟတ္တမဂ်ဖြစ်လျှင် ဖိုလ်ကလည်း အရဟတ္တဖိုလ်ဆိုတာ သိလာပါလိမ့်မည်၊ အဲဒါက ဖိုလ်ကိုဆင်ခြင်သော ဝီထိ၊ ငါ့သန္တာန် မှာ ဘာကိလေသာမျှ မရှိတော့ဘူးဟု မြင်တာကပယ်ပြီး ကိလေ သာကို ဆင်ခြင်သော ဝီထိ၊ ကိလေသာ မကျန်တော့သောကြောင့် ကျန်ကိလေသာကို ဆင်ခြင်သော ဝီထိမဖြစ်တော့ချေ၊ နေဝင်တော့ အပူတွေချုပ်၏၊ အပူတွေချုပ်တော့ အပူ၏ ဆန့်ကျင်ဘက်အအေးကို တွေ့ရသလို



ကိလေသာ အပူတွေ ချုပ်သွားတော့ အပူ၏ ဆန့် ကျင်ဘက် အငြိမ်း ပရမတ် အအေးဓာတ်ကို တွေ့ရပါလိမ့်မယ်။ အဲဒီ အအေးဓာတ်ဟာ ရဟန္တာတို့ရရှိတဲ့ နိဗ္ဗာန်ပါကလားလို့ မြင်တာက နိဗ္ဗာန်ကို ဆင်ခြင်သော ဝီထိ၊ အဲဒီလေးဝီထိချပြီးရင် ငါတော့ ရဟန္တာဖြစ်ပြီလို့ အအောင်ပေးပေတော့"

## ဖိုလ်ဝင်စားပုံ

ဣဿာသယပတ္တမြားရတနာကို ရရှိပြီးသော စကြာမင်းသည် လိုတာဟူ၍ မရှိ၊ အလုံးစုံပြည့်ဝသဖြင့် လောကီစည်းစိမ်ကို ငြီးထိန်အောင် ခံစားသလို၊ ရဟန္တာပုဂ္ဂိုလ်သည်လည်း တောင့်တပူပန်တတ်သော တဏှာလုံးဝမရှိသဖြင့် အပူငြိမ်းသည့် အအေးပရမတ်ကို အာရုံပြုကာ သွားရင်းလာရင်း ထိုင်ရင်း လျောင်းရင်း ဣရိယာပုတ်လေးပါးတို့ဖြင့် နိဗ္ဗာန်၏အရသာကို ခံစားလေသတည်း။ သင်ယောဂီသည် ဤအရသာကို ခံစားနိုင်ပါစေသတည်း။ ။

## နိဗ္ဗာန်သည် အသခ်တမည်ပုံ

နေဝင်လျှင် အပူချုပ်သည်၊ အပူချုပ်လျှင် အအေးဖြစ်အောင် ပြုလုပ်စရာမလိုဘဲ အအေးကို တွေ့ရသလို၊သမုဒယ သစ္စာတဏှာချုပ်လျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တရားတို့ ချုပ်တော့သည်၊ ၎င်းတရားတွေ ချုပ်သောအခါ နိဗ္ဗာန်အအေးဖြစ်လာအောင် လုပ်စရာမလိုဘဲ နိဗ္ဗာန်အအေးကို တွေ့ရပါသည်၊ ဒါကြောင့် နိဗ္ဗာန်ကို အသခ်တဟု ခေါ်သည်၊ နေနှင့်

www.burmeseclassic.com

www.burmeseclassic.com



သမုဒယသစ္စာတူသည်၊ အပူနှင့်သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတူသည်၊ အအေးဓာတ်နှင့် နိဗ္ဗာန်တူသည်။

“မဂ်ပန်းလေးပွင့် ဖိုလ်သီးဆင့်” ဤစာအုပ်သည် မဂ်ဉာဏ်လေးပါးနှင့် ဖိုလ်ဝင်စားပုံတွေကို စာရှုသူများ သိလွယ်အောင် ရေးထားသောကြောင့် ‘မဂ်ပန်းလေးပွင့် ဖိုလ်သီးဆင့်’ဟု အမည်တပ်လိုက်သည်။ ဤစာကို ရှုသောသူသည် မဂ်ပန်းလေးပွင့်ကို ပန်ဆင်ကာ ဖိုလ်အသီးကိုစား၍ ချမ်းသာရပါစေသတည်း။

*(မဂ္ဂင် ရွှေတန် လေယာဉ်ပျံတရားတော် ပြီး၏)။*

## ဆရာကောင်း၏ နောက်ဆုံးအင်္ဂါရပ်

ဆရာကောင်း၏ နောက်ဆုံးအင်္ဂါကား အကျိုးနည်းသောနေရာကို ညွှန်မပြဘဲ အကျိုးများသော နေရာကိုသာ ညွှန်ပြခြင်းဖြစ်၏။ ထိုအင်္ဂါနှင့် ပတ်သက်၍ စိတ်ဝင်စားစရာလည်း ကောင်း၊ မှတ်သားစရာလည်း ကောင်း၊ လိုက်နာကျင့်ကြံစရာလည်း ကောင်းသော ဆရာတော်တစ်ပါး၏ ဩဝါဒကို ဖော်ပြလိုက်ပေသည်။

‘တပည့်တွေကရဟန်းတွေရော၊ လူတွေရောဆိုတော့ လောကီလောကုတ္တရာ စွယ်စုံရတဲ့ ဩဝါဒတစ်ခုကို ပေးမယ်၊ ပုထုဇဉ်တွေမှာ အိပ်ချိန်မှတစ်ပါး ကျန်အချိန်အားလုံးမှာ ကုသိုလ်၊ အကုသိုလ်တစ်ခုခု အမြဲတမ်းဖြစ်နေတယ်၊ ဒီနှစ်မျိုးမှာ ကုသိုလ်ဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းက အကောင်းမြင်ဝါဒပဲ၊ ယောနိသောမနသိ ကာရလို့လည်း ခေါ်တယ်၊ မြန်မာလိုတော့ သင့်တင့်အောင် နှလုံးသွင်းတယ်ပေါ့၊ အကုသိုလ်ဖြစ်ခြင်းရဲ့ အနီးဆုံးအကြောင်းကတော့ အဆိုးမြင်ဝါဒပဲ၊ အယောနိ-သောမနသိကာရ



လို့လည်း ခေါ်တယ်၊ မြန်မာလိုတော့ မသင့်မတင့် နှလုံးသွင်းခြင်းပေါ့”

စိတ်ပညာ ကျမ်းတွေမှာတော့ ယောနိသောမန သိကာရကို အပြုစိတ်ထားလို့ သုံးတယ်၊ အယောနိ သောမန သိကာရကို အပျက်စိတ်ထားလို့ သုံးတယ်၊ ဖျော်ရည်တစ်ဝက်သာ ထည့်ထားတဲ့ ဖန်ခွက်တစ်ခွက်ကိုတွေ့ရတာချင်းတူပေမယ့် အပျက်စိတ်ထားရှိသူက ငါ့အတွက် တစ်ဝက်ပဲ ချန်ထားရသလားဆိုပြီး ဒေါသဖြစ်တယ်၊ အပြုစိတ်ထားရှိတဲ့သူက ငါ့အတွက် တလေးတစား ချန်ထားဖော်ရတယ်ဆိုပြီး ဝမ်းသာအားရဖြင့် မေတ္တာပို့ပြီးသောက်တယ်”

“အပြုစိတ်ရှိတဲ့သူဟာ အမြဲတမ်းကုသိုလ်လည်း ရတယ်၊ စိတ်လည်း ချမ်းသာတယ်၊ အပျက်စိတ်ထားရှိတဲ့သူကတော့ အမြဲတမ်းအကုသိုလ်လည်း ဖြစ်ရတယ်၊ စိတ်လည်း ဆင်းရဲရတယ်၊”

“ဖြစ်ရပ်လေးတစ်ခု မှတ်သားရဖူးတယ်၊ အပျက်စိတ်ထားရှိတဲ့ လူတစ်ယောက်ဟာ ငွေတစ်သောင်း ပျောက်သွားလို့ဝမ်းနည်းငိုကြွေးနေတယ်၊ သနားတတ်တဲ့လူတစ်ယောက်က မကြည့်ရက်လို့ ငွေ တစ်သောင်း သွားပေးလိုက်တယ်၊ အပျက်စိတ်ထားရှိသူဟာ ငွေ တစ်သောင်း အစားပြန်ရပေမယ့် ငိုမြဲဆက်ငိုနေတယ်၊ ဒီတော့ ငွေအကူအညီပေးသူက အံ့ဩသွားပြီးမေးတယ်”

“ပျောက်သွားတဲ့ငွေ အစားပြန်ရပြီပဲ၊ ဘာလို့ ဆက်ငိုနေတာလဲဆိုတော့ ‘အခုရတဲ့ငွေနှင့် ပျောက်သွားတဲ့ငွေ ပေါင်းလိုက်လျှင် နှစ်သောင်းတောင်ရှိမှာ အဲဒါကို တွေးမိလို့ ငိုနေတာပါတဲ့၊ ငွေတစ်သောင်း ပျောက်သွားတာက အဆိုးပါ၊ ငွေတစ်သောင်း အစား ပြန်ရတာက အကောင်းပေါ့”

www.burmeseclassic.com

www.burmeseclassic.com



အပျက်စိတ်ထားရှိသူဟာ အကောင်းကို ဘယ်လိုမှ မမြင်တတ်ဘဲ အဆိုးကိုသာ ရှာကြံတတ်ပုံကို သာဓကပြတာပါ။ နန္ဒာသိန်းဇံရဲ့ 'ခယောင်းလမ်းကို ဖြတ်ကျော်ခြင်း'ဆိုတဲ့ စာအုပ်မှာလည်း ဒီသဘောမျိုးရေးထားတာ တစ်ချက်တွေ့ရတယ်။ အပျက်စိတ်ထားရှိတဲ့လူတစ်စုဟာ မြင်းကိုယ်စီ,စီးပြီး ညပိုင်းမှာ ခရီးထွက်ခဲ့ကြတယ်၊ သဲသောင်ပြင်ကြီးတစ်ခုကို ဖြတ်ရတဲ့အချိန်မှာ 'အားလုံးရပ်လိုက်ကြ' ဆိုတဲ့ အသံကြီးတစ်သံကို ကြားရလို့ မြင်းတွေ ဇက်သတ်ပြီး ရပ်လိုက်ကြရတယ်"

"မှောင်ကြီးမည်းမည်းမှာ ဘာမှမမြင်ဘဲ အသံကြီးကိုသာ ကြားရတော့ သူတို့ သိပ်ကြောက်သွားကြတယ်၊ အသံရှင်က ဆက်အမိန့်ပေးပြန်တယ်၊ "မြင်းပေါ်ကဆင်းပြီး တွေ့တဲ့ကျောက်ခဲတွေကို လက်နှင့်ဆုပ်ယူကြတဲ့၊" သူတို့တစ်တွေလည်း ကြောက်ကြောက်နဲ့ ပြောတဲ့အတိုင်း တွေ့မိစမ်းမိတဲ့ ကျောက်ခဲတွေကို လက်နှစ်ဖက်နဲ့ ဆုပ်ယူလိုက်ကြတယ်၊ အမိန့်သံကြီးက ဆက်လက်ထွက်ပေါ်လာပြန်တယ်၊ ပြီးရင် ကိုယ့်ခရီးကိုယ်ဆက်သွားတဲ့၊" သူတို့တစ်တွေဟာ ကြောက်လန့်တကြား မြင်းကို ဒုန်းစိုင်းလာလိုက်ကြတာ မိုးလင်းမှပဲ မြင်းကို ရပ်နားဖို့ သတိရကြတယ်"

မြင်းကိုရပ်နားပြီးမှ လက်ထဲဆုပ်လာတဲ့ ကျောက်ခဲလေးတွေကို သေချာကြည့်မိတော့ တကယ့် အဖိုးတန် စိန်တုံးလေးတွေ ဖြစ်နေတယ်၊ ဒါပေမယ့် သူတို့ဝမ်းမသာဘူး၊ 'ဒီလိုစိန်တုံးလေးတွေ မှန်းအစက သိခဲ့ရင် အများကြီး ကျုံးယူခဲ့တာပေါ့တဲ့၊' အဲဒီလိုပြောပြီး ဝမ်းနည်းပက်လက်တောင် ဖြစ်နေရတယ်၊ စိန်တုံးလက်တစ်ဆုပ်ရလို့ ဝမ်းသာစရာရယ်၊ အများကြီးမယူလာမိခဲ့လို့ ဝမ်းနည်းစရာရယ်လို့ နှစ်မျိုးရှိရာမှာ သူတို့ဟာ ဝမ်းသာစရာကို မရွေးဘဲ



ဝမ်းနည်းစရာကိုပဲ ရွေးလိုက်တယ်၊ အပျက်စိတ်အား၊ မကောင်းမြင်ဝါဒ၊ အယောနိသောမနသိကာရဆိုတာ အဲဒါမျိုးကိုပြောတာ"

"အဲဒီလို အမြင်ရှိတဲ့သူဟာ ဘဝတစ်လျှောက် ဘယ်တော့မှ စိတ်ချမ်းသာမှုကို ရမှာ မဟုတ်ဘူး၊ အသက်တိုပြီး အနာရောဂါများတဲ့သူတွေဟာ အပျက်စိတ်ထားရှိတဲ့သူတွေပါ။ ဆန့်ကျင်ဘက်အားဖြင့် အသက်ရှည်ပြီး အနာရောဂါကင်းတဲ့သူတွေဟာ အပြုစိတ်ထားရှိတဲ့သူတွေပေါ့"

"အပြုစိတ်ထားရှိတဲ့သူတွေကျတော့ အဆိုးလောကဓံထဲကကိုပဲ ကောင်းကွက်ကို မမြင်-မြင်အောင်ကြည့်ပြီး စိတ်ချမ်းသာမှုကို ရှာနိုင်တယ်၊ လူတိုင်းနီးပါး သိနေတဲ့ အလောင်းတော် သုဝဏ္ဏသာမကိုပဲ ကြည့်ပေါ့။ သူ့မိဘနှစ်ပါး မိုးခိုရင်း တောင်ပို့ပေါ်ထိုင်မိလို့ မြွေအခိုးမှုတ်တာကို ခံရပြီး မျက်စိကွယ်သွားတယ် မဟုတ်လား၊ ဒါဟာ ဝမ်းနည်းစရာ အဆိုးလောကဓံပါ။ ဒါကြောင့်လည်း ပုထုဇဉ်ဘဝသာရှိသေးတဲ့ အလောင်းတော်ဟာ မိဘနှစ်ပါးအဖြစ်ကို မြင်မြင်ချင်း ငိုကြွေးပါတယ်"

"ခဏငိုကြွေးပြီးတာနဲ့ ဝမ်းသာစရာအကွက်ကို တွေ့အောင်ရှာပြီး ရယ်မောပြန်တယ်၊ ဝမ်းသာစရာအကွက်က မိဘနှစ်ပါး ကို အသက်ထက်ဆုံး လုပ်ကျွေးခွင့်ရပြီဆိုတဲ့အချက်ပါ၊ မိဘကိုလုပ်ကိုင်ကျွေးမွေးခွင့်ဆိုတာ ကိုယ်ရချင်တိုင်းရတာ မဟုတ်ပါဘူး၊ အချက်လေးချက်နှင့်ညီမှသာ လုပ်ကိုင်ကျွေးမွေးခွင့်ရပါတယ်"

"အဲဒီအချက်(၄)ချက်က. . . "

၁။ မိဘနှစ်ပါး သက်ရှိထင်ရှားရှိခြင်း။
၂။ မိဘနှစ်ပါး မိမိကို မှီခိုနေခြင်း။
၃။ ကျွေးမွေးနိုင်သော သဒ္ဒါတရားရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ မိဘတို့ လုပ်ကိုင်ကျွေးမွေးနိုင်သော ပစ္စည်းဥစ္စာရှိခြင်းတို့ပါပဲ။

"ဒီဖြစ်ရပ်မှာဆိုရင် မိဘတွေ မျက်စိကွယ်သွားတဲ့အတွက် ဝမ်းနည်းစရာရယ်၊ မိဘတွေကို အမြဲလုပ်ကိုင်ကျွေးမွေးခွင့်ရတဲ့အတွက် ဝမ်းသာစရာရယ်လို့ နှစ်ခုရှိတဲ့အနက်က အလောင်းတော်ဟာ အပြုစိတ်ထားနဲ့ ဝမ်းသာစရာ အချက်ကိုပဲ ရွေးခဲ့တာပါ၊ လူယုံတပည့်အရင်းတစ်ယောက်ဟာ သူဌေးရဲ့ ရှိသမျှထဲက ငွေတစ်ဝက်ကိုယူပြီး ခြေရာဖျောက်သွားပါတယ်၊ မိတ်ဆွေကောင်းတစ်ယောက်ရဲ့ အကြံဉာဏ်ကြောင့် သူဌေးဟာ အပြုစိတ်ထားကို မွေးမြူပြီး စိတ်ဆင်းရဲမှုကို ပယ်ဖျောက်သွားနိုင်ပါတယ်"

"ဒီဖြစ်ရပ်မှာ သူဌေးဟာ ငွေကြေးတစ်ဝက် အခိုးခံရတဲ့အတွက် ဝမ်းနည်းမှုရယ်၊ အကုန်ယူမသွားဘဲ တစ်ဝက်ချန်ထားခဲ့တဲ့အတွက် ဝမ်းသာမှုရယ်နှစ်ခုမှာ ဝမ်းသာစရာအချက်ကို ရွေးယူလိုက်တာပဲ ဖြစ်ပါတယ်"

"ဒုတိယကမ္ဘာစစ်အတွင်းလောက်က ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် ကျွန်းရင်းကျောင်း ဆရာတော် ဦးဝါယမဟာ မားပြအတိုက်ခံရပါတယ်၊ ရွှာခံတွေပါတဲ့အတွက် ဘုန်းကြီးမသိအောင်ဆိုပြီး မားပြတွေက မျက်နှာမှာ အဝတ်စည်းထားကြတယ်"

"ဘုန်းကြီးကို လက်ပြန်ကြိုးတုပ်ပြီး မားပြတွေဟာ အဖိုးတန်ပစ္စည်းတွေကို ထုပ်ပိုးနေကြတယ်၊ ဒီအချိန်မှာ မားပြတစ်ယောက် မျက်နှာမှာ စီးထားတဲ့ အဝတ်စဟာ ကျွတ်ကျသွားတယ် ဒီတော့မှ ရွာထဲကလူမှန်း ဦးဝါယမက သိသွားတယ်၊ သူတို့လူတစ်ယောက်ကို သိသွားပြီဆိုတော့ မားပြတွေက အမှုပေါ်မှာ စိုးလို့ ဘုန်းကြီးကို သတ်ပစ်ဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ ဒါကြောင့် ကြိုး



တုပ်ထားတဲ့ ဘုန်းကြီးကို ခေါင်းဖြတ်သတ်ရအောင် ကျောင်းနောက်က လျှိုကြီးထဲကို ဆွဲခေါ်လာကြတယ်"

"သတ်ခါနီးအချိန်ကျမှ ဘုန်းကြီးက မားပြတွေထံ ခဏခွင့်တောင်းပြီး 'အရဟံ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ အရဟံ ဓမ္မံ သရဏံ ဂစ္ဆာ မိ၊ အရဟံ သံဃံသရဏံ ဂစ္ဆာမိ'လို့ ဘုရားရှိခိုးလိုက်တယ်၊ ဘုရား ရှိခိုးအဆုံးမှာ မိုးမှောင်ကြီးကျလာပြီး မိုးကြိုးတွေပစ်တဲ့အတွက် မားပြတွေဟာ ကြောက်လန့်တကြား ထွက်ပြေးလိုက်ကြတာ သူတို့ ကိုင်တဲ့ လက်နက်တွေပါ ကျောင်းဝင်းထဲ ကျန်နေခဲ့တယ်၊ တုပ် ထားတဲ့ ကြိုးတွေလည်း ဘုရားရှိခိုးအဆုံးမှာ အလိုလို ပြေကျသွား ပါတယ်"

"ဦးဝါယမဟာ ယောနိသောမနသိကာရခေါ် အပြုစိတ်ထားရှိတဲ့ ရဟန်းတစ်ပါးဖြစ်တယ်၊ ဒါကြောင့် 'မားပြတွေက ငါ့ကို မြန်မြန် တောထွက်ပြီး တရားကျင့်ဖြစ်အောင် ကူညီကြတာပဲ'လို့ ယူဆပြီး တောထွက်ပြီး တရားအားထုတ်ဖို့ သတိပေးသလို ဖြစ်တာက ဝမ်းသာစရာပါ၊ ဦးဝါယမဟာ ဝမ်းသာစရာကိုသာ ရွေးယူခဲ့ပါတယ်"

"အကောင်းသက်သက်၊ ချမ်းသာသက်သက်ဆိုတာ နိဗ္ဗာန်မှာပဲ ရှိတယ်။ လောကီကိစ္စတွေမှာတော့ အကောင်းနဲ့ မကောင်း၊ ချမ်းသာနဲ့ ဆင်းရဲဆိုတာ ရောနေတာပါ၊ အကောင်းချည်း ချမ်းသာချည်းဟု ဘယ်နေရာမှ မရှိသလို၊ မကောင်းချည်း ဆင်းရဲချည်းလို့လည်း ဘယ်နေရာမှ မရှိဘူး၊ ဒါကြောင့်အကောင်းမြင်ဝါဒနဲ့ ကြည့်တတ်မယ်ဆိုရင် စိတ်ချမ်းသာစရာအကွက်လေးတွေကို တွေ့ရမှာချည်းပါပဲ"

"ဥပမာအားဖြင့် လူချမ်းသာတစ်ယောက်မှာ အပျက်

www.burmeseclassic.com



စိတ်ထားနဲ့ ကြည့်မယ်ဆိုရင် လွတ်လွတ်လပ်လပ် မနေရဲဘူး၊ ခိုးသားဓားပြရန်ကို အမြဲကြောက်နေရတယ်၊ ဌာနဆိုင်ရာ မျိုးစုံရဲ့ ငွေညှစ်မှုကို ခံနေရတယ်"

"ရပ်တွက်မှာ မီးလောင်ပြီဆိုရင် ပစ္စည်းဥစ္စာ မရှိသူထက် နှစ်ဆပူပင်သောက ရောက်ရတယ်၊ တစ်ခါ အပြုစိတ်ထားတဲ့ ကောင်းတဲ့ဘက်က ကြည့်လျှင် အာရုံငါးပါးကို အလိုရှိသလို သုံးဆောင်ခံစားရတယ်၊ ရောဂါဖြစ်ရင် ပြည့်ပြည့်စုံစုံနဲ့ ဆေးကုသနိုင်တယ်။ ဆေးမကုနိုင်လို့ သေရတယ် မရှိဘူး၊ စားဝတ်နေရေး အဆင်ပြေနေတဲ့အတွက် ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားများကိုလည်း အများကြီးပြုနိုင်ခွင့်ရတယ်၊ ဒါက ချမ်းသာတဲ့ဘဝကို အဆိုးဘက်၊ အကောင်းဘက် နှစ်ဖက်လုံးက ကြည့်ပြတာပါ"

"တစ်ခါ ဆင်းရဲတဲ့ဘဝကိုလည်း အဆိုးအကောင်း နှစ်ဖက်စလုံးက ကြည့်လို့ရပါတယ်၊ အဆိုးဘက်ကတော့ မြင်လို့ လွယ်ပါတယ်၊ စားဝတ်နေရေး မပြည့်စုံတာ၊ လူတောထဲ မဝင်ဆံ့တာ၊ ဒါနပါရမီကို စိတ်ကြိုက်ဖြည့်ခွင့်မရတာ စသည်တွေပေါ့၊ အကောင်းဘက်က ကြည့်မယ်ဆိုရင် သူခိုးဓားပြရန်က ယုံ့ဝအေးချမ်းတယ် ဘယ်ဌာနကမှ ကိုယ့်ကို ငွေလာမညှစ်တော့ဘူး"

"ပုံပြင်လေးတစ်ပုဒ် ဖတ်ဖူးတယ်၊ သူဌေးကြီးတစ်ယောက်ဟာ သူပိုင်ပစ္စည်းဥစ္စာတွေ အတွက် တွေးပူပြီး ညညဆို အိပ်မရဖြစ်နေတယ်"

"သူ့အိမ်နဲ့ မလှမ်းမကမ်းမှာ ဆင်းရဲသား နွားကျောင်းသားတစ်ယောက်ရဲ့ အိမ်တစ်အိမ်ရှိတယ်၊ ဆင်းရဲသားကတော့ ဘာအပူမှမရှိတော့ ညညဆိုရင် ပလွေကို သာယာနာပျော်ဖွယ်ရာ မှုတ်ပြီး



မှ အိပ်လေ့ရှိတယ်၊ အိပ်မရဘဲ ပူပင်သောကရောက်နေတဲ့ သူဌေးကြီးဟာ ဆင်းရဲသားရဲ့ ပလွေသံကို နားထောင်လိုက်ရရင် ခေတ္တခဏတော့ စိတ်ချမ်းသာသလို ဖြစ်သွားသတဲ့၊ ဆင်းရဲသားရဲ့ အပူအပင်ကင်းမှု 'အတွေ့ချမ်းသာ'ကို သူဌေးကြီးက ဒုငွေ့ချမ်းသာ အနေနဲ့ ခံစားခြင်းပါပဲ၊ ဒါကြောင့် တစ်နေ့မှာ ကျေးဇူးတင်တဲ့ အနေနဲ့ ဆင်းရဲသားကိုခေါ်ပြီး ငွေတစ်ထောင် ဆုချလိုက်ပါတယ်"

"ထူးခြားတာကတော့ အဲဒီနေ့ညကစပြီး ဆင်းရဲသားအိမ်က ပလွေသံကို မကြားရတော့တာပါ၊ သူဌေးကြီးလည်း ဘယ်လိုဖြစ်တာပါလိမ့်ဆိုပြီး တွေးမရ ဖြစ်နေပါတယ်၊ ရက်အတန်ကြာတော့ ဆင်းရဲသားဟာ သူဌေးကြီးအိမ်ကို ရောက်လာပြီး ငွေတစ်ထောင်ကို ပြန်ပေးပါတယ်၊ သူဌေးကြီးက ဘာဖြစ်လို့ ပြန်ပေးတာလဲလို့ မေးတော့ ဆင်းရဲသားက ဖြေတယ်၊ "ဒီငွေတစ်ထောင် ရောက်လာတဲ့အချိန်ကစပြီး သူ့ရဲ့ပျော်ရွှင်မှုအားလုံးဟာ သူ့ဆီက ထွက်ပြေးသွားကြတယ်တဲ့"

"ငွေတစ်ထောင်ကို သူများခိုးမှာ ကြောက်တာနဲ့ အိပ်မရစားမရဖြစ်နေတာ အတော်ကြာသွားပါပြီတဲ့၊ ပလွေမမှုတ်နိုင်တာလည်း ဒီသောကကြောင့်ပါပဲတဲ့၊ ဒီငွေတစ်ထောင် မရှိတဲ့နေ့ကစပြီးတော့ ဆင်းရဲသားဟာ ညစဉ်ပလွေပြန်မှုတ်နိုင်သွားပါတယ်၊ ဒီအတိုင်းပါပဲ မြို့သားဖြစ်ရတာနဲ့ တောသားဖြစ်ရတာ နှစ်မျိုးလုံးမှာ ကောင်းတာရော ဆိုးတာရော ရှိပါတယ်၊ မြို့သားဖြစ်ရတာကို အဆိုးဘက်ကကြည့်ရင် အသီးအရွက်တွေကို လတ်လတ်ဆတ်ဆတ် မစားရဘူး၊ စက်ရုံ၊ မော်တော်ကား၊ ဆိုင်ကယ်တွေက ထွက်လာတဲ့ မီးခိုးငွေ့တွေကြောင့် သန့်ရှင်းတဲ့လေကို ရှူရှိုက်ခွင့်မရဘူး၊"

www.burmeseclassic.com

www.burmeseclassic.com



“စွဲနည်းရှိသူချင်း တိုယ်တိုက်ခန်းနဲ့ ကိုယ်နေကြတော့ အိမ်နီးချင်းဆိုပြီး ရင်းနှီးနွေးထွေးမှု မရှိဘူး၊ ကားသံ၊ ဆိုက်ကယ် သံတွေ (၂၄)နာရီ ဆူနေတာကြောင့် တိတ်ဆိတ်ငြိမ်သက်တဲ့ အရသာကို ဘယ်တော့မှ မခံစားရဘူး၊ ဒါက အဆိုးဘက်ကပေါ့၊ တစ်ခါ အကောင်းဘက်ကြည့်မယ်ဆိုရင် ခေတ်မီမီနေနိုင်တယ်၊ သတင်းမီဒီယာတွေကြောင့် ကမ္ဘာကြီးအကြောင်းကို အမြဲသိနေရတယ်၊ ရောဂါဖြစ်ရင် ပါရဂူတွေနဲ့ အမြန်ကုသနိုင်တယ်၊ ဒါက အကောင်းဘက်ကပေါ့”

“တောသားဖြစ်ရတာကို အဆိုးဘက်ကကြည့်ရင် ခေတ်မမီဘူး၊ ကမ္ဘာကြီးအကြောင်း ဘာမှမသိဘူး၊ ရောဂါဖြစ်ရင်လည်း ဆရာကောင်းနဲ့ မကုနိုင်ဘူး၊ ဒါက မကောင်းတဲ့ဘက်ကပေါ့၊ ကောင်းတဲ့ဘက်က ကြည့်မယ်ဆိုရင် အသီးအရွက် လတ်လတ်ဆတ်ဆတ်တွေကို စားရတယ်၊ လေကောင်းလေသန့် ရှူရတယ်၊ မြို့သားတွေ ထင်းကို ပိဿာချိန်နဲ့ ဝယ်သုံးနေတဲ့အချိန်မှာ တောသားတွေက ခွေချင်တဲ့နေရာကခွေ၊ အလကားရတယ်၊ ကားသံ၊ ဆိုက်ကယ်သံ၊ စက်ရုံကအသံတွေ မရှိလို့ တိတ်ဆိတ်ငြိမ်သက်တဲ့ အရသာကိုလည်း ခံစားရတယ်၊ ဒါက အကောင်းဘက်ကပေါ့”

ဒီသာဓကတွေကို ထောက်ပြီး ဘယ်သူမဆို အပြုစိတ်ထားနဲ့ နေသွားသင့်ပါတယ်၊ အပြုစိတ်ထားအတွက် ပထမ မိမိကိုယ်တိုင် စိတ်ချမ်းသာပါတယ်၊ ဒုတိယမိမိနှင့် ပတ်သက်တဲ့ တစ်ပါးသူများလည်း စိတ်ချမ်းသာရပါတယ်၊ ဒါကြောင့် အပြုစိတ်ထားရှိသူဟာ လောကရဲ့ ဆည်းလည်းဖြစ်ပြီး အပျက်စိတ်ထားရှိသူကတော့ လောကရဲ့ အမှိုက်ပုံကြီးပါပဲ”

“အပြုစိတ်နဲ့ ကြည့်တတ်မယ်ဆိုရင် မကောင်းတဲ့လူ တစ်



ယောက်ကို တွေ့ရရင်တောင် ဒေါသမဖြစ်တော့ဘူး၊ သူ့ရဲ့ အပြုအမူ အပြောအဆိုတွေဟာ သူတစ်ပါးကို ထိခိုက်နစ်နာစေတဲ့ အကြောင်းအရာတွေပဲ၊ ငါ့သန္တာန်မှာ မရှိစေရဘူးလို့ ခံယူလိုက် ရင် မကောင်းတဲ့လူဟာလည်း မိမိကို မကောင်းတာ မလုပ်မိအောင် ကိုယ်နဲ့ရင်းပြီး သင်ပြပေးတဲ့ ဆရာတစ်ယောက်လို ဖြစ်သွားတာပေါ့၊ အခုတပည့်တို့ကို နိုင်ငံကျော်လက္ခဏာ ဆရာတစ်ယောက် အကြောင်းကို ပြောပြမယ်”

“သူ့ဘဝအတ္ထုပ္ပတ္တိထဲမှာ တပည့်တို့ အတုယူစရာ အများကြီးပါတယ်၊ သူ့အမည်ကတော့ ဆရာစန္ဒြတဲ့၊ နာမည်ကို ကြည့်ရင် ပုဏ္ဏားလို့ ထင်ရပေမယ့် မဟုတ်ပါဘူး၊ မြန်မာစစ်စစ်ပါ၊ သူ့မိဘတွေဟာ မန္တလေးနန်းတော်ထဲက မှူးမတ်မျိုးနွယ်တွေပါ၊ သူဟာ ခေတ်ပညာတတ် တစ်ယောက် ဖြစ်သော်လည်း ဘဝ အဆက်ဆက်က ပါရမီအရ လက္ခဏာပညာကို လွန်စွာပဲ ဝါသနာပါခဲ့တယ်၊ အစိုးရဝန်ထမ်းအလုပ်တစ်ခု လုပ်စဉ်က ရုံးကို စက်ဘီးစီးပြီး သွားရတယ်”

“တစ်နေ့ စာအုပ်ဆိုင်တစ်ဆိုင်မှာ အင်္ဂလိပ်ဘာသာနှင့် ရေးထားတဲ့ လက္ခဏာပညာစာအုပ် အတွဲလိုက်ကြီးကို တွေ့ရတယ်၊ ဈေးကြီးလွန်းတော့ သူ့ရှိတဲ့ ငွေနှင့် မဝယ်နိုင်ဘူး၊ ဒါကြောင့် စီးနေတဲ့ စက်ဘီးကိုရောင်းချပြီး ဝယ်ပစ်လိုက်တယ်၊ အလုပ်ကို ခြေကျင်ပဲ သွားလိုက်တယ်၊ သူတို့စိတ်နဲ့ နှိုင်းကြည့်တဲ့သူတွေကတော့ စက်ဘီးကိုတောင် ရောင်းပြီး စာအုပ်ဝယ်ရမလားလို့ ဝိုင်း ပြီး အပြစ်တင်ကြတာပေါ့၊ ဖြစ်မြောက်ထွန်းပေါက်မယ့်လူဆိုတာ သူများပါးစပ်ဖျားမှာ လမ်းမဆုံးတတ်ကြဘူး၊ အညာသိပ်ခိုင်တဲ့ သစ်ရွက်ဟာ တော်

www.burmeseclassic.com

www.burmeseclassic.com



တော်တန်တန် လေပြင်းလောက်နဲ့ ကြွေမကျသလိုပေါ့"

"အညာမခိုင်တဲ့ သစ်ရွက်ဟာ လေလေးတစ်ချက်ဝေ့လိုက်ရုံနဲ့ ကြွေကျသလို ရည်ရွယ်ချက် မခိုင်မာတဲ့သူတွေဟာလည်း ပြစ်တင်ဝေဖန်မှု အနည်းငယ်နဲ့ ကြုံလိုက်ရတယ်ဆိုရင်ပဲ မိမိလုပ်ငန်းကို အလွယ်တကူ စွန့်ပစ်တတ်ကြတယ်၊ လက္ခဏာပညာကို တကယ်တတ်မြောက်သွားတဲ့အတွက် စဟောပြီဆိုတာနဲ့ အောင်မြင်မှုရတာပဲ၊ ရနေတဲ့ အောင်မြင်မှုလောက်နဲ့ အားရတင်းတိမ်မနေဘဲ မနေ့က ဆရာစန္ဒြထက် ဒီနေ့ဆရာစန္ဒြပိုသာအောင် ကြိုးစားတယ်"

"ရောဂါမျိုးစုံနဲ့ သေတဲ့သူတွေရဲ့ လက္ခဏာတွေ၊ လူသတ်မှု၊ ခိုးမှု ကျူးလွန်တဲ့သူတွေရဲ့လက္ခဏာတွေပါ ရအောင် ရှာဖွေပြီးတော့ လေ့လာတယ်၊ လက္ခဏာ အရေးအကြောင်းတစ်ခုကို တွေ့လိုက်တာနဲ့ ဘာဖြစ်မယ်၊ ဘာဖြစ်ခဲ့တယ်ဆိုတာကို တိတိကျကျ ပြောနိုင်အောင် မှတ်သားပြီး လက္ခဏာပုံစံတွေကို မျက်စေ့ထဲမှာ မြင်နေအောင် အမြဲလေ့ကျင့်ထားတယ်"

လောကီရေးရာမှာဖြစ်စေ၊ လောကုတ္တရာရေးရာမှာဖြစ်စေ အောင်မြင်ကျော်ကြားတယ်ဆိုတာ အကျိုးတရားပါ၊ ဒီအကျိုးတရားဖြစ်လာအောင် အချိန်ပြည့် ကြိုးစားအားထုတ်မှုဆိုတဲ့ အကြောင်းအရာတွေ အများကြီး လုပ်ခဲ့ရပါတယ်၊ အများစုဟာ သူတစ်ပါးရဲ့ အောင်မြင်မှုဆိုတဲ့ အကျိုးတရားအပေါ်မှာသာ သွားရည်ကျတတ်ပြီး အကြောင်းတရားဖြစ်တဲ့ ကြိုးစားအားထုတ်မှုပေါ်မှာတော့ စိတ်မဝင်စားကြဘူး၊ ကြိုးစားအားထုတ်မှုအပေါ်မှာ စိတ်ဝင်စားမှသာ မိမိအတွက် အကျိုးရှိနိုင်တာပါ"

ဒီအချက်နှင့်ပတ်သက်ပြီး နိုင်ငံခြားသာသနာပြု ဘာ



သန္တရပါရဂူ၊ စွယ်စုံပညာရှင် မြောင်းမြမြို့၊ ပဋ္ဌာတာရုံ ဆရာတော်ဦးဥာနိက, က အခုလို လင်္ကာလေးတစ်ပုဒ်ရေးခဲ့တယ်"

"ကြီးမြတ်သူဟူသမျှတို့၊ ယူကြသည့် မြတ်နေရာ
ရှောင်တခင် ခုချက်ချင်း၊ အလျှင်းမရပါ
များသူတို့ အိပ်နေရာ၊ ညခါပင် သူမနား
အမြင့်ကို သူမြင်လို့၊ သူ့အစဉ်နှစ်ဆ တိုးလို့ရယ်
ကြိုးကုတ်လေသား"

*(ဦးဥာနိက - အင်္ဂလန်)။

"အောင်ဆန်းသူရိယ ဘွဲ့တံဆိပ်ရ၊ ဗိုလ်တိုက်ချွန်းရဲ့ အတ္ထုပ္ပတ္တိ စာအုပ်ထဲမှာ ဆရာစန္ဒြရဲ့ ပညာအစွမ်းတစ်ခုကို တွေ့လိုက်ရတယ်၊ ဗိုလ်ကြီးအဆင့်ရောက်နေပြီဖြစ်တဲ့ ဗိုလ်တိုက်ချွန်းနဲ့ သူ့မိတ်ဆွေတစ်ယောက်ဟာ ရန်ကုန်ကို သင်တန်းတစ်ခု တက်ဖို့ ရောက်လာပါတယ်၊ သူ့မိတ်ဆွေလည်း ဗိုလ်ကြီးတစ်ယောက်ပဲ၊ သင်တန်းပြီးလို့ နယ်မပြန်ခင် တစ်ရက်မှာ ဆရာစန္ဒြနာမည်ကြီးတယ်ဆိုပြီး လက္ခဏာမေးရအောင် သွားကြတယ်"

"ဆရာစန္ဒြကို ပညာစမ်းကြည့်တဲ့အနေနဲ့ သူတို့ကိုယ် သူတို့ ကုန်သည်တွေလို့ ပြောပြီး လက္ခဏာမေးကြတယ်၊ ဆရာစန္ဒြက သူတို့ရဲ့လက္ခဏာတွေကို ကြည့်လိုက်တာနဲ့ ကုန်သည်တွေ မဟုတ်ဘဲ စစ်ဗိုလ်တွေသာ ဖြစ်နိုင်ကြောင်း တန်းဟောလိုက်တာနဲ့ သူတို့ဟာ တော်တော်အံ့သြသွားကြတယ်၊ ဆရာစန္ဒြရဲ့ ပညာကိုလည်း ဘကယ်လေးစားသွားကြတယ်၊ ဆက်ဟောတဲ့အခါ ဗိုလ်တိုက်ချွန်းရဲ့ မိတ်ဆွေဗိုလ်ကြီးက တစ်နှစ်အတွင်းမှာ အိမ်ထောင်ကျမယ်၊

ကလေးတစ်ယောက်ရပြီးအချိန်မှာ မိခင်ရော ကလေးပါ ဆုံးမယ်၊ ကလေးနှင့် မိခင်ဆုံးပြီးနောက် လပိုင်းအတွင်းမှာပဲ ဗိုလ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးလည်း တိုက်ပွဲကျမယ်လို့ ဟောလိုက်တယ်၊ ဟောတဲ့အတိုင်း အတိအကျ ဖြစ်တာပါပဲ၊ ဗိုလ်တိုက်ချွန်းကျတော့ မယားနှစ် ယောက် ရမယ်တဲ့၊ တိုက်ပွဲမှာ မသေဘူးတဲ့၊ အမြင့်ဆုံးဘွဲ့တံဆိပ် တစ်ခုလည်း ရမယ်တဲ့၊ တပ်က ပင်စင်ယူပြီး အချိန်ကျမှ သေ လောက်တဲ့ ဒဏ်ရာတစ်ခုကို ရမယ်တဲ့၊ ဒါတွေလည်း အားလုံး မှန်တာပါပဲ"

"သေလောက်တဲ့ ဒဏ်ရာဆိုတာလည်း ပင်စင်ယူပြီးတဲ့အခါ တကယ်ကိုရတာပါပဲ၊ တောထဲကိုရောက်တဲ့ ဗိုလ်တိုက်ချွန်းကို တောဝက်တစ်ကောင်က အစွယ်နဲ့ ရုတ်တရက် ဝင်ပက်သွားတယ်၊ ဝမ်းဗိုက်ကို ဓားနှင့်ဖြတ်လှီးလိုက်သလို ဖြစ်သွားတဲ့အတွက် အူတွေ ဟာ အခွေလိုက် ထွက်ကျလာပါတယ်၊ သတိကောင်းတဲ့ ဗိုလ်တိုက် ချွန်းဟာ ထွက်လာတဲ့ အူခွေတွေကို ဗိုက်ထဲပြန်သွင်းရင်း ဆေးရုံ ကို အရောက်ပြေးတယ်၊ ဆေးရုံရောက်တာနဲ့ သွေးလွန်ပြီးမေ့သွား တယ်၊ ဆရာဝန်က အူတွေလည်း ထွက်ကျပြီး မြင်မကောင်း ရှု မကောင်းဖြစ်နေတဲ့ ဗိုလ်တိုက်ချွန်းကိုသေသွားပြီလို့ ယူဆပြီး ရေခဲ တိုက်ထဲ ထည့်ထားလိုက်တယ်"

"သေပြီထင်တော့ ကွဲနေတဲ့ ဗိုက်ကိုလည်း ဖြစ်ကတတ် ဆန်းပဲ ချုပ်ပေးလိုက်တာပေါ့၊ အသက်ပြင်းတဲ့ ဗိုလ်တိုက်ချွန်းဟာ မသေပါဘူး၊ သတိရလာတဲ့အခါ ရေခဲတိုက်တံခါးကို အတင်းထုပြီး ဖွင့် ခိုင်းလိုက်တယ်၊ ဗိုလ်တိုက်ချွန်းကို အသက်ရှင်လျက်တွေ့ရသော အခါ အားလုံးအံ့သြနေကြပါတယ်၊ ဆရာစန္ဒြဟာ လက္ခဏာဆရာ ဖြစ်ပေမယ့် ဗုဒ္ဓဘာသာပီပီ ကံတရားကိုသာ အဓိကနေရာက ထား သူဖြစ်ပါတယ်"

"သူ့ရဲ့ထိ,မိတဲ့ အတွေးအခေါ်လေးတွေကို မှတ်မိသ လောက် ပြန်ပြောပြချင်တယ်၊ အိမ်တိုင်ထူတဲ့အခါ အများစုက ကညာခံတဲ့ နေ့၊ ဘီလူးခံတဲ့နေ့၊ သိကြားခံတဲ့နေ့ဆိုပြီး ဗေဒင်ဆရာ တွေနဲ့ ငွေကုန်ခံပြီး တွက်ချက် ရွေးချယ်ကြပါတယ်၊ လူတွေအိမ် ဆောက်ဖို့ သူတို့ဘာသာ သူတို့ တွင်းတူးတဲ့နေရာမှာ ဘယ်သိကြား မင်းမှ ဆင်းပြီးလာမခံပါဘူးလို့ တိကျစွာ ရေးသားခဲ့ပါတယ်"

"ဘယ်နေ့သားဆိုရင် ဘာသားကိုးကွယ်ပါဆိုတဲ့ အယူ အဆကိုလည်း ယုတ္တိမရှိကြောင်း ရေးသားခဲ့ပါတယ်၊ မိမိစေတနာ ကသာ ကောင်းကျိုးကို ပေးတာဖြစ်တဲ့အတွက် မည်သည့်အသား ကိုပဲ ဘုရားထုထု၊ စေတနာနည်းနည်းထားရင် နည်းနည်းသာ ကောင်းကျိုးပေးမယ်၊ စေတနာများများထားရင် များများကောင်း ကျိုးပေးမယ်ဆိုတဲ့ အတွေးအခေါ်တွေက ဗုဒ္ဓဘာသာဝင်တိုင်း အတွက် သိပ်တန်ဖိုးရှိပါတယ်၊ ဆွမ်းကျွေးပွဲ၊ အလှူပွဲတွေက လာဖိတ်လို့ ဝေယျာဝစ္စအလုပ် လုပ်ပေးရတဲ့အခါမှာ သူများ မလုပ် ချင်ဆုံး ပန်းကန်ဆေး အလုပ်ကိုမှ လုပ်တာဟာလည်း အတုယူစရာ ကောင်းတဲ့ ဆရာစန္ဒြရဲ့ကျင့်စဉ်တစ်ခုပါ"

"သူ့ရဲ့သားရှင်ပြုပွဲဟာလည်း ဗုဒ္ဓဘာသာတိုင်းအတွက် အတုယူစရာပါ။ သားရှင်ပြုပွဲ လုပ်စဉ်အခါတုန်းက ဆရာစန္ဒြဟာ နိုင်ငံကျော် လက္ခဏာဆရာကြီး တစ်ယောက်ဖြစ်နေပါပြီ၊ နိုင်ငံရေး လောက,ကဆိုရင် ဝန်ကြီးချုပ် ဦးနုလို ပုဂ္ဂိုလ်မျိုးကတောင် ဆရာ စန္ဒြရဲ့ ဟောကြားချက်တွေ မှန်ကန်ကြောင်း ထောက်ခံစာရေးပေးခဲ့ သူပါ။ စာပေလောက ကဆိုရင်လည်း ဂျာနယ်ကျော် မမလေး ကိုယ်တိုင် ထောက်ခံစာရေးပေးခဲ့ရသူပါ။ ရုပ်ရှင်လောက၊ သူဌေး လောကတို့မှာလည်း မိတ်ဆွေရင်းတွေ အများကြီးပေါ့"

"ဒါပေမယ့် သားရှင်ပြု အလှူပွဲလုပ်တဲ့အခါ ဘယ်သူ့ကိုမှ မဖိတ်ပါဘူး၊ ကျောင်းတိုက်ကြီးတစ်တိုက်မှာ သွားလှူပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှိ သံဃာအားလုံးကို ဆွမ်းကပ်ပါတယ်၊ လှူပရိတ်သတ်ကတော့ သူတို့မိသားစုပဲ ဖြစ်ပါတယ်၊ ဥပမာအားဖြင့် တစ်သိန်းကုန်လှူဖို့ မှန်းထားတယ်ဆိုရင် ဆွမ်းကပ်တာနဲ့ ပရိက္ခရာဖိုးက နှစ်သောင်းလောက်ပဲ ကုန်တယ်ဆိုရင် ရှစ်သောင်းလောက် ပိုနေတယ်ပေါ့"

"ပိုနေတဲ့ ငွေရှစ်သောင်းကို ကျောင်းတိုက်က ကပ္ပိယကြီးဆီမှာ အပ်ထားပြီး ကျောင်းတိုက်အတွင်းရှိ သံဃာတော်များအားလုံး လိုအပ်သမျှကို လှူပေးဖို့ မှာခဲ့တယ်၊ သံဃာတော်များကိုလည်း ကပ္ပိယဆီ လိုအပ်တဲ့ ပစ္စည်းများကို အလှူခံဖို့ လျှောက်ထားခဲ့တယ်၊ ကာလဒါနဖြစ်အောင် ဘယ်လောက်လှူတတ်လိုက်သလဲလို့ ပကာသနကို အဓိကထားတဲ့ အလှူရှင်တွေဆိုရင် အဲဒီငွေရှစ်သောင်းဟာ မဏ္ဍပ်တွေ၊ ဆိုင်းဝိုင်းတွေ ငှားတဲ့ထဲပါကုန်မှာ အသေအချာပါပဲ"

"မန္တလေးမြို့မှာ သကျသီဟ စာမေးပွဲအောင်ပြီး 'အဘိဝံသ' ဘွဲ့ရသွားတဲ့ ကိုယ်တော်လေး တစ်ပါးရှိတယ်၊ ဘွဲ့လည်း ရပြီးရော စာမေးပွဲဒဏ်ကြောင့် မကျန်းမမာ ဖြစ်နေတယ်။ ဒီအချိန်မှာတော့ ဒကာ, ဒကာမအများစုဟာ ဆေးအတွက်၊ ဓာတ်စာအတွက်ဆိုပြီး ထောင်ဂဏန်းရောက်တဲ့အထိ လှူမယ့်သူ တစ်ယောက်မှ မရှိဘူး၊ ဒီကိုယ်တော်လေးလည်း ပျံလွန်တော်မူသွားရော လှူလိုက်ကြတာ ဆိုင်းဝိုင်းအတွက်၊ အငြိမ့်အတွက် လောင်တိုက်အတွက်ဆိုပြီး သိန်းပေါင်းများစွာ ကုန်သွားတယ်"

"သေမှလှူဒါန်းတဲ့ သိန်းပေါင်းများစွာဟာ မသေခင်လှူတဲ့ တစ်သိန်းလောက် တန်ဖိုးမရှိပါဘူး၊ ဒီဖြစ်ရပ်မျိုးတွေကို သိထားလို့လည်း ဆရာစန္ဒြက ကာလဒါနဖြစ်အောင် သံဃာတွေကို ပုံလှူ



တာ ဖြစ်ပါလိမ့်မယ်၊ 'အဘိဝံသ'ဘွဲ့ရတဲ့ ကိုယ်တော်လေး မကျန်းမမာဖြစ်စဉ်ကတည်းက ဆေးဝါးပြည့်စုံအောင် လှူဒါန်းမယ်ဆိုရင် အခုလို ပျံတော်မူချင်မှ ပျံတော်မူမှာပါ။ ဆေးဝါးဓာတ်စာ မပြည့်စုံမှုကြောင့် ပျံတော်မူရတာလည်း ပါပါတယ်"

"သူ့အလှူမှာ ချမ်းသာတဲ့လူတွေကို မဖိတ်တာဟာလည်း စေတနာမရှိလို့ မဟုတ်ဘူး၊ ခံစားချက်ရှိလို့၊ တစ်ခါတော့ အသိတစ်ယောက်ရဲ့ မင်္ဂလာဧည့်ခံပွဲကို ဖိတ်စာထဲက နာရီအတိုင်း အတိအကျသွားတယ်၊ ဟိုကျတော့ ဘာမှအဆင်သင့် မလုပ်ရသေးလို့ သူ့လိုပဲ အချိန်ကိုလေးစားတန်ဖိုးထားတဲ့သူအားလုံးဟာ ဘာမှ မစားရ မသောက်ရဘဲ ကုလားထိုင်မှာ ထိုင်ပြီး အချိန်တွေကို အလကားဖြုန်းပစ်ကြရတယ်၊ အခမ်းအနားကို တစ်နာရီခွဲလောက် နောက်ကျပြီးမှ ကျင်းပတယ်"

"အခမ်းအနားစတော့လည်း ဘိသိက်ဆရာက ပေရှည်နေလို့ အဖိုးတန်အချိန်တွေကို ထပ်ဖြုန်းပစ်ရပြန်တယ်၊ ကြီးပွားတိုးတက်လိုသူမှန်သမျှဟာ ရသမျှအချိန်ထဲက ကုသိုလ်၊ ပညာ၊ ဥစ္စာ သုံးမျိုးအနက် တစ်မျိုးမျိုးကို အမြဲရအောင် ယူရမည်ဆိုတဲ့ နီတိလေးဟာ အခုလို မင်္ဂလာဆောင်မျိုးကို လာရတဲ့လူတွေအတွက်တော့ ဘာမှ တန်ဖိုးမရှိတော့ဘူး၊ စာရေးစာချ၊ တရားဟော၊ တရားပြ လေးမျိုးလုံးကို ပျံလွန်တော်မူချိန်ထိ မရပ်မနား ပြုလုပ်တော်မူသွားတဲ့ ဓမ္မဒူတ အရှင်ပညာဇောတရဲ့ စကားလေးနှစ်ခွန်းဟာလည်း သိပ်မှတ်ဖို့ ကောင်းပါတယ်"

* ပထမတစ်ခွန်းက ....

"ဘုန်းကြီးအနေနဲ့ ....

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်တစ်ခုက အလုပ်တစ်ခုကို ပြောင်းလုပ်တာကိုပဲ အနားယူတယ်လို့ သဘောထားပါတယ်တဲ့"

* ဒုတိယတစ်ခွန်းက . . . .

"တချို့က မိမိအချိန်ကို မိမိခိုးရုံတင်မကဘူး၊
သူတစ်ပါးအချိန်ကိုပါ လာခိုးကြတယ်"

"အချိန်သူခိုးတွေကို အနားကပ်မခံကြနဲ့တဲ့"

"ကုသိုလ်၊ ပညာ၊ ဥစ္စာတစ်ခုမှမရဘဲ မိမိအချိန်ကို ဖြုန်းပစ်တာကို မိမိအချိန်ကို ခိုးတယ်လို့ ပြောတာပါ၊ သူတစ်ပါးအချိန်ကို လာခိုးတယ်ဆိုတာကတော့ - အလုပ်လုပ်နေတဲ့ လူတစ်ယောက်နားသွားပြီး ဟိုမရောက်၊ ဒီမရောက် စကားတွေ သွားပြောနေတာမျိုး၊ အခုလို အလှူမင်္ဂလာပွဲတွေမှာ အချိန်ဆွဲပြီး အခမ်းအနားကျင်းပတာမျိုးတွေပါ၊ အဲဒီနေ့ကစပြီး ဆရာစန္ဒြဟာ ဘယ်အလှူမင်္ဂလာပွဲမှ မသွားတော့ဘဲ ကူငွေများကိုသာ လူကြုံနဲ့ ထည့်ပေးလိုက်ပါသတဲ့၊ ဒီလိုလုပ်လိုက်တော့ ငွေသာကုန်ပြီး အချိန်မကုန်တော့ဘူးပေါ့"

"ကျွေးမွေးတယ် အလှူဒါနပြုတယ်ဆိုတဲ့ အလေ့အထဟာ မစားနိုင်မသောက်နိုင်တဲ့ ပုဂ္ဂိုလ်တွေကို လှူဒါန်းရာကနေ စခဲ့တာပါ၊ ကာလကြာလာတဲ့အခါကျတော့ မူလရည်ရွယ်ချက်ပျောက်ပြီး ပကာသနအလှူက ရှေ့တန်းကိုရောက်လာတယ်၊ နာမည်ကြီးချင်သူဌေးသူကြွယ်တွေကို ဖိတ်ကျွေးရမှ အလှူပွဲဟာ စည်ကားအောင်မြင်တယ် ဂုဏ်ရှိတယ်လို့ ထင်လာကြတယ်၊ ဗုဒ္ဓကိုယ်တိုင်နဲ့ ... လက်ထက်က လူတွေရဲ့ အလှူပွဲကို ကြည့်လိုက်ရင် ဆင်းရဲ... သူတွေကို ကျွေးမွေးတဲ့ အလှူပွဲတွေချည်းပဲ တွေ့ရတယ်"



"ဂုဏ်ရှိအောင် လူစည်ကားအောင်ဆိုပြီး သူဌေးသူကြွယ်တွေကိုပဲဖိတ်ပြီး အလှူလုပ်တာမျိုး မတွေ့ဖူးပါဘူး၊ ဗုဒ္ဓလက်ထက်တော်က အထင်ရှားဆုံး ဒါနရှင် သူဌေးကြီး အနာထပိဏ်ရဲ့ နာမည်ကိုပဲ သဒ္ဒါရေးနဲ့ ဆန်းစစ်ကြည့်လိုက်ရင်ပဲ ရှေးခေတ်က ဒါနပြုပုံကို ထင်ထင်ရှားရှား သိနိုင်ပါတယ်၊ အနာထပိဏ်လို့ ခေါ်တာ မဟုတ်ပါဘူး၊ 'မှီခိုအားထားစရာ မရှိတဲ့သူတွေကို ထမင်းကျွေးတတ်သူ'ဆိုတာဟာ အနာထပိဏ်ရဲ့ အဓိပ္ပာယ်ပါပဲ"

"သူ့ရဲ့နာမည်ရင်းက သုဒတ္တပါ၊ ခိုကိုးရာမဲ့မရှိတဲ့သူတွေကို ထမင်းကျွေးတတ်တဲ့ အလေ့အထက ထင်ရှားလွန်းတဲ့အတွက်ကြောင့် အနာထပိဏ္ဍိက (အနာထပိဏ်)ဆိုတဲ့ နာမည်က ပေါ်လွင်လာတာပါ၊ သာမန်ပစ္စည်းရှိတဲ့ လူတစ်ယောက်တောင် အလှူခင်္ဂလာဆောင်တွေ မသွားချင်မှတော့ ချမ်းသာကြွယ်ဝတဲ့ လုပ်ငန်းရှင်တွေမှာတော့ ပိုလို့တောင် မသွားချင်မှာပါ ၊ အချိန်ရော ငွေရော နှစ်မျိုးလုံး ကုန်မယ့်အလုပ်မျိုး မလုပ်ချင်တာဟာ သဘာဝကျပါတယ်"

"သူ့ဆီက တတိယမြောက်အတုယူစရာအချက်က သက်ရှည်ကျန်းမာအောင် ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးမျိုးကို ပြုပြင်နေထိုင်သွားနိုင်ခြင်းဘဲ၊ ဆရာစန္ဒြတို့ မိဘမျိုးဟာ သက်တမ်းတိုကြတယ်၊ အသက်ငါးဆယ်လောက်ဆို သေကုန်ကြတာချည်းပဲ၊ သူ့လက္ခဏာကို ပြန်ကြည့်တော့လည်း အာယုခေါ် အသက်လမ်းကြောင်းဟာ အသက်ငါးဆယ်အရွယ်မှာ သေမယ်ဆိုတာကိုပြနေတယ်"

www.burmeseclassic.com



"သူဟာ စာဖတ်များသူဆိုတော့ သီရိလင်္ကာက ဝသဘမင်းကြီးရဲ့ အသက်ရှည်ကြောင်း ကံပြုပြင်နည်းတွေကို ပြုလုပ်တယ်၊ ဝသဘမင်းကြီးရဲ့ နန်းစံသက်ကို ဗေဒင်ဟူးရား ဆရာတွေနဲ့ တွက်ကြည့်တော့ (၁၂)နှစ်ပဲ နေရမယ်လို့ တွက်တယ်၊ ဝသဘမင်းကြီးဟာ လွယ်လွယ်နဲ့ အလျှော့မပေးဘဲ ရဟန်းသံဃာများ ပင့်ဖိတ်လှူဒါန်းပြီး အသက်ရှည်ကြောင်း ကုသိုလ်တွေကို မေးမြန်းလျှောက်ထားပြီး ကျင့်သုံးခဲ့တဲ့အတွက် (၄၄)နှစ်တောင် နန်းစံသွားရတယ်"

အဲဒီအသက်ရှည်ကြောင်း ကုသိုလ်တွေကို ပြုလုပ်တာဟာ ကံကို ပြုပြင်တာပါ၊ ကံဟာ အတိတ်ကံ၊ ပစ္စုပ္ပန်ကံရယ်လို့ နှစ်မျိုးရှိတဲ့အထဲမှာ အတိတ်ကံကတော့ လွန်ပြီးဖြစ်လို့ ဘာမှ မတတ်နိုင်တော့ပါဘူး၊ ပစ္စုပ္ပန်ကံကတော့ ကောင်းအောင် ပြုပြင်လို့ရပါတယ်၊ အသက်ရှည်ကြောင်း ကုသိုလ်တွေဟာ ရေစစ်၊ ဆေး၊ ကျောင်းလှူဒါန်းခြင်း၊ တံတားဟောင်း၊ လမ်းဟောင်းပြုပြင်ခြင်း၊ ငါးပါးသီလကို အမြဲစောင့်ခြင်း၊ ဥပုသ်နေ့တိုင်း ရှစ်ပါးသီလ စောင့်ခြင်းတို့ပါပဲ"

"ဆရာစန္ဒြဟာ အဲဒီနည်းနဲ့လည်း ကံကိုပြုပြင်တယ်၊ စိတ်ကိုပြုပြင်တာကတော့ ဘာသာရေး၊ လူမှုရေးကိစ္စတွေမှာ သာမကဟောပြောနေရတဲ့ စီးပွားရေးကိစ္စမှာပါ စေတနာကောင်းအပြည့်ထားပြီး လုပ်တယ်၊ ဘယ်အလုပ်မှာမဆို စေတနာကောင်းထားတာဟာ စိတ်ကိုကောင်းအောင် ပြုပြင်တာပါပဲ၊ ဥတုကို ပြုပြင်တယ်ဆိုတာကတော့ ရန်ကုန်လို မြို့လို အအေးအပူမျှတတဲ့နေရာမှာ နေပေးတာပဲပေါ့၊ ကဗျာဆရာကြီး ဒဂုန်တာရာဆိုရင် ဥတုကိုပြုပြင်တဲ့နေရာမှာ ဘေးလူတွေ အတုခိုးလောက်တယ်"



"အလွန်ပူပြင်းတဲ့ နွေရာသီမှာ တောင်ကြီးမှာ သွားနေတယ်၊ အလွန်အေးတဲ့ ဆောင်းရာသီကျတော့ ရန်ကုန်မှာ ပြန်နေတယ်၊ အခုဆိုရင် ဒဂုန်တာရာဟာ အသက်ကြီးဆယ်နှစ်ကျော်နေပေမယ့် ကျန်းမာတုန်းပါပဲ၊ အာဟာရကို ပြုပြင်တာကတော့ . . ."

"အဆီအဆိမ့်တွေကို ရှောင်ခြင်း(သို့)လျှော့စားခြင်း
အချိန်မှန်စားခြင်း၊
မျှတရုံသာစားခြင်း၊
ကြေညက်အောင် ဖြည်းဖြည်းဝါးစားခြင်း၊
အားဖြစ်မယ့်အစားအစာကို ဦးစားပေးပြီး စားခြင်း
ကြိုက်နှစ်သက်သည့် အစာထက် ဆေးဘက်ဝင်မည့်
အစာကို စားခြင်းတို့ပါပဲ"

"ဥပမာအားဖြင့် . . . "

"အခါးကို မကြိုက်ပေမယ့် တစ်ခါတစ်ရံစားပေးခြင်း၊ မြင်းခွာရွက်၊ ရှောက်ရွက်တို့ကို အပတ်စဉ် အမှတ်တရစားခြင်း တို့လိုဟာမျိုးပါပဲ၊ မိမိခန္ဓာနဲ့ သင့်လျော်တဲ့ ဆေးဝါးဓာတ်စာကို စားခြင်းဟာလည်း အာဟာရကို ပြုပြင်တဲ့အထဲမှာ ပါပါတယ်၊ ဒါကြောင့်လည်း ဆရာအမြဲစားတဲ့ ဆေးဝါးဓာတ်စာကတော့ ဘယ် ဆေးဆိုင်မှာမဆို အလွယ်တကူရနိုင်တဲ့ ရှိုးရှိုးနနွင်းနဲ့ နနွင်းခါးပါပဲ"

"ရှိုးရှိုးနနွင်းအမှုန့်က ငါးဆယ်သား၊ နနွင်းခါးက ငါးဆယ်သားကိုရောပြီး တစ်ခါမျိုလို့ရလောက်အောင် လောက်စာလုံး အသေးစားလောက် ရေနည်းနည်းနဲ့လုံးပြီး နေပြအခြောက် လှမ်းရတယ်၊ အဲဒီနနွင်းလုံးကိုပဲ မနက်တိုင်း အေးတဲ့ရာသီမှာ ရေနွေးနဲ့၊ ပူတဲ့ရာသီမှာ ရေအေးနဲ့ သောက်ချရတယ်၊ ဖြစ်နိုင်မယ်ဆိုရင် ပျားရည်လက်ဖက်ဇွန်း တစ်ဇွန်းလောက်ပါ သောက်နိုင်ရင် ပို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်လို့ ဆိုပါတယ်၊ အဲဒီဆေးနည်းကြောင့်လည်း (၅၀) လောက်သာနေရမယ့် သူ့အသက်ဟာ ကိုးဆယ်နီးပါးအထိ နေခဲ့ရတယ်လို့ 'ဘဝခရီးနှင့် အတွေ့အကြုံများ' စာအုပ်မှာ အသေအချာ ရေးသားခဲ့တယ်"

"အဲဒီနနွင်းဆေးဟာ ကျန်းမာရေးကောင်းအောင် အသက်ရှည်အောင် လုပ်ပေးနိုင်ပုံကို ဆရာစန္ဒြ မျက်မြင်ကိုယ်တွေ့ နှစ်ကြိမ် ကြုံခဲ့ရတယ်၊ ပထမအကြိမ်က ဒုတိယကမ္ဘာစစ်အတွင်း စစ်ဘေးဒဏ်ရှောင်ရင်းနဲ့ ဆရာစန္ဒြတို့မိသားစုဟာ ပြင်ဦးလွင်နယ်ထဲက ရွာလေးတစ်ရွာကို ရောက်သွားကြတယ်၊ သူတို့တည်းတဲ့အိမ်က အမျိုးသမီးကြီးတစ်ယောက်ဟာ မီးဖွားပြီး သုံးရက်ရသေးတယ် ထမီရင်ရှားကြီးနဲ့ ချောင်းထဲမှာ ရေဆင်းချိုးရအောင်ဆိုပြီး ထွက်လာတယ်"

"ဒီလိုမီးတွင်းကြီးမှာ ဘယ်အမျိုးသမီးမှ ရေမချိုးဘူး၊ ချိုးရင်လည်း ဒုက္ခရောက်ကြတာပဲ၊ ဒါကြောင့် ဆရာက ရေမချိုးသင့်သေးကြောင်း တားတယ်၊ အမျိုးသမီးက သူမီးဖွားတိုင်း ဒီလိုရက်မှာ ချိုးနေကျပါလို့ ပြောပြီး ချောင်းထဲမှာ ရေဆင်းကူးတယ်၊ 'လှံဖျားပုဇဉ်းနား၊ ကျီးကန်းက ကြောက်ချေးပါ'ဆိုတဲ့ စကားပုံလိုပဲ၊ အမျိုးသမီးက သူ့ကိုယ်ငွေ့အား သူယုံကြည်လို့ အေးအေး ဆေးဆေးရေကူးနေတာကို ကမ်းပေါ်က ဆရာစန္ဒြက တအား စိုးရိမ်နေတယ် ဒီအမျိုးသမီးတော့ တစ်ခုခု ဖြစ်တော့မှာပဲပေါ့။ ရေချိုးပြီး သုံးရက်လောက်ကြာတဲ့အထိ ဘာဖြစ်တာမှုတွေ့ရမှ ဆရာစန္ဒြ သိပ်အံ့သြသွားပြီး အမျိုးသမီးကြီးကို ကိုယ်ခံအင်အားကောင်း အောင် ဘာဆေးတွေ အမြဲစားသလဲလို့ မေးယူရတယ်"



"ဒီတော့မှ အမျိုးသမီးကြီးက နနွင်းလုံးကြီးတစ်လုံးကို လက်ညှိုးထိုးပြလိုက်တယ်၊ မနက်တိုင်း နနွင်းလုံးကို လောက်စာလုံးအရွယ်စားတစ်လုံးစားပြီး ရေသောက်တာပဲတဲ့၊ နနွင်းဟာ အပူဓာတ်ပါတော့ တေဇောကိုအားပေးတယ်၊ တေဇောအားကောင်းတဲ့သူတွေဟာ အအေးကို မကြောက်ဘူး၊ လူတစ်ယောက် အသက်ရှည်မရှည်ကို အအေးကို ကြောက်, မကြောက်ဆိုတာနဲ့ တိုင်းတာလို့ရတယ်၊ အအေးကို ကြောက်ရင် တေဇောဓာတ်နည်းနေပြီ၊ တေဇောဓာတ်နည်းတာနဲ့ သေဖို့ရာနီးနေပြီ၊ အသက်သိပ်မရှည်တော့ဘူးလို့ ပြောနိုင်တယ်"

"အအေးကို မကြောက်ဘူးဆိုရင် တေဇောဓာတ်အားကောင်းနေတယ်၊ တေဇောဓာတ် အားကောင်းနေရင် သေဖို့ရာအဝေးကြီးလိုသေးတယ်၊ အသက်ရှည်ဦးမယ်လို့ ပြောနိုင်ပါတယ်၊ တစ်ခုသတိထားရမှာက ဆေးကိုချင့်ချိန်ပြီး စားတတ်ဖို့ပါ၊ နနွင်းက အပူဓာတ်ဆိုတော့ မျက်စိကို အပူငွေ့အနည်းငယ် ရိုက်နိုင်ပါတယ်၊ ဒါကြောင့် ဆေးစားပြီးတဲ့အခါ မျက်စိအပေါ် အကျိုးသက်ရောက်မှု ဘယ်လိုဆိုတာကိုလည်း သတိထားသင့်ပါတယ်"

"မျက်စိမှုန်တာ၊ ဝါးတာတစ်ခုခုဖြစ်တယ်လို့ ထင်ရင် ဆေးကို လျှော့စားဖို့ပါ၊ ဒီနနွင်းဆေးကြောင့် အသက်ရှည်ကျန်းမာနေတာကို တွေ့ရတာက ထန်းတစ်ပင်မြို့ နယ်ထဲက ဆရာတော်ကြီးတစ်ပါးပါ၊ ဒီဆရာတော်ကြီးဟာ သက်တော်ဟာ (၈၀)ကျော်လာတယ်၊ ဆံပင်တစ်ချောင်းမှ မဖြူဘူး"

"ကျန်းမာရေးကလည်း ကောင်းလိုက်တာ မပြောနဲ့တော့၊ ဘာရောဂါမှ မဖြစ်ဘူး၊ တစ်နေ့ ကျောင်းအမကြီး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကိုရောက်လာပြီး ဆရာတော်ကြီးလို အသက်ရှည် ကျန်းမာအောင် 'ဆေးနည်း'တောင်းတယ်၊ ကျောင်းအမက အသက်လေးဆယ်ကျော် ရှိသေးတယ်၊ ခေါင်းကဖြူနေပြီး ချုံချာလိုက်တာလည်း လွန်ရောတဲ့၊ ဒီတော့မှ ဆရာတော်ကြီးက 'တို့စားတဲ့ဆေးက အဖိုးမတန်တော့ အထင်သေးပြီး စားမှာ မဟုတ်ပါဘူး၊ ဒါကြောင့် မပေးပါရစေနဲ့'လို့ 'ပြောသတဲ့၊ ကျောင်းအမကလည်း ပေးသာပေးပါ၊ တကယ် စားမှာပါလို့ ဝန်ခံတော့မှ ကျက်သရေခန်းထဲက နနွင်းလုံးတစ်ဆုပ်ကို ယူပေးလိုက်သတဲ့"

"ဒါကြောင့် တပည့်တို့လည်း မိမိခန္ဓာကိုယ်နဲ့သင့်မယ်ဆိုရင် နနွင်းဆေးကို မှီဝဲသင့်ကြောင်း အကြံပြုပါတယ်၊ သူ့ဆီက စတုတ္ထမြောက်နဲ့ နောက်ဆုံး အတုယူစရာကတော့ အသေပြင်ခြင်းကိစ္စပါပဲ၊ သူပြင်ဆင်သွားတာက ယောအတွင်းဝန် ဦးဖိုးလှိုင်လို သုဂတိရောက်ရုံလောက်တင် မဟုတ်ဘူး၊ ကိလေသာ, အာသဝေါကုန်ခန်းပြီး နိဗ္ဗာန်ရောက်လောက်သည်အထိ ပြင်ဆင်သွားတာဖြစ်လို့ လူပုဂ္ဂိုလ်တွေသာမက၊ ရဟန်းပုဂ္ဂိုလ်တွေပါ အတုယူသင့်တယ်"

"လမ်းကို သတိထားတဲ့သူဟာ မြွေပါး၊ ကင်းပါးကို အဝေးကြီးကတည်းက မြင်တယ်၊ ဒီတော့ ကြိုတင်ပြင်ဆင်ချိန်ရတာပေါ့၊ ဒါကြောင့် မြွေဆိုးအနီးက ဖြတ်သွားရသော်လည်း မကြောက်တော့ဘူး၊ ထို့အတူ သေခြင်းတရားကို ကြိုတင်ပြင်ဆင်ထားတဲ့ လူတစ်ယောက်ဟာ သေခြင်းတရားနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ကြတဲ့အခါ မကြောက်တော့ပါဘူး၊ လမ်းကို သတိထားပြီး မသွားတဲ့သူက မြွေဆိုးကို ရုတ်တရက်တွေ့လိုက်ရတဲ့အခါ အလွန်ကြောက်လန့်သွားတယ်၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်သွားတယ်"



"ထို့အတူပဲ သေခြင်းတရားကို ကြိုတင်ပြင်ဆင်ထားမှုမရှိတဲ့သူများဟာ သေခြင်းတရားနှင့် ရုတ်တရက် တွေ့လိုက်ရပြီဆိုရင် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင် ကြောက်လန့်တတ်ကြတယ်၊ အကြောက်လွန်တဲ့အတွက် အသေဖြောင့်ဖို့လည်း မလွယ်ပါဘူး၊ ဒါကြောင့် လူသားတိုင်း သေခြင်းတရားကို မိမိတို့နည်း မိမိတို့ဟန်နဲ့ ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်"

"ဗုဒ္ဓဘာသာဝင်တွေရဲ့ နောက်ဆုံးပန်းတိုင်ဟာ နိဗ္ဗာန်ဆိုတာကို ဆရာစန္ဒြက သေချာသိထားပါတယ်၊ ဒီနိဗ္ဗာန်ရောက်ဖို့ဆိုတာ မဂ်လေးပါး၊ ဖိုလ်လေးပါးကို ရ ဖို့လိုတယ်၊ မဂ်လေးပါးဖိုလ်လေးပါးကို ရဖို့ဆိုရင်လည်း ဝိပဿနာတရားကို အချိန်ယူပြီး ပွားများဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် သူ့ဘဝရဲ့ နောက်ဆုံးအချိန်ကို ရောက်လာတဲ့အခါမှာ ဆရာစန္ဒြက သူချမ်းသာသမျှ ပစ္စည်းတွေကို မိသားစုရှိသလောက် အညီအမျှ အပုံပုံလိုက်တယ်၊ သားမယားတွေကို အညီအမျှ ခွဲဝေပေးတဲ့အခါ သူ့အတွက် ရတဲ့အပုံကို မင်္ဂလာဒုံ၊ ဝါယာလက်နားက တောတိုက်မမွှေရိပ်သာနဲ့ ကပ်လျက်မြေကွက်လေးတစ်ကွက် ဝယ်လိုက်တယ်"

"ပြီးတော့ တစ်ပါးနေ တိုက်ကျောင်းလေး ,တစ်ကျောင်းဆောက်တယ်၊ တိုက်ကျောင်းလေးပြီးတာနဲ့ သူဟာ' အပြီးအပိုင်ရဟန်းဘောင်တက်လိုက်တယ်၊ အသေပြင်တာဆိုတော့ တပ်မက်တဲ့အာရုံတစ်ခုမှ မကျန်အောင် တိုက်ကျောင်းနဲ့ မြေကွက်ကိုလည်း တောတိုက်ဆရာတော်ကြီးထံမှာ အပြီးအပိုင် ရေစက်ချ လှူလိုက်တယ်၊ ပြီးမှတပည့်တော်မသေခင်အထိတော့ ဒီတိုက်ကျောင်းလေးထဲမှာ နေခွင့်ပေးပါလို့ ခွင့်တောင်းပြီး ပျံလွန်တော်မူချိန်အထိတရားရှုပွားသွားခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းဝတ်ပြီး တရားအားထုတ်တဲ့ အချိန်ကနေ ပျံလွန်တဲ့အချိန်အထိ ဘယ်ဧည့်သည်ကိုမှ အတွေ့မခံတော့ဘူး၊ အခုတော့ ပျံလွန်တော်မူသွားပါပြီ၊ နှစ်အတော်ကြာ အားထုတ်လိုက်ရတဲ့ အတွက် သူ့ရည်မှန်းချက်ဟာ အောင်မြင်ချင်လည်း အောင်မြင်သွားနိုင်တာပဲ၊ ဆရာစန္ဒြရဟန်းဘဝကို အရယူသွားပုံနဲ့ ပတ်သက်ပြီး ငှက်လေးမျိုးနဲ့ ပုဂ္ဂိုလ်လေးမျိုးအကြောင်းကို ပြောပြီး ဒီဩဝါဒကို နိဂုံးချုပ်ပါတော့မယ်"

## ငှက်လေးမျိုးဆိုတာက

(၁) ပိုက်ကွန်အတွင်းမှာပဲနေပြီး ပိုက်ကွန်အတွင်းမှာပဲ သေတဲ့ငှက်။

(၂) ပိုက်ကွန်အတွင်းမှာနေပြီး ပိုက်ကွန်အပြင်မှာ သေတဲ့ငှက်။

(၃) ပိုက်ကွန်အပြင်မှာနေပြီး ပိုက်ကွန်အပြင်မှာပဲ သေတဲ့ငှက်။

(၄) ပိုက်ကွန်အပြင်မှာနေပြီး ပိုက်ကွန်အတွင်းမှာ သေတဲ့ငှက်တို့ပဲ။

"ဒီငှက်လေးမျိုးကို ပုဂ္ဂိုလ်လေးမျိုးနဲ့ ဟပ်လိုက်တဲ့အခါ ပိုက်ကွန်အတွင်းမှာနေပြီး ပိုက်ကွန်အတွင်းမှာ သေသွားတဲ့ငှက်ဆိုတာ တရားလည်းမရ၊ ရဟန်းလည်း မပြုနိုင်ဘဲ ကာမဂုဏ်ထဲမှာနေပြီး ကာမဂုဏ်ထဲမှာပဲ သေသွားတဲ့ အိမ်ထောင်သည်လူပုဂ္ဂိုလ်များကို ပြောတာပါ။"

"ပိုက်ကွန်အတွင်းမှာနေပြီး ပိုက်ကွန် အပြင်မှာသေတဲ့ငှက်ဆိုတာ ကာမဂုဏ်တောထဲမှာ အိမ်ထောင်ကျ ပြီးနေသော်လည်း



သံဝေဂရတဲ့အချိန်မှာ ရဟန်းပြု တရားအား ထုတ်ပြီး ရဟန်းဘဝနဲ့ သေသွားတဲ့ပုဂ္ဂိုလ်မျိုးကို ပြောတာပါ၊ ဆရာစန္ဒြဟာ နံပါတ် (၂) ပုဂ္ဂိုလ်မျိုးမှာ ပါပါတယ်"

"ပိုက်ကွန်အပြင်မှာ နေပြီး ပိုက်ကွန်အပြင်မှာ သေသွားတဲ့ ငှက်ဆိုတာ ငယ်ငယ်လေးကတည်းက ရဟန်းပြုလာပြီး ရဟန်းဘဝနဲ့ပဲ ပျံလွန်တော်မူသွားတဲ့ ပုဂ္ဂိုလ်မျိုးကို ပြောတာပါ"

"ပိုက်ကွန်အပြင်မှာနေပြီး ပိုက်ကွန် အတွင်းမှာ သေတဲ့ ငှက်ဆိုတာ ငယ်ငယ်ကတည်းက ရဟန်းပြုလာ ပြီး ဝါတော်ရလာတဲ့ အချိန်ကျမှ အိမ်ထောင်ရက်သားကျပြီး လူ့ဘဝနဲ့ သေဆုံးရတာမျိုးကို ပြောတာပါ"

"ဒီသေနည်းလေးမျိုးထဲမှာ (၂)နဲ့(၃)ဟာ မြတ်သောသေခြင်း ဖြစ်ပါတယ်၊ တပည့်များအားလုံး မြတ်သော သေခြင်းမျိုးထဲမှာ ပါနိုင်ပါစေဆိုတာ ဆုတောင်းရင်း ဩဝါဒကို နိဂုံးချုပ်ပါတယ်။ ။

သာဓု - သာဓု - သာဓု

xxxxxxxxx

## ဆရာကောင်းအင်္ဂါခုနစ်ပါးအကျဉ်း

(၁) သင်္ဂဟတရားလေးပါးနှင့် ပြည့်စုံသဖြင့် ရှိသေထိုက်သော ဂုဏ်ရှိခြင်း။

(၂) သင်္ဂဟတရားလေးပါးနှင့် ပြည့်စုံသဖြင့် ချစ်ခင်ထိုက်သော ဂုဏ်ရှိခြင်း။

(၃) သင်္ဂဟတရားလေးပါးနှင့် ပြည့်စုံသဖြင့် ချီးမွမ်းထိုက်သော ဂုဏ်ရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(၄) လွဲသည်ကို တည့်မတ်အောင်၊ မိုက်သည်ကို လိမ္မာအောင် ဆုံးမခြင်း။
(၅) မေးမြန်းသမျှကို များသောအားဖြင့် ဖြေဆိုနိုင်ခြင်း။
(၆) နက်နဲသော သစ္စာတရားကို ဟောကြားနိုင်ခြင်း။
(၇) ကောင်းကျိုးရှိရာကို ညွှန်ပြနိုင်ခြင်း။

*(သတ္တက အင်္ဂုတ္တိုရ်ပါဠိတော် - ၄၂၂)။

## နိဗ္ဗာန်ရောက်ဖို့ထက် ခက်သောအရာ

"အတ္တပျောက်ပြီး အနတ္တပေါက်၍ နိဗ္ဗာန်ရောက်ဖို့ နည်းလမ်းက လွယ်လွယ်ကလေးရယ်၊ သို့သော်လည်း ပြောမဖြစ်အောင် ခက်နေတဲ့ အခက်ကြီးတစ်ခက်က ရှိနေပြန်တယ်။ အဲဒီအခက်က ဘာလဲဆိုတော့ ဒကာမောင်တို့တွေရဲ့ စိတ်ကလေးတစ်ခုပါပဲ။ အဲဒီစိတ်ကလေးဟာ 'ပါပသ္မိံ ရမတိ မနော'ဆိုတဲ့အတိုင်း မကောင်းတဲ့ နေရာမှာ မကောင်းတဲ့ အာရုံ၌သာ မွေ့လျော်ပျော်ပါး ကျက်စား၍ နေလေ့ရှိတယ်။ လူမနီးသူမနီး လူသံမကြား သူသံမကြား (ဝိဝေက) ဆိတ်ငြိမ်ရာ အရပ်မှာ ဝိပဿနာတရားပွားများ အားထုတ်ကြစမ်းပါဆိုတော့ တီကောင်ကို ဆားနဲ့တို့သလို တွန့်လိမ်ကုန်ကြတော့တာပဲ။"

"ကြက်လည်ပင်းဆွဲသလို အတင်းနင်းကန်ပြီး နောက်ဆုတ်ကုန်ကြတော့တာပဲ။ အဲဒီအထဲမှာ ဘာကြောင့် ညာကြောင့် ဆိုတဲ့ ပရိယာယ်(ကြောင့်)တွေက ပါလိုက်သေးတယ်။ ဒကာမောင် ရဲ့၊ အတ္တပျောက်၍ အနတ္တပေါက်ဖို့ တရားဟော လွယ်ကူသလောက် ဒကာမောင်တို့ရဲ့ စိတ်ကလေးဟာ ဝိပဿနာအလုပ်ဆိုသေရတော့မလောက် ကြောက်နေကြတာက ခက်တာ၊ အဲဒီစိတ်ကလေးဟာ ပြုပြင်မှုနဲ့ မကင်းနိုင်တဲ့ သင်္ခါရသဘောတရား ဖြစ်လေသောကြောင့် အမြဲတမ်းပြုပြင်ပေးနိုင်မှ တော်ရုံကျမယ်။ သို့မဟုတ်ဘဲ သူ့အလို သူ့စရိုက်၊ သူ့အကြိုက်တိုသာ လိုက်လျောနေမယ်ဆိုလျှင် အပါယ်လေးပါး တစ်လမ်းသွားဖြစ်မယ် ဒကာမောင်ရဲ့. . . . ."

"အဲဒါကြောင့် ဒကာမောင်တို့ ယောဂီတွေ အပါယ်လေးပါး တံခါးပိတ်ပြီး နိဗ္ဗာန်သို့ ရောက်ကြလေအောင် မိမိတို့စိတ်ကို မိမိတို့ ပြုပြင်ကြရလိမ့်မယ်။ မိမိစိတ်ကို မိမိပြုပြင်ပါမှ ရတယ်။ သူတစ်ပါးက ပြုပြင်လို့မရဘူး။ မိမိကိုယ်ကို မိမိ တိဟိတ်လေလော ဒွိဟိတ်လေလော၊ ပါရမီပြည့်လေသလော၊ ပါရမီမပြည့်လေသလော ဟု တွေးတော စဉ်းစားမနေပါနှင့်၊ သာသနာတော်ကြီးနဲ့ ကြုံကြိုက်တဲ့အခါမှာ ပါရမီပြည့်တဲ့ တိဟိတ်ပုဂ္ဂိုလ်တွေပဲလို့ အောက်မေ့ပြီး ဝိပဿနာအလုပ်ကို မလုပ်ချင် - လုပ်ချင်အောင် မိမိစိတ်ကို မိမိတို့ ပြုပြင်ကြစမ်းပါ"

"သဒ္ဓါဗိုလ်၊ ဝီရိယဗိုလ် ထက်ထက်သန်သန်နဲ့ အရိုးကြေကြေ၊ အရေစုတ်စုတ် နောက်မဆုတ်တော့ဘူး။ အတ္တပျောက်ပြီး အနတ္တပေါက်၍ နိဗ္ဗာန်ရောက်အောင် အားထုတ်ပါတော့မယ်ဆိုတဲ့ စိတ်မျိုးတွေ ဖြစ်ပေါ်အောင် မိမိစိတ်ကို မိမိပြုပြင်ပေးကြဖို့ အရေးကြီးပါတယ်"

(သံလျှင်မြို့၊ ဗျားစည်ကျောင်းဆရာတော်
အရှင်ဇယန္တ အရိယာ စစ်တမ်း)

**ဆရာကောင်းကို ရှာဖွေနိုင်ကြပါစေ. . .။**

**မေတ္တာရှင် (ရွှေပြည်သာ)**

www.burmeseclassic.com

www.burmeseclassic.com

## ဆရာတော်အရှင်ဇနကာဘိဝံသ မေတ္တာရှင် (ရွှေပြည်သာ) ၏ စာအုပ်များ

**ထွက်ပြီး**

၁။ မျက်ရည်မကျခင်သိစေချင်
၂။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၁)
၃။ ယုံမှတ်လို့ ပုံအပ်မိသူများအကြောင်း (၂)
၄။ သရဏဂုံအစွမ်း အံ့မခန်း
၅။ မေတ္တာအစွမ်း အံ့မခန်း
၆။ သီလအစွမ်း အံ့မခန်း
၇။ စာရိတ္တသတ္တိ
၈။ မင်္ဂလာတားဖိုလ်တား အန္တရာယ်များ
၉။ အတွင်းရန်သူ
၁၀။ မိဘမေတ္တာ ရသစုများ (မင်းဟိန်းထိပ်နှင့်တွဲ၍)
၁၁။ မြန်မာတို့၏ အသက်
၁၂။ အရှုံးမရှိသော ဒသသန
၁၃။ မိရိုးဖလာဗုဒ္ဓဘာသာဝင်နှင့် တကယ့်ဗုဒ္ဓဘာသာဝင် (အိတ်ဆောင်)
၁၄။ တကယ့်ဗုဒ္ဓဘာသာနှင့် သစ္စာလေးပါး (အိတ်ဆောင်)
၁၅။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာအတွဲ (၁ + ၂)
၁၆။ ကျောင်းအမနတ်သမီးအလှကြီး (အိတ်ဆောင်)
၁၇။ ပါရမီထိုက်သောဒါနနှင့် ပါရမီမထိုက်သောဒါန
၁၈။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ အတွဲ (၁)

**ယခု**

၁၉။ ဆရာကောင်းကို ရှာဖွေခြင်း

**ဆက်လက်၍**

၂၀။ လူငယ်များအတွက် ဂမ္ဘီရဝိပဿနာအတွဲ (၃ + ၄)၃၂၀၆၅၉၀၆၀၉
၂၁။ ဘဝနှင့်ရင်းရသော အတွေးအမြင်များ အတွဲ (၂) ၃၂၀၆၆၃၀၆၀၉

www.burmeseclassic.com